PUBLISHED BY VIEW

# ဗျူး

## ညနေခင်းဟာ ခရမ်းပြာလေညင်းနဲ့ အသက်ဝင်ခဲ့တယ်




www.mmyanmarbooks.com

72% 1:50 pm

www.mmyanmarbooks.com

# အခန်း (၁)

တတိယအကြိမ်မြောက် ချထားလိုက်ရသည့်အခါ မျက်ဝန်းက မျက်ရည်စတို့ သည် မျက်တောင်ကော့များ အထိ စိုစိုစွတ်စွတ်လေး ဖြစ်လာခဲ့၏။

ကိုကို နေနိုင်လိုက်တာ ဆိုသည့် နာကျင်သံလေးက နှလုံးသားမှာ ပဲ့တင်ထပ် မြည်ဟီးနေသည် ။

ဒါတောင်မှ ဒီအချိန် ပန်းရင့် ဖုန်းဆက်မယ်ဆိုတာ သေချာမှာ ထားခဲ့သေးတာ ဘာမှ မှာမထားခဲ့ဘဲ ကိုကို့ကိုတွေ့ချင်ပြီဆို ပန်းရင့် ဘယ်လို ကြိုးစားရမှန်းမသိ။

Saving screenshot

www.mmyanmarbooks.com

ဖုန်းဆက်ဖို့ ကြိုးစားတာလည်း မရ။ တွေ့ဖို့ ဆိုတာ အဝေးကြီးဖြစ်သည် ။ ကိုကို ဘယ်လိုလူစားဆိုတာ ပန်းရင့် သိပါသည် ။

ကိုကို ဘယ်လောက် အလုပ်များ သလဲ ဆိုတာလည်း သိသည် ။ ဒါပေမဲ့ ယောကျ်ား မိန်းမ ဘယ်သူဖြစ်ဖြစ် အချစ်အတွက် အရာရာကို ပေးဆပ်ဖို့ အဆင်သင့် ဖြစ်နေတတ်ကြတဲ့ အထဲမှာ အချိန်ဟာ ပေးဆပ်စာရင်းထဲမှာ မပါနိုင်လောက်အောင် တန်ဖိုးကြီးနေခဲ့သလား။

ပန်းရင့် ဖုန်းချထားပြီးနေပေမယ့် လက်က မလွှတ်နိုင်သေးဘဲ ပြည့်တတ်လာသည့် မျက်ရည်တွေကိုပဲ အံကလေးကြိတ်၍ တားဆီးနေမိသည် ။

ကိုကိုနဲ့ ပတ်သက်လာတိုင်း ပန်းရင့် ရင်မောနေခဲ့ရတာ အစကတည်းက အခုချိန်အထိ ။

Saving screenshot
www.mmyanmarbooks.com

'ဘာလုပ်နေတာလဲ ဖုန်းပြန်ဆက်မှာ မို့လို့ စောင့်နေတာလား'

ပန်းရင့် ကိုယ်လေး မသိမသာ တောင့်မတ်သွားသည် ။

နှာခေါင်းထဲမှာ ရင်းနှီးနေသည့် ပြင်သစ်နိုင်ငံထုတ် Channel No-5 ရေမွှေးနံ့က ပန်းရင့်နောက်မှာ ဘယ်သူရောက်နေပြီလဲဆိုတာကို စကားသံ မကြားဘဲနဲ့ တောင် သိနိုင်ပါသည် ။

ဒီရေမွှေးမျိုး မမ ကိုယ်ကပဲ ရတတ်တာပါ။

ပန်းရင့် ပခုံးလေးတစ်ဖက်ပေါ်သို့ လက်တစ်ဖက်က ဖွဖွလေး တင်လာ၏။

'ဒီဘက်ကို မလှည့်လိုက်နဲ့ ဦး ..ပန်းရင့်... ညီမလေး မျက်လုံးထဲက မျက်ရည်တွေကို အရင် ပြန်သိမ်းဦး... မမက မျက်ရည်တွေကို မုန်းတယ်၊ အထူးသဖြင့် ယောကျ်ားတစ်ယောက်အတွက် မျက်ရည်ခံထိုးနေတဲ့ မိန်းမတွေကို နား

Saving screenshot
www.mmyanmarbooks.com

လည်မပေးနိုင်ဘူး'

ကြားနေကျအတိုင်း မမလေးသံက မာထန်နေသည်။

ပန်းရင့် တယ်လီဖုန်းပေါ်က လက်ကို ဖွဖွလေး ပြန်ရုပ်ကာ မျက်ရည်တွေကို ပင်ပန်းကြီးစွာ သိမ်းဆည်းနေရသည်။

အမြင်အာရုံဟာ ဝေဝါးနေရာကနေ ပြန်လည်ကြည်လင်လာသောအခါ မျက်ဝန်းက မျက်ရည်တွေ မာန်ချိုး၍ ဆုတ်ပြန်သွားပြီဆိုတာ သေချာသွားသည်။

ပန်းရင့် မမကို ပြန်ငဲ့ကြည့်လိုက်တော့ မမက သူမကို ကျောခိုင်းကာ စန္ဒရားခုံရှိရာကို လျှောက်ထွက်သွားပြီ ဖြစ်၏။

ပြည့်ဝန်းကြော့ရှင်းသည့် မမ၏ ကျောပြင်နောက်ပိုင်းကလေးကို ငေးကြည့်၍ မျက်တောင်ဖျားမှ မျက်ရည်စတို့ ကို လက်ချောင်းသွယ်

www.mmyanmarbooks.com

သွယ်လေးများ နှင့် ကပျာကယာ သုတ်လိုက်မိပြန်သည် ။

စူးစူးရဲရဲ ကြည့်တတ်သည့် မမမျက်ဝန်းတွေရှေ့မှာ ပန်းရင့် အပြစ်မရှိဘဲနှင့်တောင် အနေကျုံ့ ခဲ့ရသည် ။

ထို့ကြောင့် မမ မကြိုက်တာမှန်သမျှကို ပြင်ဆင်ဖြည့်စွက်ပြီးမှ နောက်ကနေ အသာလေး လျှောက်လိုက်သွားမိ၏။

'မမ… မအိပ်သေးဘူးလားဟင်'

ထိုမေးခွန်းကို မေးလိုက်ပြီးမှ မှားသွားပြီမှန်း သိလိုက်သော်လည်း မမ မျက်နှာ ဖျတ်ခနဲ လှည့်လာသည် ။

'ညီမလေးကကော စောသေးလို့ မအိပ်သေးတာလား'

ပန်းရင့် မမ မျက်လုံးတွေကို ရင်ဆိုင်ဖို့

Saving screenshot
www.mmyanmarbooks.com

ကြိုးစားကြည့်သည် ။

သို့သော် စက္ကန့်အနည်းငယ် အတွင်းမှာ ကျဆုံးသွားခဲ့၏။

မျက်လွှာချထားလိုက်ရပေမယ့် မမ မျက်ဝန်းတွေ သူမ နှုတ်ခမ်းလွှာထက်မှာ စူးစိုက်ကျရောက်နေမှာ ပဲဆိုတာ သိနေသည် ။

ညဆယ်နာရီဆိုသော အချိန်သည် စိတ်ငြိမ်ရပ်ကွက်ကြီးတစ်ခုထဲမှာ လုံးဝတိတ်ဆိတ်ကာ ညဥ့်၏ အသွင်ကို ဆောင်သည့်ကာလ။

တိုက်ကြီးတစ်တိုက်လုံးမှာ မမရယ် ပန်းရင့်ရယ် အမွေထိန်းဆိုတာလည်း ဟုတ်၊ ဦးလေးလည်း ဖြစ်သော ဦးသီလရယ် သုံးယောက်သားရှိသည် ။

အောက်ထပ်မှာ ထမင်းချက် ၊ အဝတ်လျှော်လုပ်ကိုင်ပေးကြသည့် ဒေါ်ဒေါ်မြတို့ သားအမိတို့ နေသည် ။ ခြံထဲမှာ တော့ ခြံစောင့် ဦးအော

www.mmyanmarbooks.com

နေ၏။

မမ နိုင်ငံခြားမှာ နေသည့် ရက်တွေဆိုလျှင် ပန်းရင့်က ဒေါ်ဒေါ်မြရဲ့ သမီး မြသီတာကို အခန်းထဲမှာ ခေါ်အိပ်ရသည် ။

မမ ပြန်ရောက်လာတာ တစ်ပတ်ပင် မပြည့်သေးပါ။

ကိုကိုနှင့် ပတ်သက်၍ အစကတည်းက မနှစ်သက်ခဲ့သည့် မမသည် ခုချိန်ထိလည်း မကြည်ဖြူဘဲ ရှိနေဆဲ ဖြစ်၏။

ပန်းရင့်နဲ့ ကိုကို့ အခြေအနေကလည်း ဒီထက်တိုးတက်လာသည် မှ မရှိဘဲ...

'ညီမလေး ဖုန်းဆက်တာ သုံးခါရှိပြီမဟုတ်လား'

ပန်းရင့် ခေါင်းညိတ်တာကို မစောင့်ဘဲ မမက မျက်နှာလွှဲသွား၏။ ဘယ်တုန်းကမှ ဆေး

ကြာရှည်စွာပြုံး၍ မေးစင်းသော မျက်ဝန်းများ နှင့် ခပ်ထွေထွေ စောင်းကြည့်တတ်ပုံချင်းကလည်း အတူတူပဲဖြစ်သည်။

ထို့ထက်ပို၍ တူညီသည် က တစ်ဖက်သား အပေါ် အရှုံးမပေးတတ်ခြင်း...

'ကိုယ့်ကို ဘာပြောချင်တာလဲ ပန်းရင့် စကားပြောတတ်ရဲ့ သားနဲ့ မျက်လုံးထဲမှာ စာရွက်ကြီးတစ်ရွက် ဖြန့်ခင်းပြီး ကိုယ့်ကို မဖတ်နိုင်းပါနဲ့၊ သူများ ရဲ့ မျက်လုံးထဲကစာကို ကိုယ် မဖတ်တတ်ဘူး... ပန်းရင့်နဲ့ ကိုယ့်ကြားမှာ ပွင့်လင်းဖို့ တော့ လိုမယ်ထင်တယ်...'

ကိုကိုနဲ့ တွေ့တိုင်း ပန်းရင့်ပြောဖို့ ရင်နဲ့ အပြည့် ပါးစပ်ထဲမှာ တန်းစီခင်းကျသွားခဲ့သမျှ စကားလုံးတွေ ပျောက်ဆုံးကုန်သည်။

ကိုကို ငြိုငြင်သွားမလားဆိုသည့် မဆုံးရှုံးလိုသော တွယ်တာမှုများ နှင့် ကိုကို မနှစ်သက်

www.mmyanmarbooks.com

သား မတင်ခဲ့သော မမ၏ နီမြန်းသည့် နှုတ်ခမ်းပါးလေးတွေက တစ်ဖက်သား ခံရခက်စေသော မဲ့ပြုံးတစ်ရပ်ကိုလည်း ဖန်ဆင်းတတ်သေးသည်။

ထိုအချက်မှာ မမနဲ့ ကိုကိုတို့ တိုက်ဆိုင်စွာ တူညီနေပြန်သည်။

မမက နှုတ်ခမ်းသားလေးတွေပါးလျက် ပန်းဖူးငုံလေးကို စုစုထွေထွေလေး ဖြစ်သည်။

ကိုကိုကျတော့ အသားဖြူသော်လည်း နှုတ်ခမ်းရဲသည် မဟုတ်ဘဲ ညိုပုပ်ပုပ်နှင့် ပြာတော့ မယောင်ရှိသည်။

ဘာပဲဖြစ်ဖြစ် ဖြူသောအသားပေါ်မှာ လေးကိုင်းသဏ္ဌာန် ထူပြည့်၍ အမြဲတမ်းလိုလို ခပ်ဝိုင်းဝိုင်း ပိတ်ထားတတ်သည့် နှုတ်ခမ်းများက တင်းနေသည် သာ...

မမလိုပဲ နှုတ်ခမ်းမဖွင့်ဘဲ မဲ့ပစ်တာမျိုး...

www.mmyanmarbooks.com

Saving screenshot

သော စကားလုံးတွေ မပါရအောင် ရွေးထုတ်ဖယ်ရှားရင်းနှင့်ပင် ... ပန်းရင့် ပြောမယ့် စကားတွေအတွက် အချိန်မပေးနိုင်သော ကိုကို့၏ စိတ်မရှည်ပြုစုခြင်းကို ထပ်ဆင့်တိုး၍ ရရှိခဲ့ပြန်သည် ။

ဟိုးအရင်ကတည်းက ကိုကို့ ကို ပန်းရင့်က စချစ်ခဲ့ရတာ...

သူငယ်ချင်းတစ်ယောက် ကုမ္ပဏီတစ်ခုမှ ခန့်စာရရှိပြီး
ပထမဆုံးအလုပ်စဆင်းသည့်နေ့မှာ အလုပ်နောက်ကျခဲ့သည် ။

'ပန်းရင့်ရယ်... ဒီတစ်နေ့တော့ ငါ့ကို လိုက်ပို့ပေးပါဟယ် .. ဒီနေ့မှ အလုပ်စဆင်းတာ ဒီနေ့ နောက်ကျရင် ခန့်စာနဲ့ ပြုတ်စာ တစ်ပြိုင်တည်းကျလာမှာ သေချာတယ်၊ လုပ်ပါဟာ... လုပ်ပေးပါနော်၊ ငါ နင့်ကျေးဇူးကို မမေ့ပါဘူး'

www.mmyanmarbooks.com

Saving screenshot

အကူအညီတောင်းသူက ခင်သဇင်....

တက္ကသိုလ်မှာ ကတည်းက ပန်းရင့်တို့ အုပ်စုထဲမှာ သဇင်က အနွမ်းပါးဆုံးဖြစ်သည် ။ ထိုသံယောဇဉ်ကလေးနဲ့ ပဲ သူမ အလုပ်လုပ်သည့် ကုမ္ပဏီကို ပန်းရင့်ကိုယ်တိုင် ကားမောင်း၍ လိုက်ပို့ပေးခဲ့သည် ။

ကိုကို့ကို ပန်းရင့် တွေ့ခဲ့သည် က ရိုးရိုးလေးဖြစ်သည် ။

ပန်းရင့် ဆန်းပြားစွာ ရင်ခုန်ခဲ့မိသည် က တစ်သက်လုံးမှာ ပထမဆုံး ဖြစ်၏။ ကိုကိုက အသားဖြူပါသည် ။

သို့သော် မျက်နှာပြင်မှာ တော့ စိမ်းမြမြညို ရိပ်သမ်းသည့် ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းသားတို့ အပေါ်မှာ ရှိနေသော မွေးညင်းရာများက အသားဖြူတာကိုပင် ဖုံးလွှမ်းနေ၏။

အလယ်ခွဲထားပေမယ့် ကုပ်ထောက်ဆံပင်



www.mmyanmarbooks.com

ခပ်အုပ်အုပ်က နဖူးထက်မှာ မသေမသပ် ပြန့်ကျနေသည် ။

ရှပ်အင်္ကျီဆို ကိုကိုက အနီ သို့မဟုတ် အပြာနုရောင် ထိုနှစ်ရောင်ကိုသာ စွဲမြဲစွာ ဝတ်တတ်ကာ ကုတ်အင်္ကျီအနက်ကို ဘယ်တော့မှ ရင်စေ့၍ မဝတ်။

ဘယ်အချိန်ဖြစ်ဖြစ် ကိုကို့ကို ဘယ်မှာ ပဲ တွေ့တွေ့ နက်ခ်တိုင်နှင့် အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ထားတတ်သည် ဆိုကာ မမြင်ဘူးခဲ့ပါ။

ကုတ်အင်္ကျီအနက်နှင့် ဘောင်းဘီအနက်သည် ကိုကိုနှင့်လည်း အလွန်လိုက်ဖက်၏။

ကိုကို့ကို ခပ်လှမ်းလှမ်းကနေ မြင်လိုက်ရပြီး ပန်းရင့် စွဲလမ်းသွားသည် ။

သဇင့်ကို အချိန်အားတိုင်း သွားပို့ သွားကြိုလုပ်ခဲ့သည် ။


www.mmyanmarbooks.com

Saving screenshot

ဆယ်ခါလောက်သွားမှ တစ်ခါလောက်သာတွေ့ခွင့်ရသည် လေးကို မက်မောစွာ ကြိုးစားခဲ့ရတာ ပန်းရင့်ပဲ ဖြစ်သည် ။ နောက်တော့ဖုန်းတွေခဏ ခဏ ဆက်...

ပန်းရင့် ရှက်ရမှန်းမသိအောင် ကြိုးစားနေသော်လည်း ကိုကိုက တွေ့ချင်သည် ဟု ပြောလာတော့ ဖုန်းကိုင်၍ စွေ့ခနဲပင် ထခုန်လိုက်မိသည် ။

'ပန်းရင့်ရောင် ဟုတ်လား... အင်း ပန်းရင့်ရောင်၊ မင်းဖုန်း ခဏ ခဏ ဆက်နေတာ ကိုယ်အရမ်းကို ထိခိုက်နေပြီကွ အဲဒီကိစ္စ မင်းနဲ့ ကိုယ် ရှင်းမှ ဖြစ်မယ်... မင်းကိုလည်း ကိုယ်တွေ့ဖူးချင်တယ် ဆိုပါတော့ မင်းချိန်းရင် ကိုယ်ဘာယ်ကိုလာရမလဲ...'

အဲဒီတုန်းကများ ပန်းရင့် ရင်တွေခုန်နေလိုက်တာ စကားပင်ပြောလို့ မရ။

72% 1:50 pm

‘ကိုယ့်ကို ဖုန်းသရဲလုပ်နေတာ မင်းလား...’

‘အင်း’တစ်လုံးကို ဘယ်လိုဖြေလိုက်မိမှန်းလည်း ကိုယ့်ကိုယ်ကိုယ်ပင် မသိ။

ထိုစဉ်က ကိုကို ပြုံးလိုက်တာ အထက်စီးဆန်ဆန်ပဲဖြစ်မှာ ပါ။

ပန်းရင့် ခြေတွေလက်တွေ တုန်နေအောင် ရှက်နေတာ ကိုကိုမြင်မှာ ပဲဆိုတော့ အထင်တကြီး ဖြစ်သွားမှာ မဟုတ်တာက သေချာသည် ။

ဒါပေမဲ့ ကိုကိုက ပြောခဲ့သည် ....

‘မင်းပုံစံကို ကြည့်တော့လည်း ကိုယ်ထင်ခဲ့တာကို တောင်းပန်ရတော့မလို ဖြစ်နေပြီ’

ကိုကို ဘယ်လိုများ ထင်ခဲ့ပါလိမ့်။

‘မင်းရဲ့ ရိုးသားမှုလေးကို ကိုယ်ချစ်တယ်’ တဲ့ ....

Saving screenshot

‘ကိုယ့်ကို မင်းချစ်လား’ဟု မေးတော့ ပန်းရင့် ချက်ချင်းပဲ ခေါင်းညိတ်လိုက်မိတာ လွန်သလား။

ကိုယ့်ကို အရောဝင်ဖို့ ကြိုးစားနေတာကိုက ချစ်လို့ ပဲ မဟုတ်ဘူး လား။ ပန်းရင့် ဝန်ခံလိုက်တာကို ကိုကို နားလည်မှာ ပါ။

ဒါပေမဲ့ ဒီနေ့ထိ ပန်းရင့်ကို ကိုကို နေရာမပေးခဲ့သေးပါ။ ချစ်သူဘဝဆိုတာလည်း ဘာမှန်း မသိသေး။

ပန်းရင့်အတွက် အချိန်ပေး၍ ကိုကို တယုတယ မြတ်နိုးပြခဲ့တာလည်း ဘာမှ မရှိ။ ပန်းရင့် ချိန်းသည့်နေရာကို ရောက်လာတာတောင် ကိုကိုက ပြောသေးသည် ။

‘မင်းကို တန်ဖိုးထားလို့ ဒီလောက်ထိ အချိန်ပေးခဲ့တာ တကယ်ဆို ကိုယ့်မှာ အားလပ်ချိန် လုံးဝမရှိဘူး... မြန်မာနိုင်ငံမှာ ဖက်စပ်ကုမ္ပဏီ

Saving screenshot

ထောင်ဖို့ ကိစ္စအတွက် ကိုယ်ပဲ ဦးဆောင်နေရတာ၊ အဲဒီကိစ္စမပြီးမချင်း ကိုယ်မအားဘူး....'

'အားရင်ကော...ကိုကို'လို့ မေးတော့...

"ကိုယ့်ရဲ့ အချိန်တွေအားလုံး မင်းအတွက် ဖြစ်လာမှာ ပေါ့...."တဲ့ ။

ကိုကိုပြောသမျှအားလုံး ပေးသမျှလေးနဲ့ ပဲ ပန်းရင့် ကျေနပ်ခဲ့ခြင်းသည် ကိုကိုဟာ ရှုပ်ရှုပ်ပွေပွေ မရှိတဲ့ သူ၊ ပန်းရင့်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ ပန်းရင့်လောက် အရေးတယူ မရှိခဲ့သေးဘူးဆိုတဲ့ ဂုဏ်သတင်းတွေကြောင့်ပါ။

ဒါပေမဲ့ ကိုကိုရယ်..

ပန်းရင့် ရင်ထဲမှာ ကြာတော့လည်း ...

နာရီသံတချက်ချက်က ပန်းရင့်နဲ့ မမရဲ့ကြားမှာ ကမ္ဘာခြားနေသလို ရှိ၏။

နောက်ဆုံးကျမှ မမက တိတ်ဆိတ်မှုကို သ

ည်းမခံနိုင်တော့သလို ပန်းရင့်ဘက်ကို ပြန်လှည့်လာကာ…

"ကျောင်းပြီးပြီဆိုတာနဲ့ ရည်းစားထားလိုက်တာကိုက ညီမလေးမှားတာ၊ ပိုပြီးမှားတာက သိပ်နူးညံ့လွန်းတဲ့ ညီမလေးလို မိန်းမမျိုးက ဒီလို ခက်ထန်ကြမ်းတမ်းတဲ့ ယောကျ်ားမျိုးနဲ့ မဖြစ်ဘူး…."

"ကိုကိုက မကြမ်းတမ်းပါဘူး မမရယ်၊ မနူးညံ့တာပါ သူ ပန်းရင့်ကို ချစ်တယ်… ပန်းရင့်က သူ့ရဲ့ အချစ်ဦး…"

"အဲဒါကို ဘာသက်သေနဲ့ ညီမလေးက သေချာနေတာလဲ"

"သူ့လို ထင်ပေါ်တဲ့ ယောကျ်ားတစ်ယောက်ဟာ ဘာပဲလုပ်လုပ် သိုသိုသိပ်သိပ် လုပ်လို့ မရပါဘူး… အချစ်ကို ကိုးကွယ်တတ်ကြတဲ့ ယောကျ်ားတွေသာ တိတိတာတာ ချွဲတတ်ကြတာ

Saving screenshot

ကိုကိုက...."

"ဒါဆို အချစ်ကို မကိုးကွယ်တဲ့ သူပေါ့..."

မမ ဖျတ်ခနဲ ကောက်မေးတော့ ပန်းရင့် မဖြေနိုင်။ ထိုစဉ် စားပွဲပေါ်က ဖုန်းသံမြည်လာသည် ။ ပန်းရင့် ဝမ်းသာအားရလေး လှည့်ထွက်မည်အပြု မမက ပန်းရင့်လက်ကလေးကို ဆွဲထားလိုက်သည် ။

"ညီမလေး မကိုင်နဲ့ တော့...."

ပြော၍ မမက ခပ်ဆတ်ဆတ် လျှောက်သွားကာ ကောက်ကိုင်လိုက်၏။

"ဟဲလို..."

"....."

တစ်ဘက်ကအသံကို နားထောင်ပြီး မမက ပန်းရင့်ဆီသို့ လှမ်းကြည့်သည် ။ ကိုကို့ဆီကမှန်း သိလိုက်၍ ပန်းရင့် အနားသို့ သွက်သွက်

လေး ပြေးသွားမိ၏။

သို့သော်...

"ဆောရီး... သူ အိပ်နေပြီ"

မမက ငွပ်ခနဲ ချပစ်လိုက်သည် ။

ပန်းရင့် မျက်နှာလေး ညှိုမှောင်သွားတာကို မြင်တော့ မမက မျက်နှာနည်းနည်း ဖျော့ကျသွားသည် ။

ဒါပေမဲ့ ခဏသာဖြစ်ပြီး တင်းမာမှုတွေ ပြန်၍ ပေါ်လာသည် ။

"ဒီလောက်တော့ ပြန်ပေးသင့်တာပေါ့ ပန်းရင့်ရယ်.. ညီမလေး သုံးခါတောင် ခေါ်ထားရတာ သူ နည်းနည်းလေးတော့ ကသိကအောက် ဖြစ်သွားသင့်တာပေါ့.. ဒီမှာ ညီမလေး လူဆိုတာ ခက်ခဲတာကိုမှ တန်ဖိုးထားတာ.... ခရေပင်အောက်ကို လျှောက်လာတဲ့ သူကိုကြည့်... ခ

ရေပန်းနံ့လေးတွေ လှိုင်နေတာပဲဆိုပြီး မြေပြင်ကို ပြုးပြဲပြီး ကြည့်နေတဲ့ သူရှိလား။ အပင်ပေါ်ကို မော့ကြည့်ပြီး ရှူရှိုက်ကြရတာ ပန်းချင်းတူလျက်နဲ့ ခရေနဲ့ သဇင် တန်ဖိုးချင်း မတူတာ ဘာဖြစ်လို့ လဲ ဆိုတာ ညီမလေး သိမှာပါ”

ရိုးအီနေသည့် ဆုံးမစကားတွေပါပဲ... ဒါပေမဲ့ ပန်းရင့် ရင်ထဲမှာ လက်နက်ဆန်းများအဖြစ် နာကျင်စွာခံစားနေရသည် ။

အကာအကွယ်မဲ့စွာ ပစ်စိုက်လာသည့် စကားလက်နက်တွေအပေါ် တုံ့ပြန်ပစ်ခတ်စရာ ဘာလက်နက်မှ မရှိ။

မမ နိုင်ငံခြားသွားဖို့ အကြောင်းတွေရှိလာလျှင် ပန်းရင့် မမကို လွမ်း၍ ငိုရမြဲပါ။ ပြန်ရောက်လာလျှင်လည်း ဝမ်းသာပါသည် ။

သို့သော် မမနှင့် ကိုကို့ကြားက တူညီစွာ တို

Saving screenshot

က်ဆိုင်နေကြသည့် တင်းမာမှုတွေကြောင့် ပန်းရင့် စိတ်ညစ်ရတာတွေလည်း ပြောမပြတတ်အောင် ဖြစ်ခဲ့ရသည် ။ အစကတည်းက အမေလို အစ်မလိုမို့ ကိုကိုနဲ့ ပန်းရင့် ချစ်သူတွေ ဖြစ်လာတော့ မမကို ဖွင့်ပြောခဲ့သည် ။

ကိုကို့လိုလူနှင့် ချစ်သူ ဖြစ်ခဲ့ရသည် ကို ဂုဏ်ယူဝင့်ကြွား၍ ဖြစ်၏။ မမ သဘောကျသွားမှာ ပဲ ဟု လည်း ထင်သည် ။

မမက သဘောကျပုံမရှိပေမယ့် မတားဆီးခဲ့ပါ။

"အရည်အချင်းကတော့ မဆိုးပါဘူး... ချစ်သူဆိုပေမယ့် သူ့ဘက်ကရော ညီမလေးအနေနဲ့ ရော ရည်းစားအပျော်ထားရမယ့် အရွယ်တွေ မဟုတ်တော့ဘူးဆိုတာ သိမှာ ပါ၊ ရာသက်ပန် တွဲကြဖို့ အဓိကက စိတ်ဓာတ်ပဲ" ဟု ပြောခဲ့သည် ။

Saving screenshot

ဒီတုန်းက ကိုကို့ကို မမက မမြင်ဖူးပဲ ခန့်မှန်းရုံသာ။

တစ်ခု ကျေးဇူးတင်ရမည်မှာ ညီမလေးချစ်သူကို မမဆီ ခေါ်ခဲ့ပါလားဟု မပြောခဲ့ခြင်းပင်ဖြစ်သည် ။

ကိုကို့ကို ပန်းရင့် ဒီလောက်ထိပိုင်တာ မမ သိ၍ တော့ မဟုတ်ပါ။

“ကဲ... သွားအိပ်တော့ ညီမလေး အိပ်ရာထဲမှာ ငိုမနေနဲ့ ဦး... ဒီယောကျ်ားအတွက်နဲ့ ညီမလေး ခုကတည်းက ပေးဆပ်နေရတာ မျက်ရည်တွေကိုသာ ဒေါ်လာနဲ့ ပေးဝယ်နေရရင် မမမွဲပြီ”

ပြုံးရုံလေးပြုံး၍ မမက ပန်းရင့်နဖူးလေးကို ငုံ့နမ်းသည် ။

ထို့နောက် နားရွက်အောက် ကုပ်ကုပ်ပျော့ပျော့လေး ရှိနေသည့် ဆံနွယ်လေးကို တယုတ

Saving screenshot

ယ သပ်တင်ပေး၍ …

"ညီမလေးက သိပ်ကို နူးညံ့ပြီး ချစ်စရာကောင်းတယ် … ညီမလေးကို မြင်တာနဲ့ ချစ်ခင်နှစ်သက်ဖို့ ကောင်းတဲ့ မိန်းမလေးကို ဘယ်ယောကျ်ားက မချစ်ဘဲ နေမှာ လဲ သိပ်မစိုးရိမ်ပါနဲ့ ကွယ်… တစ်နေ့ကျရင် သူ ညီမလေးရှေ့မှာ ဒူးထောက်လာမှာ ပါ… ဒါသဘာဝပဲ… အစဉ်လာကိုက ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့ "

ဒါကျတော့ အစဉ်အလာတဲ့ လား…

"ရှေးရိုးအစဉ်အလာရှိခဲ့တဲ့ အတိုင်း မမသာ မိန်းကလေးပီပီ အိမ်ထဲမှာ ဗိုင်းကောင်းကျောက်ဖိ မနေခဲ့ရင် ညီမလေးနဲ့ မမရဲ့ ဘဝ အခုလို ဆက်လက်ရပ်တည်နေနိုင်မှာ‌းလား…"

"ကြက်မ တွန်လို့ မိုးမလင်းတာက ဟိုဘက်ခေတ်ထဲမှာ ကျန်ခဲ့ပြီ ဒီခေတ်ထဲမှာ ကြက်တွန်

Saving screenshot

သံနဲ့ မိုးလင်းဖို့ မှ မလိုဘဲ... လက်က နာရီကို ပြူးပြဲ ငုံ့ကြည့်ဖို့ တောင်မလိုဘူး... အိပ်ရာက မနိုးခင် သံစုံမြည်နေကြတဲ့ နာရီအမျိုးအစား တွေမှ အများကြီး"

"ခေတ်ဆိုတဲ့ စကားဟာ တကယ်တော့ ပြောင်းလဲမှုပဲ... ပြောင်းလဲလာတာတွေကို လက်မခံဘဲ သဘာဝတရားနဲ့ တုပ်ချည်ထားရင် သွားပြီ..."

မမ လက်ကိုင်ထားတဲ့ အဆိုတွေက အမျိုးမျိုးရှိပေမယ့် အားလုံးဟာ သက်ရောက်ပုံချင်းတော့ အတူတူပဲ ဖြစ်၏။

ပန်းရင့်ကိုကျမှ သဘာဝအတိုင်း ဖြစ်ရမည်ဟု ကန့်သတ်ထားသည် ။ ကိုကိုဟာ မမထင်သလို မိန်းမတစ်ယောက်အောက်မှာ ပြားပြားဝပ် ဒူးထောက်လာမည့် ယောကျ်ားမျိုးလား....

။

71% 1:51 pm

## အခန်း (၂)

“ကိုယ် ဘယ်လိုယောက်ျားမျိုးလဲဆိုတာ မင်းသိရင် ဒါကို နားလည်ဖို့ ကောင်းတယ် ပန်းရင့်...”

“ချိန်းထားတာက မှန်တယ်၊ မင်းနဲ့ ချိန်းထားတဲ့ အချိန်ကို ဖုန်းနားမှာ ငုတ်တုတ်ထိုင်စောင့် နေရအောင် ကိုယ်က ရည်းစားထားခြင်း အလုပ်တစ်ခုနဲ့ ရင်ခုန်သံတွေကို စုဆောင်းနေတဲ့ ကောင်မှ မဟုတ်တာ....”

“ မဟုတ်ဘူး .... ပန်းရင့် ပြောချင်တာက ကိုကို့ဟန်းဖုန်းနံပါတ်ကိုတော့ ပန်းရင့် ရသင့်

Saving screenshot

တာပေါ့... ဟန်းဖုန်းဆိုရင် ကိုကို့နားမှာ အမြဲ ရှိနေတာပဲ.. ဒီမှာ ကိုကို ပန်းရင့်က ကိုကို့အသံကိုပဲဖြစ်ဖြစ် ကြားနေရရင် ကျေနပ်မယ့်သူပါ ..."

"ကျွတ်.."

ကိုကို့ ကျွတ်ခနဲအသံနှင့် မျက်လုံးအစုံမှိတ်၍ တစ်ဖက်လှည့်ပစ်သည့်ပုံစံသည် ပန်းရင့်ကို စကားပြောရမှာ စိတ်ပျက်ကုန်ခန်းသွားသည့် အသွင်မျိုး ပြီးမှ ပန်းရင့် ထိုင်နေသည့် ခုံတန်းလေး၏ ကျောမှီကို လက်တစ်ဖက် ထောက်ရပ်ကာ..

"အဲဒါ မင်း ကိုယ့်ကို နားမလည်တာ... မင်းနဲ့ ကိုယ် တစ်နေ့ လက်ထပ်ကြဖို့ အထိ ရည်ရွယ်ပြီးသား .. နောင်တစ်ချိန်မှာ မင်း ဒီထက်မက ပိုင်ဆိုင်ခွင့်တွေ ရှိလာမှာ မဟုတ်ဘူး လား.. ဘာအရေးကြီးဆုံးလဲဆိုတာကို မှန်မှန်ကန်

Saving screenshot

ကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်တတ်ဖို့ တော့ လိုလိမ့်မယ် ပန်းရင့်... ကိုယ် ကြိုးစားနေတာ ဟာ အနာဂတ်အတွက်ဆိုရင် မင်းအတွက်လ ည်း ပါတယ်"

ပန်းရင့် ဘာမှ မပြောနိုင်တော့ပါ။

ကန်ရေပြင်က ငြိမ်သက်နေသော်လည်း လေပြည်နုနုကတော့ သော့သော့ကလေး တိုး ဝှေ့နေသည် ။

ကိုကိုက အတန်ကြာမှ ပင့်သက်တစ်ရှိုက်နှ င့်အတူ ပန်းရင့်အနားမှာ ထိုင်ချလိုက်သည် ။

ကိုကို့ထံမှ မွှေးပျံ့သော ရေမွှေးအနံ့ကလ ည်း မမ နှစ်သက်စွာ သုံးတတ်သော ရေမွှေးနံ့ ပဲ ဖြစ်နေပြန်၏။

ပန်းရင့်ကိုကိုက ပန်းရင့်လက်ဖဝါးလေးကို ဖွဖွရွရွလေး ဆုပ်ယူလိုက်ပြီး....

Saving screenshot

"နောက်ဆိုရင် ကိုယ်အားတာနဲ့ ဖုန်းဆက်မယ်... ပန်းရင့် မဆက်နဲ့ တော့နော်.. ထ... ပြန်ရအောင်.. ကိုယ် မိတ်ဆွေတွေနဲ့ ချိန်းထားတာရှိသေးလို့ "

ဒါပါပဲ...

ပန်းရင့်က ချိန်းရင် ကိုကိုကလာသည် ။ ကိုကိုကပဲ ပြန်ဖို့ အရင် ထတတ်၏။ ချစ်သူရယ်လို့ အနမ်းလေးတစ်ပွင့်လောက်မှ ကိုကို မပေးခဲ့ဘူးသေး။

ကိုကိုက ပန်းရင့်လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ ကန်တော်ကြီးရေပြင်မှာ လှပစွာ ရှိနေသည့် တံတားလေးကို ဖြတ်လျှောက်ခဲ့သည် ။

ကားနားရောက်တော့ ပန်းရင့်ကို သူကိုယ်တိုင် တံခါးဖွင့်ပေးပြီး သေချာပြန်ပိတ်ပေးသည် ။ ပြီးမှ ပန်းရင့်ဘေးမှာ ကိုယ်ကိုကိုင်း၍ ငုံ့ကြည့်သည် ။



www.mmyanmarbooks.com

Saving screenshot

"ပန်းရင့် ဝင်စရာရှိသေးလား၊ ကားကို ဖြ ည်းဖြည်းမောင်နော်"

စိတ်မချသလို မှာ တာလေးတော့ ရင်ခုန်စ ရာပါ... သို့သော် ပန်းရင့် ခေါင်းညိတ်တာ ခေါ င်းခါတာ ဂရုစိုက်ကြည့်မနေတော့ဘဲ၊ ချာခနဲ လှည့်ထွက်ပြီး သူ့ကားထဲရောက်သွားတတ် တာ ရင်နာစရာ ဖြစ်ရပြန်သည် ။

မမသိလျှင် မဲ့ရွဲ့နေမည်လား... မချစ်နဲ့ တော့လို့ များ တားမည်လား။ ပန်းရင့်ကတော့ ကိုကို့ကိုပဲ ချစ်သည် ။

*

www.mmyanmarbooks.com

Saving screenshot

# အခန်း (၃)

ဧည့်ခန်းထဲမှာ မမနဲ့ လေးလေး စကားတွေ ပြောနေကြသဖြင့် လှေခါးအဆုံးထိ ဆင်းလာပြီးမှ ပန်းရင့်ခြေလှမ်းတွေ တုံ့သွားသည်။

ဘေးတစ်စောင်းထိုင်နေသည့်မမက ဖျတ်ခနဲ လှည့်ကြည့်သည်။ မမ ပြန်လှည့်သွားမှ ပန်းရင့်ခြေလှမ်းတွေ ဆက်လက်လှမ်း၍ ခြံထဲ ဆင်းလာခဲ့သည်။

ဒီတော့မှ ဦးသီလက ပန်းရင့်ကို မြင်သွားပြီး...

"ဒီကိစ္စကို ကလေးက ကျေနပ်ပါ့မလား သမီးရယ်...၊ သူ့ချစ်သူဆိုတဲ့

www.mmyanmarbooks.com

www.mmyanmarbooks.com

သူငယ်လေးကလည်း သေးသေးနုပ်နုပ်လေးမှ မဟုတ်တာ သမီး သူ့ကို အချိန်ပေးပြီး....”

ဦးသီလ စကားမဆုံးခင် ရိပ် က ခေါင်းခါပစ်လိုက်သည်။

“အချိန်ဘယ်လောက်ယူယူ မိန့်ခွန်းဆိုတဲ့ ယောက်ျားဟာ မိန်းကလေးတိုင်း အားကိုးထိုက်တဲ့ အရည်အချင်းကောင်းတွေ ပြည့်နှက်နေမှာ ပဲ၊ သမီးရှင်တိုင်း ခေါင်းခါချင်စရာ မရှိတဲ့ ယောက်ျား မိန်းကလေးတွေ ပစ်ခတ်အထင်ကြီး စွဲလမ်းလောက်အောင် ရုပ်ရည်ရှိတယ်... ဒါပေမဲ့ ညီမလေးနဲ့ လုံးဝမထိုက်တန်ဘူးလို့ ရိပ် သတ်မှတ်တယ်”

“ဘာဖြစ်လို့ လဲ သမီး...”

“ညီမလေးက သူနဲ့ မထိုက်တန်လောက်အောင် နူးညံ့သိမ်မွေ့တယ်... သန့်စင်နေတယ်... စွဲလမ်းတတ် အရှုံးပေးတတ်တယ်၊ သူ့လို



www.mmyanmarbooks.com

Saving screenshot

အမြဲတမ်း အနိုင်ရနေတဲ့ တစ်ကိုယ်လုံးမှာ အ တ္တတွေအပြည့်နဲ့ လူဟာ ညီမလေးနဲ့ တန်သ လား... လေးလေး စဉ်းစားကြည့်စမ်းပါ... ညီ မလေးအတွက် ရိပ် အခြေအနေ မပျက်အောင် ကြိုးစားခဲ့တယ်... မိဘအမွေကို မပျောက်မပျ က်စေဘဲ ဒီလို တိုးတက်လာအောင် ယောကျ်ား တွေရဲ့ ခြေလှမ်းတွေနဲ့ အမီ ပြိုင်ဆိုင်ကြိုးစားခဲ့ တာ ချမ်းသာချင်လို့ မဟုတ်ဘူး ... အားလုံး ဟာ ညီမလေး စိတ်ချမ်းသာဖို့ တစ်ခုတည်း"

ဦးသီလ သက်ပြင်းချ၍ ဆိုဖာကို ခပ်လျော့ လျော့ မှီလိုက်သည်။ တကယ်တမ်းကျတော့ ဒီ မိန်းကလေး ကြိုးစားခဲ့တာတွေဟာ ဘယ်လိုမှ မချီးကျူးဘဲ မနေနိုင်အောင် ထူးချွန်အောင်မြင် ခဲ့သည်။

လက်လှမ်းမီသမျှ ဘယ်နိုင်ငံပဲဖြစ်ဖြစ် စီးပွားရေးဈေးကွက် လေ့လာနိုင်ဖို့ မကြာခဏ

Saving screenshot

ခရီးထွက်သည် ။

ကုမ္ပဏီအလုပ် လုပ်လာတော့လည်း Marketing သင်တန်းတွေ တက်သည် ။ နိုင်ငံခြားကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်နေရင်း အရောင်းနဲ့ ဈေးကွက်မန်နေဂျာ သင်တန်းတက်ခဲ့သေးသည် ။

ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာအောင် တက်လှမ်းနေဆဲ 'မဟူရာရိပ်'ဆိုသောနာမည်ကလေးကလည်း ပေါ်လွင်လာခဲ့သည် ။

အခုချိန်ထိ Senior Marketing Manager ဖြစ်ဖို့ ကို ကြိုးစားနေဆဲဖြစ်သည် ။

သူမနိုင်ငံခြားနဲ့ အိမ်ကို လူးလာခေါက်တုံ့ သွားလာနေဆဲ၊ ညီမအတွက် အိမ်ထောင်ရေး၊ အချစ်ရေးကိစ္စတို့ ကိုလည်း ထောင့်စေချင်သည့် မိန်းကလေး...

"ဒေါက်တာသဲမောင်က ဟိုတုန်းကတည်း

Saving screenshot

က ခြံချင်းကပ်နေသွားကြတာ ညီမလေးကို အ လိုလိုက်တယ်၊ ယုယတယ် ၊ အသက်ချင်းလည်း မတူဘူး...ရွယ်တူမဟုတ် ပေမယ့် ညီမလေး အဖော်မရှိတော့ အတူဆော့ ပေးတဲ့ အထိ အလိုလိုက်ခဲ့တော့..."

"ဒါပေမဲ့ အချစ်ဆိုတာ ခက်တယ်သမီးရယ် ...."

"အချစ်ကို ဦးကာဖွင့်ဖို့ ရိပ် ခွင့်မပြုနိုင်ဘူး လေးလေး... ညီမလေးကို မိန့်ခွန်းဆိုတဲ့ လူ တစ်သက်လုံး အနိုင်ယူသွားမှာ ကို ရိပ် ဘယ် လိုမှ မကြည်ဖြူနိုင်ဘူး..."

"ဒါက ဒီလိုရှိတယ် သမီးရဲ့ ...သမီးလည်း အပြောင်းအလဲကို လက်ခံနေတဲ့ လူတစ်ယော က်ပဲ...လွတ်လပ်နေတုန်းက တစ်မျိုး၊ သူတို့ လက်ထပ်ပြီးသွားကြရင်တော့ ကြင်ကြင်နာနာ ဖြစ်မသွားဘူးလို့ ပြောနိုင်ဦးမှာ လား... လေး

Saving screenshot

လေး သဘောကတော့ ပန်းရင့် လူရွေးမမှားဘူးလို့ ထင်တယ်”

ဦးသီလ ဘယ်လိုပြောပြော ရိပ် လက်မခံနိုင်ပါ။ စားပွဲပေါ်မှာ ရှိနေသည့် စာရင်းဖိုင်အထပ်ကို တစ်အုပ်ပြီးတစ်အုပ် ဆွဲလှန်ကာ တစ်စုံတစ်ခုကို ရှာနေသည် ။

စိတ်လှုပ်ရှား၍ လက်က ပါနေတာမျိုး မဟုတ်ဘဲ ဦးသီလ ပြောတာကို နားထဲမှာ ကန့်သတ်စည်းခြား၍ ခဏဖယ်ထားတာမျိုး ဖြစ်၏။

ထို့နောက် ဖိုင်ထဲက စာရွက်တစ်ရွက်ကို တွေ့မှ ဆွဲယူကာ ဖိုင်ကို ပြန်ပိတ်၏။ ထိုဖိုင်ကို အပေါ်ဆုံးမှ ပြောင်းတင်လိုက်ပြီး...

“လေးလေး ပြောတဲ့ အပြောင်းအလဲက ပြုပြင်ဖျောက်ဖျက်လို့ မရတဲ့ ဘဝအနေနဲ့ ထိုးကျွေးပြီး စမ်းသပ်ရမှာ ရိပ် အဲဒီလောက်ထိ မမိုက်ချင်ဘူး...”

Saving screenshot

ဦးနှောက်နဲ့ နားကို သတ်သတ်စီ တာဝန်ခွဲကာ လုပ်စရာရှိတာကိုလည်း လုပ်နေပြီး နားထောင်ရင်း ဆုံးဖြတ်သင့်တာကိုလည်း ခေါင်းထဲထည့်နိုင်သည်။

အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်တတ်သည့် မဟူရာရိပ် ဆိုသော မိန်းကလေးကို ဦးသီလ ငေးကြည့်မိသည်။

ထို့နောက်မှ ခေါင်းကို ခပ်ငေးငေးလေး ငြိမ့်လိုက်ကာ...

"အေးလေ... အမြဲတမ်းပဲ သမီး ဦးဆောင်လာခဲ့တာပါ... လေးလေး သဘောကတော့ သမီး ချင့်ချိန်လို့ ရအောင် ထောက်ပြ အကြံပေးရုံပဲ တတ်နိုင်တာ... သမီးတို့ အချင်းချင်း အဆင်ပြေရင် ပြီးတာပါပဲ လေးလေးကတော့ ပန်းရင့်လေး စိတ်ချမ်းသာစေချင်တာ ကလေးက သိပ်စိတ်ပျော့တာ"

Saving screenshot

“အဲဒါကို ရိပ် အမိက ထားတာပဲ.... ဒီလိုလူမျိုး လက်ထဲမှာ ဆိုရင် ညီမလေး ရောဂါ တစ်ခုခုရပြီး သက်ဆိုးရှည်မှာ မဟုတ်ဘူး ...”

“ပြောပါဦး... ဒီလူငယ်က ဘယ်လိုလူစားလဲ”

ရိပ်က ဦးသီလကို ဖျတ်ခနဲ ကြည့်သည်။

ဦးသီလက ရိပ်၏ မျက်ဝန်းတွေကို နားလည်ကာ ပျာပျာသလဲ ဖြစ်သွားပြီး...

“မိန့်ခွန်းဆိုတဲ့ လူကို လေးလေးသိတယ်လေ... မသိတဲ့ လူမှ မရှိဘဲ ဒါပေမဲ့ မိန့်ခွန်းဟာ ပန်းရင့်အတွက် ဘယ်လိုလူဖြစ်မလဲဆိုတာကိုတော့ သမီးက ခန့်မှန်းမိနေပြီးသား ဖြစ်နိုင်လို့ အဲဒါကို မေးတာ”

ရိပ်က ဦးသီလကို စေ့စေ့ကြည့်နေဆဲမှ

“ပန်းရင့်အတွက် ဘယ်လိုဖြစ်မလဲဆိုတာ

Saving screenshot

ပန်းရင့်နဲ့ လက်ထပ်ပြီးမှ ဂဃနဏ သိရမှာ ... ရိပ် အဲဒါတွေ မလိုချင်ဘူး... လောလောဆယ် သူနဲ့ ညီမလေးရဲ့ အနေအထားနဲ့ သူ့အယူအဆ အဲဒါနဲ့ တင် ဆုံးဖြတ်လို့ ရပြီ ဒေါက်တာသဲ မောင်တို့ စေ့စပ်မယ်ဆိုတဲ့ ကမ်းလှမ်းချက်ကို လက်ခံမယ်ဆိုတာလည်း သူနဲ့ ပြတ်စေချင်လို့ ပဲ..."

ဦးသီလ ရင်ထဲမှာ ပြောစရာတွေ ကျန်နေ သေးသည်။

ဒါပေမဲ့ ပြောဖို့ လည်း စိတ်မကူးတော့ပါ။

စကားလမ်းကြောင်းပြောဖို့ သာ စိတ်ကူး လိုက်မိ၍ ...

"သမီး...ဒီတစ်ခါ အိမ်မှာ ကြာကြာနားမယ် ထင်တယ်"

"ဟုတ်တယ် နှစ်နှစ်လောက်တော့ ကြာမ ယ်ထင်တာပဲ ဒီကြားထဲမှာ အခွင့်အရေးရရင်

ရသလို ရိပ်ကတော့ ကုမ္ပဏီနဲ့ မသက်ဆိုင်လ
ည်း ခရီးထွက်နေဦးမှာ ပဲ၊
မြန်မြန်ဆန်ဆန်ပေါ့ ဒါကြောင့် ညီမလေးကို စိ
တ်ချချင်တာ…”

ဦးသီလက ဖြူသည် ဆိုတာတွေထက် ဆင်
စွယ်နှစ်လို ဖြူဝင်းအိစက်နေသည့် အသားရော
င်မျိုးနှင့် အရောင်မခြယ်ဘဲ လှနေသော ရိပ်ကို
ခပ်စူးစူးကြည့်၍ ခေါင်းတဆတ်ဆတ် ညိတ်သ
ည်။

“အင်း…ညီမအတွက် ပူပင်နေရင်း လူကြီး
လေးလုပ်နေတာနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မေ့
နေဦးမယ်နော်… သမီး..သမီးလည်း အိမ်ထော
င်ပြုသင့်တဲ့ အရွယ် ရောက်နေပြီ အခုအရွယ်
ဟာ မနုမရင့် ရင့်ကျတ်တည်ငြိမ်တဲ့ အရွယ် အ
စစအရာရာ အသင့်တော်ဆုံးအချိန်ပဲ ..လေး
လေးကတော့ ကြီးတဲ့ သူကို

အရင်အိမ်ထောင်ပြုစေချင်တာ"

"အို... မဟုတ်တာ လေးလေးကလည်း ..."

ဖိုင် အထပ်လိုက်ကို ကိုင်၍ ဖျတ်ခနဲထရပ်ရင်း ရိပ်က မျက်ခုံးတွေကို မလိုလားစွာစုတွန့်ပြီး ပြောသည်။

ထို့နောက် နေရာမှ ထသွား၍ နံရံကပ်ဗီရိုကို ဖွင့်ကာ ဖိုင်တွေကို ပြန်ထည့်ရင်း...

"ဒီအချိန် ဒီအရွယ်မှာ ဘာလုပ်ရမယ် ဘာကိုင်ရမယ်ဆိုတာတွေကို မစိုးမိုးသင့်တော့ဘူး ... ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ဦးနှောက်ရှိတယ်၊ အဲဒီ ဦးနှောက်က စီးပွားရေးကိုပဲ အာရုံစိုက် စုစည်းနေချင်ရင် စီးပွားရေးကိုပဲ လုပ်ရမှာ ပဲ၊ စူးစိုက်မှုရှိမှ အောင်မြင်မှာ ။ စီးပွားရေးကိုမှ ဝါသနာမပါဘဲ ရည်းစားထားဖို့၊ လင်ယူ မယားယူဖို့ သက်သက်ကြိုးပမ်းနေတဲ့ သူကတော့ ယူပေါ့.... တချို့ဆို အချိန်ဟုတ်

Saving screenshot

ဟုတ်မဟုတ် ၊ အရွယ်ရောက်ရောက် မရောက်ရောက် ယူနေကြတာပဲ...”

ရိပ်က ဗီရိုကို အသံမြည်အောင် ပိတ်ပစ်သော့ခတ်ပြီးမှ ဒီဘက် ပြန်လှည့်လာသည် ။

“ကိုယ် ဝါသနာပါတာ စူးစိုက်ချင်တာတွေကို စူးစိုက်လုပ်ကိုင်နေတုန်း အချိန်ဆိုတာကြီးက ခေါင်းလောင်းထိုးလိုက်လို့ ခေါင်းထဲမှာ ထည့်ထားသမျှ ၊ လက်ထဲမှာ ကိုင်ထားသမျှ အားလုံးကို ပစ်ချပြီး လင်တွေ၊ မယားတွေပြေးယူ နောက်ထပ်တိုးပွားလာတာတွေနဲ့ စိတ်ညစ်ညူးစရာ မနိုင်မနင်းတွေဖြစ် ၊ သူက မကျေနပ် ၊ ကိုယ်က မကျေနပ်၊ တစ်ယောက်မျက်နှာ တစ်ယောက် မြင်တိုင်း ဖနောင့်နဲ့ ထပေါက်ချင်စိတ်တွေဖြစ်၊ နောက်တော့ ဘာတွေဖြစ်လာမလဲ...”

“သမီးရယ်...”

Saving screenshot

ဦးသီလ အသံထွက်အောင် ရယ်ကာ နေရာမှ ထရပ်လိုက်သည်။

"အချစ်မပါပဲတော့ ဘယ်ဟုတ်မလဲ သမီးရယ်..ကိုယ် သဘောကျတာလေးတွေ့ရင် ဆုံးဖြတ်သင့်တာကို ပြောတာပါ..."

"စိတ်က အဲဒီဘက်ကို အားပါနေရင် ဒါမျိုးက တိုက်တွန်းဖို့ မလိုပါဘူး..."

"သူ့အလိုလို ဖြစ်လာရင်လည်း ဖြတ်ဖို့ ခက်တယ် သမီး... အဲဒါကို သမီး မမေ့ဖို့ တော့ လိုတယ်... ပန်းရင့်တို့ ကိစ္စမှာ သမီး ဂရုစိုက်ကိုင်တွယ်မှ ဖြစ်မယ်... အထူးသဖြင့် မျိုးသိပ်ခံစားတတ်ကြတဲ့ လူတွေကို ပိုပြီး ဂရုစိုက်ရတယ်... ပွင့်လင်းတဲ့ လူတွေကို အကဲခတ်ရလွယ်တယ် ... သူတို့ ကို အကဲခတ်ဖို့ မလွယ်ဘူး... ဘာပဲဖြစ်ဖြစ် ကလေးကို သမီး အရင်ဆွေးနွေးဖို့ လေးလေး ပြောချင်တယ်..."

Saving screenshot

ရိပ်က တွေခနဲ တစ်ချက်ဖြစ်သွားပြီးမှ ခေါင်းညိတ်သည် ။

"ဟုတ်ကဲ့…ရိပ် အဲဒီလိုပဲ စဉ်းစားထားပါတယ်…"

ဦးသီလ သိနေပါသည် ။

ပန်းရင့်ဟာ မိန့်ခွန်းအပေါ် မည်မျှအထိ မေတ္တာသက်ဝင်နေခဲ့သလဲဆိုတာ အိမ်ပေါ် အမြဲနေခဲ့ရသည့်သူက ပိုသိပါ၏။

သို့သော် အကဲခတ်တာကျတော့ ရိပ်ကို သူလိုက်မမီခဲ့ပါ။ ဘယ်သူကမှ စကားမစသေးပါဘဲ အလွန်ရိုးစင်းသည့် ကလေးသာသာ ပုံစံလေးနှင့် ပန်းရင့်ကို စင်ကာပူက ပြန်ရောက်ပြီး ပထမဆုံး အခေါက်မှာ ပဲ…

"ညီမလေးမှာ ချစ်သူရှိနေပြီ မဟုတ်လား… "ဟု ဒက်ခနဲ မေးနိုင်ခဲ့သည့်သူ… အိမ်မှာ တစ်ညပဲ အိပ်ရသေးသည့်သူက မေးချလိုက်တော့

Saving screenshot

သည် တုန်းက ဦးသီလ ဘာမှ မသိသေးသည်မို့ ကြောင်တောင်တောင် ဖြစ်သွားခဲ့မိသည်။

ကလေးသာသာ နွဲ့ဆိုးဆိုးနေဆဲ ကိုယ့်ညီမလေးကို မေးချလိုက်တာများ သတိပေးသလိုဖြစ်သွားခဲ့ရင် မခက်ဘူးလားဟု စိုးရိမ်မိသေးသည်။

"ဟုတ်ကဲ့..."

ပန်းရင့် မျက်ရည်တွေလည်ကာ ချက်ချင်းဝန်ခံလိုက်တော့မှ သူ့မှာ အံ့သြလို့ မဆုံး၊ နောက်ပိုင်းမှာ တော့ ရိပ် မရှိချိန်တွေမှာ မိန့်ခွန်းကို ဖုန်းတွေ ခဏ ခဏ ဆက်နေပြီး ခဏ ခဏ အပြင်ထွက်၊ ပြန် လာပြီးတော့ ငို... ဖုန်းထပ်ဆက်နောက်ကျမှ အကဲခတ်နိုင်လာသည် ကမိန့်ခွန်းကို ဆက်သွယ်၍ မရ၍ ဖြစ်မှန်း ရိပ်လုံးပေါ်လာသည်။

ချိန်း၍ သွားတော့လည်း ဟိုက မလာ...

Saving screenshot

သူ့မှာ ဒီကလေးကို စိတ်မချတော့လည်း ပန်းရင့် ခဏခဏကြီး ထွက်သမျှ နောက်က မယောင်မလည် လိုက်နေရသည် ။

ထို့ကြောင့် မြင်နေတွေ့နေရသည် သာ...

ဒါဟာ တစ်ဖက်သက်ဆန်ဆန် ချစ်နေရသည့် အချစ်မျိုးလား။ ဘာပဲဖြစ်ဖြစ် ပန်းရင့်ရဲ့ မေတ္တာထုထည် သေးသေးမဟုတ်တာတော့ သေချာနေပြီ... အကယ်၍ သာ မိန့်ခွန်းက ဂရုစိုက်အရေးပေးမှုတွေ ရှိလာခဲ့ရင်....

*

## အခန်း (၄)

ဖွင့်ထားပြီးသည့် သီချင်းတွေကို စိတ်မပါ လက်မပါကြီး ထိုင်ကြည့်နေဆဲ တံခါးဝမှာ တိုးဝင်လာသည့် ကားတစ်စီးကို ပန်းရင့် လှည့်ကြည့်လိုက်တော့ ဒေါက်တာသဲမောင်နှင့် အန်တီမာ... ရန်ကုန်ကို ပြန်ရောက်လာကြပြီဆိုကတည်းက ချောင်းပေါက်မတတ် လာနေလိုက်တာ မရိုးသားဘူး ဆိုတာတော့ သိသည် ။ ဒါပေမဲ့ ကိုယ့်ကို ရည်ရွယ်သည် ဟု မထင်။

မနေ့က မမပြောလာတော့မှ တအံ့တသြလည်း ဖြစ်၊ စိတ်လည်း ဆင်းရဲသွားခဲ့၏။ 'ကိုသဲ' က ညီမလေးကို လက်ထပ်ချင်တယ်တဲ့ လော

Saving screenshot

လောဆယ် စေ့စပ်ထားချင်တယ်တဲ့ လေ... ဒါ က ညီမလေးအတွက် သက်သက်အချိန်ယူပေး တဲ့ သဘောပဲ... သူကတော့ တစ်ခါတည်း လက်ထပ်ချင်တာတဲ့ ....

မမက ပြော၍ ပန်းရင့် ဘာဖြေလာမည်ကို စောင့်သည် ။ မမ ဤသို့ စီစဉ်ရက်တာကို ပန်းရင့် အံ့ဩသည် ၊ ဝမ်းလည်း နည်းမိသည် ။

ပန်းရင့်မှာ ချစ်သူရှိတာ မမ သိနေလျက်နဲ့ ....

ပန်းရင့်တွေးနေတာကိုလည်း မမက သိနေ သည် ။

"ညီမလေးမှာ ချစ်သူရှိတာကို မမသိတယ် ... ခုလို ကိုသဲကသာ ပြောမလာဘူး ဆိုရင် တော့ ညီမလေးရဲ့ ချစ်သူအပေါ် မမက စိတ်ရှည်ပေးလို့ ရပါတယ်၊ ခုတော့ မမအနေနဲ့ ညီမ လေးနဲ့ အသင့်တော်ဆုံးလို့ ထင်တဲ့ သူကိုပဲ

ရွေးလိုက်တော့တယ်၊ တစ်ခါတလေကျတော့ ကိုယ် ဖြစ်ချင်သလို မဖြစ်ဘဲ သူ ဖြစ်ချင်သလို ဖြစ်သွားတာလေးတွေက အဆင်ပြေသွားတာ တ်တယ်"

"ညီမလေး စဉ်းစားကြည့်ပါ... မေမေတို့ မ ရှိတော့ဘူးဆိုကတည်းက မမဟာ ပညာဆုံးခ န်း မတိုင်သေးဘဲ ပညာရေးကတစ်ဖက် ညီမ လေးနဲ့ စီးပွားရေးက တစ်ဖက်နဲ့ ဘယ်လော က် ထိန်းတတ်ဖို့ ကြိုးစားခဲ့ရသလဲ... ဒီကြား ထဲက ညီမလေးကို မမကြောင့် မမတာဝန် မ ကျေနိုင်လို့ ၊ စိတ်တိုင်းမကျလို့ စသဖြင့် ဘယ် အတွက်နဲ့ များ မျက်နှာအညိုခံခဲ့ဖူးသလဲ"

မမ စကားရပ်ထားတော့ ပန်းရင့် မျက်လွှာ လေးချရင်း ခေါင်းညိတ်ရသည် ။ ဟုတ်ပါသ ည် မမ ကလေးထိန်းခဲ့ရသည့် အရွယ်က လူကြီး မဖြစ်သေးတာကြောင့် ကလေးချင်းပြ

Saving screenshot

န်၍ ထိန်းကျောင်းခဲ့ရသည် ။

ဒါပေမဲ့ မမက သတ္တိရှိသည် ။ လူကြီးဆန်သည် ၊ ဦးလေးဖြစ်သူရောက်မလာခင် တစ်နှစ်ကျော် နှစ်နှစ်နီးပါးဟာ မိဘတွေဆုံးပါးပြီး အုပ်ထိန်းသူမဲ့ပေမယ့် ဒေါ်ဒေါ်မြကိုသာ မိဘအရာမှာ ထား၍ အရိပ်ယူခဲ့သည် ။

မမက ရုန်းကန်ခဲ့၏ ..

အိုးနင်းခွက်နင်း ဖြစ်ခဲ့ရသည် မရှိ...

သည် ကြားထဲ ပန်းရင့်အတွက်ဆို မမက ခက်ထန်ရက်စက်ခဲ့တာ ဘာမှ မရှိ။

တယုတယ ထွေးပိုက်သည် ။ အားမငယ်ရအောင် အားပေးသည် ။

မမက ပထမနှစ်တက်နေတုန်း ပန်းရင့်က ရှစ်တန်းနှစ်သာ ရှိသေးသည် ။ တွက်ကြည့်တော့ အသက်ချင်းက သိပ်ကွာသည် မဟုတ်။

Saving screenshot

မမရဲ့ စေတနာ မေတ္တာတွေက အားလုံး ပန်းရင့်အတွက်ချည်းပဲ... ပုံအောနေခဲ့တာ ဒီနေ့အထိ။

"ရိပ်က သိပ်ကို စိတ်ဓာတ်မာကျောတဲ့ မိန်းကလေး... ဒါဟာ မိဘလက်ထက်က အမွေအနှစ်တွေ ရှိလို့ ပေါ့... ဆင်းဆင်းရဲရဲထဲကသာ ဆိုရင်လည်း သူ့ညီမကို အကြမ်းပတမ်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးမယ့် အစ်မမျိုး... ညီမကို ကျတော့ ရွှေလို ဥထားတာ..."

မိတ်ဆွေအသိုင်းအဝိုင်းတွေက ပြောကြသည်။

ဒီလို ဂရုဏာ မေတ္တာ၊ စေတနာ၊ အနစ်နာတွေကို ပန်းရင့် ဘယ်သူ့ဆီကမှ မရနိုင်။ ပန်းရင့် နားလည်ခြင်းများ နှင့် ခေါင်းငုံ့နှုတ်ဆိတ်နေတော့ မမက ဆက်ပြောသည်။

"မမ ဆိုလိုချင်တာက အလိုလိုက်လို့ မရတဲ့

Saving screenshot

နေရာမှာ မမဘက်က အမိန့်ဆန်ဆန် ဆုံးဖြတ်လိုက်ရတာမျိုး ဖြစ်သွားရင် ဖြစ်သွားမယ်... ဒါတွေအားလုံးဟာ တစ်ခုမှ ဝေဒနာ မရောက်ခဲ့ဘူးဆိုတာကို ညီမလေး နားလည်ဖို့ ပဲ"

ပန်းရင့် ဘယ်လိုခွန်အားမျိုးနှင့် ခေါင်းခါနိုင်တော့မှာ လဲ...

"ညီမလေးကို မမက ခုဖြတ် ခုယူပါလို့ ဇွတ်မစီစဉ်ပါဘူး... ချစ်သူကို အချစ်နဲ့ မပြတ်သားနိုင်သေးရင်တောင် မမရဲ့ စေတနာကို သံယောဇဉ်နဲ့ ငဲ့ကြည့်ပေးပါ... ညီမလေးရဲ့ ချစ်သူ ပေးလာမယ့် အချစ်နဲ့ ကိုသဲ ပေးလာမယ့် နားလည်မှု ဘယ်ဟာ အေးချမ်းမလဲဆိုတာ ချင့်ချိန်၊ မမကတော့ မိန့်ခွန်းနဲ့ လုံးဝသဘောမတူဘူး၊ ဘယ်တော့မှ ကြည်ဖြူမှာ မဟုတ်ဘူး ...အဲဒါ ဘယ်အချိန်ဖြစ်ဖြစ် သေချာပြီးသားပဲ"

"မမ မမ အဲဒီလောက်ထိ ဖြစ်နေတာ

ဘာဖြစ်လို့ လဲဟင်..."

ပန်းရင့် တကယ်နားမလည်နိုင်လို့ မေးမိတာပါ။

ကိုကိုက ကိုသဲလို ဖြူဥ နုဖတ်ကာ သွယ်နွဲ့နွဲ့ လူချောကလေးလို့ မပြောသာပေမယ့်။

ကိုကို့စတိုင်လ် ကိုကို့ပုံစံကို ပန်းရင့် စွဲလမ်းသည် ။

ကိုကိုဟာ ဘယ်အရပ် ဘယ်လိုနေရာမှာ ရှိနေနေ ထင်းနေအောင် ပေါ်လွင်တဲ့ သူ... ဤသို့ဤနှယ် ကျေနပ်ဂုဏ်ယူလောက်ဖွယ် အရည်အချင်းများ နှင့် ပြည့်နှက်နေသော်လည်း ...

"သူ့ကို ညီမလေးနဲ့ သဘောမတူနိုင်တာက ... သူဟာ မမလို စိတ်ဓာတ်မျိုးရှိနေလို့ ပဲ"

မမ စကားသံက ပြတ်သားနေသည် ... ညှာတာမှု ကင်းမဲ့နေသလို ရှိ၏။

"လူတစ်ယောက်အပေါ် ဘယ်တော့မှ အထ င်မကြီးတတ်တဲ့ လူတွေဟာ သူများ ပေးတာ ကို မမက်မောတတ်သလို ကိုယ်က ပေးရမှာ လည်း ကြောက်တတ်တယ်... ဒါတွေ ညီမ လေး နားလည်မှာ မဟုတ်ဘူး ... နားလည် လာတဲ့ အချိန်မှာ ညီမလေးဟာ သူ့လက်ထဲမှာ သေလုမျောပါး ခံစားပြီး ရင်ကွဲနာကျလုလု ဖြ စ်နေလိမ့်မယ်။ ဖယောင်းနဲ့ သံချောင်းကို ရော မွှေဖို့ မကြိုးစားပါနဲ့ ညီမလေးရယ်...."

ညီမလေးရယ်ဆိုသည့် နောက်ဆုံး ကျော သပ်နှစ်သိမ့်လိုက်ခြင်းသည် နူးညံ့မှုတွေ လွှမ်း မိုးနေပေမယ့်... ထိုအမိန့်တစ်ရပ်မှာ ပန်းရင့် နာခံရတော့မည်ဆိုတာ သေချာသွားခဲ့၏။ ဝင် လာကြသူတွေကို ငေးငေးလေးကြည့်ရင်း ပန်း ရင့် အတွေးလွန်ကာ ပြုံးပြဖို့ ပင် သတိမရခဲ့ပါ ။

Saving screenshot

"ဟော… သမီးလေး တစ်ယောက်တည်း လား .. ရိပ် မရှိဘူးလား"

အန်တီမာ့ အသံကြားမှ ပန်းရင့် ကပျာက ယာ ထရပ်ပြီး သွားလေးတွေပေါ်အောင် ပြုံးပြ လိုက်ရသည် ။

"မမ မရှိဘူး အန်တီမာ… လေးလေးတော့ ရှိပါတယ် အခုပဲ စာကြည့်ခန်းထဲ ဝင်သွားတာ ခဏလေးနော်…"

ပန်းရင့် ခေါ်သွားမလို့ လုပ်နေဆဲ လေး လေးက အပြင်ထွက်လာသည် ။

"အသံကြားလို့ ထွက်လာတာ ထိုင်ဗျာ၊ မ မာမာ ကိုအောင်လင်း ပြန်သွားပြီလား"

"ဟုတ်ကဲ့ … သူကတော့ ဟိုမှာ ကိစ္စလေး တွေ မပြတ်သေးလို့ လေ၊ ပြီးတော့ တောင်ကြီး မှာ သူက သိပ်ပျော်တာ မပြောင်းချင်ဘူး…ကျွ န်မကတော့ သားတာဝန်ကျတာနဲ့ ပြောင်းချင်

Saving screenshot

နေတာနဲ့ အတော်ပဲဆိုတော့ အဆင်ကိုပြေလို့ …”

သူ့ဟာသူပြော၍ ဒေါ်မာမာက ရယ်နေသည်။

“အန်တီမာ ခဏနော်… သမီး စားစရာ သွားလုပ်လိုက်ဦးမယ်”

“ရတယ် သမီးလေး…သွား..သွား”

တမင်ထွက်ပေါက်ရှာပြီး ထထွက်လာခဲ့ကာမှ သဲမောင်က နောက်က ပါလာခဲ့သည်။

မီးဖိုခန်းထဲမှာ ကော်ဖီဖျော်ဖို့ လုပ်တော့ သဲမောင်က ဝင်တား၏။

“ရေနွေးတွေထည့် ဘာလုပ်ညာလုပ်နဲ့ အပူလောင်ပါ့မယ် ပန်းရင့်ရယ် အအေးပဲ လုပ်လိုက်ပါ… ဖယ် … ကိုသဲပဲ လုပ်မယ်”

ရေခဲသေတ္တာကို သူပဲဖွင့်၍ အအေးပုလင်း

Saving screenshot

တွေ ထုတ်ယူသည် ။

ရေခဲစိမ်ထားသော အချိုရည်ပုလင်းတွေကို သူကိုယ်တိုင်ပဲ ဖန်ခွက်ထဲထည့်ပြီး ဖန်ခွက်ကို ကိုင်းကနေ ဒီအတိုင်းကိုင်၏။

"အို.. ကိုသဲ ဗန်းထဲထည့်လေ... ဒီမှာ မုန့်နဲ့ လက်သုတ်ပဝါ ထည့်ရဦးမှာ ..."

"နေပါစေ.. မာမီက မုန့်မစားတတ်ပါဘူး... "

ပြောပြီး ပန်းရင့်နားမှာ ကပ်၍ ...

"နောက်ထပ် ရှောင်ဖယ်ဖယ် မလုပ်နဲ့ နော် ... တစ်ခါတည်း ပြန်လိုက်ခဲ့..."

ဟု ခပ်ပြုံးပြုံးမျက်နှာနှင့် ကြိတ်ခေါ်သည် ။

ပန်းရင့် မျက်နှာလေးမဲ့မဲ့နှင့် စူးစူးစိုက်စိုက်လေး ပါလာတော့လည်း သဲမောင်က ရယ်နေ၏။



www.mmyanmarbooks.com

Saving screenshot

"မာမိ… အအေးသောက်ဦး… ကျွန်တော်နဲ့ ပန်းရင့် ခြံထဲမှာ စကားသွားပြောလိုက်ဦးမယ် …"ဟု ဆိုကာ ပန်းရင့် လက်ကလေးကိုပင် ဆွဲခေါ်ခဲ့သေးသည် ။

ဟိုတုန်းကတည်းက ကိုသဲနဲ့ ပန်းရင့်က ဒီလိုပဲ ရင်းနှီးတွယ်တာခဲ့ကြတာပါ။

ဒါပေမဲ့ ခုကျတော့ အရင်လို ရိုးရိုးသားသားမှ မဟုတ်တော့ဘဲ…

ပန်းရင့် ဒီရင်းနှီးမှုတွေကို မလိုချင်တော့ဘဲ စိတ်ညစ်နေမိသည် ။

"ထိုင်လေ …ပန်းရင့်.."

ဒန်းရဲ့ ဘေးမှာ သူရပ်၍ ပန်းရင့်ကို ထိုင်ခိုင်းနေသည် ။

ဒန်းက သေးသေးကျဉ်းကျဉ်းနှင့် ကျောမှီကာ လခြမ်းပုံလေးရှိတာမို့ ကိုသဲပါ ဝင်ထိုင်လို

Saving screenshot

က်လျှင် ပူးပူးကပ်ကပ်လေး ဖြစ်သွားမည်။

ပန်းရင့် ထိုင်ဖို့ ခက်နေတာကို ကိုသဲက နား လည်သွားပုံရသည် ။

"ထိုင်ပါ ချာတိတ်မရယ်... ကိုသဲ မထိုင်ပါ ဘူး၊ လူတင်ပြောင်းလဲသွားတာ မဟုတ်ဘူး .. တိုတိုထွာထွာလေးလည်း ဖြစ် လာပြီနော်... အပျွန်း...."

ပန်းရင့် ရှက်ပြုံးလေး ပြုံးလျက် ဒန်းမှာ ထို င်တော့ ကိုသဲက လှုပ်ရုံကလေးလွဲ၍ ဒန်း၏ ဘေးဒေါက်တန်းမှာ တစောင်းထိုင်၍ ပန်းရင့် မျက်နှာလေးကို လှည့်ကြည့်သည် ။

"ပန်းရင့်..."

"ရှင်..."

"ပန်းရင့် သိပ်လှတာပဲ တကယ်အရမ်းလ ည်း ချစ်ဖို့ ကောင်းတယ် .. ဟိုးငယ်ငယ်တုန်း

က ထက် ပိုလှပြီး ဟိုတုန်းကလိုပဲ ချစ်စရာကောင်းနေတုန်းပဲ...”

ဝါကျတွေထပ်နေအောင် ချီးမွမ်းနေသဖြင့် ပန်းရင့် မနေတတ်သလို ဖြစ်လာသည်။

သဲမောင်က စူးစိုက်ကြည့်ရင်း ထပ်ခေါ်သည်။

“ပန်းရင့်....”

“ပန်းရင့် နားထောင်နေပါတယ် ကိုသဲရယ်...”

“နားထောင်နေရုံနဲ့ မပြီးဘူးကွ... ကိုသဲနဲ့ ပန်းရင့် လက်ထပ်ဖို့ လူကြီးတွေကို ကိုသဲဖွင့်ပြောထားခဲ့တာ ပန်းရင့် ဘယ်လို သဘောထားလဲဟင်... ကိုသဲလေ ပန်းရင့်ကို ကလေးလေးလို သဘောထားနေတုန်းပဲ ကိုယ်သိပ်ချစ်ရတဲ့ ညီမလေးကို ယုယချင်တယ် အလိုလိုက်ချင်တယ် ကိုယ့်ဇနီးလေးလိုလည်း

ချစ်ချင်တယ်... ပန်းရင့်လည်း ကိုသဲကို တွယ်တာရင်းစွဲ ရှိခဲ့ဖူးတယ်ဆိုတော့ ဒီကိစ္စကို ဖြစ်နိုင်ခြေ အများ ဆုံးဘက်မှာ ထားပြီး စီစဉ်ခဲ့မိတာ"

သူက စကားရပ်သွားပြီး ခဏမျှ ငိုင်တွေသွားသည်။

ခြေဦးထိပ်က မြက်ခင်းစိမ်းစိမ်းလေးတွေကို နှစ်ဦးသား အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိရင်း ကိုသဲက ဖျတ်ခနဲ ငဲ့ကြည့်ကာ...

"ပန်းရင့်မှာ ချစ်သူရှိနေပြီနော်..."

"အင်း..."

ပန်းရင့် မြန်မြန်ဆန်ဆန် ခေါင်းညိတ်လိုက်မိတာကို သဲမောင်က ကြည့်ပြီး မချိတရိ ပြုံးသည်။

"ကိုသဲ တောင်းပန်ပါတယ်... ကိုသဲက

Saving screenshot

တော့ ဒါကို မသိလို့ အပိုင်တွက်ပြီး ပူဆာခဲ့တာလေ... ပန်းရင့် စိတ်ဆင်းရဲနေမယ်ဆိုတာ ကိုသဲ တွေးမိတယ် အိမ်ထောင်ရေးဟာ ဇွတ်တရွတ်ဆန်လို့ မရဘူးဆိုတာ ကိုသဲသိတယ်၊ အချစ်မပါဘဲလည်း ကိုသဲက အစမှ မဆန်ချင်ပါဘူး.... တစ်ခုတော့ ရှိတာပေါ့လေ... ပန်းရင့် ချစ်သူရှိခဲ့ပေမယ့် လူကြီးတွေ စကားကို နာခံလိုတဲ့ စိတ်နဲ့ ပဲဖြစ်ဖြစ် ပန်းရင့်ကိုယ်တိုင် နှလုံးသားနဲ့ မဆုံးဖြတ်ဘဲ ကိုသဲကို ရွေးသင့်တယ်ထင်လို့ တစ်ခုခုကြောင့် ပန်းရင့် ကိုယ်တိုင် ကိုသဲကို လက်ခံခဲ့တာမျိုး ဆိုရင်တော့ အချစ်ကိုပါ ကိုသဲ လောဘမကြီးပါဘူး... ပန်းရင့် ကိုယ့်ကို ချစ်လာတဲ့ အထိ ကိုသဲ စိတ်ရှည်သည်းခံရင်း ကြင်ကြင်နာနာ ပေါင်းသင်းသွားမှာ ပါ....
”

ပန်းရင့် ကိုသဲ မျက်နှာကို မျှော်လင့်ချက်များ စွာနှင့် ကြည့်မိသည်။

Saving screenshot

"ကိုသဲ ဒါဆိုရင် မင်္ဂလာကိစ္စကို အတင်းအကျပ် စီစဉ်ခိုင်းဖို့ စိတ်ကူးမရှိဘူးပေါ့နော်…"

"မရှိပါဘူး ပန်းရင့်ရယ်… ပန်းရင့် ဆုံးဖြတ်တဲ့ အတိုင်း ဖြစ်စေမှာ ပါ… ကိုသဲက ပန်းရင့်ကို ဟိုးတုန်းကတည်းက နားလည်ပေးဆပ်ရင်းနဲ့ ချစ်ခဲ့ရတဲ့ သူပဲ… ကိုသဲဘက်က ဘယ်တော့မှ မပြောင်းလဲဘူး…"

ပန်းရင့် မျက်နှာလေး ပျော်ရွှင်သွားပုံလေးကို ကြည့်၍ သဲမောင် ဖြေနိုင်အောင် ကြိုးစားရသည်။ သူ ဆုံးဖြတ်တာ မှားသည် ဟု မထင်ပါ။

သည် မိန်းကလေး မကြည်ဖြူ မကျေနပ်ပါက ကိုယ်ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားလိုက်လို့ ရလာတော့ကော ရှေ့ဆက်ဘာတွေဖြစ်လာနိုင်မှာ လဲ။

လွန်စွာ စိတ်ပျက်ချောက်ချားဖွယ် ကောင်း

သည့်အိမ်ထောင်ဆိုသော နွေကန္တာရ ခရီးရှည်ကြီးကို သူ ဖြတ်သန်းရတော့မည်။

အချစ်ဟာ အဓိက မဟုတ်ဘဲ လူကိုရအောင်ယူဖို့ ရာ သူက သွေးဆာနေသည့် နာဂဘီလူးမှ မဟုတ်ဘဲ။

ရှိစေတော့ ပန်းရင့်ရယ်...

မင်းအချစ်နဲ့ ကိုယ်မထိုက်တန်ဘူးဆိုရင်လည်း ဒီအတိုင်းပဲ ရှိပါစေတော့...

*

Saving screenshot

# အခန်း (၅)

ဒီတစ်ခါ ဖုန်းကောက်ဆက်လိုက်သည် နှင့် လာကိုင်သူက ကိုကို ဖြစ်နေသည် မို့ ပန်းရင့် ဝမ်းသာသွားမိသည် ။

"ကိုကို... ပန်းရင့်ဆက်တာ ကိုကို အခုအားလားဟင်"

"မအားဘူး ပန်းရင့် ကိုကို အခုပဲ တင်ဒါကိစ္စတွေ အတွက် အစည်းအဝေးတက်ဖို့ သွားရမှာ ..."

ပန်းရင့် စိတ်ဓာတ်ကျသွားကာ စကားဆက်ပြောဖို့ ပင် အားမရှိတော့သလို ဖြစ်သွားခဲ့၏။

Saving screenshot

“ပန်းရင့်.. ပန်းရင့်…”

“ကိုကို…”

“ပန်းရင့် ဘာပြောမလို့ လဲ ပြောလေ…”

“မပြောတော့ပါဘူး ကိုကိုရယ် ကိုကို အားတာမှ မဟုတ်တာ”

ဖုန်းထဲက ကိုကို့အသံတစ်ချက်တိတ်ကျသွားသည် ။

“ပန်းရင့် ဒီလိုလုပ်ကွာ အခု ပန်းရင့် ဘာလုပ်စရာရှိလို့ လဲ”

“ကိုကို့ကို ပလာဇာ ခေါ်ချင်လို့ …”

“ဟုတ်ပြီ ကိုယ်လိုက်ပို့မယ် အခုကစပြီး တစ်နာရီခွဲတိတိ ဟုတ်လား.. အဲ…”

ကိုကို နာရီကြည့်လိုက်ပုံရကာ စကားလေးရပ်တန့်နေပြီးမှ

“သုံးနာရီဆို ကိုယ်ပြီးပြီ ပန်းရင့်

Saving screenshot

အရေးမကြီးဘူးဆိုရင် စောင့်မလား...”

“စောင့်မယ်...”

“ကိုယ် ဘယ်ကိုလာခေါ်ရမလဲ”

“ပန်းခြံဘေးက စောင့်မယ်”

“ဟာ အဲဒီနေရာ လူသိပ်ရှုပ်တာ ကိုယ်တို့ ဆုံနေကျ ကော်ဖီဆိုင်လေးမှာ စောင့်၊ ကိုယ်အတိအကျ လာခေါ်မယ်...”

“ဟုတ်ကဲ့ ...ကိုကို”

ဝမ်းသာလွန်း၍ ပန်းရင့် ပြုံးနေမိတာ တစ်ယောက်တည်း သွားကလေးများ ပင် ပေါ်နေသည် ။

ကိုကိုက ပန်းရင့်ကို ချစ်ပါတယ် မမရယ်။

ကိုကို အရမ်းအလုပ်ရှုပ်တတ်တာကို ပန်းရင့် နားလည်တယ်။

ဒီပြင့် ဘယ်မိန်းမနဲ့ လည်း ခြေရှုပ်တတ်တဲ့

Saving screenshot

သူ မဟုတ်ဘဲနဲ့ ပန်းရင့်ကို သိပ်အလိုမလိုက်နိုင်တဲ့ အဖြစ်ဟာ လက်တွဲဖော် မဖြစ်ထိုက်တဲ့ ပြစ်ချက်ကြီးတဲ့ လား...

ပန်းရင့်ကတော့ ကိုကိုနဲ့ လက်ထပ်ရဖို့ ပဲ ကြိုးစားမည်ဟု ဆုံးဖြတ်ပြီးသား။

ပန်းရင့် မှန်ရှေ့မှာ အကြာကြီးအချိန်ယူခဲ့သည် ။

ကိုကိုနှစ်သက်သော အနီရောင်ဂါဝန် ခပ်ပွပွလေးကို ခါးပတ်လေးပတ်၍ ဝတ်သည် ။

ပြီးတော့ ပလက်တီနမ် ကြိုးပျော့ဆွဲကြိုးလေးကို ဆွဲသည် ။

ပန်းနုရောင်ပြေပြေလေး ခြယ်ထားသည့်မျက်နှာကို သေချာကျေနပ်အောင် လှည့်ပတ်ကြည့်ပြီးမှ မှန်ရှေ့က ထလိုက်သည် ။

အနီရဲရဲ ဖိနပ်တွေထဲက ဒေါက်အမြင့်ဆုံး ဒီ

Saving screenshot

ဖိုင်းအလန်းဆုံး ဆိုတာကို ရွေးနေဆဲ ဗိုင်တစ်အုပ်နှင့် ရိပ် တံခါးဝရောက်လာ၏။

အပြင်ထွက်မလို့ ပြင်ဆင်ထားသည့် ပုံစံလေးကို လှမ်းမြင်လိုက်သည် နှင့် အခန်းထဲ လှည့်ဝင်လာကာ...

“ဘယ်သွားမလို့ လဲ ညီမလေး...”

“ဟို ပန်းရင့် ပလာဇာ သွားမလို့ မမ...”

“ဘာလိုချင်လို့ လဲ... မမကိုလည်း ကြိုမပြောဘူး... ဘယ်သူနဲ့ သွားမှာ လဲ...”

ရိပ်ရဲ့ မျက်နှာက အဖြေကို သိထားလျက်နဲ့ မေးလိုက်တာမှန်း သိသာနေသည် ။ ပန်းရိပ်ကလည်း လိမ်ညာဖို့ ကို စိတ်မကူးခဲ့ပါ။

“ကိုကိုနဲ့ သွားမလို့ ...”

ဟု မရဲတရဲလေးဖြေကာ မျက်လွှာချထားမိသည် ။

Saving screenshot

ရိပ် မျက်ဝန်းများက ထိရက်ဖွယ်မရှိအောင် လှလွန်းသည့် ညီမငယ်တစ်ကိုယ်လုံးမှာ နှမြောတသစွာ ငေးငေးစိုက်စိုက်ကြီး ကြည့်နေပြီးမှ တင်းတင်းစေ့ပိတ်နေသည့် နှုတ်ခမ်းတွေကို ပြုံးယောင်သန်းအောင် ပြုပြင်၍ ...

"သူနဲ့ ချိန်းပြီးပြီလား"

ချိန်းပြီးလို့ ဒီလောက်တောင် တကက်တက်ကြွကြွ ပြင်ဆင်ထားတာပဲဆိုတာ တွက်မိပြီးသား ဒါပေမဲ့ ပြောဖို့ က ရှိနေသေးသည် ။

"ညီမလေးကို မမ တစ်ခုတော့ သတိပေးချင်တယ်၊ အဲဒါက ညီမလေးကို မမက မိန့်ခွန်းဆိုတဲ့ ယောက်ျားနဲ့ ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး ဆိုတာ မမေ့ဖို့ ပဲ..."

"ကိုကိုက ပုံစံပြောင်းမယ် ညီမလေးကို ဂရုစိုက်ကြင်နာလာမယ်ဆိုရင်ကော ကိုသဲကိုယ်

Saving screenshot

ကိုယ်က ပန်းရင့်ကို နားလည်ပေးခဲ့တာပဲ မမ ရယ်...”

ရိပ်က နှုတ်ခမ်းတွန့်ရုံလေး ပြုံး၍ လက်ထဲက ဖိုင်ကို မှန်တင်ခုံပေါ်မှာ ချထားလိုက်သည်။ ပြီးတော့ ပန်းရင့် ရွေးရခက်နေသည့်ထဲက ကြိုးသိုင်းလေးတွေပါသော ဒေါက်မြင့် ဖိနပ်ကို ရွေးထုတ် ပေးလိုက်ပြီးမှ ...

“မမက ကိုသဲနဲ့ ညီမလေးကို မဖြစ်မနေ ဖူတ်စီစဉ်မှာ မဟုတ်ဘူး ... ဘယ်သူ့ကိုပဲဖြစ်ဖြစ် မမက သင့်တော်တယ်လို့ ထင်ပေမယ့် ညီမလေး ငြင်းပယ်ခွင့်ရှိတယ်.. မမက မသင့်တော်ဘူးလို့ မြင်တဲ့ သူကိုလည်း ညီမလေး ရှောင်နိင်ရမှာ ပေါ့...”

“ကိုကို့ကို ညီမလေးက ရှောင်ရတော့မှာ ပေါ့ ဟုတ်လား ... မမ ... မမ အမြင်တစ်မျိုး ဖြစ်နေပေမယ့် ကိုကိုက ညီမလေးကို စိတ်ချမ်း

Saving screenshot

သာမှု အပေးနိုင်ဆုံးလူလို့ ညီမလေး သတ်မှတ်နိုင်ရင် မပြည့်စုံဘူးလား....”

“ပြည့်စုံတယ် မမကလည်း ညီမလေး စိတ်ချမ်းသာစေချင်တာ အဲဒါကိုပဲ အဓိကပြောတာ ”

“ကိုကိုက အခု အရင်လို မဟုတ်တော့ဘူး .. မမ.. ညီမလေးကို ဂရုတစိုက်ရှိလာတယ်... အလိုလိုက်ပါတယ်.. ညီမလေးကို သူ တကယ်ချစ်တာပါ...”

“သူတကယ်ချစ်တယ်တဲ့ လား... ညီမလေး ကျေနပ်နေတယ်ဆိုရင် မမ ကျေနပ်ပါတယ်.. တကယ်ပဲ သူ ညီမလေးကို ချစ်တယ်ဆိုရင် အဖြေထွက်လာမှာ ပါ...”

မမ နှုတ်ခမ်းက အပြုံးဟာ လှို့ဝှက်သော အပြုံးလား ကျေနပ်ပြုံးလား ... ပန်းရင့် မခွဲခြားနိုင်ခဲ့ပါ..

Saving screenshot

တစ်ခုပဲ သူမ ရင်ထဲမှာ ရှိသည် ...

ထိုအရာသည် ကိုကိုနဲ့ အတူ တွဲလျှောက်လည်ရမှာ ကို ပန်းရင့် ပျော်နေခဲ့သည် ။

*

# အခန်း (၆)

ကိုကို့လက်ကို ပန်းရင့်ကပဲ ဆွဲချိတ်ထားခဲ့သည်။

ပန်းရင့် ချိတ်ထားသည့် ကိုကို့လက်တစ်ဖက်က ဘောင်းဘီထဲ ထည့်ထားကာ ... တစ်ခါတလေ လက်နှစ်ဖက်လုံး အိတ်ထဲသွင်းထားပြီး ပန်းရင့်ဘက်ကို စကားတွေ ငဲ့ပြော ကြည့်တတ်သည့် ကိုကို့ စတိုင်က ပန်းရင့် မျက်လုံးထဲမှာ ကြည့်မဝနိုင်။

ကိုကိုက ဒီနေ့ကျမှ အနက်ရောင် စပို့ရှပ်လက်တို ဘောင်းဘီအနက်နှင့် ရဲတောက်နေသည့် ပန်းရင့်နှင့်တွဲတော့ ပလာဇာထဲမှာ နှစ်

ယောက်သား ထင်းထင်းကြီး ဖြစ်နေ၏။

ပြီးတော့ ပန်းရင့် ရင်ခုန်အောင် ကိုကိုက ပြောသေးသည် ။

"မင်း သိပ်လှတာပဲတဲ့ ...."

ပန်းရင့် မျက်နှာလေးက ဝတ်စုံကို ကျော်လွန်၍ အနီချင်း ပြိုင်နေတော့မှာ သေချာပါသည် ။ ပလာဇာမှာ တကယ်လိုတာပါရဲ့ လား မပါဘူးလား မသိ...

ပန်းရင့် လျှောက်ဝယ်သမျှ ကိုကို အကုန် လိုက်ရှင်းသည် ။

"ညီမလေး ဝယ်ခြမ်းဖို့ ကို လုံလောက်အောင် ထည့်သွားနော် ယောက်ျားလေး ဝယ်ပေးတာကို မယူရဘူး..."

မမ မှာ လိုက်တာကို သတိရပေမယ့် ပန်းရင့် ရှင်းမှာ ကို ကိုကိုက လက်မခံ။

Saving screenshot

"ဒါဆို ကိုယ်က ပန်းရင့် ဈေးဝယ်တာကို သက်သက် အဖော်လိုက်ပေးရတဲ့ ငပေါကြီး ဖြစ်နေမှာ ပေါ့ကွ... ဘာလဲ ပစ္စည်းတွေတော့ သယ်မနိုင်းနဲ့ နော် ကိုယ်အဲဒါတော့ မလုပ်ဘူး..."

"မဆွဲရပါဘူး ကိုကိုရဲ့ ..."

"ကိုကို့လိုလူကို ဒီလို မခိုင်းသင့်ဘူးဆိုတာ ပန်းရင့်လည်း သိတာပေါ့..."

ဒါပေမဲ့ မနိုင်မနင်း ဝယ်လာတော့လည်း ကိုကိုက ကူသယ်ပေးခဲ့ပါသည်။

"ဘယ်လိုလဲ တော်ပြီလား... ပလာဇာမှာ အများကြီး ကျန်သေးတယ်နော်..."

"ကိုကိုကလည်း ..."

ပြန်မည်ဆိုတော့ ကိုကိုက စသည်။

ပန်းရင့် နှုတ်ခမ်းလေးစူ၍ ကိုကို့လက်မောင်းကို လိမ်ဆွဲကာ

Saving screenshot

"ကိုကိုက ပန်းရင့် အများကြီး ဝယ်လို့ စိတ်မရှည်နိုင်တော့တာလားဟင်…"

"မဟုတ်ပါဘူး ကိုယ် ဒီနေ့ ဗဟု သုတတောင် တိုးသွားသေးတယ်…."

"ဘာဖြစ်လို့ လဲ…"

"မိန်းကလေးတစ်ယောက်နဲ့ ပလာဇာကို အတူသွားရင် ဘယ်လောက်ကုန်မယ်ဆိုတာလေ ကိုယ်တကယ်မသိတော့ ငွေ ဘယ်လောက်ထည့်လာရမှန်း မသိဘူး.. အဲဒါနဲ့ ကွာ … ထိုးသိပ်ယူလာရတာ ဒီငွေတွေကို တော်တော်သယ်ရတာကွ…"

"ကိုကိုကလည်း ပန်းရင့်က ကိုကို့ကို ဝယ်ခိုင်းမလို့ ခေါ်တာမှ မဟုတ်ဘဲ ကိုကိုနဲ့ အတူသွားချင်လို့ ဥစ္စာ…ပန်းရင့်မှာ ပါပါတယ်နော်…"

ကားပေါ် ပြန်ရောက်တော့ ပန်းရင့် နှာခေါ

Saving screenshot
www.mmyanmarbooks.com

င်းချွန်ချွန်လေးကို ကိုကိုက ခပ်ဖွဖွဆွဲလိမ်ပြီး ရယ်သည်။

ပြီးမှ နေရာမှာ ဝင်ထိုင်ကာ....

"မင်းမှာ ပါပါ မပါပါ ကိုယ်ကပဲ ဝယ်ပေးချင်လို့ ပါကွ... အခု သိသွားပြီ... နောက်တစ်ခေါက် ပန်းရင့်နဲ့ သွားဖို့ ဖြစ်လာရင် မပင်ပန်းတော့ဘူးပေါ့..."

"ကိုကိုက ခုတော့ စိတ်ညစ်လို့ ပေါ့လေ..."

"မညစ်ပါဘူး... ပျော်ဖို့ ကောင်းကောင်းသေးတယ်... ဒီပြင့် ပလာဇာတွေလည်း ရှိသေးတယ် သွားဦးလေ..."

"ကိုကိုနော် ...ပန်းရင့် ငိုချင် လာပြီ"

"ဟာ... ကိုယ်တကယ် ပို့ချင်လို့ ပြောတာ"

ပန်းရင့် တကယ် ငိုပစ်လိုက်တော့မလိုဖြစ်တော့ ကိုကိုက ပန်းရင့်နားကပ်ပြီး ထောက်

Saving screenshot

ထားသည့် ပန်းရင့်လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။

ပြီးတော့ မေးဖျားလေးကို သူ့ဘက်ဆွဲလှည့်၏။

"အဲဒီလို ခုရယ်၊ ခုငို လုပ်ချင်တာလေးတွေမင်းကို ကိုယ် စိတ်မချတာ...."

"ဟင်း..."

ပန်းရင့် ကိုကို့ကို ခပ်စူးစူးလေး ကြည့်မိ၏။

မျက်နှာနှစ်ခုသည် သိပ်ဝေးကွာသည် မဟုတ်ဘဲ ရှေ့ဆက်တိုး၍ လည်း မလာ....

ကိုကို့မျက်ဝန်းအစုံက ရွှန်းတောက်နေသော်လည်း အချစ်ကို ဝတ်တွယ်နေကြသော တပ်မက် တောင့်တနေခြင်းတို့ ရှိမနေဘဲ ... ပြုံးရယ်နေသည့် နှုတ်ခမ်းပါးကြောင့် ရယ်မြူးရိပ်တို့ သာ ယှက်သမ်းနေ၏။

www.mmyanmarbooks.com

Saving screenshot

"မင်း ... သိပ်လှတဲ့ မိန်းကလေးပဲ ပန်းရင့် ..."

ဟု တိုးတိတ်စွာ ပြော၍ ဒုတိယအကြိမ် ပန်းရင့်ကို ရင်ခုန်စေဖြစ်သည် ။ ထိုအခါ မွှတ်သိပ်သော အနမ်းတို့ ဖြင့် နှုတ်ဆက် လာလေမလားဟု ရင်ခုန်ကာ မျက်ဝန်းလေးတွေကို မှိတ်ထားလိုက်မိသည် ။

တိတ်ဆိတ်ခြင်းသည် ကြာရှည်စွာ ဖြစ်ထွန်းခဲ့သော်လည်း ပန်းရင့်ထင်သလို ဖြစ်မလာခဲ့ပါ။

"ကိုယ်လေ မင်းကို ညီမလေးကို အလိုလိုက်နေသလိုမျိုး အလိုလိုက်နေချင်တာ တစ်ခါတစ်ခါ မင်းကို သိပ်ကိုငယ်ရွယ်သေးတဲ့ အငယ်ဆုံးညီမလေးလိုလည်း မြင်မိတယ်၊ ဒါပေမဲ့ သူများ ဦးသွားမှာ စိုးလို့ လက်ထပ်ထားမှ ဖြစ်မယ်ဆိုတာလည်း သိနေတယ်... အဟွန်း .. ညီ

မလေးလိုပဲ သတ်မှတ်ရမလား၊ ရည်းစားလေး လိုပဲ ဟိုလို ဒီလို ...ဟား ဟား...”

ပြော၍ ရယ်တော့ ပန်းရင့် မျက်ဝန်းလေး တွေ ဖျတ်ခနဲ ပွင့်သွား၏။

ဒါကို ကြည့်၍ ကိုကိုက ပန်းရင့် နဖူးလေး ကို မနာအောင်ထုကာ...

“ဘာလဲ ကြောက်သွားတာလား ကိုယ် မနမ်းပါဘူး ဒါပေမဲ့ နမ်းချင်စိတ်တွေ တစ်ခါတစ်ခါ ဖြစ်မိတယ် နမ်းမလို့ ကျတော့ တစ်မျိုးကြီးပဲ ပန်းရင့် အသက်ဘယ်လောက်ရှိပြီလဲဟင်... ”

“နှစ်ဆယ်ထဲမှာ ....”

“ဟင်... တကယ်...”

ကိုကို့ ပုံစံက တကယ့်ကို တအံ့တဩ။

ကားမောင်းမည် ပြင်ပြီးမှ မျက်ခုံးတွေ ပင့်

၍ လှည့်ကြည့်၏။

"ဒါဆို ဘယ်မှာ ကလေး ဟုတ်တော့လို့ လဲ ကိုယ်က မင်းအသက်ကို ဆယ့်ခွန်လောက်ပဲ မှန်းထားတာ တကယ်ကျ မင်းမျက်နှာလေးက ဆံပင်တိုတိုလေးထဲမှာ နုဖတ်အိစက်နေတဲ့ ကလေးပေါက်စလေးလိုပဲ ကိုယ် တကယ် မနမ်းရဲတာ..."

ပန်းရင့် ရင်ထဲမှာ စူးနင့်နေအောင် ခံစားလိုက်ရသည် ။

သူမ ပုံစံက ဒီလောက်ထိပဲ ကလက်တက်တက် ပုံစံဖြစ်နေခဲ့သလား... နားရွက်အောက်လောက် ဆံပင်လေးနဲ့ ပေမယ့် ပန်းရင့် အရပ်က ငါးပေရှစ်လက်မတောင် ရှိတာပါ။

ဆံပင်ရှည်တာ တိုတာက ဒီလောက်ထိပဲ အရေးပါသလား။

ဒါဆို မနူးမနပ်အရွယ် မိန်းကလေးတွေ



www.mmyanmarbooks.com

Saving screenshot

စော်ကားဖျက်ဆီးခံရတတ်သည် ဆိုလျှင် ကိုကိုဟာ ဒီလို အခွင့်ရေးသမားတွေထဲမှာ မပါနိုင်တာဟာ ဂုဏ်ယူစရာပါ...

ဒါပေမဲ့ ကိုကိုရယ် ချစ်တဲ့ သူရဲ့ ယုယခြင်းဟာ ချစ်သူသက်တမ်းအတွက် မမေ့နိုင်တဲ့ ရင်ခုန်စရာ မှတ်တမ်းလေးတွေ မဟုတ်ဘူး လား ...

ကိုကို့ အနမ်းတွေရဖို့ ပန်းရင့် ဆံပင်ရှည်တဲ့ အထိ စောင့်ရမှာ လား လက်ထပ်တဲ့ နေ့ကို မျှော်နေရမှာ လား...

ဒါမှ မဟုတ် ကိုကိုဟာ တကယ်ပဲ ပန်းရင့်ကို ညီမလေးတစ်ယောက်လို အမြင်မျိုးထက် မပိုခဲ့တာလား...

“ဟော့.... မေးနေတာဖြေလေ... တစ်ခုခုသွားစားရအောင်... ဘယ်ကိုသွားမလို့..”

Saving screenshot

ပန်းရင့် ကိုကို မေးတာကို မဖြေပါ။

"ကိုကို"

"ဟင် ပြောလေ"

"ကိုကို ပန်းရင့်ကို ချစ်လားဟင်"

"ဟော ဘယ်နှယ့် အိပ်မက်ထ မက်နေတာလား မင်းနဲ့ ကိုယ် လက်ထပ်ဖို့ အထိ ရည်ရွယ်ထားခဲ့ကြပြီးသား မဟုတ်လား..."

"လက်ထပ်ဖို့ ဟာကြီးကိုပဲ ကိုကိုက ထည့်ပြောနေတာပဲ မေးတာကိုပဲ ဖြေစမ်းပါ ... ကိုကို"

"အဲ... နေဦး ... ကိုယ်ပြန်မေးမယ်.. မင်းနဲ့ ကိုယ့်အတွက် လက်ထပ်ဖို့ က အဓိက မကျဘူးလား၊ ကိုယ့်ဘက်ကတော့ ချစ်သူနဲ့ လက်ထပ်သူတစ်ယောက်တည်းပဲ ဖြစ်ချင်တာ အထူးသဖြင့် ကိုယ့်ကို အပန်းဖြေနိုင်မယ့် မိန်း

Saving screenshot

မလှလေးတစ်ယောက်ကို ကိုယ်ပိုင်ချင်တာ အဲဒီ မိန်းကလေးဟာ ခပ်တုံးတုံး ခပ်ညံ့ညံ့ ရှေးဟောင်းပြတိုက်ထဲက ဒီဇိုင်းမျိုးနဲ့ ကျောက်ခေတ်ပါဝါတွေ လက်ကိုင်ထားတဲ့ မိန်းမမျိုး မဖြစ်ရဘူး... မင်းဟာ ကိုယ် မလိုချင်တဲ့ အရည်အချင်းတွေ လက်ကိုင်ထားတဲ့ မိန်းမမျိုး မဖြစ်ရဘူး.. မင်းဟာ ကိုယ်လိုချင်တဲ့ အရည်အချင်းတွေ အများကြီး ရှိတယ်... အဲဒါကြောင့် ကိုယ် လက်ထပ်ဖို့ လုံးဝရည်ရွယ်ပြီးသား ကိုယ့်ဘက်က ဒါအကုန်ပဲ မင်းပြော.. မင်းဘက်က ဘာအခိက ဖြစ်နေခဲ့သလဲ ကိုယ် ဘာလုပ်ပေးရမလဲ..."

ပြောချလိုက်တာ ပန်းရင့် မကျေနပ်စရာတွေချည်း ပြည့်နှက်နေသည် ။

ဒါပေမဲ့ သူမေးတော့လည်း ပန်းရင့် မပြောနိုင်ခဲ့ပါ။

Saving screenshot

မိန်းကလေးတစ်ယောက်ဘက်က မပြော သင့်တဲ့ အရာတွေ အများကြီးရှိနေတတ်တာ သူ မသိဘူးလား...

ပန်းရင့် ပြောပြောနေတဲ့ အချစ်ဆိုတာ လက်ထပ်ဖို့ တစ်ခုတည်း အတွက်ပဲလား။

"ပန်းရင့်"

ကားမောင်းခါနီးမှ သူသော့ကို ဒီတိုင်း တန်းလန်းထားလိုက်ပြီး ပန်းရင့် ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲယူလိုက်၏။

"ပန်းရင့် မင်းရဲ့ ပိုစ့် မင်းမျက်နှာလေးဟာ သိပ်ကို သွက်လက်ပြီး ချစ်စရာစကားတွေ အများကြီး ပြောတတ်တယ့် မိန်းကလေးလို့ တထစ်ချ ယုံချင်စရာပါ... မင်း ဘာဖြစ်လို့ အဲဒီမျက်လုံးရွဲကြီးတွေနဲ့ ကြောင်ကြောင် ကြည့်နေတာလဲ... ကိုယ့်ကို မင်း မဆွေးနွေးရဲဘူးလား ... ကိုယ့်ဘက်က မင်း မပြောရဲ မဆိုရဲလောက်


www.mmyanmarbooks.com

Saving screenshot

အောင် တင်းမာခက်ထန်နေခဲ့တာမျိုး ရှိသလား... ကြိုပြောမယ်နော် ... အဲဒီ ပုံစံကို ကိုယ် လုံးဝမကြိုက်ဘူး... ကိုယ်ကလည်း သူများကို အားမနာတတ်ဘူး... ကိုယ့်ကို အားနာပါးနာ မပွင့်မလင်းတာလည်း လာမလုပ်နဲ့ ... မကျေနပ်ရင်ပြော... ညှိလို့ မရရင် လှည့်ပြန်သွားရုံဘဲ .. ဘာလိုလို အနေအထားမျိုးကို ကိုယ် မလုပ်ဘူး..."

ပန်းရင့် သူ့လက်တွေကို ဖယ်ချဖို့ ကြိုးစားရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။

ကိုကိုက အဲဒီလိုမျိုးဆိုတာ သိထားခဲ့ပေမယ့် တကယ် မျက်နှာကို ကြည့်ပြီး ပြောလာတာကိုတော့ ဘယ်လိုမှ မခံစားနိုင်။

ပန်းရင့် သွက်လက်ခဲ့ပါတယ်... ဘယ်သူ့ကို မဆို ပွင့်ပွင့်လင်းလင်း ပြောဆို ချွဲနွဲ့ခဲ့ဖူးပါတ

Saving screenshot

ယ်... အဲဒါကလည်း ... မမနဲ့ မေမေတို့ ကိုပဲ လေ... ပန်းရင့် ဆက်ဆံခဲ့ရတဲ့ အသိုင်းအဝိုင်းက ဘယ်လောက်ရှိလို့ လဲ... ဒီလူ ဒီမိသားစုတွေ အပေါ်မှာ တော့ ပန်းရင့် မပွင့်လင်းရဲတာ ဘာရှိခဲ့သလဲ... ကိုကိုနဲ့ ကျမ ပန်းရင့် ဆွံ့အခဲ့ရတာ....

နေ ရာတိုင်းမှာ ကိုကိုနဲ့ ပတ်သက်တာ ဘာပြောပြော ပန်းရင့် ရင်ထဲမှာ ရဲဝံ့ပြတ်သားစွာ မပြောရဲ မဆိုရဲ မယုံကြည်ရဲခြင်းတွေ ဘာကြောင့်ဖြစ်နေတာလဲ...

အဲဒါ ကိုကို ပန်းရင့်ကို ဘယ်လိုချစ်လို့ လဲ ...

ကိုကို လက်ထပ်ဖို့ ရွေးချယ်ထားတယ်ဆိုတာက ကိုကို တွက်တဲ့ သင်္ချာပုစ္ဆာထဲမှာ ပန်းရင့်နဲ့ ပတ်သက်တဲ့ အဖြေဟာ အမှတ်ပြည့် ဖြစ်နေလို့ မဟုတ်ဘူး လား။ ကိုကို တော်ပါတယ်

Saving screenshot

...

စီးပွားရေးပညာသာ မဟုတ်ဘူး အိမ်ထော င်ရေး သင်္ချာမှာ ပါ အချစ်ကို ပါးပါးလေး ထည့် သွင်းပြီး ကိုကို လိုအပ်သမျှအားလုံးပါအောင် ထည့်တွက်သွားတာ တော်ပါတယ် ကိုကို...

ပန်းရင့် မျက်ရည်ကျတော့ ကိုကို့မျက်လုံး တွေက အလင်းရောင်တွေ ထွက်နေသလို ပြုံးပြက်လက်လာသည်။

တင်းတင်းစေ့နေသည့် နှုတ်ခမ်းတွေက ပ န်းရင့်ကို ထုရိုက်ပစ်မ်မှာ စိုး၍ အံကြိတ်ထား နေတာလား...

ငိုတာကို ကိုကို မကြိုက်မှန်း ပန်းရင့်သိသ ည်။

ဒါပေမဲ့ ငိုချင်နေတာကိုလည်း တားလို့ မရ။

“ပန်းရင့် ...မင်း... ကျွတ်...”

Saving screenshot

ပခုံးနှစ်ဖက်မှာ ဖျစ်ညှစ်ဆုပ်ကိုင်ထားသည့် လက်တွေကို ဆတ်ခနဲ လွှတ်ပစ်ကာ ကားသော့ကို မညင်သာစွာ ဖွင့်လှည့်၏။

ကလပ်ကိုနင်းပြီး ဂီယာထိုးတော့လည်း လှုပ်ရှားမှုများက လိုတာထက် ပိုနေသည် ။ ကားသည် သိမ့်ခနဲ ဆောင့်ခုန်သွားလျှင် ပန်းရင့်ကိုယ်လေး ငိုက်ခနဲ ယိမ်းသွား၏။

ကားက လမ်းမဘက်သို့ တက်ခါနီးမှ အရှိန်ပြန်ကျသွားပြီး...

"မင်း မငိုပါနဲ့ ပန်းရင့်ရယ်... မင်း ငိုနေလည်း ကိုယ်ချော့ဖြစ်မှာ မဟုတ်ဘူး .. ချော့လည်း မချော့တတ်ဘူး.. မျက်ရည်လွယ်တာကို မကြိုက်တတ်ခဲ့တဲ့ အကျင့်ကိုက ငိုတဲ့သူဆို ကိုယ်ကြည့်မရခဲ့တာ မင်းမျက်ရည်ကျလောက်အောင် ကိုယ့်ဘက်က လွန်ကျူးသွားတဲ့ စကား အမူအရာ ဘာမှ မရှိခဲ့ဘူးလို့ ကိုယ်

Saving screenshot

ထင်တယ် မင်းဘက်က မကျေနပ်တာ ရှိတယ် ဆိုရင် ပြောပါ…"

"မပြောပါဘူး ကိုကို မှန်ပါတယ်၊ တော်လ ည်း တော်ပါတယ်.. ကိုကို ဘာမှ ပြောစရာမရှိ တာကို ပြောဖို့ လည်း မလိုပါဘူး… ပန်းရင့်ကို သာ အိမ်ပြန်ပို့ပေးပါတော့"

ပန်းရင့်မျက်ရည်တွေကို ဥပေက္ခာပြု၍ ကို ကို ကားမောင်းနေရာကနေ လုံးဝ လှည့်မလာ တော့ပါ။

မျက်ရည်တို့ သည် ရင်ခွင်မဲ့ ငိုကြွေးနေရ ပေမယ့် အားကောင်းနေဆဲသာ … အိမ်ရောက် တော့ အိပ်ရာထဲပြေးဝင် တံခါးတွေပိတ်ပြီး ဘ ယ်လောက်ထိ ငိုနေမိမှန်းမသိခဲ့။

တံခါးခေါက်သံနှင့်အတူ မမ လာနှိုးမှ ပဲ ထထိုင်လိုက်မိတော့ ညခနစ်နာရီ ခွဲနေပြီ။ ကို ယ်ကို ငုံ့ကြည့်တော့ အဝတ်အစားလည်း မလဲ

Saving screenshot

ရသေး။

တအားငိုထားတာ မျက်နှာကလည်း ပေါင်ဒါရိုက် ဖုံးဖိလို့ လည်း ရမှာ မဟုတ်။ ဘာမှ ပြင်ဆင်ချိန်မရတော့တာမို့ ပန်းရင့် ကပျာကယာထပြီး မျက်နှာကို တို့ ပတ်လေးတစ်ချက် နှစ်ချက်ရိုက်၍ တံခါးဖွင့်လိုက်သည် ။

"မမ လာခေါ်မှ အိပ်ရာကထပြီး မီးထဖွင့်လိုက်တာ မဟုတ်လား..." မေး၍ ပန်းရင့် တစ်ကိုယ်လုံးကို စူးစိုက်ကြည့်သည် ။

ထို့နောက် မျက်ရည်၏ ခြေရာများကြောင့် နီရဲမို့အစ်နေသည့် မျက်နှာလေးကို တည့်မတ်စွာ စိုက်ကြည့်၍ ...

"အပြင်က ပြန်လာကတည်းက ပြန်ဆင်းမလာသေးဘူးဆိုလို့ မမ စိုးရိမ်သွားတာ၊ ပြောစမ်း ပန်းရင့် ဘာဖြစ်လာခဲ့သလဲ အဝတ်တွေလည်း မလဲဘဲ အိပ်ရာထဲမှာ မှောက်ငိုနေတာ မ

Saving screenshot

ဟုတ်လား…”

“ဟင့်အင်း…”

ပန်းရင့် ခေါင်းခါနေရင်း မျက်ရည်တွေ ဝေ့သီလာပြန်သည် ။ မမရှေ့မှာ မျက်ရည်မြစ်ကို ဘယ်သို့ စီးဆင်းစေရမှန်းမသိတော့။

“မမရယ်. . . ”

“ပန်းရင့်…”

ရင်ခွင်ထဲ တိုးဝင်ကာ တအင့်အင့် ရှိုက်ငိုနေသော ညီမငယ်ကို ပွေ့ဖက်ထားရင်း ရင်ထဲမှာ ဆောက်တည်ရာ မရဖြစ်လာ၏။

“ညီမလေး…”

ရဲရင့်ပြတ်သားခဲ့ပါသည် ဆိုသော စိတ်က ညီမလေး ဘာဖြစ်လာတာလဲ ဟု ရုတ်တရက် မေးမထွက်ဘဲ ဖြစ်နေ၏။

“ညီမလေး ဘာဖြစ်လာသလဲ မိန့်ခွန်း ဘာ

Saving screenshot

ယ်လို စော်ကားလိုက်သလဲ..."

ဝစီကံနှင့်လား ကာယကံနှင့်လား ညီမ လေးကို မင်း ငိုအောင်ပြုလိုက်ပြီဟူသော ဒေါသကြောင့် တက်ခေါက်လိုက်သည်။

ညီမလေးကို သူ ဘာပြောလိုက်သလဲ ဘယ်လိုစော်ကားလိုက်သလဲဟင် မမကို ပြောစမ်း ...

ပန်းရင့်က ဆွဲထူလို့ လည်း ပါမလာ မေးတော့လည်း မဖြေ...

စိတ်မြန်လက်မြန်ရှိတတ်သည့် ရိပ် ရင်ထဲမှာ ဘာကို ဘယ်လိုတွေးရမှန်း မသိဘဲ ဒေါသတွေသာ ဖြစ်လာတော့သည်။

"ပန်းရင့် ပြောစမ်း.. ငိုနေတာ ဘာလုပ်မှာလဲ မျက်ရည်ကျနေတာကိုက အရှုံးပေးနေတာ ငိုနေရုံနဲ့ နင် ဖြစ်ချင်တာတွေ ဘာဖြစ်လာမှာလဲ ထစ်ခနဲရှိ မျက်ရည်ကျတတ်တာကို မမ

Saving screenshot

လုံးဝ မကြိုက်ဘူး"

အို… မမကလည်း မငိုရဘူးတဲ့ ..

ကိုကိုကလည်း ပန်းရင့် ငိုတာကို ဒေါသတွေဖြစ်လို့ မမရယ်.. ပန်းရင့်အပေါ် စေတနာမေတ္တာထားကြသူတွေ နှစ်ဦး၏ သဘောထားများကို အံ့ဩစွာ ခံစားမိရင်း ငိုသာငိုနေရသော်လည်း မျက်ရည်တို့ အကြောင်းကို ပုံမဖော်နိုင်။

သို့သော် မမက မေးလာသောအခါ..

"ပန်းရင့်… ဘာကိုမှန်းမသိဘူး ငိုချင်တာပဲ သိတယ်…"

" မဟုတ်ဘူး … မမကို ဘာဖြစ်လို့ ညာနေတာလဲ သူ့လိုလူဟာ ညီမလေးကို အဓမ္မစော်ကားမယ့်သူ မဟုတ်ဘူး ဆိုတာ မမယုံတယ် သူ ဘယ်လိုစကားလုံးနဲ့ ထိုးနှက်လွှတ်လိုက်သလဲ ညီမလေး ဘာဖြစ်လို့ မျိုသိပ်နေတာလဲ ပြောစမ်းပါ…"

Saving screenshot

"သူလေ သူ ဘာမှ မရိုင်းစိုင်းပါဘူး... ဒါပေမဲ့ မမရယ်... သူ သိပ်ကို စိမ်းကားတယ် သိလား... သူ့စကားလုံးတွေကို ပန်းရင့် ဝမ်းနည်းတယ်.. ဒါပေမဲ့ ဒါပေမဲ့ ပန်းရင့် သူ့ကို သိပ်ချစ်တာပဲ မမရယ်..."

"ဟုတ်တယ် အဲဒါ ညီမလေး ချစ်မိလို့ ငိုနေရတာ သူ့ကို ရှုံးနေတာ... ဒီလိုလူမျိုးက သူ နိုင်နေရင် ကျေနပ်နေမှာ ပဲ ညီမလေးကို သူ ရွေးချယ်ထားတာကိုက ဒါကို သာယာနေလို့ပေါ့... ခပ်မာမာ ခပ်ကြမ်းကြမ်း မိန်းမတစ်ယောက်ကို သူ ဒီလို နိုင်လို့ ရမလား... ဟွန်း... ညီမလေးက ချစ်သူတွေဖြစ်နေပြီး သူ့အကြောင်းကို ဘာမှ မသိဘူး ဘယ်သိမလဲ .. သူ့ရဲ့ ခပ်မိမိစတိုင်မှာ ပစ်ခတ်ကျရှုံးနေတာကိုး... စိတ်ကို နည်းနည်းလေး ပြန်တင်းလိုက်စမ်း... မိန့်ခွန်းဟာ ဘာမှ မဟုတ်လောက်တဲ့ ကောင်ပဲလို့ သဘောထားနိုင်ရင် ညီမလေး သူ့ကို ခုလို ဂရ

Saving screenshot

စိုက်နိုင်မှာ မဟုတ်တော့ဘူး…"

အဲဒီလို သဘောမျိုး ဘယ်တော့မှ မထားမိမှာ သေချာနေတာက စိတ်ထဲမှ ဖြစ်သည် ။ ငိုပစ်လိုက်တော့ ရင်ထဲမှာ ပေါ့သွားသည် ။

မျက်ရည်များ နှင့်အတူ ကိုကို့အပေါ် ခုခံတင်းကျပ်ခဲ့သည့် မကျေနပ်မှုတွေလည်း အရည်ပျော် ပျောက်ပျက်သွားခဲ့သည် ။

ကိုကိုနဲ့ ပတ်သက်၍ ရင်ဖွင့်လိုက်မိတာကိုပဲ နောင်တရချင်မိသည် ။

ကိုကို့ကြောင့် ပန်းရင့် ငိုရပြီဆိုသည့် အဖြစ်က ပြစ်ချက်တစ်ခု တိုးသွားခဲ့ပြီမို့ ရင်ထဲမှာ မကောင်းနိုင်။

သို့သော် ထူးဆန်းစွာပင် ကိုကို့ မကောင်းကြောင်းတွေ ပြောလာမှာ ပဲဟု ထင်ထားခဲ့ပေမယ့် မမက ဘာမှ မပြောတော့ပါ။

Saving screenshot

ပန်းရင့် သိသည် ။ ဒါ ပန်းရင့် ဝမ်းနည်းပက်လက် ငိုကြွေးထားခဲ့ရသည် မို့ ဆက်လက် စိတ်မဆင်းရဲစေချင်သည့် မမ၏ စေတနာ။

"ကဲ... ညီမလေး ရေချိုးလိုက်နော် ရေချိုးပြီး သနပ်ခါးကျဲကျဲလေးပါ လိမ်းခဲ့... ညစာစားဖို့ မမ စောင့်နေမယ်"

*

Saving screenshot

# အခန်း (၇)

ထမင်းစားသောက်ကြပြီးတော့ ညှိခန်းမှ ထိုင်မိကြသည် နှင့် ဖုန်းသံမြည်လာ၏။ လေးလေးက ထကိုင်၏။

နားထောင်ပြီးတော့ ပန်းရင့် မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်၍ ...

“ရှိပါတယ်ကွယ်... ခဏလေး ကိုင်ထားပါ.. ”

ဖုန်းကို ကိုင်ရင်း ပန်းရင့် ကို မေးဆတ်ကာ ...

“သမီးရဲ့ ဖုန်းကွဲ့ ... မိန့်ခွန်းတဲ့ ”

Saving screenshot

“ဟင်”

ပန်းရင့် ပျာပျာသလဲ ထလိုက်တာကို ရိပ်က မျက်မှောင်ကုတ်ကြည့်နေရာမှ တစ်စုံတစ်ရာ တားဆီးလိုက်မလို ပြင်လိုက်သေးသည်။

သို့သော် ဘာမှ မပြောဘဲ အသာကြည့်နေလိုက်၏။

ဦးသီလက ဖုန်းချခဲ့ပြီး စာကြည့်ခန်းထဲ ဝင်သွားသည်။

ရိပ်က ပန်းရင့် ချထားခဲ့သည့် အခွံခွာလက်စ ပန်းသီးကလေးကို ကောက်၍ ဆက်လက် အခွံနွှာနေမိသည်။

နားကတော့ ဖုန်းပြောနေသည့် ပန်းရင့်ဆီမှာ ပဲ ဖြစ်နေသည်။

“ဟဲလို .. ကိုကို...”

“..................”

Saving screenshot

"ဟို… အင်း… မ… မဟုတ်ပါဘူး…"

"………………"

"ဟုတ်…. ဟုတ်ကဲ့…"

"……………"

"အင်း…."

"…………"

"အင်း………..."

ဖုန်းချလိုက်တော့ တလက်လက်တောက်နေသည့် မမ၏ မျက်ဝန်းများ နှင့် ဆုံဆည်းမိသည် ။ တစ်ခုခုတော့ မမထံမှ ပစ်ခွင်းလာတော့မည်ကို တွေးမိနေတုန်း…

"ဘယ်လိုလဲ ပန်းရင့်ရယ်… ဟုတ်ကဲ့ မဟုတ်ဘူး လောက်ပဲ ညီမလေး ပြောခွင့်ရသလား … ဘာတွေ ပြောသွားလို့ လဲ…"

"ဟို… ညနေက ကိစ္စ သူတောင်းပန်တာပါ

Saving screenshot

သူ စကားပြောလွန်သွားရင် တောင်းပန်ပါတယ်တဲ့ ဟို.. ငို... ငိုနေတယ် မဟုတ်လားတဲ့ ...”

ရိပ်က ခပ်မွဲမွဲလေး ပြုံး၍ အခွံနွှာပြီးသည့် ပန်းသီးကို ချထားလိုက်ကာ...

“အဲဒါကို မဟုတ်ပါဘူးလို့ ညီမလေးက ကာကွယ်လိုက်တာပေါ့”

“ဒီလိုပါ မမရယ်... သူကလေ မမလိုပဲ ငိုတာကို မကြိုက်ဘူး၊ ညနေက ပန်းရင့် သူ စကားပြောတာကို ဝမ်းနည်းပြီး ငိုတော့ သူက မချော့ဘဲ ဒေါသဖြစ်နေသေးတယ်.. ပန်းရင့် ပိုပြီး ငိုချင်တာ အဲဒါကို...”

ခုတော့ မိန့်ခွန်းက ချော့လာသည် မို့ ဝမ်းသာအားရလေး ဖြစ်၍ ရင်ထဲရှိသမျှ ပြောပြနေမှန်း အကဲခတ်မိကာ ရိပ် နှုတ်ခမ်းက မဲ့ပြုံးက မလိုလားဟန်တွေ ပို၍ ထင်ရှားသွား၏။

ဒီလူဟာ ညီမလေးကိုဆို စိတ်ရှိတော့ လာ

Saving screenshot

....စိတ်မရှိတော့ ချာ...

အရုပ်ကလေးတစ်ရုပ်လို သဘောထားနေတာပါ။

ကစားလိုတော့ ကောက်ကိုင် မကစားချင်တော့တဲ့ အခါ ပစ်ချ...

ညီမလေးခမျာ အတွေးနုနုနှင့် သူ့လက်ထဲမှာ ငိုလိုက်ရ၊ ရယ်လိုက်ရ...

"တောက်..."

ဒေါသက ရင်နှင့် မဆံ့အောင်ဖြစ်ရသည်။

ကိုယ့်မှာ ရွှေလိုဥပြီး မွေးမြူလာခဲ့ရသည့် ကလေး...

ညီမလေးလည်း ဟုတ်၊ သမီးလေးဆိုလည်း မမှား...

မဟူရာရိပ်ဆိုသော သူမဘဝမှာ ဒီညီမလေး၏ မျက်နှာလေးတစ်ခုသည် သာ မီးရှူး

Saving screenshot

တန်ဆောင် ကြားလိုက်စကများ ညီမလေး လူ ရွေးတော်သွားသည့် အဖြစ်ကို ကျေနပ်မိခဲ့ သေးသည် ။

နောက်တော့ မိန့်ခွန်းဆိုသည့်လူကို ကုမ္ပဏီနှစ်ပတ်လည် အစည်းအဝေးတစ်ခုမှာ ဆုံဆည်းခဲ့သည် ။

"ဟော... ဦးမိန့်ခွန်း ကြွပါခင်ဗျာ... ဒီကို ကြွပါ... အစည်းအဝေးက စတော့မှာ ပါ"

မိန့်ခွန်း ဆိုသည့်နာမည်ကြောင့် ရိပ် ဖျတ်ခနဲ လှည့်ကြည့်မိသည် ။

ရှပ်အင်္ကျီအနက်နှင့် မျက်မှန်နက်ကို တပ်ထားသည့် မျက်နှာတစ်ခု။

ဆံပင်ခပ်အုပ်အုပ်က အနည်းငယ်ရှည်ကာ ထူထဲသော မျက်ခုံးတန်းနှစ်ဖက်ကို မျက်မှန်အထက်နားမှာ မြင်နေရသည် ။

Saving screenshot

"MD စင်ကာပူ ဆားဗစ်ရုံက ဆက်တာ"

သူ ခေါင်းညိတ်ပြလိုက်တော့ အမျိုးသမီးက ဖုန်းကိုင်၍ အပြင်ထ ထွက်သွား၏။

တော်တော်အခြေကြီးမယ့် ရုပ်ပါလား။

ညာဘက်လက်ကို စားပွဲခုံမှာ ခပ်လွဲလွဲ တံတောင်တင်ကာ စားပွဲရှည်ကြီးမှာ ရှိရှိသမျှ ကုမ္ပဏီအသီးသီးက ဒါရိုက်တာတွေ ကိုယ်စားတက်ရောက်ကြသည့် အတွင်းရေးမှူးတွေအားလုံး ကို ဘယ်မျက်နှာဆီမှာ မှ ခင်မင်နှစ်လိုစွာ စူးစိုက် အကဲခတ်ခြင်းမရှိဘဲ ဝေ့ဝေ့ဝဲဝဲမျှသာ ကြည့်ရှုနေသည့် မျက်ဝန်းအစုံကို တစ်ချက်တစ်ချက်တော့ လက်ခနဲ ဖျတ်ခနဲ မြင်နေရသည်။

ရိုင်းတယ်ပဲပြောပြော... မနှစ်သက်ခြင်းတွေ ဖြစ်တည်လာ၏။ ဒီလိုလူက ညီမလေးကို ချစ်သူအဖြစ် ရွေးချယ်ထားသည် ဆိုခြင်းကို

Saving screenshot

လက်မခံနိုင်အောင် ဖြစ်လာခဲ့သည် ။

ညီမလေးကတော့ ဒီလိုပုံစံ ဒီအသက်အရွ
ယ်နှင့် နူးညံ့ခြင်းမရှိ၊ တပ်မက်သာယာချင်ဖွယ်
ညှို့ရှိသည့် ပုံစံလုံးဝမပါသော မျက်နှာနှင့်
ယောကျ်ားကို ဘာကြောင့် ရွေးချယ်ခဲ့တာလဲ...
.

ဘယ်လိုဆုံဆည်းခဲ့တာလဲ... သေချာတာ
တစ်ခုကဖြင့် ဒီလူဟာ ညီမလေးကို အငမ်းမရ
ချစ်ရေးဆိုဖို့ ချစ်ကြိုက်ဖို့ ကြိုးစားခြင်းဆိုတာ
ဘယ်လိုမှ မဖြစ်နိုင်...

ဒါဆို ညီမလေးနဲ့ သူ ဘယ်လိုချစ်ခဲ့ကြတာ
လဲ၊ ဖြစ်နိုင်ခြေအရှိဆုံးကို တွေးယူကာ ရင်ထဲ
မှာ ပူပူလောင်လောင်ကြီး ဖြစ်လာသည် ။

ထပ်၍ သေချာနေသည် က နူးညံ့လှပ၍ င
ယ်ရွယ်သေးသည့် ညီမလေးအပေါ် ဒီလူ မုချ နို
င်စားသွားမှာ ပါ။

Saving screenshot

အားလုံးဟာ ရိပ် တွက်ထားသည့်အတိုင်း ဖြစ်လာခဲ့သည် ပဲ။

ထို့ပြင် မိန့်ခွန်းဆိုသော ယောက်ျားသည် အလွန်ချမ်းသာကြွယ်ဝ၏။ မြန်မာနိုင်ငံမှာ တော့ သူတစ်ယောက်တည်းသာ နေသည် ။

ကုမ္ပဏီလုပ်ငန်းတွေ ဖက်စပ်ထူထောင်ဖို့ ရောက်လာတာ မကြာသေးဟု သိရသည် ။ အချိန် ဘာမှ မကြာသေးဘဲနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ လောကမှာ မပါမဖြစ်သည့် နာမည်တစ်ခု ဖြစ်လာခဲ့သည် ။

ဘယ်လောက် ရင်းနှီးဖို့ ပဲဖြစ်ဖြစ် သူ့မှာ ငွေရှိနေသည် ၊ ဦးနှောက်ပြေးသည် လုပ်သမျှ အလုပ်အောင်မြင်နေသည် ။

စီးပွားရေးသမားတိုင်းက မိန့်ခွန်းနှင့် တွဲရမည်ဆိုလျှင် ဘယ်လောက်ပဲ ရင်းရ ရင်းရ ရင်းနှီးရဲသည် စွန့်စားရဲသည် လက်တွဲချင်ကြသည်

Saving screenshot

။

ဘယ်လိုပုံစံနှင့်ဖြစ်ဖြစ် မိန့်ခွန်းဆိုသည့် လူတစ်ယောက်နှင့် လက်တွဲဖို့ လုံးပန်းနေကြ၏။ ထိုအချိန်မှာ ရိပ် တာဝန်ထမ်းဆောင်နေသော အောင်မြင်စ ကုမ္ပဏီကြီးသည် လည်း နိုင်ငံခြားနှင့် ဖက်စပ်တည်ထောင်နိုင်ဖို့ မိန့်ခွန်းနှင့် လက်တွဲလိုသည် ။

ထိုကြောင့် မိန့်ခွန်း တက်ရောက်မည်ဆိုသည့် ထိုနေ့က အစည်းအဝေးကို MD ကိုယ်စား ရိပ် တက်ရောက်ခဲ့ခြင်း ဖြစ်သည် ။

ထွက်လာစကတော့ နိုင်ငံခြားကုမ္ပဏီကြီးတစ်ခု ဖက်စပ်ထူထောင်ဖို့ ရောက်နေတဲ့ ကိုယ်စားလှယ်တစ်ယောက် လာမယ် သူ့ကို ရိပ် မိတ်ဆက်ပါ ရင်းနှီးဖို့ ကြိုးစားပါ တို့ အတွက် အများကြီး အကျိုးရှိလာနိုင်တယ်...

သူဌေးကိုယ်တိုင်က လွှတ်ခဲ့တာ ဖြစ်သည်

Saving screenshot

။

ဒါပေမဲ့ ထိုနေ့က ရိပ် သူ့ကို စကားပြောဖို့ လုံးဝ မကြိုးစားခဲ့ပါ... ပြောချင်စိတ်လည်း မရှိ ။

ညီမလေးနှင့် ပတ်သက်သော စိုးရိမ်ခြင်းတွေသာ ဂယောက်ဂယက်ဖြစ်လျက် ဒီလူပုံစံ ဒီလူ့ အရှိန်အဝါကို ညီမလေး သေချာသိထားသလား..

ဘယ်လိုသိသလဲ ဘယ်လောက်ထိချစ်နေတာလဲ...

အထင်ကြီးစိတ်တွေ ...ယိုဖိတ်ကာ ဘယ်အတိုင်းအတာအထိ နာခံအရှုံးပေးနေခဲ့ပြီလဲ ဟုတ်မှာ ပါ ညီမလေးက ခပ်အေးအေးလေး နူးနူးညံ့ညံ့လေး...

ဒီလိုလူမျိုးနဲ့ ပတ်သက်နေတဲ့ ညီမလေးဟာ အိမ်မှာ လို အနိုင်ယူဆိုးနွဲ့ခွင့်ရမှာ မဟုတ်

www.mmyanmarbooks.com

။ အလွန် မာနကြီးနေနိုင်သည့် ထုပြည့်ကာ ဝိရိ ကျနသော နှုတ်ခမ်းတွေကို ခပ်စူးစူးကြည့်၍ မျက်နှာ လွှဲလိုက်မိသည် ။

သို့သော် ထိုနှုတ်ခမ်းများကိုဘဲ မြင်ယောင် နေသည် ။

မိန့်ခွန်းဆိုသည့် လူကို ရိပ် အထင်မကြီးနိုင် ပါ။ ထို့အတူ ညီမလေး အထင်တကြီး ဖြစ်သွား မှာ ကို စိုးရိမ်မိသည် ။

ထို့ကြောင့် ဤနေ့ ဤနေရာမှာ ဤလူသား ကို တွေ့ဆုံရောနှောဖို့ တာဝန်အား ရိပ် မျက် ကွယ်ထားခဲ့မိ၏။

"စကားပြောလို့ အဆင်မပြေဘူး ဆရာ.. သူ့ မှာ စီနီယာတွေ အများကြီး ဖြစ်နေတယ်... ကျွ န်မသဘောကတော့ သူ အောင်မြင်နေသလို ကျွန်မတို့ လည်း တိုးတတ်နေတာပဲ အများ န ည်းတူ တိုးဝေ့မိတ်ဆက်နေဖို့ ကြိုးပမ်းနေမယ့်

Saving screenshot

အစား ကိုယ့်နည်းကိုယ့်လမ်းနဲ့ ပဲ လျှောက်ချင်တယ် အဆင်ပြေဆုံး တိုးတတ်မယ့် နည်းလမ်းတစ်ခုရဖို့ ကျွန်မ ကြိုးစားမယ်…”

“တကယ်လို့ ဆရာက သူနဲ့ လက်တွဲဖို့ ပဲ ဆန္ဒသိပ်ရှိနေတယ်ဆိုရင် ကျွန်မ ဒုတိယအကြိမ် ထပ်ကြိုးစားမပေးပါရစေနဲ့ ”

“ကောင်းပြီ ဒီကိစ္စ ရိပ်ကို တာဝန်မပေးတော့ဘူး”

သူဌေး ဘယ်သူနဲ့ ဘယ်လို ကြိုးစားတယ်ဆိုတာ ရိပ် စိတ်မဝင်စားပါ။

အမိက က မိန့်ခွန်းဆိုသည့်လူကို ဂရုမစိုက်စွာ သူ့နည်းတူ အောင်မြင်ဖို့ ပဲ ဖြစ်သည် ။

သူက လုပ်ငန်းရှင် သူဌေး ကိုယ်တိုင်က အစွမ်းအစရှိထားသူ။

ရိပ်က လောလောဆယ် စီးပွားရေးတက္ကသို

Saving screenshot

လ်မှ B.Com ဘွဲ့တစ်ခုနှင့် Marketing ဒီပလို
မာ အောင်မြင်ထားရုံသာ။

ထို့ပြင် ခုမှ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ Seni
or Marketing Manager ရာထူးရဖို့ အင်တာဗျူး
ဖြေဆိုနိုင်ရန် ကြိုးစားနေရသူ။

ဘဝအတွက် တစ်ထစ်ချင်း တစ်ဆင့်ချင်း
ကြိုးစားနေဆဲနှင့် အောင်မြင်မှုတွေ
တစ်သီကြီး ရရှိထားပြီး သူ့ကို ရင်ဆိုင်ယှဉ်ပြို
င်လိုခြင်းတော့ မဟုတ်ပါ။

သို့သော် မိန့်ခွန်းဆိုသူကို အများ နည်းတူ
အောက်ကျခံ မိတ်ဖွဲ့ဖို့ ဘယ်တော့မှ မကြိုးစား
ဘူးဆိုသည့် ဆုံးဖြတ်ချက်တော့ ခိုင်မာခဲ့သည်
။

ဤသည် က ညီမလေးအတွက် ဖြစ်သည် ။

မိန့်ခွန်း ဘယ်လိုလူပဲဖြစ်နေနေ ညီမလေး
နှင့် ပတ်သက်၍ ကိုယ့်စကားတစ်ခွန်းဟာ သူ့

အတွက် အမိန့်တစ်ရပ် ဖြစ်နေဖို့ ကိုယ်ဟာ သူ့ လက်အောက်ကလူ မဟုတ်မှ ဖြစ်မည်။

လူမှုရေး၊ စီးပွားရေး ဘာအကြောင်းနဲ့ မှ မိန့်ခွန်းနှင့် မပတ်သက် မရောနှောဖို့ ရိပ် ဆုံးဖြတ်ထား၏။

ဒါတွေကို ညီမလေး မသိသလို ဘယ်သူမှ လည်း မသိကြပါ။

သူ့မမှာ သာ ရင်မောနေရသည် ။

ညီမလေးသည် သူ ဆုပ်မိကိုင်တွယ်ထား သော လက်ထဲက အရာဟာ ကစားစရာ အရုပ် လေးတစ်ရုပ်လား လူကို ဒုက္ခပေးနိုင်သည့် ဗုံး တစ်လုံးလား သူကိုယ်တိုင်မှ သိရဲ့ လား။

မိန့်ခွန်းဆိုတာ ရာထူးအကြီးကြီးဟု မသိဘဲ နဲ့ တောင် ညီမလေး ဤမျှ အရှုံးပေး လိုက်လျောနေခဲ့ရသည် ။

Saving screenshot

လှသည် ပြောရလောက်အောင် စင်းနေသည့် နှာတံ၊ ပြည့်တင်းကျနေသည့် နှုတ်ခမ်းအစုံက စေ့ပိတ်လျှက် အရုပ်အမောင်းက မြင့်လိုက်တာဟု ပြောယူရလောက်အောင် မြင့်သည်။

မျက်နှာပြင် တစ်ခုလုံးက ခက်ထန်သည့် ပုံစံမျိုးနှင့် နူးညံ့မှု ဘယ်မှာ မှ ရှာမရသော ခပ်ကြမ်းကြမ်း သွင်ပြင်က အတော်ကြည့်ကောင်းနေတာလည်း အမှန်ပဲဖြစ်သည်။

သူသည် နံဖက်အိစက်နေအောင် လှသော အတွင်းရေးမှူးမလေးနှင့်တွဲ၍ ဝင် လာပြီး ရိပ်နှင့် မျက်နှာချင်းဆိုင်မှာ ဘဲ ယှဉ်တွဲထိုင်ကြ၏။

ထိုစဉ် ဖုန်းမြည်သံလေး တိုးသဲ့သဲ့လေးကို ကြားလိုက်ရပြီး အတွင်းရေးမှူးမလေးက လက်ကိုင်အိတ်ကို ဖွင့်၍ ဖုန်းကို ထုတ်ယူနားထောင်သည်။

ပြီးမှ သူ့ကို မော့ကြည့်၍ ...



www.mmyanmar
books.com

Saving screenshot

နောင်တစ်ချိန် ပေါင်းသင်းကြတဲ့ အခါ ငါ့ယောက်ျားဟာ ဘယ်လိုလူပါလား ဆိုသည့် အထင်ကြီးမှုတွေ ထပ်မံရောတင်လာခဲ့လျှင် မဖြစ်ပါ မိန့်ခွန်းနဲ့ ညီမလေးကို တွေးမိလေ သဘောမတူနိုင်လေ။

စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက်နေသော မာနတွေ တစ်လှေကြီးနှင့် ယောကျ်ား ... ရင်ခုန်မြတ်နိုးခဲ့ခြင်းတစ်ခုတည်းနှင့် အချစ်ကိုသာ ဖက်တွယ်ဆုပ်ကိုင်လိုသော မိန်းမငယ်လေး...

ညီမလေးရယ် နင်လိုချင်တဲ့ အချစ်မျိုးတွေ သူ့ဆီက ရလိမ့်မယ်လို့ နင်ထင်နေသလား နင်သာယာချင်တဲ့ ရင်ခွင်မျိုး သူ့ဘက်က ဖြစ်စေလိမ့်မယ်လို့ ရော ယုံကြည်ထားသလား.. တကယ်တော့ သူဘဝပြည့်စုံဖို့ တစ်ခုအတွက်ပဲ သူနင့်ကို လက်တွဲဖို့ ဆုံးဖြတ်တာဖြစ်မှာ ပါ... လ

Saving screenshot

က်ထပ်ခဲ့ကြသူတိုင်း မသာယာတတ်ကြဘူးဆို တာ ညီမလေး တွေးမိဖို့ ကောင်းတယ်...

အတွေးများ နှင့် ချာချာလည်ကာ ပြုံးပြုံး လေး ထွက်ခွာသွားသည့် ပန်းရင့် နောက်သို့ ငေးမောရင်း သူမ ကျန်ခဲ့သည် ။

အကယ်၍ မိန့်ခွန်းဆိုသည့် ယောကျ်ားကိုမှ မရရင် ညီမလေး ဗုန်းဗုန်းလဲရပါတော့မည်ဆို လျှင် သူမ ဘာလုပ်ရမလဲ...

*

www.mmyanmarbooks.com

Saving screenshot

# အခန်း (၈)

"ဟော... ကိုမိန့် တူပါတယ်လို့ ကြည့်နေတာဗျာ... ဘယ့်နှယ့် ထူးထူးဆန်းဆန်းပါလား ဝမ်းသာတယ်ဗျာ.. ဘယ်တော့စားရမှာ လဲ..."

ကိုကို့မိတ်ဆွေတွေဟု ထင်ရသူတွေနှင့် ရင်ဆိုင်တိုးတော့ ကိုကို့လက်မောင်းကို ဖယ်တွယ်ထားမိသည့်လက်ကို ပန်းရင့် ကမန်းကတန်းလေး လွှတ်သည် ။

ရှက်စိတ်ကြောင့် ကိုကို့နောက်မှာ ပဲ ပုန်းဝင်ပြီး ကွယ်နေမိတော့မတတ် မျက်နှာကို ဘယ်သွားဝှက်ထားရမှန်းမသိ။

ကိုကိုတော့ တည်ငြိမ်စွာပဲ ပြုံးနေ၏ ... ပြီး

Saving screenshot

တော့ ပန်းရင့် လက်ဖဝါးလေးကို ဆုပ်ကိုင်၍ ...

"အင်း... သိပ်တော့မကြာတော့ပါဘူး စားရမှာ ပါ.. သူက ပန်းရင့်ရောင်တဲ့ ..."

သူတို့ က ဘယ်သူဆိုတာတော့ ပန်းရင့်ကို ကိုကိုက မိတ်ဆက်မပေးခဲ့ပါ။

ပန်းရင့် သိလည်း မသိချင်။

ကိုကို မိတ်ဆက်ပေးတော့ ပြုံးပြလိုက်သလား.. မျက်နှာလွှဲနေလိုက်သလား .. ဘာလုပ်လိုက်မိမှန်းပင် မသိခဲ့ပါ။

သူများ တကာတွေ ချစ်သူနဲ့ လျှောက်လည်တော့ ဘယ်ကိုဘယ်လို သွားကြမှန်း ပန်းရင့်မသိ။ ကိုကိုကတော့ ပန်းရင့်ကို သူ့ခြံထဲကိုပဲ ခေါ်သွားခဲ့သည် ။

"အထဲမဝင်တော့ဘူးနော် ... ဘယ်သူမှ လ

Saving screenshot

ည်း မရှိကြဘူး… ကိုယ်က တစ်ယောက်တည်း နေတာ လာ.. ခြံထဲကို လျှောက်ပြမယ်…”

ကားပေါ်က ဆင်းတော့ ပန်းရင့် ပခုံးလေး ကို ဖက်၍ တိုက်ကို ကွေ့ပတ်ကာ ခြံထဲမှာ လမ်းလျှောက်ကြသည် ။

ပန်းမျိုးစုံနေတာကိုလည်း သဘောကျသည် ။

ကိုကို့ရင်ခွင်ကို ခပ်နွဲ့နွဲ့လေးမှီ၍ လမ်းလျှောက်နေရတာကိုလည်း ပျော်သည် ။ ခုချိန်တွင် ပန်းရင့်ကိုယ်မှာ စီးဆင်းနေသည့် အသွေးအသားဟာ အချစ်များ ဖြင့် အတိပြီး သော ပျားရည်မြစ်ကြီး တစ်စင်းဖြစ်ခဲ့သည် လား…

“ကိုကိုက တစ်ယောက်တည်းနေပြီးတော့ ခြံကြီးကကျယ်လိုက်တာ တိုက်ကလည်း အမြင့်ကြီး အကြီးကြီးပဲ ကိုကို့မိဘတွေကကော..”

“ရှိတယ် မလေးရှားမှာ မာမီကတော့ ဆုံးသွားပါပြီ”

“ကိုကိုက တစ်ယောက်တည်းပဲလား မောင်နှမတွေ မရှိဘူးလားဟင်”

“ညီမလေးတစ်ယောက်ရှိတယ်... သူလည်း မာမီနဲ့ အတူ ဆုံးသွားတယ်... ကားအက်ဆီးဒင့် ဖြစ်သွားတာပေါ့..”

“သြော်... ဖြစ်ရလေ ကိုကိုရယ်... ပန်းရင့်မေးမိတာ ခွင့်လွှတ်ပါနော်”

“ရပါတယ်... ဒါ မေးသင့်တာပဲလေ...”

ပန်းရုံလေးနံဘေးက ရေအိုင်ငယ်တစ်ခုရှိသည့် ခုံတန်းလေးမှာ ပန်းရင့် ထိုင်မည်ပြုတော့ ကိုကိုက လက်ကို ဆွဲလိုက်၏။

“ရေအိုင်က မသန့်တော့ဘူး.. ခြင်တွေကိုက်လိမ့်မယ်... ဟိုနားမှာ သွားထိုင်ရအောင်”

www.mmyanmarbooks.com

ပန်းအုပ်မိုးလေးနှင့် ထိုင်ဖို့ ပြင်ဆင်ထားသည့် ပန်းခြံထဲက ရောင်စုံခုံတန်းလေးတွေဘက်ရောက်တော့ ပန်းရင့် အံ့ဩသွားမိသည် ။

"ဒီနေရာလေးက သိပ်လှတာပဲ ကိုကိုရယ် … ကိုကို ဒါတွေကို ဘယ်သူဖန်တီးထားတာလဲ ဟင်… အလုပ်သမားလည်း မတွေ့ဘူး…"

ပန်းရင့် ဘေးမှာ ကိုကိုက ဝင်ထိုင်ပြီး ပြုံးနေသည် ။

"ဖန်တီးတာကတော့ ကိုယ်ပေါ့.. အလုပ်သမားတွေ ငှားပြီး စိုက်ပျိုးခိုင်းတယ် စောင့်ရှောက်တာကတော့ မာလီတစ်ယောက်ရှိတယ်"

"ကိုကိုက ဒီလို အလှအပ သာယာမှုတွေကို ခံစားတတ်သားပဲနော်" ထိုစကားကိုပြောတော့ ပြုံးနေသည့် ကိုကို့မျက်နှာက ဖျတ်ခနဲ အရောင်ပြောင်းသွားကာ ပန်းရင့်ကို စူးစိုက်ကြည့်လာသည် ။

Saving screenshot

www.mmyanmarbooks.com

"ပြောပါဦး .. ပန်းရင့် ကိုယ့်ကို ဘယ်လိုမြင်ထားလို့ လဲ"

ပန်းရင့် က ခေါင်းလေးငုံ့စောင်းကာ စဉ်းစားသလို လုပ်နေရင်း…

"ကိုကို … စိတ်မဆိုးရဘူး"

"မဆိုးဘူး…"

"ကိုကို့မှာ ဒီလိုမျိုး နူးနူးညံ့ညံ့ ခံစားတတ်တဲ့ စိတ်တွေမရှိဘူးလို့ ပန်းရင့် ထင်တာ"

"ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ.."

ပန်းရင့် မျက်တောင်လေး တဖျပ်ဖျပ်ခတ်၍ ငြိမ်ကျသွား၏။ ပြီးတော့ ခေါင်းလေး ခါလိုက်ကာ…

"မသိဘူး ဒါပေမဲ့ ဒီလိုပဲ ပန်းရင့် ထင်တယ် .. ပြီးတော့လေ ကိုကိုနဲ့ လက်ထပ်ပြီးရင် ပန်းရင့် ပျော်အောင် ကိုကို အလိုလိုက်မှာ မဟုတ်ဘူး

Saving screenshot

လို့ လည်း ထင်တယ်…”

ကိုကို့မျက်နှာ တည်သွားကာ ပန်းရင့် လက်ဖဝါးလေးကို ခပ်ဖိဖိ ဆုပ်ကိုင်ထားပြီး..

“အလိုလိုက်တယ်ဆိုတာ နေရာတကာမှာ မရှိသင့်ဘူးကွ .. ဆိုးလို့ ရမှန်းသိရင် ဆိုးတဲ့ လူက ဆိုးချင်မှာ ပဲ ဆိုးတိုင်းရတတ်တဲ့ သူဟာ တစ်ခါတလေ မရတဲ့ အခါ အကြီးအကျယ် ထိခိုက်ခံစားသွားတတ်တယ်… အဲဒီဒဏ်ကို ကိုယ်မခံနိုင်တာ အမှန်ပဲ… ချစ်သူဘဝမှာ ဆိုးတိုင်းရခဲ့ပြီး လက်ထပ်ပြီးမှ သွေးအေးသွားတယ်ဆိုတာမျိုးလည်း မင်းကို မခံစားစေချင်ဘူး.. ဒီတော့ ကိုယ်မပေးနိုင်တာကို မပေးဘူး ပေးနိုင်တာကိုပဲ မင်းရမှာ အဲဒါ ဘာလဲဆိုတော့ မင်းလိုချင်တဲ့ ဂရုစိုက်မှုမျိုးပေါ့ ကိုယ်ပေးနိုင်သလောက် ပေးတာကို မင်းရောင့်ရဲနိုင်ဖို့ လိုလိမ့်မယ်… ပိုပြီး နွေးထွေးတဲ့ ယုယကြင်နာမှု ဖြစ်

Saving screenshot

လာဖို့ ဆိုတာကျတော့ ကိုယ်တို့ အတူ နေကြ
တဲ့ အခါ တဖြည်းဖြည်း နားလည်မှုတွေနဲ့ ရစ်
ဖွဲ့ကြတာပေါ့...”

“ဒါဆို ကိုကိုက အခု ပန်းရင့်ကို ယုယုယယ
မြတ်နိုးလို့ မဟုတ်သေးဘဲ လက်ထပ်ဖို့ ဆုံးဖြ
တ်တာပေါ့... မြတ်နိုးယုယတတ်မှ မြတ်နိုးမ
ယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား ကိုကို...”

“ မဟုတ်ဘူး ... မင်းကို ကိုယ်ချစ်တယ် ချ
စ်ကြသူတိုင်း ချစ်တတ်ပုံချင်း မတူတာကို မင်း
နားလည်မှ ဖြစ်မယ်.. ယောကျ်ားတစ်ယောက်
ရဲ့ လိုအပ်ချက်တိုင်းဟာ အတူတူတွေ
ဖြစ်နေမှာ မဟုတ်ဘူး လေ ခရီးသွားကြတာချ
င်း တူပေမယ့် ပန်းတိုင်ကို ရောက်ဖို့
အားစိုက်ခြေလှမ်းနေကြတဲ့ သူရှိမယ် ပင်ပန်း
လို့ ခဏတော့ နားဖို့ လိုအပ်နေတဲ့ သူလည်း ရှိ
မယ်... ပင်ပန်းနေတယ် ဒါပေမဲ့ နားတော့ မ

Saving screenshot

နားဘူး ရေအေးအေးလေးတစ်ခွက်လောက်ပဲ သောက်လိုက်ချင်တယ်ဆိုတဲ့ လူလည်း ရှိနေမှာ ပဲ နားချင်တဲ့ သူက အရိပ်ကို ရှာမှာ ပဲ ရေဆာတဲ့ လူက ရေရှာမယ်..."

"ကိုကိုက ဘယ်လိုလူမျိုးလဲဟင်"

"အဲဒါ ပြောလို့ မရဘူး ကိုယ်လည်း အဲဒီလို ပဲပေါ့ လိုအပ်တာကို ရှာမှ ပဲ လောလောဆယ် ကိုယ့်အတွက် အိမ်ထောင်ဘက်ရှာဖို့ က လိုအပ်ချက်တစ်ခုအဖြစ် ရှိမနေသေးဘူး.. အိမ်ထောင်ပြုချင်တဲ့ ဆန္ဒလည်း မရှိသေးဘူး.. ဒါပေမဲ့ မင်းကို ကိုယ်ချစ်တယ် ကိုယ့်အတွက် မလိုအပ်သေးပေမယ့် မင်းကို စိတ်မချဘူးလေ မင်းဟာ သိပ်ကို သဘောထားနူးညံ့လွန်းတယ် အခု ကိုယ့်ကို ရူးရူးမူးမူး ချစ်နေပေမယ့် စိတ်နာ စိတ်ကွက်စရာ တစ်ခုခုဖြစ်သွားပြီး မုန်းသွားတာမျိုးလည်း ဖြစ်နိုင်တာပဲ နောက်

Saving screenshot

ထပ်တစ်ယောက်ကို ကိုယ့်လိုပဲ စွဲစွဲလမ်းလမ်း ထပ်ချစ်သွားဖို့ လည်း ဖြစ်နိုင်နေတယ် ကိုယ် က မင်းကို ဆုံးရှုံးမခံနိုင်တော့ လက်ထပ်တော့ မယ်လို့ ဆုံးဖြတ်လိုက်တယ်လေ... ချစ်တယ် ... လက်ထပ်ထားမယ် ဖြစ်သင့်တာကို အရင်ပြီးစီးအောင် လုပ်ထားတဲ့ သဘောပဲ မင်းနဲ့ ကိုယ် ကြင်နာကြဖို့ က နောက်ထပ် နား လည်မှုတွေ လိုဦးမှာ ပေါ့"

"ဩော်..."

ပန်းရင့် နားလည်သွားပါသည် ။ ကိုကိုက ချစ်တတ်လွန်းလို့ လက်ထပ်မှာ မှ မဟုတ်ဘဲ။ ပန်းရင့် မျက်နှာလေး ငိုင်ကျသွားတော့ ခေါင်း လေးကို ခပ်ဖွဖွပုတ်၍ ကိုကိုက ငုံ့ကြည့်သည် ။

"ကိုယ်ပြောတာ သိပ်ပွင့်လင်းသွားတယ် ထင်တယ် ဆောရီး... ကိုယ့်ရင်ထဲမှာ ရှိတာကို မင်းက သိဖို့ ကြိုးစားနေလို့ ဖွင့်ပြောလိုက်တာ

Saving screenshot

ပါ"

ကိုကိုက ပြောပြီး ကုတ်အင်္ကျီအိတ်ထဲက အနီရောင်ဘူးလေးတစ်ဘူး ထုတ်ယူလိုက်၏။

"ဒီမှာ မင်းကို ကိုယ်ပိုင်ဆိုင်ကြောင်း စရံသတ်ထားမလို့ ဓေ့စပ်လက်စွပ် လုပ်လာခဲ့တယ်"

ပန်းရင့် ရွှေဖြူတွေ ဝတ်လွှန်း၍ ထင်သည်။

ရွှေဖြူကို စိန်နဲ့ ကွင်းထားသည့် လက်စွပ်လှလှလေးကို ပန်းရင့်၏ လက်သူကြွယ်မှာ ကိုယ်တိုင်စွပ်ပေးသည် ။

"အဟား... အတော်ပဲကွ... ကိုယ်ထင်တယ် ညီမလေးဆင့်ဆင့်နဲ့ ပန်းရင့်လက်လေးတွေက သိပ်တူတာ ညီမလေးလက်နဲ့ မှန်းပြီး လုပ်လိုက်တာလေ...."

လက်စွပ်လေးလှလို့ ငေးကြည့်နေမိဆဲ ပန်း

Saving screenshot

ရင့် နှုတ်ခမ်းလေး တွန့်ကျဲသွားသည် ။ ကိုကိုဟာ ပန်းရင့်ကို ချစ်နေတာ ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ် ကွဲပြားရဲ့ လား....

“ဟော့ ... ငိုင်လှချည်လား .. လက်စွပ်ကို မကြိုက်လို့ လား”

“ကြိုက်ပါတယ် ကိုကို...”

ပန်းရင့် မျက်နှာလေး မော့ပြောတော့ ကိုကိုက ပန်းရင့် ဆံပင်ပျော့ပျော့လေးတွေကို လက်နှင့် ထိုးဖွပစ်ကာ...

“ပန်းရင့် ဆံပင်လေးတွေက နက်မှောင်ပြီး သိပ်လှတာပဲ အရှည်ထားပါလား...”

“ကိုကိုက ဆံပင်ရှည်တာ သဘောကျလို့ လားဟင်...”

“ဒီလိုလည်း မဟုတ်ပါဘူး.. ပန်းရင့် မျက်နှာလေးကိုက ကလေးဆန်ပြီး နုဖတ်နေ

Saving screenshot

တာ ဒီဆံပင်လေးနဲ့ လိုက်ပါတယ် ဒါပေမဲ့ သိပ်ငယ်နေနေသလို ဖြစ်နေတော့ လက်ထပ်ကြရင် ကိုယ်က မုန့်ပေးကြိုက်သလို ဖြစ်နေမလားလို့ ...”

ပြောပြီး သူ့စကားသူ သဘောကျသလို ရယ်နေသေးသည်။

“ထားလိုက်ပါ ဒါက ပြဿနာ မရှိပါဘူး.. ပန်းရင့်ကို ကိုယ် ပြန်ပို့မယ်...”

နာရီ ငုံ့ကြည့်ပြီး သူပဲ ဆုံးဖြတ်သည်။ ပန်းရင့် နေရာမှာ မထမိသေး။

“ကိုကို”

“ဟင် ပြောလေ ဘာပြောစရာရှိသေးလဲ... ဆယ့်ငါးမိနစ်တောင် အချိန်ရသေးတယ်”

သြော်... ကိုကို အချိန်ပေးတာ ဇယားနဲ့ ပါလား။

Saving screenshot

ပန်းရင့် မျက်နှာလေး ညိုးသွားပြန်သည် ။

"ပန်းရင့်ကိုလေ မမက ဒီပြင့်လူတစ်ယောက်နဲ့ အိမ်ထောင်ချပေးတော့မှာ "

သူမ ထင်သလို လှုပ်လှုပ်ရှားရှား ဖြစ်သွားတာမျိုး မဟုတ်ဘဲ ကိုကို့ မျက်နှာက အလိုမကျသလို မှုန်ကုပ်ကုပ် ဖြစ်သွားခဲ့၏။

ပြန်တော့မည့်ပုံ ခပ်မတ်မတ် ဖြစ်သွားပြီးမှ လျှော့ရဲရဲ ပြန်ထိုင်ကာ...

"အဲဒါ... ခုကျမှ ပြောရသလား ပန်းရင့်ရယ် ... ဒီကိစ္စ ဆွေးနွေးဖို့ ကိုယ့်မှာ အချိန်မရှိတော့ဘူး... တကယ်ဆို ဟောဒီခြံထဲ စဝင်လာကတည်းက မင်းပြောသင့်တာ..."

"ခု ပြောတော့ ဘာဖြစ်လဲ ကိုကို.."

"မင်းအတွက် အချိန်ဖြုန်းဖို့ ကိုယ်သတ်သတ်ဖဲ့ထုတ်ထားတဲ့ အချိန် ကုန်သွားပြီ

အရေးကြီးတဲ့ ဧည့်သည် တွေနဲ့ တွေ့ဖို့ ကိုယ့်မှာ ရှိတယ်... အဲဒီကိစ္စ ကိုယ်တို့ နောက်မှ ဆွေးနွေးရအောင်ကွာ... လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး မဟုတ်လား...."

"အင်း..ရပါသေးတယ်..."

"ဒါဆို ပန်းရင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှောင်ထားလိုက်ကွာ..."

" မဟုတ်ဘူး ကိုကို မမက ပန်းရင့်ကို လွတ်လပ်ခွင့် ပေးထားတာ... ဟိုတစ်ယောက်နဲ့ စေ့စပ်ဖို့ ရှိပေမယ့် ... ပန်းရင့်မှာ ချစ်သူရှိတယ်ဆိုရင် ခေါ်လာခဲ့ပါတဲ့ ... တကယ်ဆို ဟိုဘက်က စေ့စပ်မယ့်သူတွေက မျက်နှာနာရမယ့်သူတွေမို့လို့ ငြင်းလို့ ကောင်းအောင် ဒီဘက်က စေ့စပ်ပစ်လိုက်ချင်တာမျိုးပေါ့.... ကိုကိုလည်း အခု ပန်းရင့်ကို စေ့စပ်လက်စွပ်တောင် ပေးပြီးပြီပဲ... မမနဲ့ ခဏလောက် လိုက်တွေ့ပါလား

ဟင်… ဒါဆိုရင် ပန်းရင့်ကို စေ့စပ်ပြီးသွားလို့ ဟိုဘက်မှာ ပြောလို့ ရပြီပေါ့”

ပန်းရင့် စကားဆုံးတော့ ကိုကိုက ကြေကွဲဖွယ်ကောင်းလောက်အောင် ခါးသီးငြင်းဆန်နေလေသည် ။

“အဲဒါ လုံးဝမဖြစ်နိုင်ဘူး ပန်းရင့်… ကိုယ်သိတယ်… မင်းရဲ့ အစ်မက ကိုယ့်အသက်လောက်ပဲ ရှိသေးတာ…. ပြီးတော့ မိန်းကလေး”

“ဒါပေမဲ့ မမက ပန်းရင့်ရဲ့ မိဘပဲ… ပန်းရင့်ကို ကိုကို လက်ထပ်ဖို့ မမဆီမှာ မတောင်းပဲ ကိုကို ဘယ်လိုယူမှာ လဲ”

ကိုကိုသည် ပန်းရင့် မမြင်ဖူးခဲ့သော နီမြန်းတင်းမာနေသည့် မျက်နှာနှင့် နေရာမှ ဆတ်ခနဲ ထရပ်သည် ။

“အဲဒါတွေ ကိုယ်အားလုံး အဆင်ပြေအော

www.mmyanmarbooks.com

င် စိစစ်ဦးသွားမှာ ပါ... တစ်နေ့ကျရင် မင်းကို ကိုယ် တခမ်းတနား လက်ထပ်ယူမှာ ... ဒါဆို ကျေနပ်တော့ကွာ... လောလောဆယ် မင်းအစ်မနဲ့ လိုက်တွေ့ဖို့ ကိုယ့်ကိုမခေါ်ပါနဲ့ ... ကဲ..ထ ပြန်ရအောင်..."

ပန်းရင့် ငိုချင်နေခဲ့သည် ။

သို့သော် ကိုကို့ရှေ့မှာ မျက်ရည်ခံထိုးသည် ဟု ထပ်မံစွပ်စွဲခံရဦးမှာ မို့ မျက်ရည်ကို တားဆီးခဲ့ရသည် ။

ကိုကို ဘာကိုချစ်တာလဲ... ပန်းရင့်ကို ကိုကိုချစ်တယ်ဆိုတာ ဘာလဲဟင်... မမကကော ကိုကို့စိတ်ဓာတ်ကို ပန်းရင့်ထက်ပိုပြီး အကဲခတ်မိတဲ့ သူပါဆိုပြီး... "သူ့ကို မမဆီ ပါအောင် ခေါ်ခဲ့ပါ" ဟု ခိုင်းစေခဲ့တာ ဘာသဘောနဲ့ လဲ ...

ကိုကို့လိုလူဟာ ဘယ်လိုနည်းနဲ့ မှ ခေါင်း

Saving screenshot

www.mmyanmarbooks.com

ကျိုးငုံ့ဝင်လာမှာ မဟုတ်ဘူး ဆိုတာ သိရက်နဲ့ ပန်းရင့်ဟာ ချစ်သူနဲ့ အစ်မရဲ့ ကြားမှာ စေ့စပ် မရလို့ မျက်ရည်ဝေ့နေရတဲ့ အဖြစ်မျိုးရောက် အောင် တမင် ဖန်တီးတာလား..

တစ်ယောက်က ဆောရီးဟု ပြော၍ လက်ပြနေခဲ့သည် ။

တစ်ယောက်ကတော့ လက်ပိုက်၍ မဲ့ပြုံးနှင့် စောင့်နေလိမ့်မည်။

ပန်းရင့်ကို ချစ်ကြတယ်ဆိုတာ ဘယ်မှာ လဲ ။

ခြံရှေ့ထိ ကိုကို လိုက်ပို့ပြီး ချထားခဲ့သည် ။

ဝေးကွာသွားသော ကားကလေး၏ နောက် ပိုင်းကို ရပ်ကြည့်ကျန်ခဲ့ရင်း ပန်းရင့် မျက်ဝန်း မှာ မျက်ရည်တွေ ပြည့်တက်လာ၏။

ပန်းရင့် ငိုပါရစေ... ကိုကို..

Saving screenshot

www.mmyanmarbooks.com

အခန်း (၉)

စကားပြောနေသည် မို့ ဖုန်းသံမြည်နေတာကို ကြားပေမယ့် မကိုင်ဖြစ်။ ဖုန်းက ဆက်လက် ဆူညံလာသဖြင့် ပြောလက်စကို ဖြတ်၍ ကောက်ယူလိုက်သည် ။

"ဟဲလို..."

"........"

"ပန်းရင့် ပြောလေ"

".............."

"ခုဆိုရင် မအားသေးဘူး"

".............."

www.mmyanmarbooks.com

Saving screenshot

"ဒီနေ့ ကိုယ်အားမှာ မဟုတ်တော့ဘူးကွ ပန်းရင့် ဘာလုပ်မလို့ လဲ"

"…………………"

"ဆောရီး ပန်းရင့်ရယ် နောက်မှ နော်… ကိုယ်တကယ်မအားလို့ ပါ…"

ခပ်ငိုင်ငိုင်မျက်နှာနှင့် ဖုန်းချလိုက်တော့ ဇေယျာက သေချာလိုက်ကြည့်နေသည်။

"ခွန်း… သွားချင်သွားလေ သံရုံးက ကိစ္စ ငါ သွားလိုက်မှာ ပေါ့…"

"ရတယ်… ဦးသန်းကြွယ်တို့ နဲ့ ချိန်းထားတာကို ဆက်သွားရဦးမှာ …"

"အဲဒီကြားထဲမှာ နှစ်နာရီ နီးပါးလောက်အားသေးတာပဲ ငါ သွားပေးလို့ ရရင်လည်း ပြောကွာ…"

"မဖြစ်ပါဘူးကွာ…စင်ကာပူ ကိစ္စတွေ

Saving screenshot

ပြေ ၁ရ မ၂၁ အားတဲ့ အချိန်ဆိုတာကလည်း ရည်းစားနဲ့ သွားတာ လာတာ ကျတော့ အချိန်က သိပ်ကုန်လွယ်တာ နာရီတကြည့်ကြည့် လုပ်နေပြန်ရင် စိတ်ကောက်တာက ရှိသေးတယ်
”

ဧယျာက ဟုတ်ရဲ့ လား ဆိုသည့် မယုံသင်္ကာ မျက်လုံးများ နှင့် မိန့်ခွန်းကို နှုတ်ခမ်းတတွန့်တွန့်နှင့် စူးစိုက်ကြည့်သည် ။

“ခွန်း.. မင်းကို ငါ တကယ်အံ့သြတယ် ရည်းစားထားတယ် လက်ထပ်ဖို့ ရည်ရွယ်ထားတယ်လို့ လည်း ပြောတယ်။ မင်းပုံစံကတော့ ချစ်ရေးချစ်ရာနဲ့ ပတ်သက်ပြီး ဘာမှ လည်း ရှိမနေပါလား…”

“ဘာရှိနေရဦးမှာ လဲ”

မိန့်ခွန်းက ဖုန်းကို ပလတ်ဖြုတ်၍ ဘေးရွှေ့ထားလိုက်သည် ။ ဧယျာက ဖုန်းရွှေ့ထားသ

Saving screenshot

ည့်ဘက်ကို လိုက်ကြည့်နေပြီးမှ မျက်လွှာပင့်
လာကာ...

"နေဦး... အစကနေ ပြန်ကောက်မေးမယ်
မ င်းမှာ တကယ့်ထိတ်ကြဲဆိုတဲ့ မိန်းမချော
မိန်းမလှလေးတွေ အများကြီးပဲ ဆရာဝန်၊ အင်
ဂျင်နီယာ၊ မင်းဘေးမှာ ရှိတဲ့ အတွင်းရေးမှူးမ
လေးတောင်မှ အရည်အချင်းရော ရုပ်ရည်
ကော မင်းရဲ့ ပန်းရင့်ရောင်ထက် ချမ်းသာတာ
မယုံမရှိနဲ့ ငါတောင်မှ သူများ တွေပြောကြသ
လို ဒီကောင်မလေး မင်းကို
ကြိတ်သဘောကျပြီး အတွင်းရေးမှူး လာလုပ်
နေလို့ ထင်တယ်"

"တော်ပါကွာ..."

"တကယ်ပြောတာ မင်းမှာ ဒီလောက် ဝိုင်း
ဝိုင်းလည်နေတာကိုး.. ဒါတွေကို ဘေးဖယ်ပြီး
မိဘလည်း မရှိဘူး... သိပ်လည်း ထင်ပေါ်တာ

Saving screenshot

မဟုတ်ဘဲ ဘွဲ့တောင်မရသေးတဲ့ သာမန် မိန်းကလေးတစ်ယောက်ကို မင်းလက်ထပ်ဖို့ ရည်ရွယ်လိုက်တယ်”

မိန့်ခွန်းက စီးကရက်တစ်လိပ် ထုတ်၍ မီးညှိနေရင်း ဘာမှ ဝင်မပြောဘဲနေသည်။

ဇေယျာနဲ့ သူက ပြောမနာ ဆိုမနာ သူငယ်ချင်းတွေဖြစ်သည်။

မြန်မာပြည်မှာ သိပ်နေဖြစ်သည် မရှိသည်မို့ မြန်မာပြည်ရောက်တိုင်း ပြောဆိုရင်းနှီးဖို့လည်း ရှားရှားပါးပါး ဒီသူငယ်ချင်းတစ်ယောက်သာ ရှိသည်။

ကိုယ့်မှာ အားလပ်ချိန် သိပ်မရှိပေမယ့် အားသည့်အချိန်မျိုးမှာ တော့ တစ်ခါတလေ စိတ်လွတ်ကိုယ်လွတ် သူငယ်ချင်းနဲ့ မျက်နှာချင်းဆိုင် စကားပြောနေရတာကို နှစ်သက်မိသည်။

ဇေယျာက သူ စီးကရက်သောက်၍ ဆိုဖာမှာ လျော့တိလျော့ရဲ မှီနေတာကို မျက်မှောင်ကုတ်ကြည့်လိုက်ပြီး...

"ငါ ပြောတာ မင်းကောင်မလေးကို ထိပါးသလို ဖြစ်နေသလား.."

"ပြောပါ မဟုတ်တာ ပြောတာမှ မဟုတ်ဘဲ
"

"ဟုတ်တယ် ငါ မြင်တဲ့ အတိုင်းပဲပြောတာ.
. ကိုယ်ချစ်လို့ ကိုယ်ပိုင်ချင်တာက သာမန်မိန်းကလေးပဲဖြစ်ဖြစ်၊ ဆင်းရဲစုတ်ပြတ်နေတဲ့ မိန်းမပဲဖြစ်ဖြစ် ချစ်လို့ ဆိုတာ အပြစ်မရှိဘူး... အခုကျတော့ မင်း ဒီကောင်မလေးကို လက်ထပ်ဖို့ စိတ်ကူးတာ ငါ ဘယ်လိုမှ ကို တွေးမရဘူး
..."

"ဘာဖြစ်လို့ လဲ..."

"မင်း မရမနေ ပိုင်ဆိုင်ချင်လောက်အောင်

Saving screenshot

စွဲစွဲလမ်းလမ်း မြတ်နိုးနေတာမျိုး မဟုတ်ဘူး လို့ ငါထင်တယ်.. ဘယ်လိုလဲ မှားသလား"

"မှားတယ် .. ငါ သူ့ကို မရမနေ ပိုင်ဆိုင်ချင် နေတာတော့ အမှန်ပဲ..."

"ဒါဆို ငါ နားမလည်တာက အဲဒါပဲ မင်းတ ကယ်ဆို အခု ဒီမှာ နေတဲ့ အချိန်ကစပြီး သံရုံး ကို သွားဖို့ ကိစ္စအထိ မင်းအားချင်ရင် ရပါတ ယ်.. ဒါကို မင်းဖွင့်ထုတ်ဖို့ မကြိုးစားဘူး... ဘာ ပဲဖြစ်ဖြစ်ကွာ အချစ်ရှိတဲ့ လူတွေဟာ အချစ်န တ်ဖမ်းစားခံရနေပြီဆိုရင် အကဲခတ်ရ သိပ်လွ ယ်တာ အထူးသဖြင့် တစ်ခါမှ ရည်းစားမထား ခဲ့ဘူးတဲ့ မင်းလိုကောင်မှာ အချစ်ရှိနေရင် ဒီလို မနေဘူး..."

ရယ်တော့မလို ပြုံးတော့မလိုနှင့် မိန့်ခွန်း က စီးကရက်သောက်ရင်း လွင့်ကျသွားသည့် ပြာမှုန်ဖြူဖြူလေးတွေကို အဓိပ္ပာယ်မဲ့ ကြည့်

Saving screenshot

နေသည်။

တစ်အောင့်ကြာမှ ဆိုဖာနောက်မှီမှာ မျက်နှာမော့လှန်ကာ စီးကရက် တစ်ရှိုက်ဖွာသည်။

မီးခိုးငွေ့လေးတွေကို လှလှပပလေး မှုတ်ထုတ်၏။

သူလုပ်သမျှကို ဇေယျာက စိတ်ရှည်လက်ရှည် စောင့်ကြည့်၍ ငြိမ်သက်နေခဲ့၏။

အတန်ကြာသည် အထိ ဘာမှ မပြောဘဲနေမှ ဇေယျာ မနေနိုင်တော့ဘဲ...

"မင်း ... ဒီကောင်မလေးကို အကြောင်းတစ်ခုခုကြောင့် မဖြစ်မနေ လက်ထပ်ဖို့ ဆုံးဖြတ်တာဆိုရင် သူ့အတွက်ကော မင်းအတွက်ပါ မကောင်းဘူးနော်... မင်းတို့ မိသားစုနဲ့ ရင်းနှီးခဲ့ဖူးတဲ့ အတွက် မင်းရင်ထဲမှာ ရှိနေတာကို ငါသိတယ်"

Saving screenshot

မိန့်ခွန်း မျက်နှာပျက်သွားပြီး သူ့ကို ဖျတ်ခနဲ လှမ်းကြည့်၏။ ဧယျာက ပြန်ကြည့်၍ ...

"ဒါပေမဲ့ မင်းက စပ်စုဝေဖန်တာကို မကြိုက်တဲ့ ကောင်ဘဲ ငါ မဝေဖန်ပါဘူး ... ပန်းရင့်ရောင်ရဲ့ အစ်မကို သိလား..."

"မသိဘူး.."

"မြင်ဘူးလား..."

"မမြင်ဖူးဘူး.."

ဧယျာ့မျက်နှာက လေးနက်မှုတွေ ပျောက်ကွယ်သွားကာ ပြုံးထေ့ထေ့ ဖြစ်သွားပြီး...

"မဟူရာရိပ်ဆိုတဲ့ နာမည်ကော ကြားဖူးရဲ့လား..."

"ကြားဖူးတယ်"

"ငါ အံ့ဩတာ အဲဒါလည်း ပါတယ် မဟူရာရိပ်နဲ့ ပန်းရင့်ရောင်မှာ မဟူရာရိပ်ကိုတော့

Saving screenshot

ဘာဖြစ်လို့ မရွေးချယ်သလဲလို့ ...”

မိန့်ခွန်းက ဖေယျာကို စီးကရက်ဖွာရှိုက်ရင်း စူးစိုက်ကြည့်နေသည်။

ဖေယျာက မိန့်ခွန်းချထားသည့် စီးကရက်ဘူးကို ကောက်ယူ၍ တစ်လိပ်ထုတ်ယူကာ...

“ပန်းရင့်ရောင်ကို မြင်ဖူးလိုက်တော့မှ ငါ တွက်မိသွားတာ မဟူရာရိပ်ဆိုတဲ့ မိန်းကလေးကို မင်းမြင်ရင် ဂရုမစိုက်တတ်ရင်တောင် နည်းနည်းတော့ အံ့ဩသွားနိုင်တယ်”

“ဘာဖြစ်လို့ လဲ”

“လှလို့ ပေါ့.. ကိုရီးယားမင်းသမီးတွေ လှတယ်ဆိုတာ သူ့ခြေဖျားလောက်ပဲရှိမှာ တကယ့်ကို အဖြူထည်သက်သက်အတိုင်းလှတာ.. မျက်နှာကို ဘာမှ မလိမ်းဘဲ အမြဲတမ်း နှုတ်မွတ်နေတာ ငါ မြင်ဖူးသမျှ အဆီပြန်နေတာ တစ်ခါမှ မရှိသေးဘူး...”

Saving screenshot

“မိတ်ကပ်တစ်ခုခုတော့ သုံးထားမှာ ပေါ့…
”

“လုံးဝမသုံးတာ သေချာတယ်.. တစ်ခါက အဝေးပြေးကားပေါ်မှာ သူနဲ့ ငါ တွဲထိုင်ဖူးတယ်.. နဖူးဆံစပ်လေးတွေမှာ ပဲ ချွေးစလေးတွေ ရှိတယ် .. တကယ်လှတာကွာ… ပါးပြင်လေးတွေပေါ်က မွေးညင်းလေးတွေကိုတောင် မြင်နေရတယ်.. အဲဒီမျက်နှာလေးကို ဆွဲမော့ပြီး လက်ကလေးနဲ့ ဖွဖွလေး ပွတ်သပ်ကိုင်ကြည့်ချင်စိတ်တောင် ပေါက်တယ်…”

ဇေယျာ့စကားကြောင့် မိန့်ခွန်းက စီးကရက်မီးခိုးတွေ မှုတ်ထုတ်ရင်း ပြုံးသည် ။

“မရယ်နဲ့ တကယ်လှတာ.. သူ ကွန်ပြူတာတက်တုန်းကလည်း ငါနဲ့ အတူတူပဲ ခြောက်လလောက် အနီးကပ်တွေ့ဖူးတာ…”

“ဒီလောက်ပဲလား.. မင်းရောဂါတော့ သေး

Saving screenshot

ပုံမပေါ်ဘူး…”

“ကိုယ်ကတော့ ရောဂါသည်းတာပေါ့ကွာ .. မဟူရာရိပ်ဆိုတဲ့ မျက်နှာကတော့ လေးညို့ပေါ်က မြားလိုပဲ ကြောက်စရာကြီး.. ဘာစိတ် ညာစိတ်လည်း ကူးပုံမပေါ်ပါဘူးကွာ.. သူ့ကို ဘယ်သူတွေ ကြည့်နေတယ် ဘယ်သူတွေ ငေးနေတယ် သူ့ကိုယ်သူ ဘယ်လိုလှတယ် ဘာဆိုဘာမှ ကို ခေါင်းထဲထည့်ထားပုံလည်း မပေါ်ဘူး .. စာကို အရမ်းကြိုးစားတယ် ငါတို့ ထက်သူက နှစ်လလောက် စောပြီး သင်တန်းပြီးသွားတယ်..”

“တော်တော်ဆုံစည်းခဲ့တာပဲ..”

“အေးကွာ.. ဒါတင်ဘယ်ကမလဲ .. မာမီနဲ့ အန်တီလင်းတို့ တိုင်ပင်ပြီး အိမ်မှာ ပြင်သစ်ဘာသာနဲ့ အင်္ဂလိပ်နှစ်မျိုး Speaking Guide ခေါ်တော့ ဘယ်သူမှတ်လို့ လဲ မဟူရာရိပ်ဗျာ…

ငါဖြင့် အံ့သြရော.. ကိုယ်နဲ့ ရှယ်တူပဲဟာ ... G
uide ပြန်လုပ်တော့ အောင့်သက်သက်ကြီးနဲ့ မျ
က်နှာလေးကို မြင်ရတော့လည်း
မဆိုးဘူးဆိုပြီး ဟဲ... ဟဲ"

နှစ်ယောက်သား ခပ်ကျိတ်ကျိတ် ရယ်မိကြ
သည် ။ ဧယျာက စီးကရက်ဖွာနေကာ
မိန့်ခွန်းက စီးကရက်ကို ခွက်ထဲ ဖိချေပစ်လိုက်
သည် ။

"ဒါ ဘာလဲကွာ စိတ်ဝင်စားစရာတော့ သိပ်
မရှိပါဘူး.. ကိုယ်က ပေးချင်ပေမယ့် လက်ခံမ
ယ်သူရှိမှ ဖြစ်မှာ အဲဒီတစ်ယောက်က
ယောကျ်ားတွေကို ယောကျ်ားလို့ တောင် သ
ဘောထားရဲ့ လား မသိဘူး... မထိတထိပြော
လည်း ဂရုမစိုက် မကြားတကြားပြောလည်း မ
သိ..."

"အဲဒီတော့ သိအောင်လိုက်ပြောပေါ့ကွ"

“ဟာ… အဲဒါတော့ ထူးဆန်းတယ် ဆရာ ဘယ်သူမှ လိုက်ပြောတဲ့ သူမရှိဘူး.. မြင်လိုက်ရင် လက်တို့ လည်ပင်းရှည် သမင်လည်ပြန်အကြည့်နဲ့ နောက်တော့လည်း ကိုယ့်အရှိန်နဲ့ ကိုယ်လည်း ငြိမ်ကျသွားကြရော ”

“သူက ဆင်းရဲခဲ့လို့ လား”

“ဘယ်ကလာ… ကိုယ်ပိုင်ကားနဲ့ Guide လာလုပ်တာ ဘယ်သွားသွား သူ့ကားသူ မောင်းတာ ဆံပင်ကတော့ အမြဲတမ်းဘဲ အဲဒီလောက်ပဲ ပခုံးအောက်လောက်ပဲ ရှိတယ်။ ဒါပေမဲ့ ဖြီးစရာမလိုတဲ့ ဆံပင်မျိုးကွ အမြဲတမ်း ပျော့ပျော့စင်းစင်းလေး အဝတ်အစားရော မျက်နှာပါ ဘာမှ မပြင်ဆင်ဘဲနေတဲ့ သူက ဆံပင်ကျမှ ပြုပြင်ထားတာတော့ မဖြစ်နိုင်ပါဘူး.. မင်းထက် အရင် ငါက ပန်းရင့်ရောင်ကို မြင်ဖူး

Saving screenshot

တာဖြစ်မယ် .. မဟူရာရိပ်နဲ့ အတူ ခဏခဏ ကို တွေ့ဖူးတာ မင်းက မြန်မာပြည် ပြန်ရောက်တာ သိပ်ကြာသေးတာမှ မဟုတ်တာ... ခုတစ်ခါ ပန်းရင့်ရောင်ကို မင်း လက်ထပ်ဖို့ ရွေးထားတယ်ဆိုတော့ တကယ့်ကို အံ့ဩတာ... ဒါပေမဲ့ နားလည်လိုက်ပါတယ် စောစောကပြောခဲ့သလိုပေါ့ကွာ... မင်းက မချစ်ဖူးသေးလို့ အရေး မပါဘူး ထင်ခဲ့ပေမယ့် အိမ်ထောင်ရေးမှ အချစ်ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိတဲ့ အချိန်ရောက်ရင် အားလုံး စိတ်မကောင်းစရာတွေ ဖြစ်ကုန်မှာ စိုးတယ်...
”

“အင်း.. မင်းပြောစရာတွေ နိဂုံးချုပ်သွားပြီ ထင်တယ်... ကွက်တိပဲ ငါသွားတော့မယ်” ပြောပြောဆိုဆို မိန့်ခွန်းက ထရပ်လိုက်သည်။

ဇေယျာက ကမန်းကတန်း ကိုယ်ကို မတ်မ

Saving screenshot

တ်ပြင်၍ ...

"ဟ.. မင်းက ကိုယ့်အိမ် လာလည်တဲ့ ဧည့်သည် ကို ဒီတိုင်းထားပြီး ချက်ချင်းကြီးပါလား..."

"ဘာဧည့်သည် လဲ... မင်းဟိုတယ် မင်းပြန်ပေါ့.. မပြန်ချင်နေခဲ့.... ရော့... သော့"

မိန့်ခွန်းက ဘောင်းဘီအိတ်ထဲက သော့ကို ထုတ်ယူ၍ ပစ်ချမည်လုပ်မှ ဧယျာက လက်ကာ ရှုံ့မဲ့လျက် ထရပ်လိုက်သည်။

"နေပါကွာ...မင်းအိမ်ကြီးထဲမှာ .."

နှစ်ယောက်အတူ ထွက်လာခဲ့ကြပြီး မိန့်ခွန်းက တံခါးပိတ်တော့ ဧယျာက ကားစက်နှိုးနေပြီ ဖြစ်၏။

မိန့်ခွန်း ဝင်ထိုင်လိုက်သည် နှင့် ကားလေးက မျက်နှာစာဘက်မှ ပန်းပင်ကလေးတွေကို

Saving screenshot

ကွေ့ပတ်မောင်းထွက်ရင်း...

“မင်း ငါ့ ဟိုတယ်ကို တစ်ခါတော့ ထမင်း လာစားကွာ.. ခုမှ အသစ်ဖွင့်ထားတာဆိုတော့ မင်းကို လာကြည့်စေချင်တယ်.. နည်းနည်းပါးပါး လိုအပ်တာ ဘာညာရှိရင် မင်းက မြင်တတ်မှာ ပါ..”

“သိပ်အထင်ကြီးမနေနဲ့ ... ဟိုတယ်လုပ်ငန်းဆိုတာ ဘာမှန်းတောင် ငါက သိတာ မဟုတ်ဘူး ”

ကားမောင်းရင်း ဇေယျာက လှည့်ကြည့်သည်။

“ခွန်းနော်... မင်းက ဝင်မပါချင်တဲ့ ကိစ္စဆိုရင် ဘူး တစ်လုံးဆောင်လုပ်ခဲ့တာပဲ ဒေါ်ပုလဲဝင်းရဲ့ နယ်စပ်မှာ ဟိုတယ်ဖွင့်တုန်းက မင်းစိတ်ကူးတွေ ဘယ်လောက်ထည့်ပေးခဲ့သလဲ ဆိုတာ ငါ မသိဘူး ထင်လို့ လား.. မင်း... မင်းအ

Saving screenshot

ပျိုကြီးကိုကျတော့ ကိုယ်ဖိ ရင်ဖိ ကူညီခဲ့ပြီး…"

"ဟာ… ခွေးကောင်"

မိန့်ခွန်း လှည့်ဆဲတော့ ဇေယျာက စပ်ဖြဖြ မျက်နှာနှင့်…

"ဟုတ်တယ် မင်းကိုဆို ဒေါ်ပုလဲဝင်းရီက သိပ်အရေးပေးတာ အသက်ဘယ်လောက်ကွာလဲတော့ မသိဘူး… တွဲလျှောက်သွားရင်တော့ လိုက်တယ် ဟိုကလည်း နန္ဒာလှိုင်လို လှလှပပ တောင့်တောင့်ဖြောင့်ဖြောင့် မင်းကလည်း မြင့်မြင့်မားမား သန့်သန့်ချောချော မရဲ့ မောင်လေး ပေါ့ကွာ"

"မင်းက တစ်ခါတလေမှ ငါနဲ့ ဆုံဖြစ်ပေမယ့် ငါနဲ့ ပတ်သက်တဲ့ တော်တော်များများကို နှိုက်နှိုက်ချွတ်ချွတ်ကို သိနေတာပဲ ဘာလုပ်ငန်းမှ မင်းလုပ်စားမနေနဲ့ … သတင်း ပွဲစားသာ လုပ်…"

Saving screenshot

"စိတ်ကူးရှိပါတယ်.. ဟဲ..ဟဲ.. မင်းနဲ့ ဒေါ်ပု လဲဝင်းရီ ကြားမှာ လေ.."

"မင်းဘိုးအေ နဲ့ ပွဲစားလုပ်ပေးလိုက်..."

ရယ်ပွဲဖွဲ့ရင်း အပေါ်ထပ် အောက်ထပ် မှန်နက်တွေကာရံထားသော ပန်းသွေးရောင် သုံးထပ် ဟိုတယ်ကြီးရှေ့သို့ ကားလေးရောက်လာ၏။

ဇေယျာက ကားပေါ်က ဆင်းလိုက်ရင်း အထဲကို ပြန်ငုံ့ကြည့်လိုက်ပြီး..

"ခွန်း... မင်း ဘယ်တော့လာမှာ လဲ"

မိန့်ခွန်းက မောင်းသူနေရာမှာ ပြောင်းထိုင်ရင်း ဟိုတယ်ကို မော့ကြည့်ရင်း နှာခေါင်းတစ်ချက် ရှုံ့သွားသည် ။

"ဟိုတယ်မှာ ထမင်းဖိတ်ကျွေးတယ်ဆိုလို့ အစကတော့ လာမလို့ ပဲ မင်းဟာက တရုတ်

Saving screenshot

ဘုံကျောင်းကြီးပဲကွ..."

"ဟာ... ခွေးဝဲစား... ခွန်း..."

"ဟား ဟား...."

မိန့်ခွန်းက ဟက်ဟက်ပက်ပက်ရယ်၍ ကားကို နောက်ပြန်ဆုတ်သည် ။ ဖေယျာ ရှုံ့မဲ့လျက် ဟိုတယ်အဆောက်အဦကို မော့ကြည့်ကာ မအီမလည်ကြီး ကျန်ခဲ့သည် ။

ဒါတောင် အထဲမဝင်ရသေးဘူး။

ဒီကောင် အထဲမှာ ရောက်လာရင် ဘာပြောဦးမလဲ။

*

## အခန်း (၁၀)

ဖုန်းဆက်တိုင်း မအားဘူးချည်းဖြစ်နေတော့ ပန်းရင့် ကိုကို့ကို မတွေ့မြင်ရ၍ လွမ်းသည့်စိတ် ဝမ်းနည်းကြေကွဲသော နာကျင်မှုများနှင့် လက်စွပ်ကလေးကို ဖိပွတ်ငေးကြည့်ရင်း မျက်ရည်တွေ ဝေနေသည် ။

ဒီနေ့ ဈေးဝယ်ထွက်ကြဖို့ ရှိသည် ။

မနက်ဖြန် မမရဲ့ မွေးနေ့ ဖေဖေ့အတွက် ငါးနှစ်ပြည့် ဆွမ်းသွတ်တရားနာ နှစ်ခုလုံးအတွက် မမနဲ့ ပန်းရင့် ဈေးဝယ်ထွက်ကြသည် ။

မမ မလိုက်အားလျှင် ကိုသဲနှင့် သွားရမှာဖြစ်သည် ။

Saving screenshot

မမကလည်း သွားစေချင်သည် ။ ကိုသဲက လည်း အဆင်သင့် ဖြစ်နေသည် ။

ပန်းရင့် သွားချင်တာက ကိုကိုနဲ့ ပါ... ဒါပေမဲ့ ပန်းရင့်အတွက် ဘယ်တော့မှ အဆင်သင့် ရှိမနေခဲ့သည့် ကိုကိုကတော့ မပြောင်းလဲသော ဆောရီးတစ်လုံးနှင့်သာ...

"ညီမလေးရေ... မပြီးသေးဘူးလား"

"ပြီးပြီ မမ..."

ကိုကို့ဆီ ဖုန်းခိုးဆက်နေတုန်းမို့ ကမန်းကတန်းပြန်ထူး၍ ပန်းရင့် အခန်းထဲက ထွက်လာခဲ့ရသည် ။

အဖြူရောင် ဘောင်းဘီရှည်ပွပွလေးကို ရင်ဘတ်မှာ အသည်းနှစ်ထပ်ပုံ နီနီရဲရဲလေးပါသည့် တီရှပ်လက်ပြတ် အဖြူလေးနဲ့ တွဲဝတ်ထားသော ပန်းရင့်ရောင်၏ မြူးသစ်လှပသော ပုံစံလေးကို ဧည့်ခန်းမှာ ထိုင်နေရင်း သဲမောင်က

Saving screenshot

မြတ်နိုးမဝသည့် မျက်ဝန်းများ နှင့် ငေးကြည့်နေသည်။

ရိပ်က နာရီပတ်ရင်း အခန်းထဲက အထွက်မှာ ပန်းရင့်ကို လှမ်းကြည့်ပြီး...

"အင်္ကျီမလဲတော့ဘူးလား ညီမလေး ကလေးပေါက်စလေးကျနေတာပဲ ကစားကွင်းက ထလာတဲ့ ပုံစံနဲ့ "

"မမကလည်း အဲဒါ သွားရလာရ လွတ်လပ်တာပေါ့"

"ဟုတ်သားပဲ ရိပ်ရယ်.. ဒီလိုလေးက ကလေးဆန်ပြီး ပိုတောင် ကြည့်ကောင်းနေသေးတယ် လှနေတာပဲဟာ.."

သဲမောင်က တကယ်ရှိတာကို ပြောခြင်းဖြစ်နိုင်သော်လည်း ကလေးဆန်သည် ဆိုသော စကားအပေါ် ခါးသီးနေခဲ့သည့် ပန်းရင့်မျက်နှာလေးက သိသာစွာ တင်းသွား၏။

Saving screenshot

ကလေးငယ်လေးတစ်ယောက်လို စနောက်ချင်နေသည့် ကိုကို့ မျက်ဝန်းတွေ ပန်းရင့် ဆံပင်တွေကို ဖွပစ်ပြီး ထိပ်ကို ပုတ်တတ်တာတွေ နဖူးကိုလည်း ထုတတ်သည် ။

"ကလေးလေးလိုပဲကွာ.. နမ်းရမှာ စိတ်ထဲမှာ မလုံသလိုပဲ"

"မင်းကလှတယ်.. ဒါပေမဲ့ အရမ်းသန့်စင်ပြီး ကလေးလေးလို ချစ်ဖို့ ကောင်းတာမျိုး.."

"ညီမလေးလိုပဲ သဘောထားရမလား .. ချစ်သူလိုပဲ တွေးပိုက်ထားရမလား .. အဟွန်း.. ရောကုန်ပြီကွ..."

ကိုကိုက လှတယ်ဆိုသည့် စကားကိုပြောတိုင်း ပန်းရင့် ရင်မခုန်နိုင်အောင် ထိုစကားများ နှင့် နှိပ်စက်ခဲ့သည် ။

ကိုကို့အနမ်းတွေကို လိုချင်တပ်မက်နေခဲ့

Saving screenshot

ပေမယ့် မနမ်းရဲဘူးဟု ပြော၍ ကိုကို ရယ်နေခဲ့သည် ။

ချစ်သူတစ်ယောက်အပေါ် တပ်မက်မြတ်နိုးမှုများ နှင့် မကြည့်ခဲ့သော ကိုကို့မျက်ဝန်းများက ပန်းရင့်ကို ပြုံးစစ လှောင်ရိပ်တွေနှင့် ကလေးတစ်ယောက်ကို ကျီစယ်နေသလိုမျိုး..

ပန်းရင့်က အဲဒီလောက်အထိပဲ ကလေးမျက်နှာ ကလေးပုံစံ ပေါက်နေခဲ့သလား... မြင်သည့်လူ အတော်များများက လှသည် ဟု ပြောကြသော်လည်း ..

"ချစ်စရာလေး မျက်နှာလေးက ဖြူစင်တဲ့ ကလေးတစ်ယောက်လိုပဲ ..."တဲ့ .. ဘာဖြစ်လို့ လူတိုင်းက ပန်းရင့်ကို ကလေးလိုပဲ မြင်နေကြတာလဲ တစ်လောကလုံး ဘာပဲထင်ထင် ကိုကို့မျက်လုံးထဲမှာ ပန်းရင့် ကလေး မဖြစ်ချင်ပါ။

ဒီနေ့အထိ ကိုကို့ထံမှ ရန်ခုန်တိမ်းမူးဖွယ်

Saving screenshot

ကောင်းသော တစ်စုံတစ်ရာကို ပန်းရင့် မရရှိခဲ့သည် မှာ ကိုကိုက မချစ်၍ လား ပန်းရင့်မျက်နှာမှာ အပြစ်ရှိနေသည် လား...

"ဟော့ မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ.."

ဈေးရောက်တော့ မမက ရှေ့ရောက်သွားသည်။

သဲမောင်က ပန်းရင့်ဘေးမှာ ယှဉ်တွဲလျှောက်လာရင်း ကပ်မေး၏။

"ဘာလဲ ... ကိုသဲပါလာတာကို မကျေနပ်လို့ လား.. ဟုတ်တယ် ရိပ်ကတော့ သူလိုက်နိုင်တယ်ဆိုရင် လိုက်ပေးဖို့ မလိုဘူးလို့ ပြောပါတယ်.."

" မဟုတ်ဘူး ပန်းရင့်.."

"ပြောလေ .. ဘာဖြစ်လဲ..."

Saving screenshot

"ဟင့်အင်း.. မဟုတ်ပါဘူးဆို..."

"ဟောကြည့် ကလေးကျနေတာပဲ လူတွေကြားထဲမှာ ခြေစောင့်နှုတ်ခမ်းစူတယ်ဗျာ.."

"ကိုသဲနော်..."

စိတ်တိုတိုနှင့် ပန်းရင့် အော်ပစ်လိုက်တော့ ရှေ့ရောက်နေသည့် ရိပ်က လှည့်ကြည့်သည် ။ ပန်းရင့် မျက်လွှာချပစ်ကာ ခပ်သွက်သွက် လျှောက်သည် ။

သဲမောင်က လျှောက်လိုက်လာ၏။

"ပန်းရင့် ပန်းရင့်တို့ ကို တကယ်စိတ်ဆိုးသွားတယ်ထင်တယ် တို့ ပြောတာ ဘာမှားသွားလို့ လဲဟင်..."

သဲမောင် ခလုတ်တိုက်မတတ် ပျာယာခတ်နေသဖြင့် နဂိုကတည်းက စိတ်ထားနူးညံ့လွန်းသည့် ပန်းရင့် ကြာကြာစိတ်မတိုရက်ဘဲ ဖြစ်

www.mmyanmarbooks.com

သွားမိသည် ။

ကလေးလို ပြောတာကို စိတ်တိုမိတာက ကိုယ့်ရင်ထဲက အနာဟောင်းကြောင့်။ ကိုသဲက ဘာမှ သိရှာတာ မဟုတ်။

ခေါင်းငုံ့လျှောက်ရင်း ပန်းရင့်မျက်နှာပေါ် အုပ်ကျနေသည့် ဆံပင်တွေကို နားရွက်နောက် သိမ်းညှပ်ပစ်ကာ...

"ပန်းရင့် စိတ်မဆိုးပါဘူး..."

ဘာပဲပြောပြော သဲမောင်ကတော့ ပန်းရင့် မျက်နှာလေးကိုပဲ တကြည့်ကြည့်ဖြစ်နေ၏။ ရိပ် ဝယ်ခြမ်းသမျှကို ကူညီဆွဲပေးရင်း ပန်းရင့် လက်ထဲရောက်သမျှကိုလည်း သူပဲဒိုင်ခံယူသည် ။

"အဲဒါကို တို့ ကိုင်ပေးမယ်လေ.. ရော့..ပန်းရင့်က ဒါလေး ကိုင်ထား.."

Saving screenshot

ဘာမှ မဟုတ်လောက်သည့် ပေါ့ပေါ့ပါးပါး လေးတွေကိုသာ ပန်းရင့် လက်ထဲထည့်ပေးသည် ။ တကယ်ဆို ဒေါက်တာသဲမောင်ဆိုသည့် ဂုဏ်ပုဒ်နှင့် သန့်စင်ချောမွေ့သည့် သဲမောင်ပါ ...

ဈေးတန်းထဲမှာ မိန်းကလေးနှစ်ယောက်နဲ့အတူ ဝယ်ခြမ်းသမျှ သိမ်းကျုံးသယ်နေရရင်း ... နဖူးမှာ လည်း ချွေးပြန် လက်ဖဝါးတွေလည်း နီရဲကာ သွေးခြည်ဥမတတ် ဖြစ်နေသည့် ပေးဆပ်နေခြင်းများက ပန်းရင့် သတိမထားဘဲ မနေနိုင်အောင်လည်း ဖြစ် အားလည်း နာမိသည် ။

ပိုးကြေးပန်းကြေးလို့ ပြောရအောင်က ပန်းရင့် စိတ်ချမ်းသာသလို ဆုံးဖြတ်ပါလို့ ပြောခဲ့ပြီးသား...

ဈေးက ပြန်ထွက်လာကြတော့ ဝယ်ထားခဲ့

Saving screenshot

သည့် ပစ္စည်းတွေကို ကားနောက်ဖုံးထဲမှာ ဆံ့အောင် မနည်းထည့်ခဲ့ရသည် ။

“ကိုသဲ မောသွားပြီထင်တယ်.. လာ .. ရိပ်တို့ ဟိုဆိုင်မှာ အအေးသွားသောက်ရအောင်”

“မမ ပန်းရင့် ရေခဲမုန့် စားချင်တယ်…"

ပန်းရင့် ပြသည့်ဆီကို လှမ်းကြည့်တော့ ရေခဲသေတ္တာကြီးရှေ့ထုတ်ကာ ဖာလူဒါ၊ ရေခဲမုန့်၊ နို့အေးချောင်း ဟု ရေးထားသည့် တိုက်ခန်းလေးက လမ်းတစ်ဖက်မှာ ..

“စားလေ … ပြီးမှ ပြန်ရင်း ဝင်ဝယ်တာပေါ့ ..”

“ဟင့်အင်း.. ပန်းရင့် အအေးမသောက်ချင်ဘူး.."

ပန်းရင့်က ဖွတ် … ရိပ် မဆုံးဖြတ်ရသေးမီ သဲမောင်က ရယ်၍ …

“ဒါဆို ကိုသဲ သွားဝယ်ပေးမယ် ဒူးရင်းလား ၊ ချောကလက် လား.. ဘာစားမှာ လဲ”

“နေပါစေ... ပန်းရင့်ကိုယ်တိုင်သွားဝယ်မှာ ”

ပြောပြောဆိုဆို လမ်းကို ဖြတ်ကူးသွားတော့ သဲမောင် မနေနိုင်စွာ ပြေးလိုက်လာသည် ။

ထိုစဉ် ဈေးလမ်းဆုံမှ အရှိန်မသတ်ဘဲ မောင်းချလာသည့် ကားတစ်စီးကြောင့် သဲမောင်က ပန်းရင့် လက်ကလေးကို ဆောင့်ဆွဲပစ်လိုက်၏။

ပန်းရင့် ကိုယ်လုံးကလေး သဲမောင် ရင်ခွင်ထဲ လန့်ကျသွားပြီး ကားက ဝေါခနဲ ဖြတ်မောင်းသွားသည် ။

“ပန်းရင့်ရယ်.. ကားလမ်းကူးတာ အရမ်းမကူးရဘူးလေ..”

Saving screenshot

“ကျေးဇူးပဲ ကိုသဲရယ်.. ဒီနေရာမှာ ကားရှုပ်တတ်တာကို သတိမေ့သွားတယ်”

“လာ… လာ.. ကားရှင်းတုန်း…”

သဲမောင်က ပန်းရင့်လက်ကလေးကို ဆုပ်ကိုင်ထားလျက် လမ်းကို ခြေလှမ်းကျဲကျဲနှင့် ဖြတ်ကူးလိုက်သည်။

သူ ဆွဲခေါ်သည့်အတိုင်း ပန်းရင့် ကသောကမျောလေး လိုက်ပါသွားပြီး လမ်းတစ်ဖက် ပလက်ဖောင်းပေါ် ပြေးတက်လိုက်သည်။

“အမေ့..”

ပန်းရင့် ၏ နောက်ကျကျန်ခဲ့သော ခြေထောက်လေးတစ်ဖက်ကို ဖိကြိတ်တော့မတတ် ပွက်ကပ်ရပ်လိုက်သော ကားတစ်စီးကြောင့် အော်လည်း အော်မိသည်။

အလန့်တကြား လှည့်ကြည့်လိုက်တော့ ကို

Saving screenshot

ကို...

"ကိုကို..."

မျက်မှန်တပ်ထားသော်လည်း လိုသည် ထက်ပို၍ တင်းတင်းစေ့ပိတ်နေသော ကိုကို့ နှုတ်ခမ်းများက အံကြိတ်ထားသည် ကိုလည်း သိသာစေသောကြောင့် ပန်းရင့် ကြောင်ငေးငေးလေး ဖြစ်သွားသည် ။

ခြေစုံရပ်ပစ်လိုက်မိသည့် အဖြစ်ကြောင့် ကိုသဲမောင်ကလည်း ပြန်ကြည့်၏။

"ပန်းရင့်"

ကိုကိုသည် ကားပေါ်က ဆင်းလိုက်ပြီး တံခါးပြန်မပိတ်ဘဲ သဲမောင် လက်ထဲရောက်နေသည့် ပန်းရင့် လက်ကလေးကို ဆတ်ခနဲ ဆောင့်ဆွဲဖြုတ်လိုက်သည် ။

"မင်း ဘာအချိုး ချိုးလိုက်တာလဲ ပန်းရင့်..

www.mmyanmarbooks.com

Saving screenshot

ဟင်..”

“ကိုကို..”

“ငါ ယောကျ်ားလေးတောင်မှ မင်းကွယ်ရာမှာ တခြားတစ်ယောက်နဲ့ ဒီလို လက်ချင်းချိတ် မသွားခဲ့ဘူး..”

“ မဟုတ်ဘူး ကိုကို.. ပန်းရင့်”

“မဟုတ်ရင် လိုက်ခဲ့လာ..”

“အို... နေ... နေပါဦး”

ပန်းရင့်ကို ဆွဲခေါ်သည် ။ ပန်းရင့်က ပြန်ရုန်းတော့ ဒေါသမျက်နှာက ပို၍ တင်းသွား၏။

“ပန်းရင့် မင်းဟာ ကိုယ် လက်ထပ်မယ့် မိန်းကလေး ဖြစ်တဲ့ အကြောင်း ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ .. အားလုံး ကြေညာထားခဲ့ပြီးပြီ.. မင်း ခုလို သိက္ခာမရှိသွားလာနေတာ ကိုယ့်ဘက်မှာ ဘာတွေဖြစ်ကုန်မလဲ မင်း

တွေးမိရဲ့ လား...”

“မဟုတ်ပါဘူး ကိုကိုရယ်... ပန်းရင့်.. ပန်းရင့်တို့ က ရိုးသား...”

“တိတ်စမ်း...”

ကိုကိုက ခပ်ကျိတ်ကျိတ် အော်တာဖြစ်ပေမယ့် အနီးအနားက လူတွေကတော့ ကြားကြမည်သာ... ပန်းရင့် ရှက်လွန်း၍ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်လာ၏။

“နေပါဦး.. တဆိတ်လောက် ဒီက ပန်းရင့်က ခင်ဗျားနဲ့ ဘယ်လိုများ ပတ်သက်ခဲ့လို့ လဲ ...”

“ဘယ်လိုမှ မပတ်သက်ဘူး..”

ဝင်ဖြေလိုက်သူက မဟူရာရိပ် ဖြစ်သည် ။

အားလုံးကို သူမ မြင်လိုက်သဖြင့် အလျင်အမြန် ကူးလိုက်လာခဲ့သည် .. ပြောသမျှကိုလ

Saving screenshot

ည်း ကြားလိုက်ပြီးပြီ။

ညီမလေးအတွက် မကျေနပ်ခဲ့သမျှ ပြောချင်သည့်စကားတွေက ပါးစပ်ထဲမှာ ပြည့်ကျပ်လာ၏။

"ရှင်ကိုင်ထားတဲ့ လက်ကို လွှတ်လိုက်ပါ ဦးမိန့်ခွန်း.. ရှင့်ရဲ့ ရှေ့မှာ ရှိနေတဲ့ နှစ်ယောက်ဟာ မကြာခင် စေ့စပ်ဖို့ အထိ ပတ်သက်ထားခဲ့ကြတဲ့ သူတွေ… ရှင့်ရဲ့ သိက္ခာ.. သမာဓိတွေ မြောင်းထဲမှာ လွင့်မပစ်ခဲ့ချင်ဘူးဆိုရင် ကိုယ့်ကား ပေါ်တက်ပြီး အေးအေးဆေးဆေး လှည့်ပြန်သွားတာ အကောင်းဆုံးပဲ…"

မိန့်ခွန်းက အနားရောက်လာသည့် မဟူရာရိပ်ကို ငဲ့ကြည့်သည် ။ ထို့နောက် … ပန်းရင့်လက်ကလေးကို ဖြေလွှတ်ကာ မျက်မှန်ကို ခပ်ဖြည်းဖြည်း ဆွဲချွတ်လိုက်၏။

မိန့်ခွန်း၏ မျက်ဝန်းတို့ က မဟူရာရိပ်၏ မျ

Saving screenshot

က်နွာေပၚမွာ ေျပးလႊားေနသည္ မို႔ မ်က္ေတာင္ ဖ်ားေလးေတြ လွန္႔ခနဲ သိမ့္ခနဲ လႈပ္ခတ္ေနသ ည္ ရွိေသာ္လည္း ... မဟူရာရိပ္၏ မ်က္ဝန္း တို႔ က သူ႔မ်က္ဝန္းေတြဆီမွာ သာ ၿငိမ္သက္စြာ စူးစိုက္ေနသည္ ။

သူမ၏ အၾကည့္ အားယူ မာတင္းေနေသာ ႏႈတ္ခမ္းပါးေလးမ်ား သည္ ဘယ္လိုပဲ ေျပရာေျပေၾကာင္းေျပာေျပာ လုံးဝ ပယ္ခ်ၿပီး တိုက္ခိုက္ဖို႔ ကိုသာ ေမာင္းတင္ထားၿပီးျဖစ္ ေသာ လက္နက္ႀကီးတစ္ခုသဖြယ္...

“ရွင္ ဘာလုပ္သင့္တယ္ဆိုတာ သိလား...”

“မလိုဘူး... သူ ဆုံးျဖတ္ရမွာ ...”

မိန္႔ခြန္းက ပန္းရင့္ဆီ ျပန္ၾကည့္၍ ..

“ပန္းရင့္ .. မင္းရည္႐ြယ္ထားတဲ့ သူက သူ လား... ကိုယ္လား...”

Saving screenshot

“အို… သူ ဆုံးဖြတ်ခွင့် ကျွန်မ..မပေးဘူး… အုပ်ထိန်းသူဆီမှာ ယဉ်ယဉ်ကျေးကျေး ဆွေးနွေးစေ့စပ်ထားတဲ့ လူကိုပဲ ကျွန်မ အသိအမှတ်ပြုတယ်…”

မိန့်ခွန်းက ရိပ်ကို လှည့်မကြည့်ဘဲ ပန်းရင့်ကိုသာ စူးစိုက်ကြည့်နေသည် ။

သဲမောင်က ဘာမှ ဝင်မပြောတော့ဘဲ နေလိုက်၏။

ပတ်ဝန်းကျင်မှာ လူစည်ကားနေသည် မို့ လမ်းသွားလမ်းလာတွေက အကဲခတ်နေသည့် မျက်ဝန်းတွေနှင့် ချာလည်လည် ကြည့်သွားကြသည် ။

“မင်း ဆုံးဖြတ်တာကို ကိုယ် မစောင့်နိုင်ဘူး .. ပန်းရင့်… ကိုယ် ဆုံးဖြတ်တာကို မင်းစောင့် …”

သူ မျက်မှန်ကို ပြန်တပ်ပြီး ကားထဲ ဝင်ထို

Saving screenshot

င်သည်။

"ကိုကို"

"ညီမလေး"

ပန်းရင့် ဆောင့်ပိတ်သွားသည့် ကားတံခါးကို အတင်းလိုက်ဆွဲသည်။

ရိပ်က ပန်းရင့် လက်တွေကို စုချုပ်ထားလိုက်၏။

" မဟုတ်ဘူး ... မမ ပန်းရင့် ကိုကိုနဲ့ လက်ထပ်ဖို့ ပဲ ဆုံးဖြတ်ခဲ့တာ ပန်းရင့် ကိုကို့ကို မခွဲနိုင်ဘူး မမသိပါတယ် မမရယ် ပန်းရင့်ကို နားလည်ပေးပါနော်..."

"တောက်..."

ပန်းရင့် ပြောနေတာတွေကို သူကြားမှာ ပါ ငိုနေတာကိုလည်း သိလိမ့်မည်။

တစ်ချက်မှ ငဲ့မကြည့်ဘဲ ဆောင့်ရုန်းမောင်း

Saving screenshot

ထွက်သွားသည့် ကားလေးကို အံကြိတ်ကြည့်ရ
င်း ရိပ် တက်ခေါက်သည်။

“မှတ်ထား...ဒီလို လူမျိုးနဲ့ နင့်ကို ဘယ်
တော့မှ မပေးစားဘူး ပန်းရင့်...”

*

Saving screenshot

# အခန်း (၁၁)

ဖုန်းသံ မြည်လာသဖြင့် ဖတ်လက်စ စာအုပ်ကို မပိတ်ဘဲ ခါးကို အနည်းငယ် လှန်၍ စားပွဲပေါ်က ဖုန်းကို လှမ်းယူလိုက်သည် ။

သို့သော် နား နားကပ်မည်ကြံပြီးမှ နာရီကို လည်း မြှောက်ကြည့်မိသည် ။

တွေခနဲ တစ်ချက်ဖြစ်သွား၏။

ဘယ်က ဖုန်းဖြစ်နိုင်သလဲဆိုတာ သူ တွက်လိုက်သည် ။

ငုံ့မကြည့်ဘဲ စာအုပ်ကို အသာပိတ်ကာ ဒရင်းဘတ်နောက်မှီမှာ လှဲချလိုက်ပြီး..

Saving screenshot

"ပြော... ပန်းရင့်..."

"ကိုကို..."

ပန်းရင့် ခေါ်သံလေးက တုန်ယင်အက်ကွဲကာ ငိုရှိုက်သံလေး စွက်နေ၏။

သူ တင်းခနဲ အံကြိတ်၍ မျက်မှောင်ကုတ်မိသည် ။

"ကိုကိုရယ် ပန်းရင့်လေ ပန်းရင့် ကိုကို့ ကိုပဲချစ်တာ"

ရှိုက်သံလေး ပွင့်ထွက်လာသည် ။ သူ ငြိမ်သက်နေလိုက်၏။

"ကိုကို.. ပန်းရင့် ပြောတာ ကြားရဲ့ လားဟင်..."

"အင်း..."

"ပန်းရင့် .. ကိုကို မေးတာကို မဖြေနိုင်ခဲ့တာ ရွေးရခက်နေလို့ မဟုတ်ပါဘူး.. ကိုကို

Saving screenshot

ပန်းရင့် ကိုကို့ ကိုပဲ ချစ်ခဲ့ ရွေးခဲ့တာပါ.. ဒါပေမဲ့"

"ပန်းရင့် ဒါပေမဲ့ ကို ကိုယ်မလိုချင်ဘူး မင်းအပေါ် ခုထိလည်း ကိုယ် မပြတ်သားနိုင်သေးဘူး ဒီတော့ အခု ကိုယ်တို့ ပြတ်သားကြမယ်.. မင်း ဘယ်လိုဆုံးဖြတ်မှာ လဲ..."

ဖုန်းထဲမှာ ရှိုက်သံလေး လွင့်မျောလာကာ စကားသံလေး ခေတ္တပျောက်ကွယ်သွားခဲ့၏။

"ကိုကို..."

"ပြော..."

"ပန်းရင့် ကိုကို့ကို ချစ်ပေမယ့် ပန်းရင့်ဟာ အုပ်ထိန်းမှုဘက်မှာ ပဲ ရှိနေသေးတဲ့ မိန်းကလေးတစ်ယောက်ပါ ဟိုနေ့က ပန်းရင့်နားက လူဟာ လူကြီးချင်း သဘောတူထားတဲ့ ဒေါက်တာ သဲမောင်ဆိုတဲ့ လူပဲ..."

Saving screenshot

“အဲဒါ ကိုယ် မသိချင်ဘူး... မိန်းမတစ်ယောက်အတွက် အများ ရှေ့မှာ ခြေစုံရပ်ပြီး ပန်းကုံး အစွပ်ခံရဖို့ ယှဉ်ပြိုင်ရွေးချယ်ခံဖို့ ထိလည်း ကိုယ် မကြောင်ချင်ဘူး.. မင်းရဲ့ အမိက ကဘယ်သူလဲ”

“ကိုကိုပါ”

“ဒါဆို မင်း ကိုယ့်ဆီ လာခဲ့ပါ”

“ရှင်”

“ကိုယ်ပြောတာ မင်းကို တန်ဖိုးမထားလို့ မဟုတ်ဘူး .. မင်းကို ပိုင်ထားချင်တာ”

“ပိုင်ချင်ရင် မမဆီမှာ ”

“နေဦး”

မိန့်ခွန်းက ဖုန်းကိုင်ထားရင်း မတ်ခနဲ ထထိုင်လိုက်၏။

“အနားမှာ မင်းအစ်မ ရှိနေသလား ပန်းရင့်

Saving screenshot

..”

ပန်းရင့် ခေတ္တ တိတ်သွားပြန်သည်။

“ကိုကို .. ဘာပြောချင်လို့ လဲ ဟင်.. မမနဲ့ ပြောချင်လို့ လား..”

“မင်း .. ကိုယ်မေးတာကိုပဲဖြေပါ... ဘာဖြစ်လို့ ပြန်မေးနေတာလဲ”

“ခပ်လှမ်းလှမ်းမှာ မမရှိပါတယ်”

မိန့်ခွန်းက လူမမြင်သော်လည်း နှုတ်ခမ်းတွန့်၍ မဲ့ပစ်လိုက်သည်။

“မင်းကို သူ့ဆီမှာ လာတောင်းမယ်ဆိုရင် ပေးစားမယ်လို့ မင်းအစ်မက လမ်းဖွင့်ပေးလိုက်တယ် ထင်တယ် ဟုတ်လား...”

ဖြေသံအစား ပန်းရင့်၏ ရှိုက်သံလေးကသာ အူလှိုက်အသည်းလှိုက် ထွက်ပေါ်လာခဲ့သည်။

Saving screenshot

မိန့်ခွန်းက ပန်းရင့်၏ ရှိုက်သံလေးတွေ လျော့ပါးသွားသည် အထိ တိတ်ဆိတ်စွာ စောင့်နေပြီးမှ ...

“ပန်းရင့် မင်းမဆုံးဖြတ်နိုင်ဘူးဆိုတာ ကိုယ် နားလည်ပြီ ဒီတော့ ကိုယ်ဆုံးဖြတ်မယ် မင်း ကိုယ့်ဆီ လာခဲ့မလား ပေးစားတဲ့ သူကို ယူမှာ လား”

“ကိုကို့ကိုပဲ လက်ထပ်ချင်ပါတယ်..”

“ကိုယ်လည်း မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ... မင်းကိုယ့်ဆီ လာခဲ့ပါ.. မင်းနဲ့ ကိုယ်ရဲ့ မင်္ဂလာပွဲအတွက် မင်း စိတ်တိုင်းကျဖြစ်စေရမယ်... မင်းအစ်မ ကျေနပ်အောင်လည်း ကိုယ် ကြိုးစားဖြည့်ဆည်းပေးမယ်.. မင်းစိတ်ချမ်းသာအောင် ကိုယ့်ဘက်က အစွမ်းကုန် လိုက်လျောမယ်ကွာ.. ဒါပေမဲ့ အားလုံးဟာ မင်း အခု ချက်ချင်း ကိုယ့်ရင်ခွင်ထဲကို ခုန်ဆင်း လာပြီးမှ

Saving screenshot

ကိုယ်က ပြန်ပေးမှာ တွေ.. ဘာဖြစ်လို့ လဲဆို .. မင်းကိုရဖို့ .. မင်းအစ်မရှေ့မှာ ကိုယ် ဘယ်တော့မှ ဒူးထောက်မှာ မဟုတ်ဘူး .. မင်း အစ်မရဲ့ မျက်လုံးတွေထဲမှာ ဒီပြဿနာနဲ့ မပတ်သက်ဘဲ ကိုယ့်ကို အစကတည်းက ပုတ်ခတ်နှိမ့်ချချင်နေတဲ့ အနိုင်ရယူလိုမှုတွေ ပြည့်သိပ်နေလို့ ...”

“ကိုကို.... အဲဒါ..”

“ထပ်ပြောမယ်.. ပန်းရင့်.. မင်းကို မင်းအစ်မဆီမှာ တောင်းယူမှ ရမယ်ဆိုရင် ကိုယ် လာခေါ်ရမလား... ဒီဖုန်းချလိုက်တာနဲ့ မေ့ပစ်ဖို့ ကြိုးစားရမလား...”

ကိုကို့ဘက်က အဲသလောက်ထိ လွယ်သလားဟင်...

“ကိုယ် ဘယ်သူကိုမှ အရှုံးမပေးခဲ့သေးဘူး ...”

Saving screenshot

"မမမှာ ဒီသဘောမရှိပါဘူး ကိုကိုရယ်..."

"ပန်းရင့် ကိုယ်မေးတာ ဖြေလေ"

ပန်းရင့် ခဏမျှ တိတ်ကျသွား၏။

"ပန်းရင့် စဉ်းစားပါရစေဦး... ကိုကို..."

"အဲဒီလို ရွေးချယ်ခံဖို့ ကိုယ် စိတ်မဝင်စားဘူး ပန်းရင့် ရိုးရိုးလေးပဲ မင်းဆုံးဖြတ်လိုက်ပါ..."

သူ ဖုန်းချပစ်လိုက်သည်။

တစ်ဖက်မှာ ကိုင်ထားဆဲရှိသည့် ပန်းရင့်၏ လက်ကလေးတွေ တဆတ်ဆတ်တုန်ကာ မတ်တတ်ရပ်လိုက်သည့် ရိပ်ကို လှမ်းကြည့်လိုက်စဉ် ကြေကွဲ ပျက်စီးသွားသည့်စိတ်ကြောင့် ကိုယ်က ယိုင်ခနဲ ဖြစ်သွားသည်။

"ညီမလေး"

ရိပ် ချက်ချင်းအနားရောက်သွားပြီး ပန်းရင့်

Saving screenshot

ကိုယ်လေးကို စိုးရိမ်တကြီး ပွေ့ထားလိုက်သည်။

"ညီမလေးရယ်.. သူက ဘာပြောလို့ လဲ.. ဘာဖြစ်လို့ ဒီလောက်ထိ ပျော့ညံ့ရတာလဲ ဟင် …. တောက်…"

ပန်းရင့်သည် သူမ ပခုံးတစ်ဖက်မှာ မျက်နှာလေးအပ်၍ တအား ငိုရှိုက်နေရှာသည်။

ဒေါသတွေ မခံရပ်နိုင်ခြင်းတွေ စုပြုံတိုးဝှေ့နေရင်း ညီမငယ်ကိုလည်း သနားနေမိသည်။

နုငယ်သည့် ညီမလေး၏ နှလုံးသားဟာ ပထမဆုံးသော အချစ်ပန်းကို သူလိုလူမျိုးထံမှာ ဘာဖြစ်လို့ များ ဦးစွာ မြှုပ်နှံခဲ့တာလဲ။

မမရယ် .. ကိုကို့ကိုလေ ပန်းရင့်က စချစ်ခဲ့တာ သိလား။

www.mmyanmarbooks.com

Saving screenshot

သူက မမပြောသလို လူသိများ တဲ့ သူ ပေါ်လွင်တဲ့ သူဆိုတာ ဟုတ်လိမ့်မယ် ရှုပ်ရှုပ်ပွေပွေတော့ မဖြစ်နိုင်ပါဘူး... ပန်းရင့်က စတာတောင်မှ သူက အစက ဂရုစိုက်ခဲ့တာ မဟုတ်ဘူး ...

စပြီး ရင်ဖွင့်လာစဉ်ကတည်းက ဒါတွေကိုကြားပြီး ညီမလေးဘက်က ပေးဆပ်မှုတွေချည်း ဖြစ်တော့မည်ကို သူမ တွက်ခဲ့ပြီးသား...

ညီမလေးဟာ လိုချင်သည့် ကစားစရာအရုပ်တစ်ရုပ်လို ရလိုက်၍ ကျေနပ်ပျော်ရွှင်နေသလို မျိုးပါ... ဒီအတွက် ဘာတွေ ပဲ့ကြွေသွားသလဲ.. ဘာတွေ ပေးဆပ်ရဖို့ ရှိသေးလဲ... ဘာဆိုဘာမှ မတွေးခဲ့လေသူ....

တွေးမိလေ... စိတ်နာလေ...

ဒီလူပြောသမျှ စကားအမူအရာ အယူအဆအ ားလ ုံးထ ဲမ ှာ နက်နဲတည်ကြည်သော

Saving screenshot

ချစ်ခြင်းကို သူမ ရှာမတွေ့ခဲ့ပါ..

သူက ဘာကိုချစ်တာလဲ...

"ညီမလေး... ညီမလေးကို သူ ဘာပြောသလဲ သူက မမဆီမှာ လာမတောင်းနိုင်ဘူးတဲ့လား..."

ပန်းရင့်သည် ငိုရှိုက်ရင်း ခေါင်းညိတ်ကာ သူမ၏ ခါးကို တင်းကျပ်စွာ ဖက်ထား၏။

ရိပ်... ရင်ထဲမှာ ဆို့နင့်သွားသည် ။

သူမ တစ်ကွက်မှားသွားခဲ့ပြီး သူ တကယ်တမ်း ပန်းရင့်ကို မြတ်နိုးမိရင်တော့ ပြိုင်ဘက်ကို မြင်တာနှင့် သူမရှေ့ကို မုချရောက်လာမှာပဲဟု တွက်ခဲ့မိသည် ။

ဤကဲ့သို့ ရောက်လာခဲ့လျှင် လုလုပပကြီး အနိုင်ယူလိုက်မည်ဆိုသည့် အကြံမျိုးတော့ သူမမှာ တကယ်မရှိခဲ့ပါ။

Saving screenshot

သူ ကိုယ်တိုင် လိုလားစွာ တောင်းခံလာသည် ဆိုလျှင် ယုံကြည်လို့ ရပြီ..

ညီမလေးကို အလိုလိုက်ဖို့ ခွင့်လွှတ်သည်းခံဖို့ ကိုယ့်ရှေ့ရောက်လာမှ ပိုင်နိုင်စွာ ပြောဆိုနိုင်မှာ မို့ လာတောင်းပါလို့ တမင်ကြေငြာခဲ့တာဖြစ်သည်။

ညီမလေးကို စိတ်ချချင်တာ ညီမလေးကို ချစ်တာတစ်ခုတည်း

အခုတော့ ထိုသို့မဖြစ်ခဲ့... ကြေငြာပြီးမှ ပြန်လျှော့ရခက် ရှေ့ဆက်ရခက်....။

"သူ.... သူက ပြတ်ပြတ်သားသား လမ်းခွဲသွားပြီလား ဟင်...."

မရဲတရဲ ထပ်မေးမိတော့ ပန်းရင့် ခေါင်းညိတ်လိုက်သည် ။ ရင်ထဲမှာ ဖျင်းခနဲ ပူလောင်သွားကာ နှုတ်ခမ်းသားတွေ နာကျင်လာသည် အထိ ဖိကိုက်ပစ် လိုက်မိ၏။

Saving screenshot

အလကား ယောကျ်ား...။

*

www.mmyanmarbooks.com

Saving screenshot

## အခန်း (၁၂)

စိတ်ကစောနေသည် မို့ နာရီကိုလည်း ငုံ့ကြည့် အခန်းထဲက အဆင်အပြင်ကိုလည်း အကဲခတ်ကာ ခလုတ်တိုက်မတတ် ဝင်လာခဲ့မိသည် ။

သတင်းစာထဲက လိပ်စာကတော့ ဒီနေရာပဲဖြစ်သည် ။

အပြင်မှာ လည်း ကားရပ်ထားတာတွေရှိသည် ။

အထဲရောက်တော့ စားပွဲအသီးသီးမှာ လူတွေ ရှိနေကြပြီ…

ရိပ် မျက်လုံးကို အလျင်အမြန် ရွှေ့ကစား

Saving screenshot

ကာ ရှေ့ဘက်ထောင့်ကျကျ လူမရှိသေးသည့် စားပွဲမှာ သွားထိုင်လိုက်သည် ။

ဒီလေလံပွဲမှာ သူမ စိတ်ကူးထားသည့် ပစ္စည်းပါပါစေ..

ကိုယ် နိုင်တဲ့ ဈေးနဲ့ ရပါစေ...

မျက်နှာလေးကို တည်တင်းထားရပေမယ့် စိတ်ထဲမှာ ယောက်ယက်ခတ်နေသည် ။ ညီမလေးနှင့် ကိုသဲတို့ လက်ထပ်ကြတော့မည်။

စေ့စပ်ဖို့ ကို လက်ခံခဲ့စဉ်က မိန့်ခွန်းကို နာကျည်းခဲ့တာ ဖြစ်ပေမယ့် ခုချိန်မှာ တော့ ကိုသဲ၏ နားလည်ခွင့်လွှတ်၍ အလိုလိုက် ချော့မော့နိုင်လွန်းသော မေတ္တာရေစီးမှာ ညီမလေး နေသာထိုင်သာ မျောနေတတ်ပြီ။

လက်ထပ်ဖို့ က မမ သဘောကျသလို စီစဉ်ပါတဲ့ ...

Saving screenshot

ကိုသဲနဲ့ သာဆို သူမ စိတ်ချလက်ချ လက်ထပ်ပေးဖို့ အစကတည်းက ရည်ရွယ်ထားပြီးသား...

ဒါပေမဲ့ လက်ထပ်ဖို့ နေပါဦးလို့ ကိုသဲ မိဘတွေကို အချိန်ဆွဲထားခဲ့သည် ။

ညီမလေးအတွက် တင့်တင့်တယ်တယ် ဖြစ်စေချင်လို့ ပါ...

မင်္ဂလာစရိတ် လက်ဖွဲ့ဖို့ ကိစ္စအားလုံးကို ကိုသဲတို့ ဘက်က တာဝန်ယူကြမည်ဖြစ်ပေမယ့် ညီမလေးမျက်နှာ မငယ်ရအောင် သူမဘက်ကလည်း ထည်ထည်ဝါဝါလေး လက်ဖွဲ့ချင်သည် ။

အန်တီမာ တို့ ဘက်ကလည်း တစ်ဦးတည်းသောသားမို့ သျှောင်နောက်ဆံထိုးပါ ဖြစ်စေချင်ကြသည် ။

စီးဖို့ ကား ရတနာအစုံ အားလုံးလက်ဖွဲ့စာ

Saving screenshot

ရင်းထဲမှာ ခြံနဲ့ တိုက်တော့ မပါပေ။

မိန်းမသားချင်းမို့ ညီမလေးအတွက် သူမ ကြိုတင်ပူပန်မိသည် က ယောက္ခမနှင့် ချွေးမ အစဉ်သဖြင့် သင့်မြတ်သွားကြတာ ရှိဖူးသလား... ရှိခဲ့လျှင်တောင် ရှားပါလိမ့်မည်။

ကိုယ့်ဆီမှာ ခေါ်ထားတော့ရော တစ်ဘက်က ကျေနပ်မှာ မဟုတ်။

ထို့ကြောင့် လက်ထပ်ပြီးစမှာ တော့ ရှိပါစေတော့...

မင်္ဂလာဆောင်အမီ ခြံတစ်ခြံ သို့မဟုတ် မြေကွက်တစ်ကွက် ရအောင်ဝယ်မည်။ တစ်ထပ်တိုက် လုံးချင်းလေး အမြန်ဆောက်နေတုန်းနှင့် လက်ထပ်ပေးလိုက်မည်။

တိုက်ဆောက်ပြီးသွားသည့်အချိန်မှာ ညီမလေး ဆန္ဒအတိုင်း အိုးအိမ်ခွဲနေလိုလျှင်လည်း အဆင်သင့်ရှိနေလိမ့်မည်။

သူမ လက်ဖွဲ့ကြောင့် ညီမလေး ထည်ဝါမှုရှိသွားမည်။

လိုချင်တာက ဒါပဲဖြစ်သည် ။

မိဘကျန်ခဲ့သည့် အမွေတွေရော နောက်ထပ် သူမ ကြိုးစားထားသမျှအားလုံးဟာ ညီမလေး အတွက်ပါပဲ...

လှသလောက် နူးညံ့တတ်လွန်းသည့် ညီမလေး ဘဝ အစစအရာရာ ပြည့်စုံဖို့ သာ အမိက သူမအတွက်က နေစရာလေး ကျန်ခဲ့ရင်ပဲ တော်ပါပြီ။

ဒီလေလံပွဲကို လာဖို့ အတွင်းပစ္စည်းအချို့ကို ထုခွဲခဲ့ရသည် ။

လေးလေးက တားပါသည် ။

"မမာတို့ က တို့ တွေကို နားလည်နေတဲ့ သူတွေပဲ သမီးရယ် ပြီးတော့ နှစ်ဦးနှစ်ဖက်စလုံး

Saving screenshot

က တစ်ဦးတည်းသော သားသမီးတွေပဲ ဥစ္စာ၊ မိဘအိမ်က သူတို့ အိမ်ပဲပေါ့... ဘာဖြစ်လို့ အသစ်ထပ်ထူထောင်မှာ လဲ...”

လေးလေးတားတာကို ရိပ် ဂရုမစိုက်ခဲ့ပါ။

မှန်တယ်ထင်၍ ဆုံးဖြတ်ပြီဆို ဘယ်သူ တားတား နောက်မဆုတ်တတ်သည့် ဘဉ်က အိတ်ထဲမှာ ငွေအပြည့်ထည့်၍ ဒီနေရာထိ ရောက်လာခဲ့တာဖြစ်သည် ။

ရိပ် စိတ်လှုပ်ရှားနေသောကြောင့် ပြာလဲ့လဲ့ နေကာ မျက်မှန်လုလုလေးကို ထုတ်တပ်လိုက်သည် ။

ထိုအခါကျမှ ကိုယ့်စိတ်ကိုယ် လုံခြုံသွားကာ တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်မိ၏။

ဟင်... သူ... သူ ဟုတ်ရဲ့ လား...

ရိပ် လှမ်းမြင်လိုက်သည့် အချိန်မှာ ပဲ မိန့်ခွ

Saving screenshot

န်း၏ မျက်နှာတစောင်းက ပခုံးစွန်းမှာ မေးဖျားကပ်သွားသည် အထိ ငုံ့စောင်း၍ မျက်မှန်ကို လက်ညှိုးနှင့် ထောက်ပင့်ကာ သူမထံသို့ စွေစောင်းကျရောက်လာသည် ။

သူက ရှေ့ဆုံးစားပွဲမှာ မို့ နောက်ဖက်ကျသည့် ရိပ်ကို စောင်းငဲ့ကြည့်မှ မြင်ရသည် ။

"ဘယ်နှယ့် လည်ပင်းကြီးလိမ်ပြီး မျက်မှန်ကို ပင့်လို့ ငေးလှချည်လား ဆရာရဲ့ … ဟဲ့… ဟဲ့…"

ကိုနေမင်းက ပုစွန်ဆီရောင်တီရှပ်ပွပွ ဆံပင်ဖားလျားလေးနှင့် မျက်မှန်ပြာလေး တပ်ထားသည့် ရိပ်ထံသို့ ခပ်ဝေ့ဝေ့ကြည့်ပြီး စသည် ။

သူ ခပ်လွန့်လွန့် ပြုံးကာ မျက်မှန်ကို ပြန်ချလိုက်၏။

"ကေန္တ လေလံပွဲကို ကြည့်ရုံသက်သက်ပဲ လာတာဆိုတော့ ဒီပြင့် အစီအစဉ်တွေ ရှိလို့ ပဲ

Saving screenshot

ဖြစ်မယ်... ကိုမိန့် ခင်ဗျား မလျှိုနဲ့ နော်..."

"မဟုတ်ပါဘူးဗျာ.. ကိုယ်သိတဲ့ မိန်းက လေးလားလို့ ကြည့်တာပါ..."

" မဟုတ်ဘူး လား..."

သူ ခေါင်းခါလိုက်သည် ။

ထိုစဉ်မှာ ပင် လေလံပွဲစကော ပစ္စည်းတွေ တစ်မျိုးပြီးတစ်မျိုး ဈေးပြိုင်ပေးကြ တစ်ယော က်ကို တစ်ယောက် ငဲ့ကြည့်ကြ အံကြိတ်ကြန ှင့် ခန်းမထဲမှာ ဆူညံနေသည် ။

ဒီလူ ဘာလာလုပ်တာလဲ...

ဘာပစ္စည်းမှ လည်း ဝယ်တာမဟုတ်ဘဲနဲ့ သက်သက်လာကြည့်တာလား...

တစ်ချက်မှ ပြန်လှည့်မကြည့်တော့ဘဲ အနီ ရဲရဲ စပို့ရှပ်အနက်စင်းကို ဝတ်ထားသော နှာ တံချွန်ချွန်ကိုသာ မြင်နေရသည့် သူ့ထံသို့ ရိပ်

Saving screenshot

စိတ်မချစွာ မကြာခဏ လှမ်းကြည့်နေမိသည်
။

မျှော်လင့်ချက်များ စွာနှင့် အားခဲလာခဲ့သော စိတ်တို့ သည် ခပ်စောင်းစောင်း လှည့်ကြည့်၍ ပြုံးလိုက်သော နှုတ်ခမ်းများမှာ မရှုနိုင် မကယ်နိုင် ဖြစ်ကျန်ခဲ့ရသည် ။

စိတ်ထဲမှာ တစ်စုံတရာ ဖြစ်တော့မလိုလို လေးလံသွားခံမိ၏။

"ဒီတစ်ခါ ကျွန်တော်တို့ အင်းလျားလမ်းမြေကွက်အမှတ်( ) ကို မြန်မာငွေ သိန်းနှစ်ထောင်ပဲ သတ်မှတ်ထားပါတယ်
..."

"နှစ်ခွဲပေးမယ်"

ဩရှသည့် မိန်းမအသံတစ်သံက ပြတ်သားစွာ ထွက်ပေါ်လာသည် ။

Saving screenshot

“သုံးထောင်...”

ရိပ် ကိုယ်လေး မတ်ခနဲ ဖြစ်သွားၿ၏။

အကြည့်တို့ သည် ထိုကျောပြင်သို့ ဝေ့ခနဲ ဖြတ်သန်းကာ စင်မြင့်ထက်သို့ ပြန်ရောက်ပြီး ...

“သုံးခွဲ...”

“လေးခွဲပေးတယ်”

နောက်ထပ် ဘာသံမှ ထွက်မလာသောအခါ မိန့်ခွန်း နှုတ်ခမ်းအနည်းငယ် ညွတ်ကျလျက် ပိုင်နိုင်သော အပြုံးတစ်ခု ဖြစ်ထွန်းသွားၿ၏။

“ပေတစ်ရာ့ငါးဆယ် တစ်ရာ့နှစ်ဆယ်လောက်ကို ဒီလောက်မပေးသင့်ပါဘူး...”

“မြေချည်းပဲ ဘာလုပ်ဖို့ လဲ .. နောက်ထပ်ကုန်မှာ နဲ့ သေပြီပေါ့”

www.mmyanmarbooks.com

Saving screenshot

"နေရာအကွင်းအကွက်ကောင်းလို့ ဖြစ်မှာပေါ့"

ဝေဖန်သံတွေ လှိုင်ထွက်လာပေမယ့် နောက်ထပ်ဈေးကို မေးသံ ထွက်ပေါ်မလာတော့ပေ။

"ဒါဆိုရင် လေးခွဲနဲ့ ပဲ ရောင်းချဖို့ အတည်ပြုလိုက်ပါပြီ"

လေလံပွဲက ပြန်လာကြတော့ ဒေါ်သများ ရှန်းကြွကာ မာန်မာနများ နှင့် သေလုမျောပါး လုံးထွေးနေသော ခြေလှမ်းများ သည် ကျောနောက်က စကားသံများကြောင့် မီးရှို့ခံလိုက်ရသည့် ဆားမှုန့်များ လို ဖြိုးဖြိုးဖျောက်ဖျောက် လွင့်ခါစဉ်ထွက်ကုန်၏။

"ဘယ်နှယ့်
သက်သက်လာကြည့်တာပါဆိုပြီးတော့ ချက်ချင်း လက်ငင်းကြီး မြေကွက်ထဝယ်လိုက်တာ

ကိုယ်ဖြင့် အံ့ဩသွားတာပဲ .. တစ်ယောက်တ ည်း တိုက်ကြီးတစ်လုံးနဲ့ နေပြီး ခြံထပ်ဝယ်တာ ဘာလုပ်ဖို့ လဲ... ဟဲ..ဟဲ.. စုဆောင်းနေတာ မရိုးတော့ဘူးထင်တယ်"

"ရိုးရိုးလေးပဲ .. ဒါ ကိုယ့်အတွက် ရင်ခုန် လောက်စရာ မရှိဘူး"

"ဒါပေမဲ့ ဟိုအမျိုးသမီးတော့ တိတ်ကျသွား တာပဲနော်... မတန်ဘူးလို့ ထင်လို့ လား.. မတ တ်နိုင်တော့တာလား မသိဘူး.."

ရိပ် ... တုံ့ခနဲ ရပ်ပစ်လိုက်ပြီး နောက်ကို ဆတ်ခနဲ လှည့်ရင်ဆိုင်လိုက်သည် ။ သန်မာထွားကျိုင်းသော ယောက်ျားကြီးနှစ် ယောက်ပုံကို စပ်ဆုပ်ရွံရှာဖွယ် မစင်ပုံတစ်ခု လို စုန်ချည်ဆန်ချည် ရှုံ့မဲ့ ကြည့်လိုက်ပြီးမှ ...

"မတတ်နိုင်လို့ မဟုတ်ဘူး ... မတန်လို့ မဝ ယ်တာ နားလည်လား.. ငွေပေါတိုင်း လေလံပွဲ

Saving screenshot

မှာ လာထိုင်ပြီး ရှုးကြောင်မှုးကြောင် ဖြုန်းတီး ပစ်ဖို့ ထိ … ကျွန်မက မရှူးဘူး… မိန်းမပေမ ယ့် ကြိုရာကျရာ နေရာမရွေး သူများကို အလဲ ထိုးဖို့ ခြေခွေးချောင်းသလို ချောင်းနေတတ်တဲ့ ယောကျ်ားတွေလောက်…
အောက်တန်းမကျချင်လို့ နောက်ဆုတ်ခဲ့တာ… ဟွန့်… သိပ်အားရမနေနဲ့ ဦး"

မိန့်ခွန်းက မျက်ခုံးနှစ်ဖက် တွန့်ခနဲ ဖြစ်သွားကာ ရိပ် မျက်နှာလေးကို စူးစူးရဲရဲ စို က်ကြည့်သည်။

"မင်း သိပ်ခံစားနေရတယ် ထင်တယ်… အ ဟွန့် လူတစ်ယောက်ရဲ့ စိတ်ဓာတ်အဆင့်အတ န်းကို ဒေါသနဲ့ တိုင်းတာလို့ ရတယ်ဆိုတာ မ မေ့နဲ့ နော်…"

သူက လှောင်ရိပ်ဖြင့် ပီပြင်စွာ ပြုံးလိုက်သ ည်။

Saving screenshot

"ဒီနေရာကို ငွေဖြုန်းနိုင်တဲ့ သူတွေမှ လာကြတာ မဟုတ်ဘူး လား.. ကိုယ် ဖြုန်းနိုင်လို့ ဖြုန်းတာ မင်း မဝေဖန်သင့်ဘူး ထင်တယ်..."

"မဝေဖန်ချင်ပါဘူး.. ရှင်တို့ လည်း ယောကျ်ားတန်မယ့် သူများကို မဝေဖန်နဲ့ အတင်းမပြောနဲ့ ကိုယ့်အကြောင်း ကိုယ်ပြောပြီး အေးအေးဆေးဆေးပြန်.."

ရိပ် ပြောချင်ရာပြောပြီး ချာခနဲ လှည့်ထွက်သွားသည် ။

ကားပေါ်တက်၍ မောင်းထွက်သွားသည် အထိ ငေးမောကြည့်နေခဲ့သည် ။ ကိုနေမင်းက ကြောက်လန့်သွားသလို ပခုံးကို တွန့်လိုက်သည် ။

"စွာလိုက်တာ အံ့ရောပဲ တကယ့် မီးခဲလေး နော်..."

Saving screenshot

မိန့်ခွန်း ဘာမှ မပြောဘဲ ပြုံး၍ ခြေဦးထိပ်နားက ကျနေသည့် ဟောင်းနွမ်းနေပြီဖြစ်သော စက္ကူစွန်လေးကို ခပ်သာသာ လွှဲခတ်ပစ်လိုက်သည်။

စက္ကူလေးက ဝေ့ခနဲ လွင့်သွားသော်လည်း ခြေထောက်နားမှာ ပဲ ဝပ်စင်းကျလာခဲ့သည်။

မင်းဟာ ဒေါသ မာနတွေနဲ့ လူတိုင်းကို စီးမိုးချင်နေတဲ့ မိန်းမ မဟူရာရိပ်...

*

Saving screenshot

## အခန်း (၁၃)

"ဝက်သားတုတ်ထိုးတွေ မစားပါနဲ့ ပန်းရင့်ရယ် ကလီစာတွေဆို ပိုဆိုးသေးတယ် သူတို့က အသားလို မာတောင့်တောင့်နဲ့ ရောင်းပန်းလှအောင် ရေဆူရုံလေး ပြုတ်ထားတာ အသားတွေက အဲဒီလောက် ပြုတ်ရုံနဲ့ ပိုးသေတာ မဟုတ်ဘူး ပန်းရင့်ရဲ့ ... သံတွေ တွယ်မယ် ရောဂါရမယ်.."

"ဟာ.. ဒါဆို လူတိုင်းပဲ ရောဂါသည် တွေဖြစ်ကုန်ပြီပေါ့ ကိုသဲက နေရာတကာ သိပ်ချုပ်ချယ်တာပဲ စားမှာ ပဲ သွား..."

"ပန်းရင့်က လိမ္မာပါတယ်ကွာနော် ကိုသဲ

Saving screenshot

ကျွဲကောသီးဝယ်လာတယ် အမြွှာလေးတွေ သေသေချာချာ ထုတ်ပေးမယ်... စားပါ မာမီ လုပ်ပေးလိုက်တာကွ အဲဒါ စားနော်... ကိုသဲ က စေတနာနဲ့ ပြောတာပါ.. မဆိုးရဘူး... လာ နော်.."

အခန်းထဲက ထွက်ခါနီးမှ ခြံထဲကနေ အိမ်ပေါ်တက်လာကြသည့် ကိုသဲနှင့် ပန်းရင့်တို့ အသံကြောင့် ရိပ် နောက်ပြန်ဆုတ်လိုက်မိသည်။

ပန်းရင့် ဝက်သားတုတ်ထိုး စားဖို့ ဆင်းသွားလို့ ကိုသဲ ပြန်ခေါ်လာတာ ဖြစ်မည်.. ကျွဲကောသီးလည်း ကြိုက်သည့် ပန်းရင့် စူပုတ်ပုတ်လေး ပြန်ပါလာတာကို ခန်းဆီးလေး အသာဟကြည့်ရင်း ရိပ် ပင့်သက်ချမိရသည်။

လက်သာရာမှာ ကျေနပ်သွားတတ်တဲ့ ကလေးလိုပါပဲလား ညီမလေးရယ်...

ရှုးရှုးမှူးမှူး ချစ်တတ်သလောက် တစ်ခါတ

Saving screenshot

လေ သတိရချိန် မရှိလောက်အောင် ခဏခဏ ဖုန်းဆက် မကြာမကြာ ရောက်လာတတ်သည့် ကိုသဲ၏ အလိုလိုက် ယုယမှုများကြားမှာ ညီမလေး ပြုံးပြုံးရယ်ရယ်လေး ဖြစ်သွားတတ်လာခဲ့ပြီ။

ကိုသဲကတော့ ပန်းရင့်ကို ငယ်သံယောဇဉ်တွေနဲ့ ရစ်ပတ်ချည်နှောင်ခဲ့တာမို့ တစ်ခုလပ်အသည်းလေးကို ကွက်လပ်မဖြစ်ရအောင် တတ်စွမ်းသရွေ့ ပြင်ဆင်မွမ်းမံယူဖို့ ကြိုးစားနေရှာသည် ။

ပန်းရင့်ကို ချစ်လိုက်ပုံများ ချီပွေ့ချော့မြူတော့မတတ်ပါ။

"ပန်းရင့် .. ညည အိပ်လို့ ပျော်ရဲ့ လားဟင် ... မျက်နှာလေး ပြန်ပြည့် လာပြီးသားကို ဒီနေ့ ကြည့်ရတာ မျက်ကွင်းလေးတွေ ချောင်သွားသလိုပဲ.."

“အိပ်တော့ အိပ်တာပဲ..”

ဆ ိုဖ ၁ပေ ါမ ၂၁ နှစ်ယောက်တွဲ ထိုင်ကြည့်ရင်း ကျွဲကောသီးကို အခွံခွာကာ ခွံ့ကျွေးမတတ် ဖြစ်နေကြသည် မို့ ရိပ် အသာလေး အပေါ်ထပ်တက်သွားတာကို မသိလိုက်ကြ။

“ကိုသဲ”

“ဟင်”

“ကိုသဲက ဆရာဝန်ဆိုပြီး ပန်းရင့်ကို ရောဂါရှာတဲ့ မျက်လုံးနဲ့ ပဲ ကြည့်နေတော့မှာလား”

“ဟောဗျာ...”

“ရောက်လာရင် ဟိုဟာ မစားနဲ့ ဒီဟာ သွားစား ရေချိုးတာ ဘယ်လိုဘာညာ.. ပိန်သွားတယ် ပြန်လာတာနဲ့ သိပ်စိတ်ညစ်တာပဲ”

Saving screenshot

“ဟား.. ဟား… ဟား…”

သဲမောင်က သဘောကျသွားသလို ခေါင်းမော့ရယ်၍ ပန်းရင့် နှုတ်ခမ်းစူနေတာလေးကို ငေးကြည့်သည် ။

“အဲဒါ အရိပ်တကြည့်ကြည့် ချစ်နေလို့ ပေါ့ … ပန်းရင့်လေးရယ်.. ပြီးတော့ ကိုသဲ ရင်ထဲမှာ ရှိနေတာတွေကို မပြောမိ မမေးမိအောင် ကိုသဲ အချစ်တွေ အကြင်နာတွေကို ဒီပြင့်နည်းနဲ့ ဖွင့်ပြရတာပေါ့…”

“ဟင့်အင်း.. တခြားအကြောင်းပဲ ပြောပေါ့”

“ဒါဆို ပြောမယ်.. ပန်းရင့် စိတ်မညစ်သွားနဲ့ လေ ဘယ်လိုလဲ”

ပန်းရင့် သဲမောင်ကို ဖျတ်ခနဲ လှည့်ကြည့်သည် .. တစ်စုံတစ်ခုကို ပြောရန် အားယူရင်း ငုံ့ကျလာသည့် သဲမောင်၏ မျက်နှာနှင့် ခလုတ်တိုက်ကာ မထင်မှတ်ဘဲ ပန်းရင့် ပါးပြင်မို့မို့

Saving screenshot

လေးထက်သို့ နှာခေါင်းချွန်ချွန်က လိုတာထက် ပိုမို၍ နစ်ဆင်းသွားခဲ့၏။

"အို..."

တမင်တာကာ မဟုတ်မှန်း ပန်းရင့် သိသည် ။

ရက်ရှုံ့ခြင်းများကြောင့် တစ်ကိုယ်လုံး ထူပူရှိန်းပိန်းသွားသည် ။ အစက တမင်တကာ မဟုတ်ပေမယ့် လှုပ်ရှားသွားသည့်စိတ်နှင့် သဲမောင်က ပန်းရင့် ပခုံးလေးကို ဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်၏။

"သိပ်ချစ်တာပဲ ပန်းရင့်ရယ်..."

နောက်ထပ် ခယ တောင်းဆိုလာနိုင်သည့် အနမ်းများကို ပန်းရင့် လက်မခံရဲစွာ တွန်းထိုးရောင်ဖယ်၍ ထွက်ပြေးခဲ့မိသည် ။

ရှက်လိုက်တာ...

Saving screenshot

ပါးပြင်လေးတစ်ဖက်ကို ထိတ်လန့်စွာ ဖိအုပ်ထားမိကာ လေးလေး၏ စာကြည့်ခန်းထဲမှာ ရင်ခုန်သံများ နှင့် ရန်ဖြစ်နေမိသည် ။

ဒီလို အနမ်းမျိုး ကိုကို့ထံမှ သာ သူမ ရရှိခဲ့ပါလျှင် ခုလို ငြင်းဆန်မိပါ့မလား.. မျက်ဝန်းလေးတွေ ပိတ်ကာ ရှက်ရွံ့စွာ ပုန်းကွယ်နေမိမည်လား..

ဟင်အင်း... ပန်းရင့် မနေရဲဘူး.. ကိုကိုက တော့ ခုလိုမျိုး..

"ဒေါက်.. ဒေါက်.."

တံခါးခေါက်သံက ရင်ထဲသို့ ဒိန်းခနဲ ဝင်ဆောင့်သွားသည် ။

"ပန်းရင့်... ကိုသဲကို စိတ်ဆိုးသွားလားဟင် ... ကိုသဲ တောင်းပန်တယ်ကွာ.. ထွက်ခဲ့ပါ..."

"ဟင့်အင်း.. ကိုသဲ ပြန်ပါတော့.."

Saving screenshot

"မပြန်ဘူး.. ပန်းရင့် စိတ်ဆိုးနေတာကို တို့ ဒီအတိုင်း လှည့်မပြန်နိုင်ဘူး.. ကတိပေးတယ်.. တကယ် ပန်းရင့် ခွင့်မပြုဘဲ နောက် မနမ်း တော့ဘူးနော်... ထွက်ခဲ့ပါ ချာတိတ်ရာ ကိုသဲ မနေတတ်လို့ ပါ..."

ပန်းရင့် တံခါးမှာ ကျောလေးကပ်မှီရင်း တ အားခုန်နေသည့် ရင်အစုံကို လက်နှစ်ဖက်နှင့် ဖိထားနေရသည် ။

"ကိုသဲ .. ပန်းရင့် စိတ်...စိတ်မဆိုးဘူး ပြန် ပါတော့.."

"တကယ် စိတ်မဆိုးဘူးလားဟင်..."

"အင်းပါဆို..."

"တော်ပါသေးရဲ့ ကွာ..."

သဲမောင်သည် ပျောက်သွားရသည့် ရတနာ ပစ္စည်း ပြန်တွေ့သွားသလို တကယ် လှိုက်လှဲ

Saving screenshot

သော အသံကြီးနှင့် ပြောရင်း ရယ်လိုက်သေး သည်။

"ဒါဆို ကိုသဲ ကျွဲကောသီး တစ်စိတ်ကုန် အောင် နွှာပေးခဲ့ဦးမယ်.. ပြီးရင် ပြန်မယ်နော် ချာတိတ် ရှက်နေသေးရင် ခဏတော့စောင့်..."

"အို... ပြန်ပါလို့ ဆို.."

ပန်းရင့် တစ်ယောက်တည်း အံကြိတ်မိ လ က်သီးဆုပ်၍ တံခါးကို ထုမိနှင့် ရင်ထဲမှာ သာ ယာသလို ကြည်နူးသလိုလို...

ကိုသဲနဲ့ နေရချိန်လေးများ ဟာ စိတ်ညစ် ညူးဖွယ် မရှိခဲ့သည် ကတော့ အမှန်ပင် ဖြစ် လေသည်။

*

Saving screenshot

# အခန်း (၁၄)

သင်္ကြန်က လိုပါသေးသည် ။

ဒါပေမဲ့ ပိတောက်တွေကတော့ ပင်လုံးဝေ အောင် ဖူးငုံနေကြပြီဖြစ်သည် ။

မိုးလေသတင်းနှင့် သင်္ကြန်၏ အရိပ်က အကြိုတော်ထောက် လာပြီမို့ သင်္ကြန်အတွက် ပြင်ဆင်နေကြသူတွေလည်း အားကြိုးမာန်တက် ဖြစ်နေကြပြီ။

ကပ်လျက် ဘေးခြံထဲမှာ လည်း အဆိုတိုက်ကြ အကသင်ကြ။ အပေါ်ထပ် ဝရံတာပေါ်ကနေ တစ်ဖက်ခြံထဲမှာ များ ပြားစွာ ရှိနေကြသည့် ပိတောက်ပင်တွေကို ငေးကြည့်

Saving screenshot

နေမိသည် ။

ပင်လုံးဝေနေသည့် ပန်းဖူးငုံတွေကို လိုချင်တပ်မက်စိတ်နှင့် ငေးကြည့်နေမိသည် မဟုတ်ပါ... သကြံ့န်မဟုတ်ဘဲ ပွင့်သည့် ပိတောက်ကို ရိပ် မနှစ်သက်။

ပိတောက်၏ တန်ဖိုးက သကြံ့န်နှင့်မှ လိုက်ဖက်သည် ။

သကြံ့န်၏ အလှသည် လည်း ပိတောက်ရှိမှ ပြည့်စုံ၏။

ဒါဆို မိန်းမတစ်ယောက်၏ တန်ဖိုးဟာ ဘယ်အချိန်မှာ အမြင့်ဆုံးလဲ....

ဘဝအတွက် တစ်သက်တာ စီရင်ချက်ဖြစ်သော လက်ထပ်ချိန် မဟုတ်ဘူး လား..

ညီမလေး၏ တစ်သက်တာမှာ တစ်ကြိမ်သာ ပြုရမည့် မင်္ဂလာအတွက် ထိုက်တန်အောာ

Saving screenshot

င် သူမ ဘယ်လိုချိုးမြှင့်ရမလဲ။

တစ်ဖက်က သားရှင်တို့ ၏ လက်ထဲသို့ အဖိုးထိုက်အဖိုးတန် တန်ဖိုးအကြီးဆုံး ရတနာကလေးအဖြစ် ဂုဏ်သရေရှိစွာ အပ်နှင်းဖို့ သူမ ဘယ်လိုစီမံပေးသင့်သလဲ…

ရတနာဆိုတာကလည်း သီးသန့်ခံညားစွာ တစ်စုံတစ်ဆင်စာစီ မရှိတော့ပါ။ အတွင်းပစ္စည်း အဖြစ်ကတ္တီပါဘူးလေးထဲမှာ အမောပြေကြည့်စရာ စုလျက် ပုံလျက်လေးရှိနေပေမယ့် တကယ်ချမ်းသာကြသည့်သူတွေအဖို့ က ရယ်စရာဖြစ်နေလိမ့်မည်။

ဒီကြားထဲမှာ လေလံမှာ သုံးဖို့ ပစ္စည်းတချို့ကို ထုခွဲပစ်ခဲ့သေးသည် ။

"သမီးလေးကို မင်္ဂလာပွဲမှာ ဆင်ဖို့ ရတနာကအစ အန်တီမာတို့ က အားလုံးလက်ဖွဲ့ထားမှာ .. သမီး ဘာမှ မပူနဲ့ .. တစိမ်းတွေမှ မဟုတ်

Saving screenshot

တာဘဲကွယ်..."

ဒေါ်မာမာက ပြောဖူးပါသည်။

ဒါဟာ တကယ်နားလည်လို့ ပြောသည် ပဲ ထားပါဦး။

ညီမလေး မင်္ဂလာပွဲနှင့် ပတ်သက်ပြီး သူမ ဤသို့နေလိုက်ဖို့ သင့်သလား.. ခေါင်းကို ယမ်း ခါပင့်လျက် ရိပ် ရင်ထဲမှာ မွန်းကျပ်လာသည်။

"မမ.."

ဘယ်တုန်းက ရောက်နေမှန်းမသိသော ပန်းရင့်က နောက်ကနေ ရိပ် ခါးလေးကို ဖွဖွ လေး သိုင်းဖက်လိုက်ပြီး...

"မမ ဘာဖြစ်တာလဲဟင်... ခုရက်ပိုင်းမှာ မမ မျက်နှာလေး ညှိုးနေတာပဲ.. မမမှာ ဘာအခ က်အခဲတွေ ဖြစ်နေလို့ လဲ...ပန်းရင့်ကို ပြောပြ ပါ မမရယ်..ပန်းရင့်လည်း မျှဝေခံစားပါရစေ

Saving screenshot

. . ."

မေးနေရင်း လက်ပြတ်လေးဝတ်ထားသဖြင့် ဝင်းဝင်းစက်စက်လေး ပေါ်နေသော ရိပ်၏ ပခုံးစွန်း လုံးလုံးပြည့်ပြည့်လေးကို ပန်းရင့်က မြတ်နိုးမှုများ နှင့် နမ်းလိုက်သည် ။

မမကို ပန်းရင့် အစ်မလိုလည်း ချစ်သည် ၊ အမေလိုလည်း အားကိုးသည် ။

မမဟာ ပန်းရင့်အတွက်တော့ အေးမြသော အရိပ်မိုးကြီးတစ်ခုပဲ ဖြစ်သည် ။

ကိုကိုနဲ့ ပတ်သက်နေစဉ်က မမအပေါ် အထင်မြင်လွဲခဲ့မိတာတွေ ရှိသည် ။

တကယ်တမ်း ကိုယ့်အတွက် လျှောက်သင့်သည့် လမ်းပါလားဆိုတာ ဖြေသိမ့်တွေးမြင်နိုင်ခဲ့တော့မှ မမ ဘာကြောင့် တားဆီးခဲ့သည် ကို နားလည်ခဲ့သည် ။

Saving screenshot

ပေးတိုင်းမရတတ်သည့် မေတ္တာ၏ သဘောထဲမှာ ကိုယ်က ချစ်သူဟု သတ်မှတ်၍ ကိုယ့်ကို ချစ်သူဟု မသတ်မှတ်နိုင်သူတစ်ယောက်၏ ပြင်းထန်သော အယူအဆများကိုပါ တွေ့မြင်လာခဲ့သည် ။

ကိုသဲသည် ပန်းရင့်အပေါ် နားလည်ခွင့်လွှတ်နိုင်ဆုံး။

ကိုယ်က တကယ်မချစ်နိုင်သေးပေမယ့် သူပေးသမျှ စေတနာ မေတ္တာအားလုံးဟာ ကိုယ့်အတွက် အေးမြနေခဲ့သည် ။

ခုချိန်မှာ တော့ ပန်းရင့် ပူလောင်ခြင်းကို ငြိမ်းသတ်နိုင်ခဲ့ပါပြီ။

"မမ..."

ပန်းရင့်က မမပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်၍ လှပသန့်စင်သည့် မျက်နှာလေးကို တငေးတမော ငေးကြည့်ရင်း...

Saving screenshot...

"မမဟာ ညီမလေးအတွက် လုံခြုံမှု စိတ်ချမ်းသာမှုတွေ အများကြီးပေးနိုင်ခဲ့တဲ့ ကျေးဇူးရှင်ပါ မမ... မမ အခုစိတ်ဆင်းရဲနေတာ ပန်းရင့်သိတယ်... အဲဒါ ပန်းရင့် မကူညီနိုင်ခဲ့တာ ပြဿနာလား ပန်းရင့် သိခွင့်မရှိဘူးလားဟင် ပြောပါဦး မမရယ်..."

"မဟုတ်ပါဘူး ညီမလေးရယ် မမ ညီမလေး မင်္ဂလာကိစ္စအတွက် စဉ်းစားနေတာ ကိုယ့်မှာ သူတို့ လောက် မပြည့်စုံဘူးဆိုပေမယ့် မင်္ဂလာဟာ မင်္ဂလာနဲ့ တူအောင် ထိုက်ထိုက်တန်တန်လေးတော့ ဖြစ်စေချင်တယ်... တစ်သက်မှာ တစ်ခါ မဟုတ်လား.. ကိုသဲတို့ က ချမ်းသာတယ်၊ ပြီးတော့ ဆရာဝန် လက်ရှိအခြေအနေမှာ ပညာရော ဥစ္စာရော ကိုယ့်ထက်သာနေတယ်... နှစ်ခုစလုံးကြောင့် ညီမလေး မျက်နှာငယ်မှာ စိုးတယ်..."

Saving screenshot...

"မမရယ်.. ညီမလေးတို့ ကို ကိုသဲတို့ က
နားလည်ပါတယ်.. ဒါမှ မဟုတ်ရင်လည်း မင်္ဂ
လာကိစ္စကို အကြီးအကျယ်မလုပ်ဘဲ
အကျဉ်းချုံးပြီး..."

"အို..."

ရိပ် ခါးခါးသီးသီးပြောကာ ပန်းရင့် လက်
မောင်းလေးကို ဆုပ်ကိုင်လိုက်၏။

"အဲဒီမင်္ဂလာပွဲကိုပဲ မမက တခမ်းတနားဖြ
စ်ဖို့ စဉ်းစားနေတာ ပြီးတော့ ကိုယ်က မိန်းက
လေးရှင် ဘာဖြစ်လို့ အကျဉ်းချုံးပစ်ရမှာ လဲ မ
မ ညီမလေးရဲ့ မင်္ဂလာပွဲမှာ ထိုက်ထိုက်တန်တ
န် လက်ဖွဲ့နိုင်အောင် ကြိုးစားမှာ ..."

"ဟင့်အင်း... မကြိုးစားပါနဲ့ မမရယ်... မမ
မောလှပါပြီ သူတို့ အထင်မြင်သေးခံလို့ လုံးဝ
မဖြစ်ဘူး.. ကိုယ့်ဘက်မှာ လည်း အထင်ကြီး
လောက်စရာပြဖို့ မရှိတော့ဘူးဆိုရင် ဘာဖြစ်

လဲ မင်္ဂလာကိစ္စကို ငြင်းလိုက်ပေါ့.. ဘာမှ လည်း မလွန်ကျူးခဲ့ကြသေးဘူး စေ့စပ်ထားတာ ဟာ ဖျောက်ဖျက်ပြင်ဆင်လို့ ရတာပဲ.. ပန်းရင့် ဘဝမှာ ယောကျ်ားတစ်ယောက်ရဖို့ ဒီလောက် ထိ မလိုအပ်သေးပါဘူး…”

“ဘယ်ဟုတ်မလဲ ညီမလေးရယ်…”

ရိပ် မျက်နှာလေး လွှဲကာ ခြံထဲကို ငေးငေး စိုက်စိုက်ကြည့်နေသည် ။ပြီးမှ တည်ငြိမ်သော မျက်ဝန်းလေးတွေ ပန်းရင့်ဆီ ပြန်ရောက်လာ ကာ…“”

“အိမ်ထောင်ပြုတယ်ဆိုတာ ငွေရှိတဲ့ အချိန် ပလာဇာထသွားဆိုပြီး လိုတာကောက်ဝယ်လို့ ရတာမျိုး မဟုတ်ဘူး … မှားသွားမှာ ဆိုပြီး အ ချိန်တွေ တအားယူပြီး ရွေးချယ်နေပေမယ့်လ ည်း စိတ်တိုင်းကျ ဖြစ်မလာနိုင်ဘူး.. ရွေးတိုင်း လည်း အကောင်းဆုံး ဖြစ်မလာတတ်ဘူးဆို

Saving screenshot

တာ ညီမလေး နားလည်ရမယ်... အခုချိန်မှာ ညီမလေးဟာ နုသစ်လှပနေတဲ့ အရွယ်ပဲ.. ရွေးချယ်ဖို့ အသက်အရွယ် အချိန်အခါ အများကြီး ရှိသေးတယ်လို့ ပြောနိုင်ပေမယ့် ကိုသဲလို အားလုံးပြည့်စုံနေတဲ့ လူမျိုး နောက်ထပ် တွေ့ဖို့ ဆိုတာ မလွယ်တော့ဘူး..."

ပန်းရင့် မျက်မှောင်လေး ကုတ်၍ အလိုမကျသလိုလေး ဖြစ်သွားသည် မို့ ရိပ်က နားလည်စွာပြုံးလိုက်၏။

"မမက ကိုသဲ ဆရာဝန်ဖြစ်တာ အရမ်းချမ်းသာတာကို အဓိက ပြောချင်တာ မဟုတ်ဘူး .. ညီမလေးအပေါ် လိုက်လျော ကြည်ဖြူ ခွင့်လွှတ်သည်းခံ ယုယမြတ်နိုး ကြင်နာစွာ ပေါင်းဖက်သွားနိုင်မယ့် ယောကျ်ား ရုပ်ရည် ရူပကာအားဖြင့်လည်း ကိုယ်နှစ်သက် လက်ခံနိုင်လောက်အောင် ချောတယ်..."

Saving screenshot

"ကဲ... နောက်ထပ်တစ်ယောက်ဆိုတာက အဲဒီလို ပြည့်စုံနိုင်ပါ့မလား.. သူ့လို ပြည့်စုံနေတဲ့ လူတစ်ယောက်ဟာ ညီမလေးဘက်က ပြည့်စုံအောင် ကြိုးစားနေမယ့် အချိန်တွေအတိုင်း ငုတ်တုတ်ထိုင်စောင့်နေမှာတဲ့ လား... ညီမလေးမှာ ငါရွေးချယ်လို့ ရပါတယ်ဆိုတဲ့ မာနရှိသလို သူ့မှာ လည်း အိမ်ထောင်ဘက် ရွေးချယ်ဖို့ အခက်အခဲ သိပ်ဖြစ်မယ့်သူမှ မဟုတ်တာ... အစစ အရာရာ ကိုယ့်ဘက်ကို အသာထိုးထည့် မတွက်ရဘူး ညီမလေးရဲ့ ..."

ပန်းရင့် မျက်နှာလေး မကောင်းစွာ ငိုင်တွေသွားရှာသည်။

ရိပ်က ပေ့ါပါးဟန်လေးနှင့် ရယ်လိုက်ပြီး ပန်းရင့် နဖူးလေးကို နမ်းလိုက်၏။

"ဒါတွေ ညီမလေး ခေါင်းထဲမထည့်ပါနဲ့ အားလုံး သူ့အလိုလို ပြီးသွားမှာ ပါ.. မမကလ

Saving screenshot

ည်း မဖြစ်နိုင်တာတွေကို လျှောက်လုပ်မှာ မှ မဟုတ်တာ ညီမလေးကသာ ကိုသဲနဲ့ အဆင်ပြေပြေ ဆက်ဆံနိုင်အောင် ကြိုးစားပါ နေရာတကာ အချစ်ကို ရှေ့တန်းတင်ပြီး ခံစားချက်ကို သီးသန့်ဦးစားပေးတာမျိုး မလုပ်ရဘူး ... အထူးသဖြင့် ညီမလေးက သိပ်ကို နူးညံ့လွန်းတယ် ကိုယ်ချစ်တာကို ရှာဖို့ ထက် သူချစ်ကို ရှာမှ ညီမလေး စိတ်ချမ်းသာမှာ ...”

ပန်းရင့် မမရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လိုက်သည်။

“ပန်းရင့်.. မမ စေတနာတွေကို နားလည်ပါတယ်.. အချစ်ကိုကော ပေးဆပ်တာတွေ ရယူတာတွေအားလုံးရဲ့ သဘောကိုကော ပန်းရင့် နားလည်ပြီ... ပန်းရင့်လေ လောဘမကြီးပါဘူး မမရယ်.. မရနိုင်မှန်း သိနေပြီးမှ ဒါကို မော့ငေးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲမခံ

Saving screenshot

တော့ပါဘူး... ပန်းရင့်ကြောင့် မမကိုလည်း စိတ်မဆင်းရဲစေရဘူး..."

"မမကလည်း ဘာပဲစဉ်းစား စဉ်းစား ညီမလေး စိတ်ချမ်းသာဖို့ ကိုပဲ အဓိကထားခဲ့တာ... ဒါကို ညီမလေး နားလည်တယ်ဆိုရင် မမ အမုန်းခံ လူမိုက်လုပ်ပြီး တားဆီးရကျိုး နပ်သွားပြီ"

ပန်းရင့် မချိပြုံးလေးနှင့် မျက်ဝန်းတွေကို မှိတ်ပစ်လိုက်မိသည် ။ ဖြစ်ချင်တာကတော့ ကိုကို့ မဟေသီပေါ့ မမရယ်..။

ရင်ထဲမှာ ပွဲတင်ထပ်မြည်ဟီးရင်း ... ဖိသိပ်မျိုချထားခဲ့ရသည့် နှလုံးအိမ်အတွင်းမှ အပူမီးတို့ က တရှိန်ရှိန် တောက်လောင်လာခဲ့သည် ...

တစ်ဖက်သက်အချစ်က ဆိုးလှပါလား...

ကိုကိုရယ်... ဟိုတုန်းကတည်းက ပန်းရင့်

Saving screenshot

ဘက်က တစ်ဖက်သက်ပေးဆပ်ခဲ့ရတာမှန်း ပ
န်းရင့် သိပါတယ်...

ဒါပေမဲ့ ... ပန်းရင့် ကိုကို့ဘေးမှာ ရှိနေခွင့်
လေးကိုပဲ မက်မောတမ်းတမိခဲ့လို့ ...

*

Saving screenshot

# အခန်း (၁၅)

"ဘယ်လိုဖြစ်ရတာလဲ ရိုပ်ရယ် နင်ကလည်း ဖြစ်လိုက်ရင် အသည်းအသန်... ကိုယ့်ညီမလေးကို လက်ဖွဲ့တာပဲ စိန်တစ်ဆင် စာလောက်ဆို တော်ရောပေါ့... ဒါမှ မဟုတ် ပတ္တမြား .. ပုလဲ... ကြိုက်တာရွေးဟာ... နင် တတ်နိုင်မယ့် အနေအထားကိုပြော... မာမီ့ကို ငါ ဖြစ်အောင် ငါလုပ်ခိုင်းပေးမယ်... ရတ်တရက် ကြည့်တာနဲ့ ကျွာလတီကို ဘယ်သူမှ ခန့်မှန်းမ ရလောက်အောင် မာမီက တော်တယ်... ပန်းရင့် ကိုယ်ပေါ်မှာ အားလုံးဟာ ဟိုက်ကွာလတီ တွေပဲ ဖြစ်စေရမယ်..."

Saving screenshot

"ငါ ယုံပါတယ်... ဒါပေမဲ့ ငါ အဲဒါတွေလုပ်လည်း အပိုပါပဲ... ညီမလေးအတွက် လက်ဝတ်လက်စား ကိစ္စ ဘာမှ မလုပ်နဲ့ တော့ဆိုပြီး သူတို့ က တစ်ဆင်စာစီ တွက်ထားကြပြီးသားဟ.. ဒါ့အပြင် ကားတစ်စီးတောင် ပါသေးတယ်.."

ပြောပြရင်း ရိပ် ပင့်သက်ကလေး ရှိုက်သည် ။ ကားတစ်စီးဆိုတာတောင်မှ သိန်းရှစ်ရာကျော်တန်သည့် ကားကိုပဲ လောလောဆယ် လက်ဖွဲ့ထားရမှာ ပဲ.. ဒါက လောလောဆယ်ပါ ... ဘာညာနှင့် အန်တီမာက တောင်းပန်နေသေးသည် ။

ကိုယ်က လက်ဖွဲ့စရာ ဘာကျန်တော့လို့ လဲ ...

ပြောပြတော့ နဒီတို့ က ဝမ်းတောင်သာနေကြသေးသည် ။

Saving screenshot

"ဒါဆို ပြီးတာပဲဟာ သူတို့ ကလည်း ကိုယ့်ကို နားလည်ပြီးသား ကိုယ့်ညီမကို တန်ဖိုးထားကြတော့လည်း ပေါ်လွင်နေကြတာပဲဟာ..."

သူတို့ တွေး၍ ကျေနပ်နေကြတာက တစ်မျိုး...

ရိပ်ကတော့ ညီမလေးအတွက် ဤသို့ လွတ်မပေးလိုက်နိုင်ပါ...

"သူတို့ က နင်တို့ ကို နားလည်ပြီးသားပါ.." ဆိုတဲ့ ဝါကျတစ်ကြောင်းကို တစ်ယောက်က ပြောလာတိုင်း ညီမလေးအတွက် စိတ်မကောင်းနိုင်...

"ဘာနားလည်တာလဲ.." ပန်းရင့် ဆိုတဲ့ ကောင်မလေးခမျာ မိဘမဲ့ လက်ဖွဲ့မပေးနိုင်ရှာပါဘူး ဆိုတဲ့ နားလည်မှုမျိုးလား...

ဒီလို မဖြစ်ရဘူး.. ညီမလေးအတွက် ထိုက်

Saving screenshot

ထိုက်တန်တန် ငါ ဘာလို့ မစီစဉ်နိုင်ရမှာ လဲ ... ရိပ် ဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်ပြီးသား...

ရိပ် မာနကို နားလည်ဆုံးသူက သူငယ်ချင်း အားလုံးထဲမှာ နဒီပဲ ဖြစ်သည်။

"ဒါဆိုလည်း ရိပ်ရယ်.. မြေကွက်ဆိုတာကြီးက ကြီးကျယ်လွန်းပါတယ်... နင် တိုက်ဆောက်ပေးရဦးမှာ .. နည်းတဲ့ ငွေလား.. အစအဆုံး ကိုယ်တတ်နိုင် မတတ်နိုင်လည်း စဉ်းစားဦး... ငါက အထင်အမြင်သေးလို့ ပြောတာ မဟုတ်ဘူး .. နင်က သူတို့ နဲ့ ထပ်တူ ခြေရာနင်းနေတာကို မသင့်တော်လို့ ပြောတာ.. သူတို့ က ဦးအောင်လင်းက ဆရာဝန် အန်တီမာက စိန်ကုန်သည် .. အစကတည်းက ချမ်းသာကြွယ်ဝလာခဲ့ကြတဲ့ လူတွေ နင်က မိဘမရှိလို့ သာ လုပြီးလုပ်နေရတာ.. ခုမှ အသက်နှစ်ဆယ်ကျော်လေးရယ်.. မိဘမဲ့ခဲ့တာလည်း

Saving screenshot

ကြာပြီ.. နဂိုကတည်းက အခြေခိုင်ခဲ့ပုံချင်းလည်း သူတို့ ကို မမီခဲ့ဘူး… မတူတာကို မတူဘူးပြောတာ နာစရာ မဟုတ်ပါဘူးဟာ.. သူတို့ ကလည်း ဒါကို အထင်အမြင်သေးမယ့်ပုံ တွေ မရှိပါဘူး… ဒေါက်တာ သဲမောင်ကဆို ပန်းရင့်ကို ငုံထားမတာတ် ချစ်နေတာ လူတိုင်းသိတယ်…”

“ဟုတ်ပါတယ် …နင် ငါ ပင်ပန်းမှာ ကို စာနာစိတ်နဲ့ ပြောမှန်း ငါ နားလည်တယ် .. ဒါပေမဲ့ ငါကလည်း … မိဘမဲ့ ဥစ္စာမဲ့နဲ့ ညီမလေးကို မျက်နှာငယ်စွာ ထည့်မပေးလိုက်နိုင်ဘူး.. ငါက ငါ့ဘက်က ငါ့အစ်မ လက်ဖွဲ့တာဆိုတာမျိုး အားပြုဂုဏ်ယူထိုက်စရာ တစ်ခုခုတော့ ပါသွားစေချင်တယ်…”

ရိပ် ပြောတာကို နားထောင်ရင်း နဒီက စတော်ဘယ်ရီသီးတွေကို မွှေစက်လေးထဲမှာ နှ

Saving screenshot

စိခွက်စာ ထည့်၍ နို့ဆီ၊ သကြားအနေတော်နှင့် သေချာဖျော်နေသည် ။

ပြီးတော့ ဖန်ခွက်တွေထဲ လောင်းထည့်ပြီး ဆိုဖာမှာ ပြန်ထိုင်၍ ရိပ်ကို တစ်ခွက်ချပေးကာ သူမကတော့ စားပွဲပေါ်မှာ မချသေးဘဲ တစ်ငုံ သောက်လိုက်သေးသည် ။

"အရမ်းကောင်းတာပဲ ရိပ် သောက်လိုက်ပါဦး...."

ရိပ်က အနည်းငယ် ကျသွားသည် အထိ သောက်လိုက်ပြီး ပြန်ချလိုက်၏။

"နဒီ နင် ငါ့ကို ခြံတစ်ခြံလောက်သာ စုံစမ်းပေးပါဟာ.. နင့်ကို ငါ အရမ်းယုံလို့ အတွင်းကျကျ ဖွင့်ပြောခဲ့တာ.. ဘာမှ ပြောပြီး ထပ်မတားပါနဲ့ တော့.."

စကားလည်း ပြောရင်း ရိပ်က လွယ်ထားသည့် စလင်းဘက်ထဲက ဘူးတစ်ဘူးကို ထုတ်

Saving screenshot

ယူလိုက်သည်။

ကတ္တီပါဘူးလေးက ခပ်ငယ်ငယ်ပေမယ့် ဖွင့်လိုက်တော့ အထဲမှာ လက်ဝတ်လက်စားတွေက အပြည့်...

"ဒီမှာ ဒါ ငါ့မှာ ရှိသမျှ ပစ္စည်းအကုန်ပဲ.. အောက်ဆင့်ထဲမှာ လုံးချောတွေ ဆယ်လုံးတိတိရှိတယ်... ရတီတွေ ကွာလတီတွေ ငါ နားမလည်ဘူး.. နင်က နင့်အမေနဲ့ အလုပ်အတူလုပ်နေပြီဆိုတော့ နားလည်မှာ ပါ... ဒါတွေထဲက တန်ဖိုးအကြီးဆုံး ရွေးထုတ်ပေးစမ်းပါ.... ငါ့လက်ထဲမှာ လောလောဆယ် လေးထောင်လောက်ရှိတယ်ဟ... ခြံဝယ်မှာ နဲ့ တိုက်ဆောက်ဖို့ ကို ငါးထောင်ကျော်ကျော်လောက် မှန်းထားတယ်... ဒါတွေအထဲမှာ အဲဒီလောက်ရဖို့ တန်တာတွေပါလား.. ဒါမှ မဟုတ် ဒါတွေ အကုန်ရောင်းပစ်လိုက်မှ ရမှာ လား.. မရသေး

Saving screenshot

ဘူး ဆိုရင်လည်း ဟာ...ငါ..."

"အမလေး.. အသက်ရှုပါဦး ရိပ်ရယ်... နင်ကတော့ လုပ်မယ်ဆို ဇွတ်ပဲ... လိမ်မယ့်သူနဲ့တွေ့ရင် ဒုက္ခဖြစ်ဦးမယ် သိလား..."

"အံမာ နင့်ကို ယုံလို့ ဒီလောက်ပြောနေတာ ဒီမှာ ရုပ်ကို ကြည့်နော်.... မဟူရာရိပ်တဲ့ နင်ထင်သလောက် မအဘူး..."

"ဟုတ်ပါပြီ... သိပါတယ်.. ဒေါ်မဟူရာရိပ်ရဲ့ ကျုပ် ကြည့်ပါဦးမယ်"

နဒီက ကျောက်ကြည့်မှန်ဘီလူးနှင့် လုံးချောတွေကို သေချာကြည့်နေသည်။

ပြီးတော့ တစ်ဆင်စာစီ အစုံလိုက် မဟုတ်ဘဲ ရှိနေသည့် ရတနာလည်ကုံးတွေကိုပါ တစ်ခုချင်း ယူကြည့်သည်။

ဒီနေရာကျတော့ ရိပ်က မသိနားမလည်သ

Saving screenshot

ည့် ကလေးငယ်လေးလို မျက်နှာလေးနှင့် ဒူး ပေါ် မှာ လက်ကလေးတစ်ဖက်ထောက်ကာ မေးဖျားလေးတင်၍ ငြိမ်ငြိမ်သက်သက်လေး လိုက်ကြည့်နေ၏။

ပစ္စည်းတစ်ခုကို ကိုင်လိုက် မျက်ခုံးတွန့် နှုတ်ခမ်းတွေ ဖိပြီးတော့ ပြန်ချ နောက်တစ်ခု ထပ်ကိုင် ပြုံးတော့မလို ဖြစ်လိုက် သူမကို မော့ကြည့်ပြီး ပြန်ချထားလိုက်...

ရိပ် ကြာတော့ စိတ်မရှည်ချင်တော့။

"ဆရာကြီး ပုံစံနဲ့ အသည်းယားလိုက်တာနော်... ကိုယ် မသိလို့ သာ ဆရာတင်ထားရတယ်.. နှာခေါင်းကြီးကို အားရပါးရ ဆွဲလိမ်ပြီး ဘယ်လိုလဲ ပြောလေ.. ပြောဟဲ့နဲ့ မေးပစ်ချင်တာ ထိန်းလို့ မရတော့ဘူး..."

ရိပ် ပြောတော့ နဒီက ခစ်ခနဲ ရယ်ကာ မှန်ဘီလူးကို ချလိုက်သည် ။

Saving screenshot

"နင်ကလည်း တစ်ခါတလေလေး ဆရာလုပ်ရတာ ခဏလေးများ စောင့်နေပါတော့လား ..."

"စောင့်ပါတယ် စောင့်နေတာပဲ ကဲ ပြော... ကလိမ်ကျဖို့ စိတ်ကူးလေးရှိရင် ဖယ်ထားနော် ... အူပွင့်သွားမယ်"

နဒီက တွန့်ခနဲ ခါသွားအောင် တမင်ရှုံ့မဲ့လုပ်ပြကာ...

"ခုမှ ကြံစည်တုန်းပဲ ရှိသေးတယ်... ဟဲ..ဟဲ .. အဟမ်း အကောင်းပြောမယ်.. နားထောင် ငါက ခန့်မှန်းပေးမှာ နော်... အတိအကျတော့ မာမီ့ကို ပြမှ သိမှာ "

ပြော၍ နဒီက လုံးချောတွေကိုသတ်သတ် လည်ကုံးတွေကို သတ်သတ် သေသေချာချာ တွက်ချက်ပြသည်။

"နှစ်ထောင်ဖိုးလောက်က လုံးချောတွေနဲ့

လည်ကုံးတစ်ခုနဲ့ တင် ရနေပြီဟ.. ပစ္စည်းတွေက ကွာလတီအပြည့်ပဲ.. ရှေးဟောင်းစိန်တွေ မိဘအမွေတွေ နှမြောစရာ မိရိုပ်ရယ်... နင့်စေတနာတွေ တားဆီးမရရင်လည်း ဒီဟာတွေကို ပြန်ဖျက်ပြီး ဒီဇိုင်းဆန်းနဲ့ ပြန်လုပ် လက်ဖွဲ့လိုက်ဖို့ ကောင်းတယ်...ရတနာပဲဟယ်... သူတို့လည်း လက်ဖွဲ့ ကိုယ်လည်း ဖွဲ့ပေါ့..."

"ခြံဆိုတာကြီးက မကောင်းပါဘူး။ နောက်ထပ် တိုက်ဆောက်ဖို့ က ငွေရှိဦးတော့ ဦးဆောင်မယ့်သူ မရှိဘဲ မိန်းမတစ်ယောက်တည်းနဲ့ လုံးဝမလွယ်ဘူး။ ရင်ပေါင်တန်းနေကြတာက သတ်သတ်၊ ယောက်ျားနဲ့ မိန်းမဆိုတဲ့ မတူညီချက်ကိုတော့ ဘယ်တော့မှ တစ်ပြေးညီတည်းရောမွှေလို့ ရမှာ မဟုတ်ဘူး ။ အဲဒါ နင် နားလည်စမ်းပါ..."

ရိပ် တစ်ချက်တော့ ငိုင်သွားမိသည် ။

မမမပေးတဲ့ တိုက်ကြီးဆိုပြီး ညီမလေး အရိပ်တစ်ခုအဖြစ် ဂုဏ်ယူဝံ့ကြွား အားကိုးနိုင်အောင် ခြံနဲ့ တိုက် လက်ဖွဲ့ချင်ခဲ့တာ စိတ်ကူးယဉ်ဆန်ခဲ့သည် လား။ သူမအနေနှင့် မဖြစ်နိုင်တာ မဖြစ်သွားတာတွေ သိပ်များ နေသည် ကို သိလာရသောအခါ...

ရိပ်မျက်နှာလေး ငိုင်တွေသွားတာကို နဒီက စိတ်မကောင်းသလိုလေး လှမ်းကြည့်တော့ ရတနာသေတ္တာလေးကို ပြန်ပိတ်၍ ရှေ့တိုးထားလိုက်သည် ။

"တစ်ခုတော့ရှိတယ်...ဒါကိုမှ ဖြစ်အောင် လုပ်ဖို့ နင် စိတ်ကူးထားတယ်ဆိုရင် ငါ အကြံပေးမယ် နင် ဒါတွေကို နှမြောမနေနဲ့ တော့ ဒါမှ မဟုတ် အခု နင်မှန်းထားသလောက်နဲ့ ဖြစ်နိုင်မယ့် ခြံနဲ့ တိုက်ကိုသာ ဝယ်လိုက် တိုက်ပါပြီးသားဆိုတော့ နင် ငွေစိုက်နိုင်ရင် အဆင်ပြေပြီ

Saving screenshot

ဘာဖြစ်လဲဟာ သစ်သစ်လွင်လွင်လေးဆို ပြီးတာပဲ မဟုတ်ဘူး လား....”

“မင်္ဂလာရက်က ကပ်နေပြီဟ ခြံနဲ့ တိုက်အဆင်သင့်ဖြစ်ဖို့ ငါ ခန့်မှန်းထားတဲ့ နေရာလောက်မှာ ရဖို့ အားလုံးတိုက်တိုက်ဆိုင်ဆိုင်အဆင်ပြေပါ့မလား”

“ဒါကတော့ဟာ အခုလည်း နင် ခြံဝယ်နိုင်ပေမယ့် တိုက်ဆောက်ရမှာ ဦးမှာ ပဲ၊ မင်္ဂလာဆောင်မှာ ကြေညာလိုက်ပေါ့၊ ပန်းရင့် အတွက် ခြံနဲ့ တိုက်တစ်လုံး ကျွန်မက လက်ဖွဲ့တယ်လို့ နောက်ဆုံး မတတ်နိုင်ရင် ပွဲစားငှားမယ်ဟာ...”

“အမလေး... ပွဲစားကို လုပ်ကျွေးရသလိုပါပဲဟယ်၊ အဲဒါတော့ မလုပ်ဘူး၊ ငါ့ဟာငါ ရအောင်ရှာမယ်”

“အေးပါ ငါလည်း ကူညီပါ့မယ်၊ ငါ ပြောသ

Saving screenshot

လို ခြ်နဲ့ တိုက် ဝယ်ဖို့ သာ စဉ်းစားလိုက်"

ရိပ် ခေါင်းကလေး ညိတ်မိရင်း မုန်းတီးဖွယ်အဖြစ်တစ်ခုကို သတိရမိသည် ။

သင်းကြောင့်။

ကိုယ်လိုချင်သော နေရာ။ သင့်တင့်သည့် ဈေးနှင့် ရဖို့ ကို ဆုံးရှုံးခံလိုက်ရသည် ။

ကိုယ့်အတွက် သေရေးရှင်ရေးသမျှ အရေးကြီးနေသည့် အရာတစ်ခုကို သူက အပျင်းပြေ သာသာလေး ဆွဲလုသွားခဲ့သည် ။

သူ ငွေဖြုန်းနိုင်လို့ ဖြုန်းပါသတဲ့ ..

ပေါင်ပေါ်မှာ တင်ထားသည့် လက်ဖဝါးလေးနှစ်ဖက်က တင်းကျပ်စွာ ဆုပ်ကျစ်သွားသည် ။

"ဒါနဲ့ နင် ခရီးထွက်ဦးမှာ ဆို"

"ဟုတ်တယ် စင်ကာပူကိုသွားမှာ "

Saving screenshot

တွေးနေတုန်း နဒီက လှမ်းမေးတော့ ထိုကိစ္စဆီ စိတ်က ရောက်သွားပြန်သည် ။

"ကုမ္ပဏီက ကိစ္စတော့ မဟုတ်ဘူး ။ ဒါပေမဲ့ သက်ဆိုင်နေတာဆိုတော့ ငါ ခရီးထွက်ဖို့ ကိစ္စကို သူတို့ ခွင့်ပြုမှာ ပါ။ ကူညီမယ်လို့ လည်း ပြောတယ်။ ငါ့ညီမ မင်္ဂလာဆောင်ကိစ္စပြီးမှ သွားဖို့ စီစဉ်ထားတယ်၊ ဟိုမှာ သင်တန်းယူမှာနဲ့ အင်တာဗျူးဝင်မှာ နဲ့ သိပ်တော့ကြာမှာ မဟုတ်ပါဘူး"

"အဲဒါအောင်ရင် နင် ဟိုမှာ ပဲ လုပ်တော့မှာလား"

"ဟင့်အင်း နိုင်ငံခြားဈေးကွက်တွေကို လေ့လာရုံပဲ၊ ကူးသန်းနေတာမျိုး လုပ်ချင်လုပ်မယ်၊ ဟိုမှာ တော့ အခြေမချပါဘူး၊ ဖက်စပ်လုပ်ငန်းတွေကို ငါ့ကုမ္ပဏီအတွက် ငါ့စွမ်းဆောင်ချက်နဲ့ အောင်မြင်အောင်လုပ်မယ်၊

Saving screenshot

ဒီထက်အောင်မြင်လာရင် ကိုယ်ပိုင်ကုမ္ပဏီ ထောင်မယ်"

"ကောင်းပါတယ်၊ နင်က အမြဲကြိုးစားနေတဲ့ သူဆိုတော့ တစ်နေ့ အောင်မြင်မှာ ပါ၊ Speaking Guide ပါ လုပ်နေတဲ့ အလုပ်ကကော အဆင်ပြေတယ်မို့လား"

ရိပ်က ဆံပင်တွေကို နဖူးမှ သိမ်းလှန်ပစ်ကာ ပြုံးစိစိလေး လုပ်၍ …

"အဟွန်း… ငါ အဲဒါ မလုပ်ချင်တော့ဘူးဟ၊ သင်ပေးရတာ ယောက်ျားလေးတွေက များ တယ်၊ နိုင်ငံခြားမှာ အ လုပ်သွားလုပ်ချင်တဲ့ လူတွေပါ သင်ပေးတော့ အေးအေးဆေးဆေး နားခံတာ မဟုတ်ဘူး ၊ တောင်ပြော မြောက်ပြောနဲ့ စိတ်ရှုပ်လို့ "

နဒီက ဟက်ဟက်ပက်ပက်လေး ရယ်ချလိုက်ရင်း…

Saving screenshot

“ဒါကတော့ ဆရာမလေးက အရမ်းလှနေတော့ တပည့်လေးတွေက...”

“တော်ပါ ငါပြန်မယ်၊ ဒါတွေ ထားခဲ့ရမှာလား”

“ဘာ..အမယ်လေးလေး...”

နဒီ မျက်လုံးလေးပြူး လက်ကာလျက် ရတနာဘူးကိုပါ ကောက်ယူ၍ အတင်းလှမ်းပေး၏ ။

“မလုပ်လိုက်ပါနဲ့ မယ်မင်းကြီးမရယ်၊ ဘယ်သူ့ကိုမှ မယုံနဲ့ နော်၊ ဒီမှာ ငါတစ်ယောက်တည်း ရှိတာ မဟုတ်ဘူး ၊ မိသားစုတွေ အများကြီး ပျောက်ရှသွားမှ ဖြင့် ပစ္စည်းလည်း ဆုံးမယ်၊ ဟောဒီ ကျွတ်ဆတ်ဆတ် မာကျောကျော သူငယ်ချင်းမလေးကိုလည်း ဆုံးရဦးမယ်၊ ယူသွားပါ ၊ မနက်ဖြန် မာမီရှိတဲ့ အချိန် ငါ ဖုန်းဆက်လိုက်မယ်၊ ဒါမှ မဟုတ် နင်ပြန်ရ

Saving screenshot

တာ သွားရတာ အန္တရာယ်ရှိတယ်၊ မာမီလာရင်လည်း ငါတို့ ပဲ လာခဲ့လိုက်မယ်၊ အရောင်းအဝယ်ကိစ္စ မာမီ စီစဉ်ပေးအောင် ငါ ပြောပေးမယ်၊ ခြံနဲ့ တိုက် ရှာဖို့ တော့ နင်နဲ့ ငါ လျှောက်ပတ်ကြတာပေါ့၊ သတင်းစာ ဂျာနယ်တွေထဲမှာ လျှောက်မွှေမယ်ဟာ”

“အင်း..”

ခုမှ ပဲ ရိပ် ရင်ထဲမှာ ပေါ့ပါးသွားသည် ။

ဟုတ်ပါပြီ... တိုက်ဆောက်ပြီးသား အပြီးအစီးကိုရှာမှ အဆင်ပြေမှာ ပါ။

စိတ်ကူးထဲမှာ တည်ဆောက်နေခဲ့သမျှ အလှအပအားလုံးက ညီမလေးအတွက်သာ။

*

Saving screenshot

# အခန်း (၁၆)

ပန်းနုရောင် ဒူးအောက် စကတ်အကျပ်ပေါ မှာ အဖြူရောင်ဆွယ်တာ လက်တိုလေးဝတ်ကာ ခေါင်းဖြီးရင်း နာရီကြည့်သည် ။ ပစ္စည်းတွေကို ထုတ်ယူပြီး သေချာ စစ်ပြီးမှ စလင်းဘတ်ထဲ ထည့်သည် ။ မနက်က နဒီနှင့် ဖုန်းဆက်ပြီး ချိန်းထားခဲ့သည် ။

အပြင်ထွက် လာပြီးမှ ညီမလေး ရေချိုးခန်းထဲမှာ ကြာနေသည် ကို သတိရကာ ခြေလှမ်းတို့ က ရေချိုးခန်းဘက် ဦးတည်လာခဲ့၏။

“ဒေါက်... ဒေါက်....”

တံခါးခေါက်လိုက်ပြီး..

"ညီမလေး.."

"ရှင်.. မမ"

"ရေချိုးနေတာ ကြာလှပြီ၊ ခေါင်းလျှော်နေတာလား"

"ဟုတ်ကဲ့ ပြီးပြီ မမ... မမ အပြင်သွားတော့မလို့ လား"

"အင်း... တော်ကြာ ကိုသဲ ဖိတ်စာရွေးဖို့ လာခေါ်မှာ မဟုတ်လား"

"ဟုတ်ကဲ့"

"ညီမလေးတို့ အပြင်သွားရင် တံခါးသေချာပိတ်ခဲ့၊ လေးလေး ဒီနေ့ မိုးချုပ်မှ ပြန်ရောက်မှာ "

"ဟုတ်ကဲ့ မမ"

"မြန်မြန်လုပ်နော်"

"ပြီးပြီ မမရဲ့ "

Saving screenshot

“အင်း... မမ သွားပြီ”

ရိုပ် သေချာ မှာ ပြီးမှ ကားမောင်းထွက်လာခဲ့သည် ။

လေးလေးက ရိုပ် အလုပ်လုပ်သည့် ကုမ္ပဏီမှာ ပဲ ဒုတိယမန်နေဂျာဖြစ်သည် ။

ခုချိန်ထိ အားလုံးက အဆင်ပြေချောမောနေခဲ့သည် ။ အလွန်ဆိုးဝါးစွာ တားဆီးချုပ်ကိုင်ရမည်ဟု ထင်ခဲ့သော ညီမလေး၏ အိမ်ထောင်ရေးကိစ္စ နူးနူးညံ့ညံ့လေး အဆင်ပြေသွားသည် က တန်ဖိုးမဖြတ်နိုင်သည့် ဆုလာဘ်၊

ကားကို ကန်တော်ကြီးဘက်က ပတ်ကွေ့မောင်းလာခဲ့စဉ် ကားရှင်းလူရှင်းမို့ စိတ်က တင်းတင်းကျပ်ကျပ်ကြီး သတိမထားတော့ဘဲ ပေါ့ပါးစွာ မောင်းခဲ့မိသည် ။

ဘယ်လိုမှ မထင်မှတ်စွာ ဂါဝန်ဖားဖားလေးနှင့် ဘောလုံးနှင့်လူ တစ်ဆက်တည်း

Saving screenshot

ပြေးလိမ့်ထွက်လာခဲ့သည့် ကလေးငယ်လေး။ ဘောလုံးနောက် ပြေးလိုက်လာသော ကလေးလေးက ဘယ်ကိုမှ မကြည့်ဘဲ ဘွားခနဲ ပြေးတက်လာခြင်းဖြစ်သည် ။

ရိပ် လန့်ဖျပ်ကာ စတီယာရင်ကို တအားဆွဲလှည့်၍ ကွေ့ချပစ်လိုက်၏။

"အား . . . . ."

"ဒုန်း . . . . . ဒုန်း"

ကားက အရှိန်မသေဘဲ ဘေးက ပလက်ဖောင်းဆီ ဦးတိုက်ပြေးသွား၏။ ဒုန်းခနဲ စောင့်ခုန်ကာ ပလက်ဖောင်းပေါ်ထိ ထောင်တက်သွားသည် ။

ရိပ် မျက်လုံးတွေ ပြာသွားပြီး တစ်ကိုယ်လုံး ကိုင်ရိုက်ခံလိုက်ရသလို စူးအောင့် နာကျင်သွားသည် ။

Saving screenshot

တဒင်္ဂဆိုသည့်အချိန်လေးမှာ ရိပ် ဘာဆိုဘာမှ မသိတော့ဘဲ ကိုယ်ခန္ဓာကိုယ် ကားထဲကနေ ပွေ့ထုတ်ကြသည် ဆိုမှ သတိဝင်လာသည်။

"အား…"

"ဟော… ဟော… သတိရ လာပြီ"

"ဟင်း…"

ရိပ် မျက်လုံးတွေ ဖွင့်ကြည့်လိုက်လျှင် သူမက ၁းမှ၃ ယောကျ်ားတွေကော မိန်းမတွေပါ ဝိုင်းအုံနေကြသည် ။ သူမကို ကားတစ်စီးပေါ်သို့ ပြောင်းတင်နေကြတာ ဖြစ်၏။

စမ်းကြည့်လိုက်တော့ နဖူးမှာ သွေးတွေ၊ ရင်ဘတ်ထဲက စူးအောင့်နေသဖြင့် ရုတ်တရက် စကားပြောလို့ မရ။

"ကျ… ကျွန်မ အိတ် … အိတ်ရော…"

Saving screenshot

"ဟင်... ဘာလဲ ဘာအိတ်လဲ"

အသိတရားတို့ က ကိုယ်ခန္ဓာမှာ တိတိပပ ပြန်လည်တွယ်ကပ်လာသောအခါ ရိပ် သူတို့ တွဲထူထားသည့် ကြားထဲက အတင်းကျုံးထသည် ။ အရေးကြီးမှန်းသိ၍ ပခုံးကတောင် မဖြုတ်ဘဲ ကားမောင်းတော့မှ ပေါင်ပေါ်မှာ ပဲ တင်ထားခဲ့သည့် ရတနာဘူးပါသော စလင်းဘက်အိတ်။

"အို.. ကျွန်မအိတ် မရှိတော့ဘူး... ရှင် ရှင်တို့ အမလေး..."

ကိုယ်ပေါ်မှ ဒဏ်ရာများ ထက်ပြင်းသော ထိတ်လန့် တုန်လှုပ်ခြင်းက တစ်ကိုယ်လုံးကို ဆွဲမြှောက်ကိုင်ပေါက်ပစ်လိုက်သလို ဝုန်းခနဲ ထိုးဆောင့်သွားသည် ။

ငုတ်တုတ် မျက်လုံးတွေ ပြူးလျက် ရိပ် ကြောင်တောင် မေ့မြောသွားလေသည် ။ အရာ

အားလုံးသည် နင့်သီးဆိုးဝါးစွာ ရိုက်ပုတ် ရယ်မောလျက်...

*

Saving screenshot

## အခန်း (၁၇)

ရှိရှိသမျှက ကုန်ပြီဖြစ်သည်။

မင်္ဂလာဆောင်ဖို့ က နှစ်ရက်သာလိုတော့သည်။

ကားအက်ဆီးဒင့်ဖြစ်သည့် ဒဏ်ရာက နဖူးမှာ ပွန်းပဲ့သွေးထွက်ရုံသာ ဖြစ်ခဲ့သော်လည်း ရိပ်၏ ဘဝသည် ချက်ချင်းလက်ငင်း နေပူကျဲကျဲကို ရောက်သွားပြီ ဖြစ်၏။

"စိတ်ကို ဖြေပါ ရိပ်ရယ်၊ ငါကတော့ နင် ဘာမှ မဖြစ်တာကိုပဲ ဝမ်းသာလို့ မဆုံးဘူး"

"ဟုတ်ပါတယ် မမရယ်၊ မမ ဘာကို စိတ်ဆင်းရဲနေတာလဲဟင်၊ ပန်းရင့် ဘဝမှာ ဆုံးရှုံး

Saving screenshot

မခံနိုင်တာ တစ်ယောက်ပဲရှိတယ်၊ ကျန်တာ ဘာဖြစ်ဖြစ် ဟောဒီတိုက်ကြီးပေါ်က ခုန်ဆင်းပြီး လမ်းဘေးမှာ သွားအိပ်ရတော့မယ်ဆိုရင်တောင် မမရှိနေရင် ပန်းရင့် မကြောက်ဘူး”

“ညီမလေးရယ်..”

ပန်းရင့် ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ရိုပ် မျက်ရည်မကျအောင် ဘယ်လိုမှ ထိန်းမရနိုင်....

“မငိုပါနဲ့ ကွယ် သမီးတို့ ညီအစ်မကို အန်တီကူညီမယ်၊ သမီးရဲ့ သူငယ်ချင်းတွေမို့လို့ ကိုယ့်သမီးလေးတွေလို သဘောထားပါတယ်၊ သမီးငယ်ရဲ့ မင်္ဂလာပွဲမှာ ထည်ထည်ဝါဝါ လက်ဖွဲ့ဖို့ သမီး ဘယ်လောက်မှန်းထားသလဲ၊ အန်တီ့ဆီက ယူပါ၊ ပြီးတော့မှ အဆင်ပြေသလို ပြန်ဆပ်၊ ဘယ်တော့ ဆပ်ပါ၊ ဘာညာအတိုးနဲ့ မ

Saving screenshot

ချေးဘူး၊ ကူညီတဲ့ သဘောပဲ၊ မင်္ဂလာကိစ္စက တန်းလန်းဆိုတော့ ရုပ်ပျက်ဆင်းပျက် မဖြစ်ရအောင် အန်တီက ကူညီမှာ ဒါကို ဘယ်သူမှ လည်း မသိစေရပါဘူး…”

“အန်တီရယ် ရိပ် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး”

“မလိုပါဘူးကွယ်၊ ဒါဟာ ချစ်ခင်ယုံကြည်မှုနဲ့ လုပ်ကြတာ၊ စာချုပ်စာတမ်း မလိုဘူး၊ သက်သေမလိုဘူး၊ အလိမ်ခံရရင်တောင် အန်တီတို့က ဖြေနိုင်ပါတယ်၊ ဒါ သဘောကို ပြောပြတာ”

နဒီ့ မာမီက နူးညံ့သော အပြုံးနှင့် ဖြူစင်စွာ ကူညီလိုကြောင်း ချုပ်ကိုင်မှု ကင်းမဲ့စွာ ပြောပြနေသည်။

လေးလေးကတော့ ဆရာဝန်ကို လိုက်ပို့ပြီး ပြန်ရောက်လာတော့ ခပ်လှမ်းလှမ်းမှာ ဝင်ထိုင်၏။

"စခန်းကတော့ ပစ္စည်းကိစ္စကို အပူတပြင်း လိုက်နေကြတာပဲ၊ ပြန်ရဖို့ လည်း နီးစပ်နေပါပြီ။ ကိုယ့်ကိုယ်ကိုယ် ပြန်ကောင်း အောင်သာ ဂရုစိုက် သမီး၊ လောလောဆယ် ကလေးရဲ့ မင်္ဂလာကိစ္စ တင့်တင့်တယ်တယ် ပြီးမြောက်သွားဖို့ ပဲ၊ တို့ တူဝရီး တက်ညီလက် ညီ ကြိုးစားသွားကြရင် စည်းစိမ် ဥစ္စာဆိုတာ အရည်အချင်းကြောင့် တိုးပွားလာတာမျိုးပါကွ ယ်"

ရိပ် ခေါင်းကလေးညိတ်၍ ပန်းရင့် ပါးက လေးကို ဖွဖွလေး ပွတ်သပ်သည် ။

"အဲဒီ မင်္ဂလာကိစ္စအတွက်ပဲ ရိပ် ကြိုးစားခဲ့ တာ လေးလေးရယ် ကိုယ့်အတွက် ကိုယ်က ခွ က်ချည်းပဲ ကျန်ခဲ့လည်း ဂရုမစိုက်ပါဘူး တစ်မိ သားစုနဲ့ တစ်မိသားကိုတော့ အထင်မြင်သေးမှာ စိုးတယ်..."

Saving screenshot

ဘာကိုမှ ဂရုမစိုက်ဘဲ သူမ မျက်နှာကိုသာ ငေးကြည့်ကျေနပ်နေသူက ပန်းရင့်သာ။ သူမအတွက်က မမကိုသာ တစ်ဘဝလုံးမှာ အချစ်ဆုံး...

မမနှင့် ဘာကိုမှ သူမလဲနိုင်။

ဆေးရုံမှာ သတိပြန်ရလာသည့် မမမျက်နှာသည် သူမ တစ်ဘဝလုံးမှာ တန်ဖိုးအရှိဆုံးဟု သတ်မှတ်ထိုက်သည့် ဆုလာဒ်ကြီးတစ်ခု။

ရိပ်ကတော့ သူမရှိနေလျှင် ပြီးပြည့်စုံသည့် ထင်နေသည့် ညီမလေးကိုသာ ဘယ်လိုရင်ဖွင့်နှစ်သိမ့်ရမှန်း မသိဘဲ ပြုံးမပြနိုင်သော်လည်း ပြုံးနေရသည် ။ စိတ်ရှိလက်ရှိပြော၍ ငိုချလိုက်ချင်တာကို ထိန်းချုပ်နေရသည် ။

ညီမ မင်္ဂလာဆောင်ကို ချေးငှားလက်ဖွဲ့ရသည် ဆိုသည့် အဖြစ်က ကောင်းနိုင်ပါ့မလား။ လောကမှာ ဘယ်သူမှ မသိနိုင်ပါဘူးဆိုသော

လျှို့ဝှက်ချက်မျိုး ရှိတတ်သလား။ မယုံနိုင်ပါ။ အကယ်၍ ပစ္စည်းတွေ ပြန်မရခဲ့လျှင်…

မင်္ဂလာပွဲပြီး၍ နောက်များမှာ ဒီကိစ္စ လူသိရှင်ကြား ဖြစ်သွားခဲ့လျှင် ရိပ် ခေါင်းလေး ခါယမ်းပစ်လိုက်မိသည် ။

ဟန်ဆောင်ငှားရမ်းခြင်းများ နှင့် လက်ဖွဲ့ဖို့ကို သူမ ဘယ်တော့မှ မလုပ်ဖို့ ဆုံးဖြတ်လိုက်၏။

*

Saving screenshot

# အခန်း (၁၈)

အရှိကို အရှိတိုင်းပဲ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တော့လည်း ရိပ် လောက် ပွင့်လင်းတဲ့ မိန်းကလေး ရှိပါ့မလားလို့ ပင် အံ့သြယူရသည် ။

"ရိပ်တို့ မှာ လက်ဝတ်လက်စား ဘာမှ မရှိဘူး အန်တီမာ၊ ညီမလေးရဲ့ မင်္ဂလာပွဲကို တခမ်းတနား ဖြစ်စေချင်တဲ့ ဆန္ဒတော့ရှိတယ်၊ ဒါပေမဲ့ ညီမလေးရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းသွားမယ် ဆိုရင်တော့ ...."

"အို... သမီးရယ်၊ အန်တီမာကနားလည်ပြီးသားလို့ ပြောထားသားနဲ့ ဂုဏ်သိက္ခာကျဆင်းဖို့ ဆိုတာ အန်တီမာကိုယ်တိုင် ကို

Saving screenshot

ယ့်ချေးမအကြောင်း ကိုယ် ထုတ်ပြောမှ ဖြစ်လာမယ့်ကိစ္စပါ၊ ကိုယ့်သားသမီး ဂုဏ်သိက္ခာ ထိခိုက်အောင် အန်တီမာတို့ က လုပ်ပါ့မလား၊ ပန်းရင့်အတွက်တင် မကဘူး၊ သမီး ဝတ်ဖို့ ပါ အန်တီမာ စီစဉ်ထားပြီးပြီ ဘယ်သူမှ မသိစေရဘူး၊ ဘာမှ မပူနဲ့ ”

မပူနဲ့ ဆိုတာကိုက လောင်မြိုက်နေခြင်းဖြစ်သည် ။ ဘယ်သူသိသိ မသိသိ ကိုယ့်ကိုယ်ကိုယ် သိနေပြီး လူတွေ အထင်အမြင်သေးမှာကြောက်တာထက် သားရှင် ဖြစ်တဲ့ သူကို အထင်သေးမခံချင်တာ။

အခုတော့ အရာရာအတွက် ဘာမှ ပြင်ဆင်ကြိုးစားခွင့် မရှိတော့ဘဲ လှုပ်လေ မြုပ်လေ ဖြစ်ရပြီး ပစ္စည်းတွေပါသွားသည့်ကိစ္စ ရဲ့ စခန်းတိုင်တော့ ဟိုးလေးတကျော်ကျော် ဖြစ်သွား၏။

အန်တီမာတို့ သတင်းလာမေးတော့...

"ဟုတ်တယ် အန်တီမာရယ်... ညီမလေး မင်္ဂလာဆောင်မှာ ဝတ်ဖို့ ဒီဇိုင်းဆန်းလေး ဖြစ်စေချင်တာနဲ့ ပစ္စည်းဟောင်းကို အသစ်ပြန်လုပ်မယ်ဆိုပြီး ထုတ်ယူလာမိတာ၊ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်တော့ ကူသလိုလို ထူသလိုလို လုပ်ရင်း ဘယ်လို အချောင်သုတ်သွားမှန်း မသိဘူး၊ ရိပ် ခဏလေး သတိလစ်သွားတာနဲ့ ပါသွားတာ"

ဟု မုသားတစ်ဝက် အမှန်တစ်ဝက် ပြန်ပြောခဲ့ရသည်။

ပေါ့စေလို၍ ကြောင်ရုပ်ရေးရာမှ ဆေးကြောင့်လေးရသည်။

ထိုင်နေတုန်းက အကောင်း ထသွားမှ ကျိုးသတဲ့ စကားပုံအစုစုထဲမှ ရိပ် အဖြစ်က ဘယ်စကားပုံနဲ့ မှ မလွတ်ပါလား။ အခုတော့ တကက

Saving screenshot

ယ်လည်း မင်္ဂလာဆောင်ရော တစ်အိမ်လုံးလည်း ချွတ်ချုံကျပါလေရော။

ဧည့်သည် တွေ ပြန်သွားကြတော့ ပန်းရင့်ကို အိပ်တော့မည်ဟု အကြောင်းပြ၍နှင်လွှတ်ပြီး ငိုချင်သည့်စိတ်ကို ဖြေလွှတ်ပေးလိုက်မိသည် ။

သို့သော် မျက်ရည်ကို မုန်းမိခဲ့သည့်စိတ်က သူမထင်သလို မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျမလာခဲ့ပါ။

ရင်ဘတ်ကြီးထဲမှာ ပူပြင်းဆို့ကျပ်နေသည်မှ လွဲ၍ ဝေ့ဝဲနေသည့် မျက်ရည်တို့ က စီးကျဖို့ ထိ မဖြစ်ခဲ့။

ငိုလိုက်ပါလား၊ အားလုံး အရည်ပျော်လွင့်ပါသွားအောင် ငိုလိုက်၊ ဘယ်လိုပဲ ဖျော်ချဖို့ ကြိုးစားပေမယ့် ငိုလို့ မရ။

ထိုအချိန်တွင် သူမရှိနေသည့် ခေါင်းရင်းတံ

Saving screenshot

ခါးပေါက်မှ ခြ်စောင့်ကြီး အသံကြားလိုက်ရသောကြောင့် ရိပ် အိပ်ရာပေါ်က ဆင်း၍ တံခါးဝနား သွားငုံ့ကြည့်လိုက်၏။ သူမကို မြင်မှ ခြံစောင့်ကြီးက အနားတိုးလာသည်။

"ဦးလေးအော ဘာလဲ"

"သမီး ဆင်းနိုင်ရင် ခဏ ခြံထဲ ဆင်းခဲ့ပါလား။ ခြံတံခါးဝမှာ ဧည့်သည် နှစ်ယောက်ရောက်နေတယ်၊ သမီးနဲ့ တွေ့ချင်လို့ တဲ့ "

"ခေါ်ခဲ့လေ ဦးလေးအောရဲ့ "

"ဦးလေးခေါ်တယ်၊ သူတို့ က သမီးကိုပဲ ခေါ်ပေးပါတဲ့ ၊ အထဲကို လုံးဝမဝင်ဘူး"

ရိပ် မျက်မှောင်လေး ကုတ်၍ စဉ်းစားသည်။

အလုပ်နှင့် ပတ်သက်သမျှ ဘယ်ယောက်ျားမှ လည်း အိမ်လိုက်လာဖို့ အကြောင်းမရှိပါ၊ ကု

www.mmyanmarbooks.com

Saving screenshot

မွဏီက သူဌေးကိုယ်တိုင် အကြောင်းရှိလျှင် ဖုန်းလှမ်းဆက်တာပဲရှိသည်။

ကိုယ့်ကို တွေ့ချင်သည် ဆိုတော့ စိတ်ဝင်စားသွားသဖြင့် ရိပ် နဖူးမှာ ပတ်တီးဖြေထားသည့် ဒဏ်ရာကို တစ်ချက်စမ်းကြည့်ကာ ဆင်းထွက်လာခဲ့မိသည်။

ရပ်ထားသည့် မာစီးဒီးကားက လက်လက်တောက်နေသည်။

ရပ်စောင့်နေကြသည့် ယောက်ျားနှစ်ယောက်လုံးက သန့်ပြန့်ရည်မွန်ပုံရှိကြပေမယ့်လည်း ရိပ် ဘယ်သူ့ကိုမှ မသိ။

သူတို့ ကတော့ ခပ်ပြုံးပြုံး မျက်နှာများ နှင့် အတော်ရှည်လျား၍ တောင့်မတ်နေသည့် စာအိတ်ညိုတစ်လုံးကို ကိုင်ထားသူက…

“မဟူရာရိပ်ဆိုတာ ညီမ ထင်တယ်”

"ဟုတ်ပါတယ် ဘာကိစ္စရှိလို့ လဲ"

သူက စာအိတ်ကို တလေးတစားပုံစံနှင့် လှမ်းပေးလိုက်ပြီး

"ဒီမှာ ညီမရဲ့ လိပ်စာနဲ့ ပို့ပေးဖို့ ညွှန်ကြားထားတဲ့ စာအိတ်တစ်လုံး၊ ကုမ္ပဏီကို ရောက်လာလို့ လာပို့တာပါ"

"ရှင်…"

ကုမ္ပဏီကဆိုတော့ ဘာမှန်းမသိပေမယ့် ရိပ် လှမ်းယူလိုက်ပြီးသား ဖြစ်သွားသည်။

"ရှင်တို့ က ဘယ်ကုမ္ပဏီကလဲ"

"F.T.I.G အိပ်စ်ပို့ အင်ပို့ ကပါ…"

"ဪ"

F.T.I.G ကုမ္ပဏီကို သူဌေးကိုယ်တိုင် စုံစမ်းထောက်လှမ်းထားသည့် လုပ်ငန်းကိစ္စတွေ ရှိနေသည်။

ကိုယ့်ဆီကိုယ်လည်း လာနိုင်တာမို့ စာအိတ်ကို ယူထားလိုက်မိ၏။ ထိုသူနှစ်ယောက်က လည်း နှုတ်ဆက်၍ ချက်ချင်းလှည့်ပြန်သွားကြသည် ။ စာအိတ်ကို ပို့သည့်လိပ်စာ မပါသော်လည်း ကုမ္ပဏီက လက်ခံထားလိုက်ကြောင်း တံဆိပ်တွေ စာအိတ်ပေါ်မှာ ရိုက်နှိပ်ထား၏။

သိချင်စိတ်ကြောင့် ခြံတံခါးမှ လှည့်ပြန်လာစဉ်မှာ ပင် ခြေလှမ်းကို တုံ့နှေးစွာ လျှောက်လှမ်း၍ စာအိတ်ကို ဖွင့်ကြည့်လိုက်မိသည် ။

ပထမဆုံး ထွက်ကြလာသည် က စာချုပ်တစ်ခု ပြီးတော့ ခြံမြေဂရန်တစ်စောင်၊ ထို့နောက် စာရွက်ခေါက်တစ်ခု။

ဘာတွေလဲ ရိပ် ဘာတွေမှန်း မသိသောကြောင့် ဂရံကို ပြူးပြဲကြည့်မိသည် ။ ၁၈၀× ၁၂၀ ခြံနှင့် တစ်ထပ်တိုက်ပါ ဂရန်သ

Saving screenshot

ည် အင်းလျားလမ်းထဲမှာ ပဲ ဖြစ်ကာ ထိုတိုက်နှ
င့် ခြံကို ဒေါ်မြင့်မြင့်သီ အပိုင်မှ ဒေါ်မဟူရာရိပ်
သို့ လွှဲပြောင်းရောင်းချခဲ့ကြောင်း ဗဟိုတရား
ရုံးရှေ့နေများ နှင့် သက်သေစုံညီစွာ လက်မှတ်
ထိုးစာချုပ် ချုပ်ဆိုထားခြင်း

ဘုရား.. ဘုရား...

ရိပ် ဘာမှ လည်း မသိရပါလား၊ ဒါ ... ဒါ
ဘယ်သူလုပ်လိုက်တာလဲ

စာအဖြေရှိလိမ့်မည်၊ ရိပ် စာကို ဖွင့်ဖတ်လို
က်မိ၏။

ဝိုင်းဝိုင်းစက်စက် မဟုတ်ဘဲ ခပ်စောင်း
စောင်းနှင့် သေသပ်စွာ ရှိနေသော စာကြောင်း
တွေက ရိပ်ကို အသက်ရှူရပ်သွားတော့မတတ်
ဆွဲကိုင်ချုပ်နှောင် ပစ်လိုက်၏။

မဟူရာရိပ်..

ဒါ ကိုယ့်ဘက်က ပထမဆုံး ပေးလျော်လိုက်တာပဲ မင်းကို ကိုယ် အနိုင်ယူသလို ဖြစ်ခဲ့တာကို တွေးမိတော့ ပြန်ပေးသင့်တာကို သိတယ်၊ ဒါပေမဲ့ မင်း မယူဘူးဆိုတာလည်း သေချာနေတော့ မင်းကို မပေးတော့ဘူး။ ပန်းရင့်အတွက် ကိုယ် လက်ဖွဲ့တယ်လို့ သဘောထားလိုက်ပါ။ မင်္ဂလာလက်ဖွဲ့ဆိုတာ မိတ်ဆွေတစ်ယောက်အနေနဲ့ ပေးသင့်တာပဲ၊ မင်းလည်း ယူသင့်တယ်..

ဒါပေမဲ့ ပန်းရင့်နဲ့ ကိုယ် ရည်ရွယ်ခဲ့ဖူးကြတာ ကိုယ့်ဘက်က သိနေကြတယ်၊ ကိုယ် လက်ဖွဲ့လိုက်တာ သိကုန်ရင် ကိုယ်က အရှုံးကို ရင်မှာ ပိုက်ပြီး လက်ဖွဲ့ရင်းနဲ့ စွန့်လွှတ်ရှာတယ်လို့ ထင်ကြမှာ ၊ ဒါတော့ မဖြစ်ဘူး ဖြစ်သင့်တာက မင်းပဲ လက်ခံမှ ဖြစ်မယ်၊ မင်းက မိန်းကလေးရှင်ဘက်က လက်ဖွဲ့တာမျိုး စီစဉ်ပေးလိုက်ပါ၊ မင်းနဲ့ ကိုယ် အပြိုင်အဆိုင် ဝယ်ခဲ့ကြတဲ့

Saving screenshot

ခြံက ရာဇဝင်ဟောင်း သိပ်မကောင်းဘူးကွ၊ ဒါကြောင့် ဒီတိုင်းပဲ ပိတ်ထားလိုက်ပြီ၊ အခုခြံက အဲဒီခြံနဲ့ နှစ်ခြံကျော်ပဲ တိုက်နဲ့ ခြံကို ကိုယ် ဘယ်လောက်နဲ့ ပဲဝယ်ဝယ် အခု ပန်းရင့်အတွက် လက်ဖွဲ့ဖို့ ကိုယ့်ဘက်က လေးထောင်နဲ့ ဖြတ်လိုက်မယ်၊ အဲဒါ ကိုယ်က ပေးတာ မဟုတ်ဘူး၊ ပန်းရင့် ဆီက ယူထားတာကို ပြန်ပို့ပေးလိုက်တာ၊ အားလုံးရှင်းသွားပြီ၊ ပန်းရင့်ကို မင်း ပြန်ပြောဖို့ မလိုပါဘူး…

တစ်ခုကျန်သေးတယ်၊ ဒါတွေကို မင်းမလိုချင်လို့ သွားလွှင့်ပစ်လည်း ရတယ်နော်၊ ဒါပေမဲ့ ဂရမ်ပျောက်ဆုံးကြောင်း တစ်စုံတစ်ဦးက လာတိုင်လို့ လိုအပ်မယ်ထင်ပြီး ဒေါ်မြင့်မြင့်သီ ရောက်လာရင်တော့ မင်း ဝယ်ယူထားကြောင်း ထုတ်မပြနိုင်ရင် စိတ်မကောင်းစရာတွေ ဖြစ်လာဖို့ ရှိတယ် မရှူနိုင် မကယ်နိုင် ရင်ဝမှာ ဆို့တက်လာတဲ့ မင်းမာနတွေကို ပြန်မျိုချပြီး

Saving screenshot

စာချုပ်မှာ တိတ်တိတ်ဆိတ်ဆိတ်လေး လက်မှတ်ထိုး သိမ်းထားလိုက်ပါ...

မိန့်ခွန်း

လမ်းလယ်ကောင်မှာ ခြေစုံရပ်လျက် တောင့်တောင့်ကြီး သေနေသလို ရိပ် ဒေါ်သတွေ မွှက်ပွက်ဆူနေသည် ။

"လေးထောင်နဲ့ ဖြတ်လိုက်တယ်" "ကိုယ်ပေးတာ မဟုတ်ဘူး " "သူပေးတာကို ပြန်ပို့ပေးလိုက်တာ" တဲ့ ။

လူပါးဝလိုက်တာ သင်းက ငွေကို ရေလိုသုံးပြီး သက်သက်ချိုးလိုက်တာ၊ ဘယ်တော့မှ မရဘူး မိန့်ခွန်း၊ ရှင့်လောက်လူကို အညှံ့ခံရင် ကျွန်မနာမည်ကို ချက်ချင်းပြောင်းပစ်လိုက်မယ်၊ ရှင် ဘယ်လောက်တော်တော် မဟူရာရိပ် အောက်မှာ အားလုံးမှေးမှိန်ပျောက်ကွယ်ရမယ်။

Saving screenshot

လှုပ်ရှားနေသည့်စိတ်ကို ထိန်းချုပ်ကာ စာချုပ်နဲ့ ဂရန်ကို သေချာ ပြန်ထည့်လိုက်သည် ။

လူမမာလို နုံးခွေနေသည့်စိတ်က ဒေါသမာနများ နှင့် ရုန်းကြွလာကြသည် ။

“ဟင်... မမ.. ဘယ်သွားမလို့ လဲ၊ ညနေစောင်းမှ နေလည်း မကောင်းသေးဘဲနဲ့ ”

“စိတ်ညစ်လို့ ညီမလေးရယ်၊ ကန်တော်ကြီးဘက် ခဏ ကားမောင်းထွက်မလို့ ”

“ဟာ မရဘူး.. အဲဒီဘက်မှာ ပဲ ဖြစ်ခဲ့တာ၊ ပန်းရင့်ပါ လိုက်မယ်”

ပန်းရင့် အတင်းစိုးရိမ်နေတာကို ချော့မော့ဖျောင်းဖျကာ ရိပ် မရရအောင် ထွက်လာခဲ့မိသည် ။

ဦးတည်လိုက်သည် က F.T.I.G ကုမ္ပဏီရှိရာသို့ ဖြစ်၏။

“ခင်ဗျာ.. ဦးမိန့်ခွန်း ဟုတ်လား”

“ဟုတ်ကဲ့ ကျွန်မ သူနဲ့ တွေ့ချင်လို့ ပါ”

“ကျွန်တော်တို့ ကုမ္ပဏီက မဟုတ်ဘူး ခင်ဗျ၊ ဒါပေမဲ့ သူဌေးဆီကိုတော့ အဝင်အထွက် ရှိပါတယ်၊ သူဌေးနဲ့ ဝင်တွေ့လိုက်ပါ”

ရိပ် ရင်ထဲမှာ တင်းကျပ်သွားသည် ။

ဒီလူ ဟိုအရင်က ကုမ္ပဏီများ အစည်းအဝေးမှာ တက်လာတုန်းက ဘယ်ကုမ္ပဏီကလဲ … ဆူပူနေသည့် ဦးနှောက်က ဘာကိုမှ စဉ်းစားမရ။

သူဌေးဆိုသည့် လူကြီးရှေ့ရောက်တော့ တွေ့ဆုံဖူးထားကြတာမို့ သူမကိုမြင်လျှင် ခဏမျှသာ စဉ်းစားကာ….

“ဩော်… ကိုမိုးထွတ်ရဲ့ အတွင်းရေးမှူးကိုး … ထိုင်ပါ.. ဘာကိစ္စများ လဲ မသိဘူး”

ရိပ် က မထိုင်ဘဲ မိန့်ခွန်းကိုပဲ မေးသည်။

"ကျွန်မ မထိုင်တော့ပါဘူး၊ ကုမ္ပဏီကိစ္စလည်း မဟုတ်ပါဘူးရှင်၊ ဦးမိန့်ခွန်းကို တွေ့ချင်လို့ ပါ"

"မိန့်ခွန်း... ဩော်... ခွန်းလား"

သူဌေးက မျက်မှောင်ကုတ်သွားရာမှ ခေါင်း တဆတ်ဆတ်ညိတ်ကာ..

"သူ့ကို တွေ့ချင်တာ ဒီကိုရောက်လာတာနဲ့တော့ တန်းတွေ့မှာ မဟုတ်ဘူး ကွယ့်... အန်ကယ်တို့ တောင် သားနဲ့ ပတ်သက်ပြီးမှ သူ့ကို တွဲယူရတာ၊ ခုမှ သူ့ရဲ့ နိုင်ငံခြားကုမ္ပဏီနဲ့ ဖက်စပ်လုပ်ဖို့ ဆွေးနွေးတုန်းပဲ ရှိသေးတာလေ"

သူဌေးက ရိပ် ကပဲ မိန့်ခွန်းနဲ့ ကြိုးစားကာ လုပ်ငန်းကိစ္စအတွက် ရောနှောဖို့ ရောက်လာသလိုလို မျက်လုံးတို့ က အရောင်ပြောင်းသွားသည်။

Saving screenshot

"ဒါဆို သူ ဒီကို လာတတ်တယ်ဆိုတာက ကော"

"သားရှိတဲ့ အခါ ရောက်ရောက်လာတာ သူတို့ က ကျောင်းနေဖက် သူငယ်ချင်းတွေလေ"

"သူ ဒီကို စာတစ်စောင်ပို့တယ် မဟုတ်လားရှင်၊ ဒီကုမ္ပဏီတံဆိပ်နဲ့ လက်ခံခဲ့တာပဲ"

"ဟုတ်လား၊ အဲဒါ အန်ကယ် မသိဘူး၊ သား လက်ခံတာပဲ ဖြစ်မှာ ပေါ့"

ရိပ် စာအိတ်ကို ထုတ်ပြဖို့ မသင့်မှန်း စဉ်းစားမိ၍ အကြံထုတ်ရသည်။

"ဒါဆို ကျွန်မ အန်ကယ့်သားနဲ့ ဖြစ်ဖြစ် သူနဲ့ ဖြစ်ဖြစ် စကားပြောပါရစေ၊ အရေးကြီးတဲ့ ကိစ္စရှိလို့ ပါ... ဟို.. အလုပ်သဘောနဲ့ တော့ မဆိုင်ပါဘူး"

လုပ်ငန်းတူချင်းမို့ သဝန်တိုမှာ စိုးတာနှင့် မ

Saving screenshot

သက်ဆိုင်တာကိုပါ ထည့်ပြောလိုက်မိသည် ။

ရိပ်က ဖုန်းဆက်ချင်တာမှန်း သူဌေးသိလိုက်သည် ။

"နေဦး ခွန်းရဲ့ ဖုန်းနံပါတ်က ရှိတယ်၊ ဒါပေမဲ့ သူက ညဘက်ကျမှ အိမ်ပြန်ကပ်တော့ ခုနေဆို ကိုင်နိုင်မှာ မဟုတ်ဘူး ၊ သားကို မေးကြည့်ပေးမယ်"

ရိပ် ရှေ့မှာ ပဲ သူဌေးက သားဖြစ်သူထံ လှမ်းဆက်သည် ။

စကားပြောရင်း ရိပ်ကို လှမ်းကြည့်ကာ တစ်အောင့်ကြာမှ ဖုန်းကို ချလိုက်၏။

"ခွန်း နိုင်ငံခြားထွက်သွားတာ တစ်ပတ်ကျော်ပြီတဲ့ "

"ရှင်"

ရိပ် တောင့်ခနဲ ဖြစ်သွားသည် ။

“ဒါဆို အန်ကယ့်သားနဲ့ စကားပြောပါရစေ
”

ရိပ်ကတော့ သူဌေး ဘယ်လိုပဲ ထင်ထင် ထို ပုဂ္ဂိုလ်နှင့် စကားပြောဖို့ ပဲ တောင်းဆိုခဲ့သည် ။

“ဒီမှာ ရှင့် .. ကျွန်မက မဟူရာရိပ်ပါ၊ စာအိတ်နဲ့ စာတွေကို မိန့်ခွန်းက ရှင်ကတစ်ဆင့် ပို့ပေးခဲ့တာလား”

“.....................”

“ဘာရှင့် ဒါဆို ရှင်တို့ ကုမ္ပဏီတံဆိပ်တွေက ဘယ်သူတက်နိုးပြီး ရိုက်ထည့်လိုက်တာလဲ
”

“..................”

မသိဘူး မဟုတ်ဘူး ဆိုသည့် အဖြေကြောင့် တက်ခေါက်မိမတတ် ဒေါသထွက်သွားသည် ။ ပြီးမှ စူးစူးရဲရဲ ကြည့်နေသည့် သူဌေးရှေ့မှာ မို့

Saving screenshot

ဆင်ခြင်လိုက်ရသည် ။

ဒါဟာ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်နေသည် မို့ သိပ်ပြောလို့ လည်း မဖြစ်။

သူမမှာ မရှုနိုင် မကယ်နိုင် ဖြစ်ကာ ဟန်းဖုန်းနံပါတ်တောင်းတော့လည်း သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးက မသိပါဘူးတဲ့ ။

ပေါ်တင်ကြီး ဘူးခံငြင်းနေတာကို သိလျက်နှင့် လက်လျှော့ခဲ့ရသည် ။

မိန့်ခွန်းဆိုသည့်လူ ရိုက်ချက်ပြင်းသမျှ မဟူရာရိပ် ရှုံးနိမ့်ခဲ့ရသည် ။

ရှင် ဘယ်တော့မှ ပြန်မလာဘဲ နေလိုက်ပေါ့ မိန့်ခွန်း....

*

Saving screenshot

# အခန်း (၁၉)

ကုမ္ပဏီ၏ အကူအညီဖြင့် စင်ကာပူမှာ နေထိုင်သွားလာရေး ကိစ္စအဝဝက အဆင်ပြေပါသည် ။

APM ကုမ္ပဏီကြီးမှ အကြီးတန်း ဈေးကွက်မန်နေဂျာ အင်တာဗျူးအတွက် စောင့်ရင်း သုံးရက်ကြာမှ နောက်ဆုံးအသုတ်ထဲမှာ ရိုပ် ပါခဲ့သည် ။

ဘာသာသုံးမျိုးလောက်ကို စကားပြောကျေညက်ပေမယ့် သိထားတာတွေရော တက်ထားတာတွေရော တက်ရောက်ခဲ့ သင်ယူခဲ့သမျှ ပညာအားလုံးကို ပြန်မှတ်ပြန်ကျက်၊ ထိုအင်

တာဗျူးအတွက် ရင်မောနေခဲ့ရသည် က အော
င်မြင်မှုအတွက် ကြိုတင်ပေးဆပ်ခဲ့ရတာ ဖြစ်
သည် ။

မြန်မာနိုင်ငံက သူဌေးရုံးခန်းဟု သတ်မှတ်
သော ရိပ်တို့ ခွင့်တောင်းပြီးမှ ဝင်ခွင့်ရသည့်
အခန်းငယ်လေးနှင့် ဘာမှ မဆိုင်။

ကျယ်ကျယ်ဝန်းဝန်း
အလွန်အဆင့်အတန်းမြင့်ကာ တခမ်းတနားရှိ
သော အခန်းကျယ်ကြီးထဲသို့ ခြေချလိုက်မိလျှ
င် အားတင်းထားသမျှ တထိတ်ထိတ် ခုန်လာခဲ့
သည့် နှလုံးသွေးတို့ ကို တားဆီးမရတော့ ကြ
မ်းခင်းမှာ ချမိသည့် ခြေဖဝါးမှ သံဖျားထိ ကို
ယ့်အရိပ်က ထင်းနေသည် ။ မှန်ပြင်ပေါ်မှာ ရ
ပ်နေရသလို ဖြစ်လျက် ပတ်လည်မှာ မှန်တွေပဲ
ဖြစ်သည် ။ သို့သော် ဘေးမှန်တွေက လူလုံးမ
ထင်ဘဲ လှုပ်ရှားမှုများကို ရောင်စဉ်တွေ ဖြာနေ

စေသော အလင်းလှိုင်းများ သာ ဖြစ်သည် ။

လေအေးစက်ကြောင့် စိမ့်ခနဲ လွှမ်းခြုံသွားသော အထိအတွေ့က သွေးများ ပင် ခဲသွားတော့မလောက် တုန်သွားခြင်းဖြင့် ရောမွှေသွား၏။

အင်တာဗျူးတစ်ခုကို ဤမျှလောက် တခမ်းတနား ပါဝင်တက်ရောက်ခဲ့ခြင်းက ဒါ ပထမဆုံးပင် ဖြစ်၏။

စားပွဲအရှည်ကြီး၏ အလယ်မှာ အလွန်လှပအောင် ထိုးစိုက်ထားသည့် ပန်းအလှခြင်းကြီးတစ်ခြင်း ရှိသည် ။

ထိပ်ပိုင်းမှာ နိုင်ငံခြားသားနှစ်ယောက်နှင့် မြန်မာနှစ်ယောက်၊ စားပွဲရှေ့မှာ ရှိနေသော သူမ၏ ကြိုးစားမှုများကို စိရင်ချက် ချခံစေရန် တစ်လုံးတည်းသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရသည် ။

Saving screenshot

သူမ ဝင်လာကတည်းက တစိုက်မတ်မတ် ငြိမ်သက်စွာ ကြည့်ရှုအကဲခတ်နေကြသည့်သူတွေကို စေ့စေ့ မကြည့်ပဲ အသက်ဝဝရှူကာ စိတ်ကိုတင်း ကိုယ်ကို မတ်၍ ကိုယ့်ရှေ့မှာ တည့်တည့်ရှိနေသူကိုသာ ရင်ဆိုင်ရန် မျက်နှာအမော့တွင် ...

"ဟင်...."

ရိပ် တွန့်ခနဲ ဖြစ်သွားခဲ့သည် ။ ခန္ဓာကိုယ်သည် အလွန်သေးငယ်သော အလုံးငယ်လေးဖြစ်ကာ ချောင်ရှိရာသို့ လိမ့်ထွက်သွားသည့်နှယ်..

သူမ သွေးပျက် ချောက်ချားသွားသလောက် မိန့်ခွန်း မျက်နှာက တည်ငြိမ်နေသည် ၊ မသိမမြင်ခဲ့ဖူးသလို စိမ်းသက်သည့် မျက်ဝန်းများက တစ်ခေါက်မျှ လှုပ်ရှားသွားခြင်းမရှိ။

နီရဲသော တီရှပ်လက်ရှည်ပေါ်မှာ

Saving screenshot

ကုတ်အင်္ကျီအနက်ကို ထပ်ဝတ်ထားသည် ။ သူက… ရိပ် အဆင်သင့် ပြင်ဆင်ပြီးသွားသည့် ပုံစံဖြစ်သည် အထိ စောင့်ပြီးမှ နှုတ်ခမ်းထောင့်ကလေး ညွတ်ကျသွားရုံမျှ ပြုံးလိုက်ကာ…

"မင်္ဂလာနံနက်ခင်းပါ၊ ငါက APM ကုမ္ပဏီက ဒါရိုက်တာ မိန့်ခွန်းပါ၊ ဒီအင်တာဗျူးကို လာဖြေတဲ့ မင်းကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်" ဟူသော အင်္ဂလိပ်စာကြောင်းများ ထွက်ကျလာသည် ။

သူသည် မြန်မာသံပျောက်နေအောင် အပြောအဆို ကျွမ်းကျင်ကာ ပြောနေကျ ဘာသာစကားတစ်ရပ်မှာ နားဝင်ချိုအောင် ပြောသွား၏။

သူ့လောက်တော့ ရိပ်ကလည်း မညံ့ပါ။

နိုင်ငံတကာ ဈေးကွက်ရှာဖွေရေးထဲမှာ ခြေဆန့်ဖို့ ကြိုးစားနေတဲ့ သူ…

Saving screenshot

“တွေ့ရတာ ဝမ်းသာပါတယ်၊ မင်း ငါ့ကို ကြိုဆိုတယ်ဆိုလို့ ငါ ဝမ်းသာပါတယ်၊ ငါ့နာမည်က မဟူရာရိပ်ပါ” ဟု အင်္ဂလိပ်သံ ပီပီပြင်ပြင် ပြန်၍ နှုတ်ဆက်လိုက်သည် ။

သူက ခေါင်းဆတ်ကာ ဈေးကွက်ရှာဖွေရေးနှင့် စပ်လျဉ်းသော ရှိခဲ့ဖူးသည့် လုပ်ငန်းအတွေ့ကြုံကို စတင်မေးတော့သည် ။

အပြန်အလှန် ပြောကြသည့် စကားတွေထဲမှာ မြန်မာစကား တစ်လုံးမှ မပါ။

နာရီဝက်တိတိ အမေးအဖြေများ လုပ်ခဲ့ပြီး ကျန်သည့် ဒါရိုက်တာများ ဘက်သို့ သူ သုံးမိနစ်ခန့် စကားလှည့်ပြောသည် ။

ထိုသူတို့ ခေါင်းညိတ်သောအခါတွင် ..

“မင်းပြောတာ သိပ်ကောင်းတယ်၊ ငါတို့ မင်းကို အရောင်းမန်နေဂျာအဖြစ် ခန့်လိုက်ပြီ” ဟူ၍ အင်္ဂလိပ်လို ပြောသည် ။

Saving screenshot

ထိုအခါ မဟူရာရိပ် ဆိုသော မိန်းမတစ်ယောက်၏ မျက်နှာပေါ်က မဲ့ပြုံးကို သူ တုံ့ပြန်ကြည့်သည့် ခပ်တွန့်တွန့် အပြုံးသည် ခဏလေးသာဖြစ်ပြီး ချက်ချင်း ပျောက်ကွယ်သွားလေသည်။

ရိပ် အကြီးတန်းဈေးကွက် မန်နေဂျာ အင်တာဗျူး အောင်ပါ၏။

*

Saving screenshot

# အခန်း (၂၀)

ခရီးသည် (၉၂) ဦးကို တင်ဆောင် ပျံသန်းမည့် လေယာဉ်ဖလိုက် ၅၀၈နှင့် လိုက်ပါရန် ထိုင်ခုံတွင် ရိပ် နေရာယူပြီး ဖြစ်၏။

APM ကုမ္ပဏီမှ မိန့်ခွန်းကို တွေ့ချင်၍ တွေ့နိုင်သည့်ထင်သည့် နေရာမှ နှစ်ရက် ထပ်စောင့်သော်လည်း မတွေ့သဖြင့် ကုမ္ပဏီမှ ရရှိသည့် အင်တာဗျူးအောင်မြင်၍ အလုပ်ခန့်လိုက်သည် ဖြစ်ကြောင်း၊ ခန့်အပ်သည့် အောင်လက်မှတ်ကိုယူကာ ခရီးဆက်ဖို့ ပြင်ခဲ့ရသည် ။

သူ့ရည်ရွယ်ချက်က သူမ စိတ်ဝင်စားသည့် နိုင်ငံများမှ ဈေးကွက်ရှာဖွေရေးနှင့် ပတ်သက်

Saving screenshot

သည့် သူတို့ လက်ကိုင်ထားသော အဓိက ဘာလဲဆိုတာကို သိရဖို့ ။

အဓိကသည် သူမ ခြေဆန့်ခဲ့သည် ... ပါဝင်ယှဉ်ပြိုင်ခဲ့သည် ... အောင်မြင်ခဲ့သည် .. ဒါပဲဖြစ်သည် ။

ဘယ်ကိုရောက်ရောက် သူမ အောင်မြင်လိမ့်မည်ဟူသော ယုံကြည်ချက်တွေ ပိုမိုခိုင်မာလာ၏။ မချင့်မရဲ မတင်မကျ ဖြစ်ရသည် ကတစ်ခုပဲရှိသည် ။

မိန့်ခွန်းနှင့် တွေ့ဆုံမေးမြန်းလိုသော ကိစ္စအထမမြောက်ခဲ့သေး။

ပန်းရင့် လက်ထပ်ပြီးသွားပါပြီ။

လောလောဆယ် အန်တီမာတို့ နဲ့ ပဲ နေသည် ။

ထိုက်တန်စွာ လက်ဖွဲ့ရေးကိစ္စသည် ခေတ္တ

Saving screenshot

ဆိုင်းငံ့ဇယားနှင့်သာ ထားခဲ့ရပြီး ပစ္စည်းအားလုံးလည်း ပြန်ရသဖြင့် ဤခရီးက ပြန်လျှင်တော့ ညီမလေးကို လက်ဖွဲ့ဖို့ မိန့်ခွန်းပေးသည့် ခြံနှင့်တိုက်ကိုပဲ ရည်ရွယ်ထားခဲ့သည် ။

သူမ သွားကြည့်ပြီးပြီ။ နေရာကောင်းသည် ။ တိုက်ကလေးက အသစ်စက်စက် ဆောက်ထားစဖြစ်ကာ ခေတ်မီလှပသည် ။

အပြင်ကကြည့်တော့ တစ်ထပ်ဖြစ်ပြီး၊ အထဲမှာ ကြမှ နှစ်ထပ်ရှိနေတာကို တွေ့သည် ။

ဝရန်တာ သုံးဘက်နှင့် ကဗျာဆန်ဆန်လေး ဆေးရောင်ခြယ်ထားသေးသည် ။ ဒေါသများနှင့် ပစ်ခတ်ပေါက်ချ၍ သူ့ကို ပြန်ပေးဖို့ စိတ်ကူးတွေ လျှော့ပါးကုန်ရကာ ပစ္စည်းတွေ ပြန်ရမည်ဆိုတော့ သူ သတ်မှတ်သည့် တန်ကြေးအတိုင်း ပြန်ပေးပြီး ဂရန်ကို ယူလိုက်ဖို့ ဆုံးဖြတ်ခဲ့မိ၏။

Saving screenshot

သို့သော် ပွဲစားတစ်ယောက်ကို အသာလက်တို့ ၍ တန်ဖိုးဖြတ်ခိုင်းပြန်တော့ ခြောက်ထောင်ကျော်ကျော်ရှိသည် ဟု ခပ်ဖွဖွလေးပြောတော့ ရိပ် မျက်လုံးပြူးသွားခဲ့၏။ နဒီက လက်တို့ ၍ ...

"ဘာဖြစ်လဲ .. သူက လေးထောင်ပဲ သတ်မှတ်ပါသတဲ့ ဆိုတာ လေးထောင်ပေးလိုက်ရင်ပြီးတာပဲ၊ ဘာမှ လိပ်ပြာမသန့်စရာ မရှိဘူး၊ ကိုယ် ဈေးမေးခဲ့တာ သူသိတာမှတ်လို့ "

သူငယ်ချင်းနှစ်ယောက် ကျိတ်တိုင်ပင်ခဲ့ကြတာ သူ့ကို တွေ့ဖို့ ကြိုးစားပြီး သိန်းလေးထောင် ပြန်ပေးဖို့ ဖြစ်သည် ။

ဘယ်မှာ ရှိမှန်းပင် စုံစမ်းမရခဲ့ဘဲ ခုတွေ့လဲ ထပ်မဆုံခဲ့ရပြန်၊ ရိပ် ခုံနံပါတ်က ပြတင်းပေါက် ဘေးမှာ မို့ အပြင်ဘက်ကို ငေးကြည့်နေဆဲ၊ တရုတ်အဘွားကြီးတစ်ယောက် သူမနှင့် ကပ်

Saving screenshot

လျက်မှာ လာထိုင်သည် ။

ထို့နောက် ချက်ချင်း ပြန်ထကာ ရှေ့မှာ ပြောင်းထိုင်၏။

ခုံမှားထိုင်တာ ဖြစ်ပါလိမ့်မည်။

မရေးမနှောင်းတွင် နှစ်သက်ဖွယ်ကောင်း လှသည့် ရှားပါးသော ရေမွှေးနံ့ တစ်ချက်ရ ကာ ရိပ် ဘေးမှာ တစ်စုံတစ်ယောက် ရောက် လာပြန်သည် ။

ရေမွှေးနံ့၏ ဆွဲဆောင်မှုနှင့် ငဲ့ကြည့်လိုက် တော့ မိန့်ခွန်း...

"ဟင်...."

အံ့ဩလွန်းသဖြင့်..."ဟင်..." ခနဲ အသံက နှုတ်ဖျားမှ ခုန်ထွက်သွားသည် ။

သူက ဖျတ်ခနဲ လှည့်ကြည့်ကာ ရိပ်လို အ သံမထွက်သော်လည်း နှုတ်ခမ်းအစုံ ခပ်ဟဟ

Saving screenshot

ပွင့်သွားပြီး တပ်ထားသည့် မျက်မှန်နက်ကို ချွတ်ပစ်လိုက်၏။

"မင်းပါလား..."

ဖွင့်ဟပြောပြီး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ တွန့်သွား၍ နှုတ်ခမ်းစေ့ ပြုံး၏။

ရိပ်က နှုတ်ခမ်းကို တမင်ဖိပိတ်မဲ့ကာ...

"တိုက်ဆိုင်တာ ဆိုရင်တော့ အတော်အံ့ဩစရာ ကောင်းနေပြီ"

သူမ ပြောလိုက်စဉ် လေယာဉ်က ဝေဟင်ထဲသို့ ထိုးတက်ပျံသန်းနေပြီ ဖြစ်၏။

မိန့်ခွန်းက မျက်မှန်ကို ပြန်မတက်ဘဲ ကုတ်အင်္ကျီထဲ ထည့်၍ နီးနီးကပ်ကပ်လေး ရှိနေသည့် ရိပ် မျက်နှာကို တည့်တည့်လှည့်ကြည့်၏။

"တမင်တကာ မင်းနောက်လိုက်ရအောင် ကိုယ့်မှာ အချိန်မရှိဘူးဆိုတာ မင်းသိမှာ ပါ"

Saving screenshot

ရိပ်က သူ့ကို မျက်လုံးဖွင့်ကြည့်ပြီး မဲ့သည်
။

"နေပါဦး.. မင်းကို APM မှာ အလုပ်ဝင်နေပြီ မှတ်တာ၊ အောင်လက်မှတ်နဲ့ ခန့်စာယူပြီး ဒါက ဘယ်သွားမလို့ လဲ"

"ကျွန်မ ဘယ်သွားသွား ရှင့်အလုပ် မဟုတ်ပါဘူး"

ရိပ် မပြောပေမယ့် မိန့်ခွန်းက ကျေညက်သည့် အပြုံးနှင့် စူးစိုက်ကြည့်၏။

"အောင်လက်မှတ်တော့ စုဆောင်းပြီး လုပ်စားတယ်ဆိုလည်း အချိန်ကုန် မခံပါနဲ့ ကွာ၊ ဘယ်ကုမ္ပဏီက အင်တာဗျူး အောင်မြင်ခန့်စာ လိုချင်လည်း ပြော..."

"ဟွန့်... သိပ်ကြွားမနေပါနဲ့ ... မဟူရိပ် ဆိုတဲ့ မိန်းမက အဲဒီလို ခပ်ပေါပေါ ခပ်ကြောင်ကြောင် လုပ်တာတွေကို ဝါသနာ မ

Saving screenshot

ရိပ်က သူ့ကို မျက်လုံးဖွင့်ကြည့်ပြီး မဲ့သည်
။

"နေပါဦး.. မင်းကို APM မှာ အလုပ်ဝင်နေပြီ မှတ်တာ၊ အောင်လက်မှတ်နဲ့ ခန့်စာယူပြီး ဒါက ဘယ်သွားမလို့ လဲ"

"ကျွန်မ ဘယ်သွားသွား ရှင့်အလုပ် မဟုတ်ပါဘူး"

ရိပ် မပြောပေမယ့် မိန့်ခွန်းက ကျေညက်သည့် အပြုံးနှင့် စူးစိုက်ကြည့်၏။

"အောင်လက်မှတ်တော့ စုဆောင်းပြီး လုပ်စားတယ်ဆိုလည်း အချိန်ကုန် မခံပါနဲ့ ကွာ၊ ဘယ်ကုမ္ပဏီက အင်တာဗျူး အောင်မြင်ခန့်စာလိုချင်လည်း ပြော..."

"ဟွန့်... သိပ်ကြွားမနေပါနဲ့ ... မဟူရိပ် ဆိုတဲ့ မိန်းမက အဲဒီလို ခပ်ပေါပေါ ခပ်ကြောင်ကြောင် လုပ်တာတွေကို ဝါသနာ မ

Saving screenshot

ပါဘူး၊ ကြောင်တဲ့ လူမျိုးကိုလည်း အထင်မကြီးဘူး၊ ငွေရှိလို့ လွှမ်းမိုးနေကြတာ အများကြီးပဲ”

သူကလည်း ကျွေးညွှတ်ချထားသည့် နှုတ်ခမ်းပေါ်က အပြုံးကို အနည်းငယ်မျှပင် ပျက်ယွင်းမသွားစေဘဲ...

“အရည်အချင်းရှိလာအောင် ကြိုးစားနေကြတာရော... အောင်မြင်မှုနဲ့ ရရှိလာမယ့် ငွေကို လိုချင်လို့ ပဲ မဟုတ်ဘူး လား၊ ရှိထားလို့ အေးချမ်းတယ်၊ မရှိသေးလို့ ပင်ပန်းတယ်၊ ဒါပဲ ကွာတာ၊ မရှိတဲ့ လူတွေ ချေးသိပ်ဖို့ ချန်ရစ်ခဲ့တဲ့ စကားတွေနဲ့ မတိုက်ခိုက်နဲ့ ကိုယ်က ဂရုစိုက်မှာ မဟုတ်ဘူး ”

“အဲဒီလို ဂရုမစိုက်တတ်အောင် ရှင်လည်း တော်တော် လေ့ကျင့်ထားရမှာ ပါ”

ရိပ် တစ်ခွန်းမကျန် တုံ့ပြန်နေတာကို အံ့သြ

Saving screenshot

၍ လား၊ ပြောစရာ မရှိတော့၍ လားမသိ စူးခ နဲ့ ကြည့်လိုက်ပြီး သူ တစ်ဖက် ပြန်လှည့်သွား ၏။

“ဒီဘက်ခရီးစဉ်တွေက အန္တရာယ်ဖြစ်ခဲ့ တာတွေ ရှိတယ်၊ မင်း ဒီဘက် မလှည့်သင့်ဘူး”

ရိပ်ကို မကြည့်ဘဲပြော၍ သူက ဒီဘက်ပြန် လှည့်ကာ ရိပ်၏ ဘေးက ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည် ။

လေယာဉ်ကြီးက အမြင့်ဆုံးမှာ ပျံသန်းနေ လျက်ရှိ၏။

လေယာဉ်သည် တစ်ချက်တစ်ချက် ဆင့်ခါ သွားတာမျိုးတွေတော့ ရှိ၏။

စောစောက ရှေ့မှာ ပြောင်းထိုင်လိုက်သည့် တရုတ်အဘွားအိုနှင့် ပါလာသည့် ခပ်ငယ်ငယ် ကောင်လေးမှာ လေယာဉ်မယ် ကျွေးမွေးထား သော ကော်ဖီနှင့် မုန့်တို့ ကို စားထားသမျှ အ

Saving screenshot

ကုန်ပြန်အန်နေ၏။

တချို့မဂ္ဂဇင်း ဖတ်နေရာမှ ဘာဖြစ်တာလဲ ဟူသော ထိတ်လန့်စိတ်နှင့် ခေါင်းထောင် ခါးမတ်လာကြသည် ။

မိန့်ခွန်းမျက်နှာက စိုးရိမ်ကြောင့်ကြမှုတွေ ချက်ချင်းဖြစ်ပေါ်လာကာ ရိပ်ဘက်ကို တိုး၍ လေယာဉ်ပြတင်းပေါက်ကနေ ဘေးတောင်ပံဆီ ငုံ့ကြည့်သည် ။

ရိပ် စိတ်ထဲမှာ လည်း ထိတ်လန့်သွားပြီး သူ ကြည့်သလို လိုက်ကြည့်မိ၏။ လေယာဉ်စက်ရှိန် ပြင်းနေခြင်းနှင့်အတူ တောင်ပံများမှ မူလီတွေက ဖွင့်လိုက် ပိတ်လိုက် ဖြစ်နေကြ၏။

ထို့နောက် မြင့်မားသော တောင်ကြီးတစ်လုံးကို တစ်ရှိန်ထိုး တိုးတက်ကျော်ဖြတ်လိုက်ရပြီး လေယာဉ်အမြင့်က အောက်ဘက်တောင်တန်းကြီးဆီမှ မြစ်ချောင်းတို့ ကို ခဲကြောင်းက

Saving screenshot

လေးမျှသာ မြင်ရတော့သည် အထိ အသည်းယားဖွယ် ဖြစ်လာသည် ။

အပြင်ဘက် မြင်ကွင်းကို မြင်တွေ့နေကြသူအားလုံး ထိတ်လန့်နေကြစဉ်မှာ စပီကာမှ အသက်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ခါးပတ် ပတ်ခိုင်းသည့် သတိပေးနှိုးဆော်ချက် ထုတ်လွှင့်လာ၏။ ခရီးသည် အားလုံး ဘုရား တကြ၊ အော်ဟစ်ကြနှင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ် ကြဖို့ လည်း ပူထူမေ့လျော့ကုန်ကြပြီး နီရဲသော လွင်ပြင်ကြီးထဲ ရောက်သွားသလို ပြောင်းလဲသွား၏။ တစ်ဆက်တည်း လေရော မိုးပါ သည်းမည်းလာတော့၏။

မုန်တိုင်းဆိုသည့်အသိ အားလုံးရင်ထဲရောက်သော ခဏမှာ ပင် လေယာဉ်သည် ပြင်းထန်သော တုန်ခါမှုကြီးဖြစ်သွားကာ ဝေါခနဲ ထိုးစို

Saving screenshot

က်ကျသွားသည် ။ ထို့နောက် လေယာဉ်စက်ဆီမှ အရေးပေါ် အချက်ပြ ဒိုင်ခွက်များ ၏ အော်မြည်သံတွေ ဆူညံသွား၏။

"ကိုယ့်ကို ဖက်ထား"

ရိပ် သူ မပြောခင်ကတည်းက သွေးပျက်မတတ် ချောက်ချားလျက် သူ့ကို သိမ်းကျုံးဖက်ထားခဲ့ပြီးဖြစ်ရာ ထိုအသံကြောင့် ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်၏။ သည့်နောက်တွင် ...

"အား...."

ရိပ် တစ်ကိုယ်လုံး ဇွေ့ခနဲဆို ဆွဲမြှောက်ပစ်လိုက်သလို တစ်ကိုယ်လုံး လှပ်ခနဲ အေးခဲသွား၏။

"ဝုန်း..."

နားကွဲမတက် ပြင်းထန်စွာ ပေါက်ကွဲသံကြီးက နောက်မှာ ဆက်တိုက်....

67% 2:07 pm

## အခန်း (၂၁)

လေယာဉ်ကြီးက ဝေဟင်ထဲမှာ ပျံသန်းနေရင်း မီးတွေ ဟု နှ်းဟု နှ်းတောက်လာသည် ။ သို့သော် ရိပ်တစ်ကိုယ်လုံး ပူလောင်ခြင်းမရှိပဲ အေးစက်ကျင်ခဲနေ၏။

တစ်စုံတစ်ရာ၏ ဖိချုပ်ခံထားသလို အသက်ရှူလို့ မဝ လှုပ်လို့ မရ။

"အား"

နာကျင်မှုကြောင့် ညည်းညူလိုက်ပေမယ့် အသံထွက်လို့ လည်း မရ။

ထိုစဉ် မီးတွေလောင်နေသည့် လေယာဉ်ကြီးက ဟူးဟူးဟဲဟဲ လောင်မြိုက်ရ

Saving screenshot

င်း အောက်သို့ ထိုးကျသွားသည် ။

ရိပ် မျက်လုံးတွေ ကြောက်လန့်တကြား မှိတ်ပစ်ကာ အားရှိပါးရှိ ညွစ်ထုတ် အော်ဟစ်လိုက်မိ၏။

"အား"

ဒီတစ်ခါအသံက စူးရှကျယ်လောင်သွားသည် ။

ကိုယ့်အသံက ကိုယ့်ကို ပုတ်နှိုးလိုက်သလိုဖြစ်ကာ မျက်လုံးတွေပါ ဖွင့်လိုက်မိသည် ။

ဘုရား.. ဘုရား။ ငါ .. ငါ ဘယ်ရောက်နေတာလဲ၊ မျက်ဝန်းထဲမှာ မြင်မြင်သမျှက စိမ်းညို့သော သစ်ပင်အုပ်အုပ်တွေပဲ ဖြစ်သည် ။ ပြီးတော့ တဝုန်းဝုန်း ကျဆင်းနေသည့် ရေသံ ။

ထထိုင်ဖို့ ကြိုးစားလိုက်တော့ ပို၍ ထိတ်လ

Saving screenshot

နှို့သွားချေ၏။

သူမသည် မွေ့ရာကဲ့သို့ ထူထဲလှသော မြုံပုတ်ကျယ်ကြီးတစ်ခုပေါ်မှာ ရောက်ရှိနေကာ အောက်တည့်တည့် ပေနှစ်ဆယ်လောက်တွင် ရေစီးသန်စွာ စီးဆင်းနေသည့် ရေတံခွန် ချောင်းကြီးတစ်ခု။

အဖြစ်တို့ ကို သေချာပြန်တွေးလိုက်သော အခါ လေယာဉ်ကြီး မြေပြင်ပေါ်သို့ ဦးစိုက်ထိုးဆင်းသွားခဲ့စဉ်မှာ မိန့်ခွန်းကို သူမ တအားကျုံးဖက်ထားခဲ့မိသည် ။

မိန့်ခွန်းသည် သူမကိုယ်ကို တင်းကျပ်စွာ ပွေ့ဖက်၍ လေယာဉ်ပြင်ပသို့ လွင့်စဉ်သွားခဲ့သည် လား။ လွတ်မြောက်ခဲ့သည် လား။

လေယာဉ်ကတော့ နောက်တော့မှ ပေါက်ကွဲသွားတာ သေချာသည် ။

မိန့်ခွန်းရော.... မိန့်ခွန်း ဘယ်မှာ လဲ။

ဘယ်ကိုကြည့်ကြည့် တောအုပ်ကြီးပဲဖြစ်နေကာ သူမကိုယ်ပေါ်တွင် ပိကျနေသော သစ်ကိုင်းအုပ်အုပ်ကြီးကို ကျိတ်၍ ဆွဲဖယ်ပစ်ရသည်။

ကံကောင်းထောက်မစွာ သစ်ကိုင်းချုံပုတ်ကြီးထဲသို့ ပြုတ်ကျခဲ့သော်လည်း အောက်ကို ဘယ်လို ဆင်းရမှန်းမသိ။

သူမ ရောက်ရှိနေသည့် ချုံကြီးက ထူထဲကျယ်ပြန့်သော်လည်း ကမ်းပါးထဲမှ ထိုးထွက်နေသည့် သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ပုခက်ကြီးသဖွယ် ဖြစ်နေရာ အောက်ဘက်ကို ဆင်းစရာ ခိုတွယ်ဖို့ ဘာမှ မရှိ။

မိန့်ခွန်းရော.... မိန့်ခွန်း ဘယ်မှာ လဲ။

တောကြီးမျက်မည်းထဲမှာ ဆိုသည့်အသိက မိန့်ခွန်းကို တမ်းတမ်းတတ ရှာဖွေနေခဲ့မိ၏။ သူမနဲ့ အတူ ကျလာခဲ့ပြီး မိန့်ခွန်းက ဘယ်ကို

www.mmyanmarbooks.com

Saving screenshot

ရောက်သွားပြီလဲ။

ချုံကြီးပေါ်ကနေ ကျွံကျသွားမှာ လည်း စိုး
ကာ ရိပ် လေးဖက်လေးထောက်ကာ တွားသွား
နေရရင်း လူစင်စစ်ကနေ တိရစ္ဆာန်တစ်ကော
င် ဖြစ်နေတော့သည် ။

အောက်ကို ဘယ်လို ဆင်းရမလဲ မသိပေမ
ယ့် ရဲရဲတင်းတင်းလည်း လမ်းစ မရှာရဲ၊
လှုပ်ရှားလိုက်သည် နှင့် ညွတ်ခနဲ သိမ့်ခနဲ။

ရင်ထဲမှာ ထိတ်သွားကာ ထောက်မိသည့်
လက်ကို ပြန်ရုပ်ရသည် ။ ရွှေ့တော့မည့် ခြေ
ထောက်ကို မလှုပ်ဝံ့တော့ဘဲ နေမိ၏။

ဒီလိုပုံစံနှင့် ချုံပုတ်ကြီးပေါ်မှာ ပဲ ရိပ် ဘဝ
ဆုံးရတော့မည်လား။

တစ်သက်နှင့် တစ်ကိုယ် မကြုံဖူးခဲ့သော အ
ခက်အခဲ အကျပ်အတည်းမို့ ချွေးတွေ ပြန်ကာ
ငိုချင်လာသည် ။

Saving screenshot

နေပြောက်မထိုးသော တောကြီးထဲမှာ လက်ပတ်နာရီလေးကို ငုံ့ကြည့်လိုက်တော့ နေ့လယ်တစ်နာရီ၊ နေ့စွဲကလည်း စင်ကာပူကနေ ထွက်လာခဲ့သည့် နေ့ပဲမို့ သူမတို့ ဒီမနက်ပဲ လေယာဉ်ပျက်ကျခဲ့တာ ဖြစ်သည် ။

သုံးနာရီကျော်ကျော် သူမ ဒီပေါ်မှာ သတိလစ်နေခဲ့၏။

မိန့်ခွန်းရော၊ မိန့်ခွန်းကို သူမတွေ့မှ ဖြစ်မှာပါ။

ဒီတောကြီးထဲမှာ သူမအတွက် အဖော်ဟာ မိန့်ခွန်း တစ်ယောက်ပဲ ရှိလိမ့်မည်။ သူမကိုလည်း လေယာဉ်ပေါ်ကနေ မိန့်ခွန်းပဲ ကယ်ခဲ့တာ ဖြစ်သည် ။ ကိုယ်မှာ ဘာဒဏ်ရာမှ မရှိပဲ မသေမပျောက်ဘဲ ကျန်ခဲ့ပြီး မိန့်ခွန်း တစ်နေရာရာမှာ သေနေလေပြီလား။

တွေးရင်းနှင့်ပင် ရိပ် ချောက်ချားသွားခဲ့သ

Saving screenshot

ည် ။ ဤသို့ ဖြစ်ခဲ့လျှင် တောကြီးထဲမှာ သူမ ဘဝသွားပြီ။

လောလောဆယ်လည်း ချုံပုတ်ကြီးပေါ်မှ ဆင်းလို့ မရသေးပါဘဲ ရိပ် မိန့်ခွန်းကို ရှာဖွေလိုစိတ်တွေ ပြင်းပြကာ သူမ ဘေးပတ်ဝန်းကျင်မှာ ရှိရှိသမျှ ကမ်းပါးယံက သစ်ကိုင်းချုံနွယ်တွေဆီ ဝေ့ဝဲရှာမိသည် ။

သူမသည် သာ ကံကောင်းလွန်း၍ ဤချုံပုတ်ပေါ်မှာ လာတင်နေခဲ့ပေမယ့် ဒီပြင့်နေရာတွေမှာ လူတင် နေနိုင်လောက်သည့် ချုံပုတ်မရှိ။

ဒါဆို မိန့်ခွန်း အောက်ကို တိုက်ရိုက်ပြုတ်ကျသွားပြီလား။

မြင်ရသည့်နေရာလေးကို ငုံ့ကြည့်တော့ ရေတံခွန်ချောင်းသည် ရေစီးသန်လှကာ ကမ်းစပ်များမှာ ကျောက်တုံးကျောက်ဆောင်များ ချည်း

Saving screenshot

ဖြစ်၏။

ရေထဲကို မကျဘဲ ဒီပြင်မှာ ကျခဲ့လျှင်ဖြင့် မိန့်ခွန်း အသက်ရှင်နေဖို့ က ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက်က မသေချာသည့်ဘက်မှာ ရှိသည် ။

ရိပ် ဒုက္ခရောက်ပါပြီ။

ရှင်သန်ခြင်းသည် ကံကောင်းထောက်မစွာ ဖြစ်ပေမယ့် သူမ တစ်ယောက်တည်း တောကြီးထဲမှာ ရှင်သန်နေမှုဟာ ကံကောင်းခြင်းလား ကံဆိုးခြင်းလား...

လက်ရှိအခြေအနေမှာ သူမဘဝက ရှေ့မတိုးရဲ နောက်မဆုတ်ဝံ့ ဆုပ်ကိုင်ထားခဲ့မိသည့် ရှင်သန်မှုလေးကို အမိအရ ဖက်တွယ်ထားနေရသည့်အဖြစ်။ ထိုစဉ် ရှူးခနဲ နှာမှုတ်သံကြီးကို ကြားလိုက်ရသဖြင့် ထိတ်လန့်ကာ နောက်လှည့်ကြည့်လိုက်မိ၏။

Saving screenshot

"အမလေး..."

လက်မောင်းလုံးနီးပါးခန့်ရှိသည့် ရွှေဝါရောင် အကွက်ကြီးတွေ ဝင်းဝင်းထနေသော မြွေကြီးတစ်ကောင်သည် ကမ်းပါးပေါ်မှ ခွေဆင်းနေသည့် နွယ်တွေကို ရစ်လိမ်လျက် သူမ ရှိရာချုံပုတ်ဆီသို့ ဆင်းသက်လာနေ၏။

ရိပ် ကြောက်လန့်တကြား ဖြစ်၍ လက်ရှိအခြေအနေကို မေ့လျော့သွားသည် ။ ဝုန်းခနဲ ထရပ်လိုက်ခြင်း နောက်ကို ဆုတ်ရပ်လိုက်ခြင်းသည် ဆင်ခြင်တုံတရားတို့ ကင်းမဲ့လျက် ရင်ထဲမှာ လှုပ်ခနဲ အေးခဲသွားပြီးမှ သွားပြီဆိုတာကို သိလိုက်၏။

"အား..."

ရိပ် ချုံပုတ်ကြီးပေါ်မှ ခြေလွတ်လက်လွတ် ပြုတ်ကျသွားလေသည် ။

*

# အခန်း (၂၂)

အောက်က ကျောက်တုံးတွေကြားထဲမှာ ပွဲချင်းပြီးပြီဟု တွက်ခဲ့သော်လည်း ရိပ် ထပ်၍ ကံကောင်းသွားသည် က တရဟောထိုးစီးနေသည့် ချောင်းရေထဲသို့ တည့်တည့်ကျသွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ရေထဲကို ထိုးကျသွားသော်လည်း တစ်ကိုယ်လုံး ကျိန်းစပ်နာကျင်ကာ မူးမူးမိုက်မိုက် ဖြစ်သွား၏။

ထို့နောက် ကူးခပ်ဖို့ ဘယ်လိုမှ ပြင်ဆင်ချိန်မရဘဲ ရေစီးတိုင်း တလိမ့်ခေါက်ကွေး မျောပါသွားသည်။ ရိပ် သတိမလစ်သေးပါ... ချောင်း

ထဲမှာ မျောပါသွားစဉ် အလျားလိုက် ကူးခပ်နေမိသလို ဖြစ်ခဲ့ရာမှ ကမ်းပါးကို တက်ဖို့ ကြိုးစားရင်း လက်က ရေထဲတိုးထွက်နေသည့် သစ်ကိုင်းစတစ်ခုကို ဖမ်းဆွဲလိုက်မိသည် ။

မိမိရရ ဆုပ်ဆွဲလိုက်သဖြင့် စီးမျောနေသည့်ကိုယ်က ရပ်တန့်သွားသည် ။ သူမသည် ကမ်းပါးမှ သစ်မြစ်တွေ ရေထဲ ဖြာကျနေသည့် ပင်အိုကြီးခြေရင်းသို့ ရောက်နေခြင်းဖြစ်ရာ ... တခြားသစ်မြစ်များကိုပါ တွယ်ကပ်၍ ကမ်းပါးသို့ တက်လာနိုင်ခဲ့သည် ။

ထိုစဉ် သူမ မျက်လုံးတွေက ကမ်းစပ်တစ်နေရာသို့ ရွေ့လျားသွားခဲ့ပြီ။

"ဟယ်... မိန့်ခွန်း"

ကမ်းစပ်ကျွေ့ကျောက်တုံးများကြားမှာ မှောက်လျက်ကြီးဖြစ်နေသည့် မိန့်ခွန်းကို တွေ့လိုက်ကာ ရိပ် ထိုနေရာသို့ ကမန်းကတန်း

ပြေးသွားမိသည် ။

ရေညှိတက်နေသော ကျောက်တုံးတွေကြားထဲမှာ ခြေချော်၍ လဲပြိုလိုက် ပြန်ထလိုက် .. မိန့်ခွန်းနားရောက်တော့ ခြေထောက်မှာ ခဲချွန်ဆူးငြောင့်များ ဒဏ်ကြောင့် အတော်နာကျင်နေပြီ ဖြစ်သည် ။

"မိန့်ခွန်း... မိန့်ခွန်း"

သူ ... သူ မသေပါစေနဲ့ ။

မိန့်ခွန်း ကိုယ်ကြီးကို ဆွဲလှန်၍ တအားခေါ်နေမိသည် ။

"မိန့်ခွန်း... ရှင် ထလေ... မိန့်ခွန်းရဲ့ .. မိန့်ခွန်း..."

"ဟင်.... အင်း... ကျွတ်... ကျွတ်"

သူ ကိုယ်ကြီး တွန့်ခနဲ ဖြစ်သွားကာ ထူထဲသော မျက်ခုံးတန်းနှစ်ခုက တွန့်ကော့သွား၏။

Saving screenshot

နှုတ်ခမ်းနှစ်လွှာသည် အံကြိတ်ထားလိုက်သလို ဖိပိတ်သွားပြီး....

"အား"

မခံရပ်နိုင်စွာ ညည်းညူ၏။

"မ... မဟူရာ..."

"ရှင်.... ရိပ်... ရိပ် ဒီမှာ ရှိတယ်"

ကိုယ့်ကို ခေါ်သည် ဟု မှတ်ကာ ရိပ်က တွင် တွင် ပြောနေသည်။ တကယ်တော့ မိန့်ခွန်း သတိမရသေးဘဲ ညည်းညူနေခြင်းသာ ဖြစ်သည်။

သူ ကိုယ့်လိုဘဲ ကျသွားခဲ့တာဆိုလျှင်တော့ ဒီလောက်ထိ ဖြစ်သွားမှာ မဟုတ်ပေ။

ရေထဲမကျမီ တစ်ခုခုနဲ့ ဆောင့်မိပြီး ဒဏ်ရာတွေ ဘာတွေများ ရခဲ့သည် လား။

ရိပ် စိုးရိမ်စိတ်နှင့် မိန့်ခွန်း ခေါင်းကို တ

Saving screenshot

အားပွေ့ယူပြီး ဆံပင်တွေကြားထဲကို လက်ထိုးဖွကြည့်မိသည် ။

အို ... သွေးတွေပါလား။

ရိပ် စိုးရိမ်တကြီးဖြစ်ကာ ပူထူသွားမိ၏။

သူ... သူ တစ်ခုခု ဖြစ်သွားလျှင် .. ဟင့်အင်း.. မဖြစ်ရဘူး၊ ငါ... ငါ ဒီတောကြီးထဲမှာ သူ မရှိရင် တစ်ယောက်တည်း မဖြစ်ဘူး။

"မိန့်ခွန်း... မိန့်ခွန်း၊ ရှင်.. ရှင် ဘာမှ မဖြစ်ရဘူးနော်၊ ထပါ ရှင် သတိရပါတော့"

ရိပ် တအား ဆွဲလှုပ်ခေါ်မိပြန်သည် ။

မိန့်ခွန်း ကိုယ်က လူးလူးလွန့်လွန့် ပြန်ဖြစ်လာ၏။

"မိန့်ခွန်း... ရှင် သတိရပြီလား ပြန်မေ့မသွားနဲ့ နော် မိန့်ခွန်း"

"အား.. နာလိုက်တာကွာ"

Saving screenshot

စကားသံ သဲ့သဲ့ထွက် လာပြီး ရှုံ့မဲ့သွားပြန်သည် ။

"မိန့်ခွန်း"

ရိပ် က မိန့်ခွန်းကို ပွေ့ပိုက်ကာ တတွတ်တွတ် ခေါ်နေ၏။

"ဟင်… မင်း… မင်း ကျွတ် ကျွတ် ကျွတ်"

မိန့်ခွန်း မျက်လုံးများ ပါ ပွင့်လာသဖြင့် သေချာသတိရပြီမှန်းသိကာ ရိပ် ဝမ်းသာသွား၏။

"ရှင် သတိရပြီနော်၊ ဝမ်းသာလိုက်တာ၊ ခေါင်းမှာ ဒဏ်ရာရထားတယ်၊ အရမ်းနာနေလား ဟင်၊ ထလို့ ရရဲ့ လား"

"အင်း.. ရ… ရတယ် အ…"

မိန့်ခွန်းက သူမလက်တွေကို ဖယ်ချကာ အားယူ၍ ထထိုင်လိုက်သည် ။ မျက်နှာက ရှုံ့

Saving screenshot

တွတွ ရှိနေဆဲ။

"ခေါင်းက နာတာလားဟင်။ ဘယ်လိုနေလဲ"

"ရပါတယ်၊ မင်းကော"

"ရိပ် က ဘာမှ မဖြစ်ဘူး၊ ဟိုချုံကြီးပေါ်မှာ တင်နေတာ၊ ခုလေးတင် မြွေတွေ့လို့ ထရပ်လိုက်မိတာနဲ့ ထပ်ပြုတ်ကြတာ၊ ပြုတ်ကျတာပဲ ခပ်ကောင်းကောင်း သိလား၊ မဟုတ်ရင် ရှင်နဲ့ အခုလို တွေ့မှာ မဟုတ်ဘူး "

မိန့်ခွန်းက မျက်ခုံးတွေ တွန့်ကွေးနေဆဲနှင့် သူမ မျက်နှာကို သေချာမော့ကြည့်တော့ ရိပ် မျက်နှာ အိုးတိုးအမ်းတမ်းလေး ဖြစ်သွား၏။

"ဟို ကျွန်မ တစ်ယောက်တည်း ကျွန်မ တစ်ယောက်တည်း ဖြစ်ကျန်ခဲ့မှာ စိုးလို့ ရှင့်ကို စိုးရိမ်သွားတာ"

www.mmyanmarbooks.com

Saving screenshot

သူ မမေးဘဲ ဖြေရှင်းလိုက်မိသေးသည် ။

မိန့်ခွန်းက ဝေဒနာ ခံစားရင်းမှ ခပ်ယဲ့ယဲ့ပြုံး၍ မျက်နှာလွှဲလိုက်သည် ။ ရိပ် ဟို တုန်းက မာနမီးခဲတွေက တရှိန်ရှိန် ပြန်တက်လာကာ မျက်နှာလေးက အလိုလို တင်းပြီးသားဖြစ်သွား၏။

"လေယာဉ် ဘယ်မှာ ပျက်ကျသွားလဲ မသိဘူး"

ဒီနေရာမှာ ရန်ဖြစ်နေလို့ မရမှန်းသိနေသည် မို့ စကားမရှိ စကားစ ရှာလိုက်မိ၏။

"ဘယ်မှာ မှ ခြေရာရှာလို့ ရမှာ မဟုတ်ဘူး ၊ လေယာဉ်က ပေါက်ကွဲသွားတာ၊ မင်းကိုတောင် ကိုယ် ဆွဲချလာလို့ ... ကျွတ် ကျွတ်"

မိန့်ခွန်းက ခေါင်းက ဆံပင်တွေထဲကို လက်နှင့် ဖွစမ်း၍ ဒဏ်ရာကို စမ်းမိသွားသောအခါ မျက်နှာတစ်ချက် မဲ့သွား၏။

Saving screenshot

ထိုနောက် ကိုယ်ကို မတ်မတ်ပြင်ကာ ထရပ်ဖို့ ကြိုးစား၏။

“ရှင်က ကယ်တင်ရှင်ဖြစ်ကြောင်း ပြောပြီး ကျေးဇူးတင်ခံချင်လို့ လား”

“မခံချင်ပါဘူး မင်းလည်း ကိုယ့်ကို အခု ကယ်လိုက်တာပဲ ကျေပြီပေါ့”

“ရှင့်ကို ရိပ်က မကယ်ခဲ့ရပါဘူး၊ ဒဏ်ရာက သိပ်မပြင်းလို့ ရှင် ခုလို နေနိုင်တာ”

“အင်းလေ… မင်း နှိုးလို့ ပဲ ကိုယ် သတိရ…”

“အို…”

စကားပြောရင်း သူ ထ ရပ်လိုက်ရာ ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားရာ ရိပ်ကလည်း ဆွဲလိုက်မိသည်။

မိန့်ခွန်းကလည်း အမှတ်တမဲ့မို့ ဆွဲဖက်ပစ်

Saving screenshot

လိုက်ကာ သူ့ကို မနိုင် ကိုယ့်ကို မနိုင်နှင့် နောက်ဖက်က ကမ်းပါးစွန်းမှာ မှီလျက်ပစ်ကျသွား၏။

ဆောင့်ခါလိုက်သလို ဖြစ်သွားသောကြောင့် ခေါင်းထဲက မခံရပ်နိုင်အောင် နာကျင်သွား၏။ မိန့်ခွန်း တွန့်ခနဲ ဖြစ်သွားပေမယ့် ရိပ်ကိုတော့ ဖက်ထားဆဲ ဖြစ်၏။

"ဒီမှာ ရှင်.. ရှင် လူကို လွှတ်လေ"

သူ ခပ်ပြေပြေ မျက်လုံးဖွင့်၍ စူးစိုက်ကြည့်သည် ။

ရင်ဘတ်ချင်းကပ်ကာ မျက်နှာချင်းက ထိတော့မတတ် ဖြစ်နေသည့်တိုင် မလွှတ်သေးတော့ ရိပ် ရှန်းလည်း ရှန်း ပြောရင်း ဒေါသပါ ထွက်လာသည် ။

"ဆောရီး ကိုယ် အမှတ်တမဲ့ဆိုတော့ မင်းကိုယ့်ကို ထိန်းထားနိုင်မှာ မဟုတ်တာကို မ

Saving screenshot

တွေးလိုက်နိုင်ဘူး”

ရိပ် သူ့ရင်ခွင်ထဲက လွတ်ပေမယ့် သူ့ကိုပဲ ပြန်ဆွဲထူရသေးသည်။

ကျောနှင့်ကပ်မိနေသော ကမ်းပါးကို လက်ပြန်ထောက်၍ မိန့်ခွန်းက မတ်တတ်ပြန် ရပ်သည်။

“ကိုယ် မူးနေတယ်၊ တစ်နေရာရာမှာ ခဏ နားမှ ဖြစ်မယ်၊ မင်းလည်း စိုရွှဲနေတော့ ချမ်းမှာ ပဲ”

“ကျွန်မက အကြောင်း မဟုတ်ဘူး ၊ ရှင်က ဒဏ်ရာရထားတာ”

အကြောင်း မဟုတ်ဘူး ဟု ပြောနေသော သူမက ပျော့အိသော ဆွယ်တာစကတ် အကျပ် လေးနှင့် မိတ်ကပ်ရောင် အပါးသား အင်္ကျီခါး ကျလေးကို ဝတ်ထားသဖြင့် ရေစိုနေသည် မှာ လှပတင်းပြည့်နေသော ကောက်ကြောင်းလေး

Saving screenshot

တွေကို ဒီတိုင်း မြင်နေရသည် ။ ဆံပင်လေး တွေလည်း ရေစိုရွှဲ ကပ်နေသည် ။

ထူနက်သည့် မျက်ခုံးတန်းလေးတွေပေါ်မှ ရေသီးလေးတွေ ရှိနေဆဲ၊ လက်ကလေး ဖွဖွ ပိုက်ထားပုံက ကိုယ့်ဝေဒနာကို မေ့လျော့ကာ ဂရုဏာစိတ်တို့ ဖြစ်ထွန်းလာမိရသည် အထိ၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်က ခြေလှမ်းမမှန် ဖြစ်နေရသည် အထိ လမ်းမရှိသည့် ချောက်ကမ်းပါးက ကမ်းပါးစောက်နဲ့ ကပ်သွားလိုက်၊ ကျောက်တုံးကြီးငယ်တွေ ထပ်ညပ်၍ ရေညှိတွေနဲ့ ထူခဲနေတာမျိုးတွေ ဖြစ်လိုက်၊

တိုးလိုးတွဲလောင်း ကျနေသည့် သစ်ကိုင်းများ နှင့် နွယ်တချို့ကို ထိန်းကိုင်ကာ မိန့်ခွန်း မကိုင်နိုင်ဘဲ လျှောက်နေတာကိုလည်း ရိပ် မြင်နေရသည် ။

"မိန့်ခွန်း ရှင် ကျွန်မကို နည်းနည်းမှီပြီး

Saving screenshot

လျှောက်ပါ၊ ရှင် လဲသွားလို့ ဒဏ်ရာတစ်ခု ထပ်ဖြစ်ရင် ဒီ့ထက် ပိုဆိုးသွားလိမ့်မယ်"

ရိပ်က သူ့အဖြေကို မစောင့်ဘဲ မိန့်ခွန်း ဘယ်လက်တစ်ဖက်ကို ဆွဲ၍ သူမ ပခုံးပေါ် တင်လိုက်သည် ။ သို့သော် ပန်းခြံထဲမှာ လူနာတွဲရသလို မဟုတ်ဘဲ ချုံပင်များကြားမှ ဒဏ်ရာနှင့်လူကို တွဲနေရသည့်အဖြစ်အား မိန့်ခွန်းက သူမ ပခုံးသားလေးများကို တင်းကျပ်စွာ ဖက်ထားလိုက်သောအခါကျမှ အထိတ်တလန့် သတိရကာ ဒေါသဖြစ်လို့ လည်း မရ၊ ရုန်းထွက်ဖို့ လည်း မဖြစ်နိုင်တော့ပါ။

ဒါကို မိန့်ခွန်းကလည်း သိသည် ။

"ရိပ် မင်းကို ကိုယ်တောင်းပန်ပါတယ်၊ အခွင့်အရေး ယူတာ မဟုတ်ဘူး ဆိုတာကို ယုံပါ"

"ရတယ်"

ရိပ် ခပ်ပြတ်ပြတ်ပြောကာ သူ လဲပြိုတော့

Saving screenshot

မလို ဖြစ်သွားတိုင်း ထိန်းပေးရင်း ခါးကို လှမ်းဖက်ထားလိုက်ရသည် ။

ချောက်ကမ်းပါးနှင့် အတန်ငယ် ကွာလှမ်းသော နေရာဘက်တွင် ခြောက်သွေ့ကျယ်ဝန်းသော သစ်ပင် ချုံနွယ်ကင်းသည့် ကွက်လပ်ငယ်လေးတစ်ခုကို ရှားပါးစွာ တွေ့လိုက်ရ၏။

"ဟိုမှာ ကျောက်တုံးတွေကို မှီနေလို့ ရတယ်၊ ခြောက်လည်း ခြောက်သွေ့တယ်၊ ရှင် နားလို့ ရမှာ ပါ... လာ"

မိန့်ခွန်း လမ်းသွားနေရင်း ကုပ်ပိုးဆီသို့ ပူနွေးသော စီးချောင်းတစ်ခု စီးကျလာသည် ။ သွေးတွေမှန်း သိသော်လည်း ရိပ် သိသွားမည်ဆိုးကာ မသုတ်ဘဲ ဒီအတိုင်း ထားလိုက်သည် ။

ရိပ်က သူ့ကို ကျောက်တုံးကြီး တစ်တုံးမှာ မှီ၍ ထိုင်ခိုင်းသည် ။

www.mmyanmarbooks.com

နားလို့ ရပြီဆိုသောစိတ်နှင့် ကျောမှီချလိုက်လျှင် မှုးဝေနေသည့် မျက်လုံးများ သည် အားတင်းထားသည့် ကြားမှ ပင် ဘယ်လိုမှ တားဆီးမရဘဲ ပိတ်ကျသွား၏။

"မိန့်ခွန်း… မိန့်ခွန်း ရှင် ရှင် ဘာဖြစ်သွားတာလဲ"

"ဟင်… အင်း.. ကိုယ်… မူး.. လို့ .. ကွာ… ခဏလေး ခဏနော်"

"အို…"

ရိပ် ချောက်ချားသွား၏။ သူ ဆွဲလှုပ်လိုက်သဖြင့် မှီနေလျက်မှ ယိုင်သွားသော မိန့်ခွန်း။ မှီထားသည့် နောက်ကျောက်သားပြင်တွင် စွန်းထင်းကျန်ခဲ့သည့် သွေးတွေ။

မိန့်ခွန်း ဒဏ်ရာမှ သွေးထွက်လွန်ကာ အချိန်မရွေး မေ့မြောသွားနိုင်သည့် အခြေအနေ။

Saving screenshot

“ငါ ငါ ဘာလုပ်ရမလဲ”

ရုပ်ရှင်ဇာတ်ကားတွေထဲမှာ လို ကိုယ်က အဝတ်စ တစ်နေရာရာကို ဆုတ်ဖြဲ၍ ပတ်တီး စည်းပေးဖို့ ရာ ကိုယ့်ကိုယ်ကိုယ်မှာ ဖြဲဆုတ်၍ ရနိုင်သည့် အပိုနေရာမရှိရှာသော ဝတ်စုံက ရေတွေ ထပ်စိုကာ လွတ်လွတ်လပ်လပ် ခြေလှမ်းလို့ မရ။

တောထဲမှာ ဆေးပင်ဝါးပင်တွေ ရှိကြသည်ဆိုတာတော့ ကြားဖူးပေမယ့် ဧည့်လာဂမုန်းဆိုသည့် အပင်မျိုးကိုတောင် မမြင်ဖူးခဲ့သည့် သူမက ဘာပင်ကို ခူးပြီး ဆေးဘယ်လို ထည့်ပေးရမလဲ။

“မိန့်ခွန်း... မိန့်ခွန်း...”

သုံးခါလောက် လှုပ်ခေါ်မှ မိန့်ခွန်းမျက်နှာ ပင့်လာကာ မျက်ခုံးတွေ တွန့်ကုပ်သွားသည် ။ ထူးသံကို မကြားရတော့ပါ။

Saving screenshot

လမ်း မရှိသည့် တောကြီးထဲကို ဝေ့ဝဲကြည့်၍ ကြောက်တာကော စိုးရိမ်တာတွေပါ စုပြုံလျက် ရိပ် မျက်ရည်တွေ ဝိုင်းလာသည် ။

ငါ ဘာမှ အသုံးမကျပါလား ဟု အထပ်ထပ် တွေးမိကာ ကိုယ့်ကိုကိုယ် အားမလို အားမရ ဖြစ်မိရသည် ။

ထိုစဉ် မိန့်ခွန်း အနည်းငယ် လှုပ်ရှားလာပြီး ရိပ်၏ လက်ခုံနုနုလေးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည် ။

"ရိပ်... မင်း မင်း ကြောက်နေသလား"

"မိန့်ခွန်း.. ရှင် သတိမလစ်ဘူးပေါ့..."

ရိပ် ဝမ်းသာအားရ ဖြစ်သွားပုံလေးက ဖုံးဖိချိန်မရလိုက်ဘဲ မိန့်ခွန်းလက်ကို လက်တစ်ဖက်နှင့် ပြန်၍ ဆုပ်ကိုင်လိုက်ရှာသည် ။

မိန့်ခွန်း မေးစင်းနေသည့် မျက်ဝန်းများကို

Saving screenshot

မှိတ်ချမပစ်မိအောင် ကြိုးစား၍ ...

"ကိုယ် ဘာမှ မဖြစ်ဘူး၊ မင်းကို စောင့်ရှောက်မှာ ပါ"

ထိုစကား ကြားလိုက်လျှင် မိန့်ခွန်း ဝေဒနာနှင့် မချိမဆန့် ဖြစ်နေမှန်း သိသောကြောင့် ရိပ်ပို၍ ဝမ်းနည်းသွား၏။

"မိန့်ခွန်းရယ် ရှင့်ကို ကျွန်မ ဘာမှ လည်း လုပ်မပေးတတ်ဘူး၊ ဒဏ်ရာကို သွေးတိတ်အောင် ဘယ်လိုလုပ်ရမလဲဟင်"

"နေပါစေ ထွက်ဖို့ အားကုန်သွားရင် ရပ်သွားလိမ့်မယ်"

"အို.. အဲဒါဆို ရှင် သေသွားမှာ ပေ့ါ"

မိန့်ခွန်းက ရီဝေသော မျက်ဝန်းများ နှင့် ရိပ်ကို ငေးကြည့်ကာ

"အဲဒါလည်း တစ်မျိုးကောင်းတယ်မို့လား

... မင်းအခု တောထဲမှာ ကြောက်လို့ အားငယ်နေတာပါ.. မင်း.. မင်းညီမအတွက် ကိုယ့်ကိုတော့ မုန်းနေမှာ ပါ..."

ရိပ်၏ လွတ်လပ်စွာ အားကိုးစိုးရိမ်နေခဲ့မိသော တွယ်တာမှုများ သည် တိမ်ညိုတို့ ဖုံးကွယ်သွားခဲ့သည့် လမင်းနှယ် ညှို့ခနဲ မှောင်ကျသွား၏။

ညီမလေးအပေါ် အကြင်နာစီးပိုးသော အနိုင်ယူနေခဲ့ခြင်းကို မကျေနပ် မုန်းတီးခဲ့သည် က အမုန်ပဲဖြစ်၍ ခုချိန်ထိ ရင်ထဲမှာ ရှိနေဆဲ။

ဒါကို ဘာဖြစ်လို့ အစဖော်နေတာလဲ။

ဘာအကြောင်းနဲ့ ပဲဖြစ်ဖြစ် ခုချိန်မှာ နှစ်ယောက်တည်း တွယ်မှ ပဲ ဖြစ်နေတုန်း၊ ကိုယ့်မှာ လည်း သူ့ကို လိုအပ်သည် ၊ သူ့အတွက်လည်း ကိုယ် မလိုအပ်ဘူးလား။

"ရှင် ဘာဖြစ်လို့ ဒါကို အစဖော်နေတာလဲ

Saving screenshot

မိန့်ခွန်း ရှင့်ကို အားကိုးနေတာပဲလို့ ထင်ပြီး ရန်စနဲ့ စိန်ခေါ်တာလား”

“မင်းဆီကို စာရေးပို့လိုက်ကတည်းက ကိုယ် မင်းကို အရှုံးပေးထားခဲ့တာပါ၊ ကိုယ့်တစ်သက်မှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ့်ဘက်ကစပြီး လက်ပြ ဒူးမထောက်ခဲ့ဘူး၊ ကိုယ်က မှန်တယ်ထင်နေရင် တောင်းပန်တဲ့ ခယမှုတွေမှာ လည်း ကိုယ် မပျော်ဝင်တတ်ဘူး။ ဒူးထောက် အရှုံးပေးနေလည်း မသနားတတ်ဘူး၊ ငါမှန်တယ် ဆိုတဲ့ အမှန်တရားကို ယုံယုံကြည်ကြည် ဆုပ်ကိုင်ထားတယ်၊ တောင်းပန်ရတဲ့ လူကိုလည်း အထင်မကြီးဘူး ”

သူက မျက်လုံးတွေကို ခပ်ဖြည်းဖြည်း ပြန်ဖွင့်ကာ ရှန်းနေသည့် ရိပ် လက်ဖဝါးလေးကို ထပ်၍ ဆုပ်ကိုင်ကာ...

Saving screenshot

"မင်းကို ကိုယ် အရှုံးပေးခဲ့တာ ပန်းရင့်နဲ့ လုံးဝ မသက်ဆိုင်ဘူး ဆိုတာတော့ သေချာတယ်၊ သူ့အတွက် ကိုယ်က မှားလို့ လျော့ပေးခဲ့တာလည်း မဟုတ်ဘူး "

"ဘာဖြစ်လို့ ရှင် မမှားရမှာ လဲ၊ ကျွန်မ ညီမလေးက အရမ်းကို ဖြူစင်တဲ့ ကလေးသာသာ …"

"ကိုယ် ဘာတစ်ခုမှ မယုတ်မာခဲ့ဘူး…"

"နူးညံ့တဲ့ မိန်းမငယ်တစ်ယောက်ကို ရှင် ပညာစုံနဲ့ လွှမ်းမိုးပြီး ရက်စက် အနိုင်ယူခဲ့တာ… "

"ပန်းရင့်က အဲဒီလိုပြောသလား"

"ကျွန်မ မြင်နေတာပဲ၊ ရှင်နဲ့ ပတ်သက်သမျှ ညီမလေး ပျော်ရွှင်ခဲ့တာ ဘာရှိသလဲ"

"အဲဒါ ကိုယ် မတတ်နိုင်ဘူး… မိန်းမတစ်

Saving screenshot

ယောက် ပျော်ရွှင်ဖို့ အတွက် ဘာတွေလိုအပ်သလဲ ဆိုတာလဲ ကိုယ် စိတ်မဝင်စားဘူး"

"အဲဒါပြောတာ ရှင်ဟာလေ ပေါ့ပေါ့လေးရည်းစားထားပြီး မိန်းမတစ်ယောက်အပေါ် လွှမ်းမိုးထားနိုင်တာကို ကျေနပ်နေတဲ့ သူ"

ရီဝေစွာ ငေးမောနေသည့် မိန့်ခွန်းမျက်ဝန်းတွေက လက်ခနဲ ဖြစ်သွားသည်။

မျက်ခုံးတန်းတို့ သည် အလိုမကျနိုင်စွာ စုကျုံ့သွားပြီး ကိုယ်ကိုပါ မတ်မတ်ပြင်ဖို့ ကြိုးစား၏။

ရိပ် ပြန်ရုန်းသည့် လက်ကို မလွှတ်ဘဲ ဖိဆုပ်ထား၍ ...

"ကိုယ် ရည်းစားထားခဲ့တာ မဟုတ်ဘူး ၊ ကိုယ်နဲ့ ပတ်သက်ပြီး ရည်းစားတစ်ယောက်လို သူ့အပေါ် ကိုယ် ဘာမှ အခွင့်အရေး မယူခဲ့ဘူး၊ ဒီမှာ ရိပ်... မင်းညီမကို ကိုယ်ချစ်တယ်၊ အဲဒါ

Saving screenshot

မရိုးသားစိတ်ဖြစ်တဲ့ အခါ ရှိချင်ရှိမယ်၊ ဒါပေမဲ့ ညီမလေးတစ်ယောက်လို တွယ်တာခဲ့တာ...”

“ဘာပြောတယ်”

ဝေဒနာရှင်ပါလားဆိုတာကို ရိပ် မေ့သွားခဲ့သည်။

သူ ကိုင်ထားသည့်လက်ကို ဆောင့်ရုန်းကာ နဖူးပေါ် ဝဲကျနေသည့် ဆံပင်တွေကို ခပ်ကြမ်းကြမ်း ထိုးသိမ်းပစ်လိုက်၏။

“လက်ထပ်ဖို့ သဘောတူပြီးပြီဆိုပြီး လူလယ်ခေါင်မှာ ညီမလေး လက်ကို ဒေါသတကြီး အဆင်းဝင်ဆွဲပြီး လုယူဖို့ ကြိုးစားတာ ဘယ်သူလဲ၊ အခုကျတော့ ညီမလေးလို ချစ်တာ ဟုတ်လား၊ ရှင် မျက်နှာပြောင်လှချေလား၊ မိန့်ခွန်း... ရှင် တော်တော်ရွံ့စရာကောင်းပါလား”

ညီမအတွက် ဒေါသကြောင့် လက်သီးဆုပ်

Saving screenshot

၍ ပင် အားမရဘဲ ရိပ် ဆတ်ခနဲ ထရပ်လိုက်သ
ည်။

"ရှင် အစဖော်ပေးတာပဲ ကျေးဇူးတင်ပါတ
ယ်၊ ဒီမှာ မိန့်ခွန်း မဟူရာရိပ်ဆိုတဲ့ မိန်းမ သိပ်
တော့ သတ္တိမကြောင်ပါဘူး၊ ရှင့်လို ရှုံ့မုန်းစရာ
ကောင်းတဲ့ လူနဲ့ ခရီးဆက်ထွက်မယ့်အစား
သေမယ့်လမ်းခရီးကိုဖြစ်ဖြစ် ကျွန်မ ရင်ကော့
ဝင်သွားရဲတယ်၊ ရှင် ယုံလား"

"ရိပ် နေဦး"

မိန့်ခွန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ
တားဆီးဖို့ ကြိုးစားရင်း ကိုယ်သည် ဆတ်ခနဲ
တွန့်သွားပြီး ဘေးတိုက် လဲကျသွား၏။

"ဟင်"

ထိုအခါကျမှ မိန့်ခွန်း ကုပ်ပိုးမှ စီးကျနေ
သော သွေးတွေကို မြင်လိုက်ကာ ရိပ် ထိတ်လ
န့်သွား၏။

အမှတ်တမဲ့ ထိုင်ချမိတော့မလို ဖြစ်သွားပြီးမှ ချက်ချင်း ကိုယ်ကို မတ်လိုက်၏။ ဒီလို လူကို သနားဖို့ သင့်သလား။

မဟုတ်သေးဘူး။ သူ ငါ့ကို ပေါက်ကွဲတော့ မယ့် လေယာဉ်ကြီးထဲကနေ ကယ်ခဲ့တာ ပြီးတော့ သူ့ကို ထားခဲ့ပြီး ငါက ဘယ်သွားမှာ လဲ။

စိတ်တို့ သည် ရုတ်တရက် နူးညံ့သွားကာ အနားမှာ ဒူးထောက်ကာ ထိုင်ချလိုက်မိသည် ။

“မိန့်ခွန်း”

နောက်တစ်ကြိမ်ခေါ်တော့ သူ့မျက်ဝန်းတွေ လှုပ်ခတ်လာသည် ။

ထိုစဉ် သူမနောက်မှ လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်သွားသည် ။

“ခေါင်းမှာ ဒဏ်ရာကြီးနဲ့ ပါလား၊ မနက်က ပျက်ကျတဲ့ လေယာဉ်ကထင်တယ်”

www.mmyanmarbooks.com

လူသူမရှိဘူး ထင်ခဲ့သည့် နေရာမျိုးမှာ ခပ်ဩဩ ဝဲတဲတဲ စကားသံကြီးကြောင့် ရိပ် ထိတ်လန့်ကာ ကပျာကယာ လှည့်ကြည့်လိုက်မိသည်။

"အမလေး"

မထိန်းချုပ်နိုင်ပဲ အော်လိုက်မိပြီးသား ဖြစ်သွားသည်။

"ရိပ် ဘာဖြစ်တာလဲ ဘယ်သူ ရောက်လာတာလဲ ဟင်"

မိန့်ခွန်းက သူ့ဟာသူ လက်ထောက်ထဖို့ ကြိုးစားနေသဖြင့် ရိပ် ကပျာကယာ ထူပေးကာ ရှေ့ရောက်လာသည့် လူကြီးကိုလည်း ရန်သူလား မိတ်ဆွေလား မသိသောကြောင့် မျက်ခြည်မပြတ် ကြည့်နေရသည်။

ငှက်သိုက်ကြီးလို အတိုအရှည် စုပုံနေသော ဆံပင်ရှည်တွေက ခါးအောက်လောက်တွင် ဖွာ

Saving screenshot

လန်ကျဲနေသည် ။

ဖုထစ်ချိုင့်ခွက်နေသည့် မျက်နှာကြီးမှာ မျက်လုံးနှစ်လုံးက အတွင်းထဲထိ နစ်ဝင်နေသလို နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းကြီးက တုတ်ခဲထူတွဲ၍ ချွန်ထွက်နေရာ ငှက်ကြီးတစ်ကောင်နှင့်လည်း တူ၏။

ကိုယ်ပေါ်တွင် သစ်ရွက်ဖက်လား သားရေလား မခွဲခြားနိုင်လောက်သည့် ညိုပုပ်ပုပ် စိမ်းပြာပြာ ဝတ်ရုံကြီးကို ပခုံးမှ ဒူးဆစ်ထိ စွတ်ချထား၏။

ချေးတွေ ထူနေပုံရှိသည့် လက်သည်းခြေသည်းကြီးတွေက ညိုမည်းကာ ရှည်ထွက် ကောက်ကွေ့နေသေးသည် ။

စကားထပြောလိုက်သည် က အင်္ဂလိပ်ဘာသာနှင့်ဖြစ်ကာ ဘာလူမျိုးဟု ပြောရခက်လှအောင် စကားသံက ဝဲနေသည် ။ မှန်အောင်

ပြောနိုင်ပေမယ့် လေးလေးပင်ပင်ကြီး ဖြစ်၏။

ထိုလူကြီးက ရိပ်တို့ နှစ်ယောက်ကိုကြည့်ကာ...

"မြန်မာလူမျိုးတွေပဲ..."

ဟု ထပ်ပြောပြန်၏။

ထို့နောက် မိန်းခွန်းဘေးမှာ ဆောင့်ကြောင့်ထိုင်လိုက်ပြီး ဒဏ်ရာကို မြင်ရအောင် သေချာငုံ့ကြည့်လိုက်သည် ။

"သွေးထွက်လွန်နေပြီ ခဏနေကြဦး၊ ကျုပ်ဆေးရွက် ခူးလာခဲ့မယ်"

ထသွားပုံက မြန်သည် ။

သိပ်ကြာသည် မထင်ရဘဲ ပြန်ရောက်လာ၏။

သူ့လ က် ထဲ မှ ာ ပီလောပီနံ့ဥနှင့်တူသော စိမ်းနုနု ဖြူလဲ့လဲ့ရောင်ရှိသည့် သစ်မြစ်လေး

65% 2:16 pm

တစ်ခု ပါလာသည် ။

အနားရောက်မှ ထိုင်ချလိုက်ပြီး သုံးပုံတစ်ပုံကို ဖွဲ့ချိုး၍ မိန့်ခွန်းကို ပေးပြီး ကျန်တာကို သူ့ပါးစပ်ထဲ ထည့်ဝါးလိုက်၏။

“အဲဒါကို ညက်အောင် ဝါးပြီး မျိုချလိုက်ကောင်လေး... ခေါင်းနည်းနည်း ငုံ့လိုက်”

ရုပ်ကြီးက ဆိုးပေမယ့် စေတနာကို သူ့စကားသံထဲမှာ ခံစားမိလိုက်သဖြင့် မိန့်ခွန်းက သူပြောသလို ဆေးမြစ်ကို ဝါးစားလိုက်သည် ။

ရိုပ်ကလည်း မိန့်ခွန်း ခေါင်းကို ရှေ့ငိုက်လာအောင် အသာလေး ဆွဲနှိမ့်ပေးသည် ။

လူကြီးက ဒဏ်ရာကို တွေ့သည် နှင့် ဆံပင်တွေကို ဖယ်ရှင်းပြီး ဝါးထားတာတွေကို အနာပေါ်မှာ အုံ့ပေးလိုက်သည် ။

“ပတ်တီးနဲ့ စည်းမထားဘဲ အဲဒါတွေကို ဘ

ယ်လိုလုပ်မလဲဟင်”

“ရတယ် .. မင်း သူ့နားတိုးပြီး ဒီအတိုင်း ခ ဏ ဆုပ်ကိုင်ပေးထား၊ ခဏဆိုရပြီ”

ရိပ် သူ့ဘေးမှာ ချက်ချင်းပြောင်းထိုင်ပြီး လူ ကြီးပြောသလို လုပ်၏။

လူကြီးက မြေပြင်ပေါ်မှာ ထိုင်ချလိုက်ပြီး မိ န့်ခွန်းကို သေချာကြည့်၏။ ပြီးတော့ ရိပ်ကို ကြ ည့်သေးသည် ။

“မင်းတို့ တွေက လင်မယားလား”

“အို… မဟုတ်ပါဘူး”

ရိပ်က မခံနိုင်စွာ ပျာပျာသလဲ ငြင်းလိုက်၏ ။

လူကြီးက ခဏငိုင်သွားပြီး…

“လင်မယား မဟုတ်ဘူး ဆိုရင် မင်းတို့ ဒု က္ခရောက်ကြဦးမှာ ပဲ၊ အဲဒါ ကျုပ်လည်း ကယ်

Saving screenshot

နိုင်မှာ မဟုတ်ဘူး "

"ရှင် ...ဘာ.. ဘာဖြစ်လို့ လဲ"

လူကြီးက မျက်တွင်းခွက်ခွက်ကြီးထဲမှ ကြောက်စရာမျက်လုံးကြီးများ နှင့် ရိပ်ကို ကြည့်၏။ ရိပ် ကြက်သီးထသွားကာ မျက်လွှာချပစ်လိုက်မိသည် ။ ဒါကို ရိပ်မိသွားပုံရသည့်လူကြီးက ရီဝေမှုင်းညို့သွားသည့် မျက်လုံးတွေကို ခပ်ဝေးဝေးသို့ ပို့လိုက်ပြီး...

"ဟောဒီကနေ မင်းတို့ ပြန်နိုင်ဖို့ ခရီးက နီးနီးလေးပါ၊ ဒါပေမဲ့ သိပ်ကို သွေးဆာ ရက်စက်တဲ လူရိုင်းတွေရဲ့ နယ်မြေကို မင်းတို့ ဖြတ်ရမှာ "

"ဘယ်လို လူရိုင်းတွေလဲ၊ အဲဒါကို ရှောင်သွားလို့ မရဘူးလား"

"မရဘူး၊ ရအောင် သွားမယ် ဆိုရင်တော့

Saving screenshot

ဟောဒီ တောကြီးထဲကို ပြန်ဝင်ပြီး လမ်းတွေ့အောင် ကြိုးစားကြ ဒါပဲ၊ လမ်းတွေ့ဖို့ ဆိုတာက ကျုပ် ဒီမှာ နေခဲ့တဲ့ သက်တမ်းအရဆိုရင် အဲဒီဘက်ကို ဖောက်ထွက်လို့ ခုချိန်ထိ မရခဲ့သေးဘူး”

“ဒါ ... ဒါ .. ဘာတောကြီးလဲဟင်”

“အင်း ပြောရရင်တော့ အာန်စ်တောင်ကြီးရဲ့ ဝန်းကျင်တောင်စွယ်တွေ ကြားထဲက တောကြီးပေါ့၊ သိပ်ကျယ်ပြောလှတာ မဟုတ်ပေမယ့် သဏ္ဌာန်တူတဲ့ တောင်စွယ်တွေ ပိတ်နေတော့ မျက်စိလည်မှာ ပဲ၊ အထူးသဖြင့် ဟောဒီဒေသ ပတ်ဝန်းကျင်မှာ ပူလွန်း အေးလွန်းပြီး လေကြောပြတ်တောက်မှု မြန်တဲ့ ရာသီဖောက်ပြန်မှုမျိုး မကြာခဏ ဖြစ်တယ်၊ ဒါက သဘာဝအန္တရာယ်ပေါ့၊ ဒါကြောင့် လေယာဉ် စက်ချို့ယွင်းမှုတွေ ဖြစ်ပြီး ဒုက္ခရောက်ကုန်ကြ

Saving screenshot

တာ၊ ဒီပြင် အချိန်တွေမှာ သာယာပါတယ်"

လူကြီးပြောနေစဉ် မိန့်ခွန်း သက်သက်သာသာ ဖြစ်ကာ မျက်လုံးဖွင့်နိုင်လာ၏။

ဆေးမြစ်၏ ထက်မြက်လှသည့် စွမ်းပကားကြောင့် ချည့်နဲ့ နေသော အားအင်များ ပြည့်ဖြိုးလာသလို ဒဏ်ရာကလည်း သိသိသာသာကြီး အနာရှိန် လျော့ကျသွားသည် ။

"ရပါပြီ ကိုယ်သက်သာပါပြီ"

မိန့်ခွန်းက ခေါင်းငဲ့ကာ ရိပ် လက်ကလေးကို ဖယ်ချလိုက်သည် ။

လူကြီးက သူတို့ နှစ်ယောက်ကို စူးစိုက်ကြည့်နေပြီး...

"လေယာဉ်ကယ်ဆယ်ရေးတွေ ချက်ချင်း ရောက်လာပါတယ်၊ ဒါပေမဲ့ လေယာဉ်တောင်

Saving screenshot

www.mmyanmarbooks.com

တစ်စစီ ဖြစ်သွားတဲ့ ဥစ္စာ၊ ဘယ်သူ အသက်ရှင်မှာ လဲ၊ အဲဒီအချိန်မှာ မင်းတို့ မသိလိုက်ဘူး ထင်တယ်"

"ဟုတ်ပါတယ် ကျွန်တော်တို့ က လေယာဉ် မပေါက်ကွဲခင် လက်မတင်လေး လွတ်ထွက်လာခဲ့တာပါ၊ ဒါပေမဲ့ နှစ်ယောက်စလုံး ဒဏ်ရာတွေရပြီး လူချင်းကွဲ သတိလစ်နေခဲ့ကြတာ၊ ဒီဒဏ်ရာနဲ့ လည်း သေလောက်တဲ့ အထိ ခံစားနေရတာပါ၊ ဦးလေးကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်၊ ဦးလေးက ဘယ်သူပါလဲ ခင်ဗျာ"

မိန့်ခွန်းက အင်္ဂလိပ်လို ကျွမ်းကျင်စွာ ပြောလိုက်သဖြင့် လူကြီးက နှစ်ယောက်လုံးကို သေချာကြည့်ပြန်သည်။

"မင်းတို့ နှစ်ယောက် မြန်မာတွေဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်လိုက်

Saving screenshot

တာ၊ ရာထူးရာခံရှိတဲ့ လူငယ်တွေ ထင်တယ်၊ အင်း ကျုပ်ကတော့ ဟိုတုန်းက အင်္ဂလိပ်လူမျိုးလေ တပ်ကာကွယ်ရေးက ဗိုလ်ပါပဲ၊ ခုတော့ အသိဉာဏ်မဲ့တဲ့ လူရိုင်းမျိုးစုတွေကို ခေါင်းဆောင်နေရတဲ့ ကိုယ့်ကိုယ်ကိုယ်တောင် ဘာကောင်မှန်းမသိတဲ့ ကောင်ပေါ့ကွာ"

"လူရိုင်းတွေကကော"

"သူတို့ ကတော့ ကျုပ်အထင်ပြောရရင် ဘာကောင်တွေမှန်းကို မသိလောက်အောင် တောထဲမှာ မျိုးပွား တည်တံ့နေခဲ့တဲ့ တောတွင်းလူရိုင်းတွေပဲ၊ နီးစပ်တဲ့ နေရာက ရွာစဉ်ရွာစုတွေထဲကနေ ဒီမှာ တစ်နည်းနည်းနဲ့ အမြစ်တွယ်လာခဲ့ကြလိမ့်မယ်၊ သူတို့ မှာ လင်မယားဆိုရင် မစော်ကားသင့်မှန်းသိတယ်၊ သားသမီးမိဘတော်တာကို နားမလည်ပေမယ့် အချင်းချင်းကြတော့ စောင့်ထိန်းရမှန်းသိတယ်"

“ဒါဆို လူရိုင်းလို့ ခေါ်လို့ ဘယ်ရမလဲ”

မိန့်ခွန်းက ဝေဖန်တော့ ဒါဂလူးဆိုသည့် လူကြီးက ခေါင်းခါ၍ ...

“လူရိုင်းတစ်ဝက်လောက်က အသားကို အစိမ်းစားတာ”

“အမလေး”

ရိပ် မျက်လုံးလေး ပြူးသွားမိ၏။

အစွယ်တွေ ဘာတွေများ ပေါက်နေမလား တွေးလိုက်မိတော့ ပိုကြောက်သွားသည် ။

“မိန်းကလေးဆိုရင် အရွယ်ရောက်ရောက် မရောက်ရောက် အဓမ္မပြုတယ်၊ သေသွားရင် ချက်စားတဲ့ လူက စား၊ အစိမ်းမြည်းတဲ့ လူကမြည်း”

ရိပ် တစ်ကိုယ်လုံး ကျဉ်ခဲသွားကာ မိန့်ခွန်း လက်မောင်းကို လန့်ဖျပ် ဖက်တွယ်လိုက်မိသ

ည်။

"ယောက်ျားလေးဆိုရင်လည်း   လူရိုင်းတွေက ဒီလိုပဲ"

"အဲဒီလူတွေက   တောထဲမှာ မျက်စိလည်လာတဲ့ လူတွေပဲပေါ့၊ ဟုတ်လား ဦးလေး"

"အဲဒါလည်း ဟုတ်တယ်၊ သက်သက်ထွက်ခွဲကြတာတွေက များ တယ်၊ ဒီကောင်တွေက လမ်းသိပ်ကျွမ်းတာ၊ သူတို့ ကို မျက်ခြည်ဖြတ်ဖို့ မလွယ်ဘူး၊ တစ်ခါ သူတို့ တွေ အနားက ရွာတွေကို ထွက်ပြီး လူရှာတုန်း ကျူပ်ပြေးတယ်၊ ပြန်မိတာပဲ၊ ဒါပေမဲ့ ကျုပ်ကိုတော့ သူတို့ က ကိုးကွယ်စရာလို သတ်မှတ်ထားတာ၊ ရန် မလုပ်ကြဘူး"

"အဲဒါ ဘာဖြစ်လို့ လဲ"

မိန့်ခွန်း မျက်နှာက အတော်ကြီး ကြည်လင်လာကာ လေသံကပါ ပီပြင်လာသည်။ အဲဒါကို

ပဲ ရိုပ် ဝမ်းသာလို့ မဆုံးနိုင်။

"ဒီလိုကွ သူတို့ မှာ ဘယ်ရာစုကမှန်းမသိတဲ့ ကျောက်ဆစ်ရုပ်ကြီးတစ်ခုရှိတယ်၊ ရုပ်တုမ၂၃ လက်တစ်ဖက် မရှိတော့ဘူး၊ အရုပ်ကတော့ လူနှစ်ရုပ်စာလောက်ရှိတယ်။ ရေသတ္တဝါလို အကောင်ကြီးမျိုးပါ၊ သားပိုက်ကောင် ရုပ်နေသလိုမျိုး ကျုပ် ဒဏ်ရာတွေပျောက်ပြီးစ အဲဒီရုပ်ထုကြီးနားမှာ အမြီးကိုခေါင်းအုံးပြီး အိပ်နေတုန်း သူတို့ ကျုပ်ကို ဝိုင်းလိုက်ကြတယ်၊ အဲဒီတုန်းက ကျုပ် အသက်သုံးဆယ် မပြည့်သေးဘူး.."

"ခုကော"

"ခြောက်ဆယ် ပြည့်လုပြီ"

လူကြီးက သူ့ကိုသူ ကြေကွဲသွားသလိုမျိုး ငိုင်တွေနေပြီးမှ ဆက်ပြောသည် ။

"သူတို့ ရုပ်တွေက သွေးဆာပြီး စူးစူးရဲရဲဖြ

စ်နေတော့ ကျုပ်လည်း ကြောက်လန့်ပြီး ငါ့ကို သတ်ရင်သတ် နင်တို့ ကို ဟောဒီ နတ်ရုပ်ကြီး က ပြန်သတ်လိမ့်မယ်လို့ ပြောမိပြောရာ ပြောလိုက်မိတယ်၊ ကျုပ် ကံကောင်းသွားလိုက်တာ၊ အဲဒီအချိန်မှာ ပဲ ရာသီဥတုက ချက်ချင်း ထဖောက် လာပြီး မိုးကြိုးပစ်ချလိုက်တာ စက်ကွင်းမလွတ်တဲ့ လူတွေကော ရုပ်ထုရဲ့ ပခုံးတစ်ဖက်ပါ ပြုတ်ထွက်လာကြကုန်တယ်၊ အဲဒီကစပြီး ကျုပ်ကို တန်ခိုးရှင်လို့ သတ်မှတ်လိုက်ကြတယ်၊ နောက်တော့ အောက်ချင်းငှက်ဖိုကို သတ်မိပြီး ငှက်မက သူ့ကိုယ်သူ တောင်ပံရုပ် သေပွဲဝင်ပစ်တာကို ငှက်တစ်ကောင်ပစ်တာ နှစ်ကောင်သေတယ်ဆိုပြီး ကျုပ် အစွမ်းလို့ ထင်ပြီး ဘယ်လိုမှ ရုန်းထွက်မရတော့အောင် မြှောက်စား ကြတော့တာပဲ၊ ဘယ်လောက်ရိုင်းရိုင်း၊ ဘာတွေဖြစ်ဖြစ် ရုပ်တုကြီးနဲ့ ခြိမ်းခြောက်ပြီး ကျုပ်က ပြောရင်ရတယ်၊ တား

Saving screenshot

ရင် နောက်ဆုတ်တယ်"

"သူတို့ လူမျိုးချင်း ပြန်စော်ကားတာ လုံးဝ မရှိဘူးပေါ့"

"ရှိတယ်၊ အသက်တော်တော်ကြီးတဲ့ လူရိုင်းအဘိုးကြီးတွေက အပျိုဖော်ဝင်စ ငယ်ငယ်လူရိုင်းမတွေကို ပေါင်းသင်းတာပဲ၊ သူတို့ အထင်က မျိုးစပ်ပေးသွားပြီဆိုတော့ ယူတယ်ပေါ့ကွာ"

"အဲဒါကျတော့ သတ်ပစ်သေးလား"

"မပစ်ဘူး၊ အတူတူနေကြတာပဲ ကျုပ်လည်း ဒီရုပ်ရည်ကြီးလည်း ဖြစ်သွားတဲ့နောက်တော့ မြို့ရွာရပ်ကွက်ထဲ ပြန်ဝင်ချင်စိတ် မရှိတော့ဘူး။ ဒါကြောင့် ကိုယ့်အသက်လုံခြုံအောင် ဒီမှာ ပဲ ဒီရုပ်ကြီးကို ရုပ်တုကြီးနဲ့ ဘာလိုလို နတ်ဘုရားပုံစံလုပ်ပြီး ပူဇော်ရောင်ပြုလိုက်၊ ရှိခိုးလိုက် လုပ်ပြရတယ်

Saving screenshot

၊ ကိုးကွယ်မှုရှိမှ သူတို့ ကို ထိန်းလို့ ရမှာ ကိုး”

“ကျွန်မတို့လို တောထဲ မျက်စိလည်ရောက်လာတဲ့ လူတွေရှိရင် သူတို့ က သတ်ပစ်ကြလားဟင်”

“ကျုပ်က ပရိယာယ်နဲ့ ကာကွယ်ရတာပေါ့ ယုံအောင် ညာရတယ်၊ သူတို့ ကိုပဲ လမ်းပေါ်ရောက်အောင် ပြန်ပို့ပေးဖို့ ခိုင်းရတယ်၊ ဟောဒီက သွားရင် ရေတံခွန်ကြီးရှိတယ်၊ ရေတံခွန်ကြားထဲက ဖြတ်ထွက်လိုက်ရင် အဲဒီကို ရောက်သွားတယ်၊ ဟိုဘက်ကို သူတို့ က ဆက်ပြီး လမ်းပြပေးရင် လာအိုနယ်စပ်ကို ရောက်ပြီး အဲဒီနားမှာ ရွာတွေ့လိမ့်မယ်၊ ဒီကောင်တွေ သွေးဆာရင် အဲဒီဘက်ထွက်ပြီး လူတွေ ဆွဲ ဆွဲလာကြတယ်”

“မိန့်ခွန်း ကျွန်မတို့ ဒီပြင်လမ်းက သွားကြမယ်လေ၊ လမ်းမတွေ့လည်း သေပါစေတော့၊

Saving screenshot

အဲဒီလောကမ်ရိုင်းတဲ့ လူတွေကို ကျွန်မ ကြောက်တယ်”

ရိပ် တကယ်ကြောက်နေရှာတာ၊ အသံလေးတွေပင် တုန်နေသည်။

မိန်ခွန်းက လက်မောင်းမှာ ဖယ်တွယ်ထားသည့် ရိပ် လက်ကလေးတွေကို ထပ်ဆုပ်ကိုင်၍ …

“စဉ်းစားကြတာပေါ့ကွာ မစိုးရိမ်ပါနဲ့ ”

“စဉ်းစားနေလည်း တောထဲ ပြန်ဝင်ရင် သေဖို့ ပဲရှိတာ၊ အထဲမှာ သွေးစုပ်နွယ်တွေ တအားပေါတာကွဲ့၊ မင်းတို့ လိုက်သာလိုက်ခဲ့ပါ၊ လင်မယားလို့ ပြောပြီး ကျုပ် ကာကွယ်ပေးပါ့မယ်”

ရိပ်က လက်မခံ ခေါင်းတွင် တွင် ခါကာ မိန်ခွန်း လက်မောင်းကိုလည်း အသားတွေ ပဲ့ပါတော့မတတ် ဆုပ်ချေကိုင်ပစ်လိုက်၏။

www.mmyanmarbooks.com

Saving screenshot

“ဟင့်အင်း မိန့်ခွန်း ကျွန်မ သေမှာ ကို မကြောက်ဘူး၊ စော်ကားခံရပြီး မရှုမလှ ဇာတ်သိမ်းရမှာ ကို ကြောက်တယ်”

လူကြီးက ရိပ် မျက်နှာလေးကို စေ့စပ်စွာ အကဲခတ်၍ ...

“မိန်းကလေးနဲ့ မင်းက သွေးသားတော်စပ်ကြသလား”

မိန့်ခွန်းက ခေါင်းခါပြီး

“မတော်ပါဘူး၊ ဒါပေမဲ့ လင်မယားမှ မဟုတ်ကြတာ”

“မင်းတို့ မှာ အိမ်ထောင်တွေ မရှိကြဘူး မဟုတ်လား”

ဒီလူကြီး ဘာဖြစ်လို့ နှိုက်နှိုက်ချွတ်ချွတ် မေးနေမှန်း မသိပေမယ့် ရိပ်က တစ်မျိုး အထင်ရောက်သွားခဲ့သည် ။ အောင်သွယ်ပေးချင်

Saving screenshot

တာလား ဆိုသည့် အတွေးနှင့် မျက်နှာလေး တင်းသွားမိ၏။

"သူနဲ့ ကျွန်မက ဘာမှ မဆိုင်ဘူး ဦးလေး လုံးဝ မဆိုင်ဘူး"

အိမ်ထောင် ရှိမရှိကို မဖြေပေမယ့် လူကြီး က ခေါင်းညိတ်လိုက်ကာ

"ဘာပဲဖြစ်ဖြစ် လင်မယားလို့ ပြောပြီး ဟန် ဆောင်ပန်ဆောင်တော့ နေပေးလိုက်ပါ၊ မင်း တို့ ဘာအန္တရာယ်မှ မဖြစ်စေရဘူးလို့ ကျုပ် အာမခံပါတယ်"

နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြ၏။

မိန့်ခွန်းက ရိပ်၏ မျက်နှာလေးကို ငဲ့ကြည့် ကာ

"မကြောက်နဲ့ နော်"

*

# အခန်း (၂၃)

သူတို့ တွေ ရေတံခွန်ကြီးကို ပင်ပန်းစွာ ကျော်ဖြတ်သွားခဲ့ပြီး တဲကြီးတွေ ခပ်ကျဲကျဲ ထိုးထားသော လွင်ပြင်တစ်ခုထဲ ရောက်သွားခဲ့ကြသည် ။ တိုနံ့နံ့ အရုက်လုံရုံ သာ ဝတ်ဆင်ထားကြသော ရုပ်ဆိုးကြမ်းတမ်း လှသည့် မျက်နှာများ တူညီစွာ ရှည်လျားကြသ ည့် ဆံပင် ပွစုတ်စုတ်ကြီးများက ယောကျ်ား မိ န်းမ ခွဲရခက်လောက်အောင် တစ်ပုံစံတည်း ဖြ စ်နေကြသည် ။

ယောကျ်ားတွေက ရိုပ်ရှိသည့်ဘက် ပြေး လာကြကာ၊ မိန့်ခွန်း ဘက်သို့ စုပြုံသွားကြသူ

Saving screenshot

တွေကို မိန်းမများ ဟု သတ်မှတ်ရမည်ဖြစ်သည်။

လူရိုင်းတွေ အတော်များ ပြားလျက် ဘာသာစကားတစ်မျိုးကို ရှုပ်ယှက်ခတ်အောင် ပြောဆိုနေကြသည် က ဆူညံနေ၏။

ဒါဂလူးက သူတို့ ရှေ့ လက်နှစ်ဘက် ဘေးကို ဆန့်တန်း ကာကွယ်ထား၏။ ထို့နောက် လက်ကို စုလိုက် စိုက်လိုက် သဏ္ဌာန်အမျိုးမျိုး လုပ်ပြကာ သူတို့ ပြောသည့် စကားမျိုးနှင့် ဘာတွေပြောနေမှန်းမသိ။

လူရိုင်းတွေက နောက်ဆုတ်သွားကြသည် မရှိဘဲ ဒါဂလူးကသာ အားလုံးကို ကာကွယ် တွန်းဖယ်၍ ကြီးမားသော သစ်ပင်ကြီးအောက်မှာ ရှိသည့် တဲကြီးထဲသို့ သူတို့ ကို သွင်းလိုက်သည်။

တဲများကို အရွက်မသင်သော ဝါးပင်များ နှ

Saving screenshot

င့် ကာကွယ်ကာ သစ်ခက်များ ထူထဲစွာ ပတ်အုပ်ထားခြင်း ဖြစ်သည် ။

ခေါင်မိုးတွေ ကြီးမားကျယ်ပြန့်သည့် ဖက်ရွက်ကြီးများကို ဝါးနှီးနှင့် ထိုးရက်ကာ အမိုးအုပ်လုပ်ထားသည် ။

အ ထ ်မ ၂၁ ဝါးကွပ်ပျစ်တစ်လုံးနှင့် ရေတစ်အိုးစာလောက် ခွက်နေသည့် ကျောက်ခွက်ပြားကြီး တစ်ချပ် ရှိသည် ။

ကျောက်ခွက်ထဲမှာ သောက်ရေနှင့်တူသည့် ရေတစ်ဝက်ခန့်ရှိကာ ဘေးမှာ ဝါးဆစ်တစ်ခုကို ရေခွက်သဖွယ် တင်ထားသည် ။

အချိန်က ညနေ နေညိုပြီဖြစ်သည် ။

သစ်ခက်တွေ ဆိုင်းကာထားသည့် တဲကြီးထဲမှာ တော့ မှောင်ရိပ်သမ်းနေ၏။ တစ်လှမ်းချင်း ဝင်သွားပြီး ငြိမ်သက်နေသည့် ရိပ် ကျောပြင်လေးကို ကြည့်ကာ မိန့်ခွန်း နောက်နားထိ

လျှောက်သွား၍ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်။

"ရိပ်"

ရိပ်က တစောင်းလေး ငဲ့ကြည့်ပြီး မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံလျက် နှုတ်ခမ်းသားလေးတွေ တုန်ယင်နေ၏။

"ဘာလို့ ငိုတာလဲ ရိပ်ရယ်"

သူ စိတ်မကောင်း ဖြစ်သွားခဲ့ခြင်းက လှိုက်လှိုက်လှဲလှဲကြီးပါ။ မိန်းမ တစ်ယောက်အပေါ် ပွေ့ပိုက် ချော့မြှူချင်စိတ်များ နှင့် သနားကြင်နာမိခြင်းသည် ဒါပထမဆုံး။

ရိပ်သည် သူ့ဘက်ကို ပြန်လှည့် လာပြီး...

"ဒီလောက် များ ပြားတဲ့ လူရိုင်းတွေကို ဒါဂလူး တားမရ ဆီးမရ ဖြစ်လာရင် အို.. အဲဒီလိုသာ ဖြစ်ခဲ့ရင် ရှင်... ရှင်... ကျွန်မကို သတ်ပစ်

Saving screenshot

လိုက်ပါ...သတ်ပေးပါ”

ပြောရင်း မျက်ရည်စက်တွေက ပိုးပိုးပေါက်ပေါက် ကျ လာပြီး ရှိုက်ငိုလေတော့သည် ။ သူ ဘယ်လိုမှ မကြည့်ရက်နိုင်ဘဲ ရိပ် တစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။

ရိပ်သည် တသိမ့်သိမ့် ရှိုက်ငိုရင်း သူ့ရင်ဘတ်ကျယ်မှာ မျက်လွှာလေးချ၍ ငြိမ်သက်နေ၏ ။

“ရိပ် ရယ် .. ကိုယ် ရှိနေသရွေ့ မင်း ဘာမှ မဖြစ်စေရပါဘူး၊ စိတ်မပူနဲ့ မငိုပါနဲ့ ကွာ”

မိန့်ခွန်း ဘယ်တုန်းကမှ ချော့မြူခြင်းကို မ တတ်ခဲ့ဘဲ ရိပ် ကျောပြင်လေးကို ညင်သာစွာ ပွတ်သပ်၍ ဆံနွယ်ပျော့ပျော့လေးတွေထဲမှာ လက်ချောင်းတွေကို နှစ်မြုပ်စေ၍ ချော့သည် ။

“ဟိုမှာ ခဏ သွားလှဲပြီး နားလိုက်၊ ကိုယ် အပြင်ခဏ သွားလိုက်ဦးမယ်”

Saving screenshot

“အို… မထွက်ပါနဲ့ … ဒါဂလူး အပြင်ကနေ ပိတ်ပေးထားတာ မထွက်စေချင်လို့ ဖြစ်မှာပေါ့၊ ပြီးတော့ ရှင့်မှာ ဒဏ်ရာနဲ့ ရှင် နားပါ”

“ကိုယ် သက်သာနေပါပြီ၊ မင်း သိပ်ပင်ပန်းနေတာ ခဏ သွားလှဲပြီး မှိန်းလိုက်နော်”

မိန့်ခွန်းက ရိပ် လက်ကလေးကို တွဲသွားပြီး ကွပ်ပျစ်မှာ ထိုင်စေသည် ။

ရိပ်က တစောင်းလေး ထိုင်လျက် လှဲအိပ်ဖို့ကို ဘယ်လိုမှ လက်မခံ။

အချိန်တရွေ့ရွေ့ ကုန်ဆုံးသွား၏။

မိုးချုပ်သွားတော့ ပတ်ဝန်းကျင်သည် လုံးဝမှောင်မိုက်သွားကာ မိန့်ခွန်း၏ လက်ပတ်နာရီမှ တရိပ်ရိပ် ပြေးလွှားနေသော အနုမြူမီးရောင်တွေသည် သာ သတ္တဝါတစ်ကောင်၏ မျက်လုံးကြီးများ လို လင်းလက်နေခဲ့သည် ။

www.mmyanmarbooks.com

Saving screenshot

ဘာသံတွေမှန်းမသိသော အော်သံ ရယ်သံ စကားသံများက ကျောချမ်းစရာ ကောင်းလှသည်။

ထိုစဉ် မီးတုတ်တစ်ချောင်းနှင့် ဒါဂလူး ဝင်လာကာ သူ့နောက်မှ စားသောက်စရာတွေ ကိုင်လာသည့် လူရိုင်းမနှစ်ယောက် ပါလာသည်။

သူမတို့ က စားစရာတွေကို ကျောက်ခွက်၏ ဘေးပြားပေါ်မှာ ချထားလိုက်ကြပြီး မိန့်ခွန်း၏ လက်မောင်းတစ်ဖက်စီကို ပြေးကိုင်လိုက်ကြသည်။

“ဟေး”

ဒါဂလူးသည် ဟိန်းဟောက်သံကြီးပြုကာ တင်းမာသော စကားလုံးများ နှင့် အမိန့်ပေးလိုက်ရာ လူရိုင်းမနှစ်ယောက် ပြန်ပြေးထွက်သွားသည်။

သူမတို့ ကိုယ်မှ အလွန် ဆိုးဝါးသော ညှီစို့စို့

ချဉ်တူးတူးကြီး ဝေ့ကျန်ခဲ့ရာ မိန့်ခွန်း မျက်နှာ မဲ့သွားသည် ။

ဒါဂလူးသည် လူရိုင်းမတွေ ထွက်သွားသည့်ဆီ တစ်ချက်ကြည့်ပြီး ရှေ့တိုးလာကာ သူ့လက်မောင်းမှာ ပတ်စီးထားသော သားရေပြားအတွင်းက အထုပ်လေးတစ်ထုပ်ကို ယူ၍ မိန့်ခွန်းကို လှမ်းပေးသည် ။

"စားစရာတွေကို စားလိုက်ပါ၊ မနက်ကျတော့ ခရီးဆက်နိုင်ဖို့ ပေါ့၊ မနက်ဖြန် မင်းတို့လွတ်မြောက်ပြီလို့ သဘောထားပြီး စားသောက်ပြီးတာနဲ့ ပေါ်ပေါ်ပါးပါး နားပါ၊ ဘာအန္တရာယ်မှ မရှိတော့ပါဘူး၊ အိပ်ခါနီးရင်တော့ ဒီဆေးမှုန့်ကို တစ်ဝက်စီ ခွဲသောက်မှ ဖြစ်မယ်"

"ဒါ ဘာလဲ ဦးလေး"

မတ်စေ့နီးပါးခန့်ရှိသည့် ခပ်ပြားပြား ဆေးမှုန့်ထုပ်လေးကို မိန့်ခွန်းက သေချာကြည့်၏။

Saving screenshot

"ဟောဒီနားမှာ လူကို ညှိုပြီး အပြင်ကို နှိုးထုတ်ပြီးမှ မျိုတတ်တဲ့ မြွေဘီလူးရှိတယ်၊ ကျုပ်တို့ အားလုံး ဒီဆေးကို ဆောင်ထားရတာ၊ ဒါကို သောက်ထားမှ ဒီဆေးနံ့ ရှိနေတဲ့ သူကို သူမညှို့နိုင်ဘူး၊ အန္တရာယ်လည်း မပြုဘူး၊ ကျုပ်တို့လို အမြဲနေနေတဲ့ သူတွေကတော့ ဒီဆေးအဆီကို လိမ်းထားရတာပေါ့၊ ဒါပေမဲ့ အရေပြားပျက်စီးနိုင်တယ်၊ သောက်တာကတော့ အန္တရာယ်မရှိပါဘူး၊ အိပ်ခါနီး ဆေးသောက်ဖို့ တော့မမေ့ပါနဲ့ ၊ ကိုယ့်အသက်ကို ကာကွယ်ကြဖို့ ပါ၊ ပြီးတော့ ဘာအသံကြားကြား အပြင်မှာ ဘာတွေလုပ်နေနေ ထွက်မလာပါနဲ့ မဖြစ်သာတဲ့ ကျင်ကြီးကျယ်ငယ် ဒီထဲမှာ ပဲ သွားလိုက်ပါ"

ဒုက္ခက ကြီးမားလှပါသည် ။

ဒါဂလူး ပြန်ထွက်သွားတော့ မီးတုတ်ကို တဲတံခါးဝမှာ စိုက်ပေးထားခဲ့၏။

စားစရာဆိုသည် က ထမနဲလို ပျစ်ချွဲချွဲမဲညစ်ညစ် အရာများကို မြေခွက်ပြားများ ပေါ်မှာ ပုံထည့်ထားကာ အသားကင်နည်းနည်းစီပါသည်။

ပြီးတော့ ငှက်ပျောသီးတစ်ဖီး

ရိပ်က ဘာမှ မစားချင်ပါဟု ငြင်းဆန်သဖြင့် ငှက်ပျောသီးတစ်လုံးကို အတင်း ချော့ကျွေးရသည်။

ဝမ်းဖြည့်ထားမှ ဖြစ်မှာ မို့ မိန့်ခွန်းကတော့ ငှက်ပျောသီးကိုပဲ သုံးလုံးလောက် ကုန်အောင် စားလိုက်သည်။

အစာဝင်သွားမှ ကိုယ်ကပို၍ လန်းဆန်းသွားသလို ဖြစ်ခဲ့သည်။

အားလုံး ပြန်သွားကြလျှင် ရိပ် ဒီတိုင်း တောင့်တောင့်လေး ထိုင်နေသဖြင့် အနားယူဖို့ ပြောရင်း သူ ဟိုဒီ လျှောက်ကြည့်မိသည်။

Saving screenshot

ဘယ်ကိုပဲ ကပ်သွားသွား ဝင်းခနဲ လက်ခနဲ ဖြစ်သွားတတ်သည့် မျက်လုံးတို့ နှင့် ရင်ဆိုင်မိသည် ချည်းဖြစ်သည် ။

လူတွေက မှောင်ထဲမှာ ပျောက်နေသော်လည်း သူတို့ တဲကြီးကို လူရိုင်းတွေ အပြင်ကနေ လှည့်ပတ်ချောင်းနေကြပြီမှန်း မိန့်ခွန်း သိလိုက်၏။

အန္တရာယ်ကတော့ မသေး။

သူ ပြန်ငဲ့ကြည့်လိုက်တော့ ရိပ်သည် ကွပ်ပျစ်ပေါ်မှာ ထိုင်လျက် ချောက်ချားဟန်လေးနှင့် တောင်ကြည့်မြောက်ကြည့်..

ဒီတိုင်းနေလို့ တော့ မဖြစ်ဘူးထင်သည် ။

သူ ရိပ် နားကို ပြန်ကပ်သွားကာ အနားမှာ ထိုင်လိုက်ရသည် ။

ရိပ်က ထိတ်လန့်သွားသလို မျက်ဝန်းလေး

များ နှင့် ဖျတ်ခနဲ လှည့်ကြည့်၏။

"ရိပ် လူရိုင်းတွေ အမှောင်ထဲကနေ ချောင်းနေကြတယ် ကိုယ်တို့ ဒီတိုင်း နေလို့ တော့ မဖြစ်ဘူး"

"ဟင်"

ရိပ် မျက်ဝန်းလေးတွေ ယိမ်းထိုးလှုပ်ရှားသွားကာ သူ့ကို ထိတ်ထိတ်လန့်လန့် ကြည့်၏။

"ကိုယ့်ကို အခွင့်အရေးယူတယ် မထင်နဲ့နော်"

"အို"

သူ ရိပ် ကိုယ်လုံးလေးကို ရုတ်တရက် ပွေ့ဖက်လိုက်ကာ ကွပ်ပျစ်ပေါ်မှာ လှဲအိပ်လိုက်သည် ။

"မိန့်ခွန်း.. ရှင်.. ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

Saving screenshot

“ကိုယ် ဘာမှ မလုပ်ဘူး ခဏငြိမ်ငြိမ်လေး နေပါ ဒီတိုင်း ခဏပဲနေ ကိုယ် မင်းအပေါ် ဘာ အခွင့်အရေးမှ မယူဘူး

ရိပ် ငြိမ်ကျသွားသည် ။

သို့သော် လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ထားသော ရင်ခွင်ထဲမှာ ရင်နှစ်လွှာသည် တစ်သားတည်းလို ဖြစ်ကာ ထိကပ်နေသည့် မျက်နှာနှစ်ခုက ထိုအနေအထား ဆက်တိုး၍ ရှောင်လွှဲလို့ မရ။

မိန့်ခွန်း ကိုယ်တိုင် ဘယ်ကဘယ်လို လှိုက်ခုန်ပူလောင်လာခဲ့မှန်း မသိဘဲ ရင်ခုန်ခြင်းက ထိန်းချုပ်ရခက်လာ၏။

မဟုတ်ဘူး ငါ ကတိတည်ရမယ်။

ရိပ်ကို ငါ ကတိပေးထားခဲ့တာ

ကိုယ့်ကိုယ်ကိုယ် သတိနှင့် အထပ်ထပ် ထိ

www.mmyanmarbooks.com

Saving screenshot

န်းချုပ်ရင်း မျက်နှာနှစ်ခုကို ဖိကပ်နမ်းပစ်ချင်စိတ်တို့ အား ပြင်းထန်စွာ တားဆီးနေခဲ့ရသည် ။

သူဟာ ထိုစိတ်ရိုင်းတို့ ဖြင့် စီးမျောလိုက်ပါရင်း အခွင့်အရေး ယူသင့်သလား သို့သော် ရိပ်ကို သူ ထွေးပွေ့မိလိုက်ချိန်တိုင်းမှာ ရင်ခုန်ခဲ့သည် ။

ထိုသာယာစိတ်ဟာ ဘာနဲ့ မှ လည်း မတူ ပြီးသွားတော့လည်း မပျောက်ခဲ့ တသိမ့်သိမ့်ကျန်၍ ကျေနပ်နေခဲ့တာမျိုး

ပြီးတော့ ရိပ်ကို သူ သနားကြင်နာစိတ်တို့ အဆမတန် ဖြစ်ထွန်းရင်း ရင်ခွင်ထဲမှာ ပဲ ထွေးဖက် ကာကွယ်ထားချင်မိသည် ။

ကိုယ့်အပေါ် နိုးစပ်လို၍ ချဉ်းကပ်ခဲ့ကြသော မိန်းကလေးတွေ ရှိဖူးသည် ။ ချဉ်းကပ်ကြပြီး အမူအရာပို ချွဲနွဲ့ကြတာလည်း

Saving screenshot

ကြုံဖူးသည် ။

ထိုမိန်းကလေးတွေကို သူ သာယာရကော င်းမှန်းမသိ၊ ချစ်စရာလို့ လည်း မမြင်။ ပန်းရင့် ကျတော့ ပိုလွန်းသည့် အမူအရာမျိုး မရှိ။

သူ ပိုင်ဆိုင်သော ရွှေငွေ ပညာဂုဏ် ရုပ်ရ ည်အရာအားလုံးကို တပ်မက်လွန်းသည့်ပုံစံ ဘာမှ မရှိ။

သူ့အပေါ် အလွန်နားလည် သည်းခံခဲ့သူ လေး ဖြစ်သည် ။

ထိုကြောင့် သူ အများ ထဲက ဆွဲထုတ်၍ တွ ယ်တာခဲ့မိသည် ။

သို့သော် တွယ်တာခြင်းသည် မရှိးသား သော ရင်ခုန်လှိုက်မောခြင်းတို့ ကင်းနေခဲ့ပြန် သည် ။

အချစ်ဟာ ရောင်စဉ်တွေ မည်မျှဆန်းစွာ

ကွဲပြားနေပါသလဲ ရိပ်ကို သူ့အထိအတွေ့ကြောင့် ရင်ခုန်ခဲ့တာလား မဟုတ်ဘူး ဆိုတာ သေချာပါသည် ။ ရိပ် စိတ်ဆင်းရဲနေတာကို သူ မကြည့်ရက် ကြောက်နေတာကို မမြင်ချင် နဖူးမှာ ချွေးစလေးတွေ မြင်နေရ လျှင်တောင် ကိုယ့်ပါးပြင်လေးနှင့် အသာလေး ပွတ်တိုက်သန့်စင်ပေးချင်သည် ။

မျက်ရည်ကျနေတာကို မြင်ရစဉ် ခဏမှာ သူ့ရင်ထဲမှာ ဗလောင်ဆူသွားခဲ့တာ ဘယ်လို တိုင်းတာပြရမှန်းပင် မသိပါ။

သူသည် ရိပ် ကိုယ်လေးကို တွယ်ဖယ်ထား ရင်း ချစ်ခြင်းအကြောင်း ငို့ကာရှုံ့နေဆဲမှာ ပဲ ကျေနပ်စွာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့၏။

သို့သော် အိပ်မက်ထဲမှာ ရိပ်သည် သူ့ကို ထုနက်ရှန်းကန်၍ တွန်းပစ်ခဲ့ပြီး တဲအပြင်သို့ ထွက်ပြေးသွားခဲ့သည် ဟု မက်ခဲ့၏။

Saving screenshot

"ရိပ်... ရိပ် မသွားနဲ့ အပြင်မှာ လူရိုင်းတွေ ရှိတယ်"

အိပ်မက်ထဲမှာ အော်ခေါ်ရင်း လိုက်တော့ လူက ဆတ်ခနဲ ထထိုင်ပြီးသား ဖြစ်သွားခဲ့သည် ။

"ဟင်.... ရိပ်"

အိပ်မက်မဟုတ်.... သူ့ရင်ခွင်ထဲမှာ ရိပ် တကယ်မရှိတော့ပါ။

"ရိပ်"

သူ ကျယ်ကျယ်လည်း မခေါ်ရဲ စိုးရိမ်စိတ်က ငယ်ထိပ်ထိ တဒိန်းဒိန်း ဆောင့်တက်၏။ ကြည့်လိုက်တော့ ရှက်ဖျင်တဲ တံခါးတိုင်က ရွဲ့စောင်းနေသည် ။

ရိပ် ဘယ်ထွက်သွားတာလဲ။

"အား... လွှတ်... လွှတ် မိန့်ခွန်းရေ"

Saving screenshot

"ဟာ"

သူ့တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွား၏။

ရိပ် မအိပ်နိုင်ဘဲ တဲထဲမှာ ဟိုဒီ ထလျှောက်လိမ့်မည်။ ဒါကို လူရိုင်းတွေ ဝင်ဆွဲတာလား ရိပ်က အပြင်ကို ကျုံ့သွားတာလား။

သူ ရိပ်ကို ပူပန်စိတ်တို့ နှင့် တဲအပြင်ကို ပြေးထွက်လိုက်သည် ။ မီးတုတ်တို့ အရောင်ကြောင့် ရိပ် အဖြစ်ကို သူ မြင်လိုက်ရ၏။

ရိပ်သည် လူရိုင်းသုံးယောက်လက်ထဲမှာ အရုပ်လေးတစ်ရုပ်လို..

"မိန့်ခွန်း"

"ရိပ်"

သူ ဘာမှ မစဉ်းစားနိုင်တော့ဘဲ လူရိုင်းသုံးယောက်ကို ပြေး၍ ခုန်ကန်ပစ်လိုက်၏။ သွေး

Saving screenshot

ဆူနေကြသည့် လူရိုင်းတို့ ၏ စိတ်က ရင်ထဲမှာသာ ရှိနေရာ ထိထိမိမိ အကာနိခံလိုက်ရပြီး နောက်ထပ် တရစပ် ပစ်သွင်းလိုက်သော လက်သီးချက်များကြောင့် ဖရိုဖရဲ ယိမ်းယိုင်လဲပြိုကုန်ကြသည် ။

"ရိပ်… လာ"

လူရိုင်းတွေ ဝိုင်းဝန်း ပြေးတက်လာကာ မီးတုတ်တွေ ပြေးနှုတ်ကြလျှင် သူ ရိပ် လက်ကိုဆွဲကာ ခြေဦးတည့်ရာ စွတ်ပြေးခဲ့မိသည် ။

"ဝေး…."

"ဟေး… ဟိုင်…"

အချိန်က ညဉ့်နှစ်နာရီခန့် ရှိပါပြီ။

တောတစ်ခုလုံးက သိမ့်သိမ့်တုန်သွား၏။

သူတို့ က တောသိပ်ကျွမ်းကာ သူတို့ ကို မျက်ခြည်ဖြတ်လို့ မရဘူး..

Saving screenshot

ဒါဂလူးပြောသည့် စကားတွေကို နှစ်ယောက်လုံး သတိရမိသွားသည် ။

ဘာဖြစ်လို့ မျက်ခြည်ဖြတ်လို့ မရမှာ လဲ...

သူတို့ က ဦးနှောက်နည်းတဲ့ လူရိုင်းမျိုးတွေ ...

ငါ့မှာ ဦးနှောက်ရှိတယ် လူရိုင်းတွေလို မေထုံပြုဖို့ တစ်ခုသာသိတဲ့ အရိုင်းမျိုး မဟုတ်ဘူး .. ဘာသာရှိတယ်.... သာသနာရှိတယ်...

သူ ကံကို ယုံလိုက်သည် .. ရိပ် လက်ကလေးကို ဆွဲ၍ ပြေးနေရင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ကြောင့် ခြေလှမ်းတို့ က ပို၍ ခိုင်မာသွက်လက်လာ၏။

“လူရိုင်းတွေ ပါ လာပြီ.. မိန့်ခွန်း ဘယ်လို လုပ်ကြမလဲဟင်”

“မကြောက်နဲ့ ရိပ် ကိုယ် လွတ်အောင်ခေါ်

Saving screenshot

သွားမယ် မင်း ခလုတ်တိုက် ပြိုကျမသွားဖို့ သာ ကြိုးစား”

နှစ်ယောက်စလုံး ခြေထောက်မှာ ဆူးခြစ်ရာတွေ ပြည့်သိပ်လာ၏။

ခြေဖဝါးထဲထိ ဖောက်ဝင်ကုန်တာတွေလည်း ဂရုမစိုက်မိ။

မှောင်နဲ့ မည်းမည်းထဲသို့ ကျွေ့ပတ်ပြေးရင်း တဝေါဝေါ ကျဆင်းနေသော ရေတံခွန်သံကို ကြားလိုက်ရကာ မိန့်ခွန်းက ရေတံခွန်ဆီ ပြေး၏။

ရေတံခွန်က သိပ်မကြီး။

သို့သော် သူ ခေါင်းထဲကို အကြောင်းတစ်ခု ချက်ချင်းရကာ ပြေးမလွတ်နိုင်သည့် လမ်းကြောင်းကို လက်လျှော့၍ တဝေါဝေါကျနေသော ရေတံခွန်အောက်ကို မိုက်တိမိုက်ကန်း ပြေးဝင်လိုက်သည် ။

Saving screenshot

"အား"

"ရိပ် မအော်နဲ့ လေ"

ရေတွေက ခေါင်းပေါ်သို့ တင်းပုတ်ကြီးနှင့် ထုချလိုက်သလို အလုံးအရင်းနှင့် ကျလာသဖြင့် ရိပ် မှုးမိုက်ခွေကျသွား၏။

ချက်ချင်းတွေးမိလိုက်သည် က မိန့်ခွန်း ပြေးမလွတ်မှန်းသိ၍ နှစ်ယောက်အတူ သေပွဲဝင်လိုက်ဖို့ ကြိုးစားခြင်းလား...

ဒါလည်း မဆိုးပါ ... မသေဘဲ လူရိုင်းတွေ လက်ထဲ ပြန်မိသွားလို့ ကတော့ မိန့်ခွန်းထက် သူမ အဖြစ်က မတွေးဝံ့ဖွယ်သာ ရှိတော့သည် ။

ရိပ် မိန့်ခွန်းကိုယ်ကို တအားဖက်ကာ စိတ်ကို လျှော့ချလိုက်လျှင်...မိုက်ခနဲ ခွေကျသွား၏ ။

Saving screenshot

“ရိပ်.. ရိပ်”

“အင်း”

ကိုယ်ကို အတင်းလှုပ်ကိုင်နေတာ သိသည် ။

ခြေဖဝါး လက်ဖဝါးကအစ တစ်ကိုယ်လုံး အသားတွေပါ နာကျင်နေ၏။

ပြီးတော့ ချမ်းနေသည် ။

“အား”

“ရိပ်”

နောက်ထပ် တိုးလှုပ်၍ ခေါ်လိုက်လျှင် ရိပ် သတိရလာ၏။

“ဟင် မိန့်.... မိန့်ခွန်း”

စိတ်က ဝမ်းသာအားရ ဖြစ်သွားပြီးမှ မယုံနိုင်သလို ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်၏။

Saving screenshot

အလင်းရောင် မစို့တပို့နှင့် တစ်ဖက်သော မိုးကုပ်စက်ဝိုင်း၏ အစပ်တွင် လိမ္မော်ရောင် နီရဲနေသော မျက်နှာပြင်....

ရောင်နီပျို့ပြီပေါ့။

"မိန့်ခွန်း"

"ဟင်"

"ကျွန်မတို့ မသေဘူးလားဟင်"

"မသေပါဘူး ရိပ်ရယ်"

မိန့်ခွန်းက သူမ ဘေးမှာ လှဲနေရာမှ စောင်းလှည့်လာသည်။

လက်ဖဝါးချင်း ထပ်ဆုပ်ထားရင်း သူ့အသံက အချမ်းတက်နေသလို တုန်ခါနေ၏။

သူမကိုယ်တိုင် မိန့်ခွန်းလက်ဝါးနှင့် ဖိဆုပ်ထားခံရသည့် နေရာလေးမှ နွေးထွေးမှုကို စောင်တစ်ထည်လို ကိုယ်ပေါ် ဆွဲဖြန့် ခြုံလိုက်

ချင်သည် ။

တစ်ကိုယ်လုံးမှာ ချမ်းခိုက်တုန်ယင်နေခဲ့၏ ။

တောကြိုတောင်ကြားထဲမှာ ဒီအတိုင်း ဖြစ်သလိုလဲ နေကြတာမို့ ရေတံခွန်ထဲကနေ မိန့်ခွန်း သူမကို ပွေ့ထုတ်ကယ်တင်ခဲ့တာ ဖြစ်လိမ့်မည်။

"ကျွန်မလေ... ကျွန်မ ရေတံခွန်အောက်မှ သေပြီထင်တာ"

"ကြောက်သွားလား"

မိန့်ခွန်းသည် သူမ ကိုယ်လေးကို ထွေးပွေ့လိုက်ကာ ရေစိုရွှဲနေသော အဝတ်တို့ ပေါ်မှာ လက်ဖဝါးဖြင့် ပွတ်သပ်ပေးခဲ့သည် ။

ဤနည်းဖြင့် ရေလည်း မခြောက်နိုင် အချမ်းလည်း ပြေမှာ မဟုတ်ပါ။

Saving screenshot

ဒါပေမဲ့ ရိပ် မက်မောနေမိသည် သူ့ရင်ခွင်ထဲမှာ ဖေးကပ်ရင်း နွေးထွေးမှုကို ခုံမင်နေခဲ့၏ ။

"ကိုယ်မသေဘဲ မင်း ဘာမှ မဖြစ်စေရဘူး၊ ရိပ် မင်းကို ... မင်းကို ကိုယ့်အသက်လောက် တန်ဖိုးထားတယ်"

အို... သူ ရည်းစားစကား ပြောနေတာလား နှစ်ယောက်စလုံး သေဆဲမှူးမှူးပါ။

မပြောပါနဲ့ မိန့်ခွန်းရယ်.. ရိပ် စိတ်ထဲမှာ ငြင်းဆန်နေမိသည် ။

"ရေတံခွန်ကြီးအောက်ဝင်ခဲ့တာ ဘာဖြစ်လို့ မသေခဲ့တာဟင်"

ရိပ် သူ့လက်ကို ထပ်အုပ်ဆုပ်ကိုင်ကာ စကားလမ်းကြောင်းတွေ လွှဲနေမိသည် ။

ဒါကို မိန့်ခွန်းက သေချာပြန်ရှင်းပြနေသေး

၏။

"ရေတံခွန်က ရေသံတအားမြည်နေတာ အသံကိုနားထောင်တာနဲ့ တောင်ပေါ်ကနေ တောင်ခြေကို တိုက်ရိုက်ကျနေတာမှန်း သိတယ် ရေနဲ့ တောင်နံရံကြားမှာ ကိုယ်တို့ ဝင်သွားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကံစမ်းလိုက်တာပါ လူရိုင်းတွေ ကိုယ်တို့ ကို ခြေရာပျောက်သွားပြီ ပြန်လှည့်သွားကြမှ ထွက်ရတာ"

"ကျွန်မ ကိုယ်ကြီးကို ရှင် ပြန်တွေ့ရပြန်ရောပေါ့ ရှင့်ကို ကျေးဇူးတင်ပါတယ် .. ဒါပေမဲ့ မိုးလင်းရင် သူတို့ ပြန်ရောက်လာမှာ ပဲ ကျွန်မတို့ ပြေးဖို့ မလွယ်ပါဘူး မိန့်ခွန်းရယ် ကျွန်မ ကြောက်တတ်ပေမယ့် စောစောကသာ သေသွားမယ်ဆိုရင် သေပျော်မှာ "

"ရိပ်ရယ်...."

အဝတ်စိုတွေကို လေတိုးခံရခြင်းဖြင့် ချမ်း

Saving screenshot

အေးခြင်းကို အံကြိတ်နေရရင်း သူ ရိပ် ကိုယ် လေးကို တင်းခနဲ ဖက်သည် ။

နွေးထွေးနူးညံ့ခြင်းသာ အရေပြားတို့ မှ တစ်ဆင့် နှလုံးသားထဲထိ နှစ်ယောက်ခုံမင် ပွင့် ထိရှသွားခဲ့သည် ။

"ကံဆိုတာရှိပါသေးတယ် ကိုယ်တို့ ဉာဏ်ရှိ သရွေ့တော့ ကြိုးစားသွားရမှာ ပဲ မကြောက်နဲ့ နော် လူဆိုတာ တိုက်ပွဲမဝင်ခင် အရှုံးမပေးပါ ဘူး အသက်ဉာဏ်စောင့်တဲ့ မင်းကို ကိုယ့်မျက် စိရှေ့မှာ ဘာမှ မဖြစ်စေရဘူး"

ပြောနေရင်း လေသံသည် အဖျားစက် အ က်ကွဲလျက် တိုးကျသွား၏။

"မိနှံ့ခွန်း"

"ဟင်"

"ရှင်... ရှင်နေကောင်းရဲ့ လားဟင်"

Saving screenshot

ရိပ် လဲနေရာမှ ထဖို့ ပြင်သည် ။ မိန့်ခွန်းက ဖက်ထားလျက်မှ မလွှတ်။

“ကိုယ် ချစ်လို့ ပါ”

ဟု တိုးသဲ့စွာ ပြောသည် ။

ထို့နောက် သူမ မျက်နှာလေးနားသို့ သူ့မျက်နှာ တိုးကပ် လာပြီး

“ကိုယ် အခွင့်အရေးယူတာ မဟုတ်ပါဘူး ဒါပေမဲ့ မင်းကို ဖက်ထားပါရစေ မင်းကို ကိုယ် ကိုယ့်ရင်ခွင်ထဲထားပြီး တသိမ့်သိမ့် ကြည်နူးရတဲ့ ခံစားမှုမျိုး ဘယ်တုန်းကမှ မရခဲ့ဖူးဘူး တကယ်ပါ မင်းကို ကိုယ်ချစ်တယ်”

“အို”

“ကိုယ်လေ ပန်းရင့်ကို ကိုယ့်ညီမလေးနဲ့ တူလို့ သေသွားခဲ့တဲ့ ညီမလေးကို စွဲလမ်းပြီး ပန်းရင့်ကို သံယောဇဉ်ဖြစ်ခဲ့တာ ဒါပေမဲ့ ကိုယ့်

62% 2:25 pm

ကိုယ်ကိုယ် ဒီနေ့အထိ သူ့အပေါ်မှာ ဘာအခွင့်အရေးမှ မယူခဲ့ပါဘူး... ညီမလေးတစ်ယောက်လိုပဲ သံယောဇဉ်နဲ့ တွဲသွားတွဲလာရှိခဲ့တာ ကိုယ် မညာပါဘူး ရိပ်ရယ် ကိုယ် မင်းနဲ့ ကျမှ ချစ်တတ်ခဲ့တာ မင်းကို လေလံပွဲမှာ သေသေချာချာ မြင်ဖူးလိုက်ကတည်းက ချစ်ခဲ့တာပါ"

"မင်းအတွက် ကိုယ်ဘာမဆို ပေးဆပ်ချင်တာ မင်းနဲ့ ပတ်သက်တိုင်း ရင်ခုန်ခဲ့ရတာ အားလုံးဟာ မင်းကို ကိုယ် ချစ်ခဲ့တာတွေပါ"

"ဟင့်အင်း... ဟင့်အင်း"

ညီမလေးနာမည် ပါလာခြင်းသည် သူမကိုယ်ကို လှုပ်နိုးလိုက်သလို ရှိကာ ရိပ် သူ့စကားတွေကို ငြင်းဆန်သည်။

အတင်းအကျပ် ပွေ့ဖက်ထားသည့် လက်တို့ ကို ဖယ်ချပစ်၏။

Saving screenshot

သို့သော်။

တသိမ့်သိမ့် တငြိမ့်ငြိမ့် တိုးဝှေ့နေသော လေနုလေးကြောင့် ရေစိုနေသော ခန္ဓာကိုယ်တို့ မှ လိုအပ်နေသော နွေးထွေးမှုသည် ...

*

Saving screenshot

# အခန်း (၂၄)

"လာ ရိပ် ဒီဘက်ကိုလာ"

"ဟင့်အင်း ကျွန်မ ရှင်နဲ့ မသွားတော့ဘူး သေချင်သေပစေတော့ လွှတ်"

"ရိပ် ကိုယ် တောင်းပန်ပါတယ်ကွာ ဒီခရီး လမ်းက လွတ်မြောက်တဲ့ အခါ မင်းကြိုက်သလို အပြစ်ပေးပါ၊ မင်းနဲ့ ပတ်သက်သမျှ ကိုယ့်မှာ မာနတွေ အနိုင်ယူချင်တာတွေ ဘာမှ မရှိဘူး ကိုယ် အရှုံးပေးထားတာပါ"

"အို… ရှင် အရှုံးပေးထားတာကို ကျွန်မက ဘာလုပ်ရမှာ လဲ ရှင်.. ရှင်…"

အတင်းလိုက်ဆွဲသည့် သူ့လက်ကို ဆောင့်ရု

န်းကာ ရိပ် ရှိုက်ငိုမိသည် ။

သူက ယောကျ်ားကလေးမို့ တော်ဦးမည် ညက မမြင်မစမ်းလျှောက်ပြေးရသည့်အတွက် ခြေဖဝါးက ဒဏ်ရာတွေနှင့် အအေးပတ်ချင်သည့် ကိုယ်က ပူထူရှိန်းဖိန်းနေဆဲ...

သို့သော် သူမ ညီမလေးအပေါ် စည်းဖောက်လိုက်သလို ပြုမူခဲ့မိပါပြီ။

ချစ်လွန်းလို့ တငိုငိုတရယ်ရယ် သွေးပျက်နေရှာသည့် ညီမလေးအပေါ် အမျိုးမျိုးခြောက်၍ ချော့၍ ဖျက်ခဲ့သည် ။ ဒီယောကျ်ားကို မုန်းအောင် ပြောပြလမ်းညွှန်ခဲ့သည် ။ ကိုယ်ကျတော့ လက်တွဲရမယ်တဲ့ လား။

အခြေအနေ အချိန်အခါကို မလွန်ဆန်နိုင်ခဲ့ကြသည် က နှစ်ယောက်စလုံးမှာ အပြစ်ရှိနေသည် ။ ထို့ကြောင့် ရိပ် စိတ်ထဲမှာ မလုံခြုံနိုင် ထိုအပြစ်ကို ကိုယ့်ကိုယ်ကိုယ် ဒ

62% 2:25 pm

ဏ်ခတ်ခြင်းဖြင့် ဆေးကြောချင်၏။

“ရိပ် မင်းလုပ်ချင်ရာလုပ်ဖို့ ကိုယ် ခွင့်မပြုနိုင်ဘူး ဒါ ဆွေးနွေးညှိနှိုင်းနေရမယ့် အချိန်လည်း မဟုတ်ဘူး အန္တရာယ်ရှိတဲ့ နေရာ”

“ဟင့်အင်း ဘာဖြစ်ဖြစ် ကျွန်မ ရှင်နဲ့ မလိုက်ဘူး”

“ကိုယ်ခေါ်ရာ မလိုက်ချင်လည်း ကိုယ်က မင်းသွားတဲ့ နောက်ကို လိုက်ရမှာ ပဲ အဲဒီကျမှ နှစ်ယောက်အတူ သေပွဲဝင်ကြတာပေါ့။ မင်းစဉ်းစားရမှာ ဘယ်လိုသေပုံသေနည်းနဲ့ သေနိုင်သလဲ ဆိုတာပဲ မင်းမသေခင် ဘာဖြစ်သွားမယ်ထင်လဲ”

ရိပ် တွေခနဲ ဖြစ်သွားစဉ် သူ ရိပ် လက်မောင်းလေးကို ဆတ်ခနဲ ဆွဲ၍ ထိုနေရာမှ ပြေးထွက်ခဲ့၏။

နေမကောင်းကြတာ အတူတူပါပဲ။

Saving screenshot

ဒါပေမဲ့ ကိုယ်က ယောက်ျားလေး ရိပ်က အရေးကြီးသည် ။ ရိပ်၏ လုံခြုံရေးအတွက် သူ လဲကျသွားလို့ မဖြစ်သေး။

"ရှင် လွှတ်စမ်းပါ၊ ခုချိန်မှာ ကျွန်မ သေမှာ မကြောက်ဘူး"

"မင်း သေတာထက် အဖြစ်ဆိုးမှာ စိုးလို့ ပြောတာ ရိပ် လာခဲ့"

ရိပ်က ရုန်း၊ သူက ဆွဲပြေးနှင့် ခရီးအတော်ပေါက် လာပြီ ထင်သော်လည်း တောက အသံတွေ မြည်လာသည် ။

ခြေနင်းသံ သစ်ပင်ကိုင်းပင်တို့ ကို ရိုက်ချိုးဖျက်ဆီးသံ

"လိုက်လာကြပြီ"

သူ ပြောလိုက်လျှင် သေချင်သေပါစေဟု ပြောကာ ရုန်းဖယ်နေခဲ့သည့် ရိပ် ကိုယ်လေး

လက်ခနဲ ဖြစ်သွားသည် ။

လူရိုင်းတွေကို မြင်ယောင်လိုက်သည် နှင့် ကိုယ့်ဘဝအဖြစ်ဆိုးတော့မည်ကို တွေးမိသောကြောင့် မျက်ရည်များကို သွန်ကျလာခဲ့သည် ။

သူမ အဖြစ်က ဆုပ်လည်း စူး စားလည်း ရှူး

မိန့်ခွန်း မျက်နှာကိုမမြင်ချင် ဝေးရာကိုသွားချင်သည့် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့၏။

သို့သော် ထိုထက်အဖြစ်ဆိုးမည့် ဒုက္ခတွင်းထဲကို သူမ ခုန်ချခဲ့ရသလား

စိတ်တို့ သည် ကြောက်ရွံ့ခြင်း မုန်းတီးခြင်း နှ ု စ ် ခ ု ကြ ၁းမ ု ၁ ယောက်ယက်ခတ်နေဆဲ မိန့်ခွန်း ဆွဲပြေးနေသည့်နောက်သို့ သူမ လိုက်နေခဲ့မိ၏။

“လူလေးတို့ ဒီကိုလာကြ”

www.mmyanmarbooks.com

Saving screenshot

ထိုအချိန်လေးမှာ ပင် ကယ်တင်ရှင် ဒါဂလူးသည် သူတို့ ရှေ့မှာ ဘွားခနဲ ပေါ်လာကာ ရှေ့မှ ဦးဆောင်ပြေးသွား၏။

ချုံနွယ်တွေ ပိတ်ဆို့နေသော ကျောက်ဂူကြီးတစ်ခုကို ကွေ့ပတ်သွားပြီး နောက်ဘက်ကျမှ ရပ်လိုက်ကာ..

"မင်းတို့ ဒီဘက်ကို တည့်တည့်ရောက်လာကြတာ သိပ်ကို ကံကောင်းတယ် ... ဒီကနေ ဆက်ပြီး လမ်းမှန်သွားရင် ရွာတစ်ရွာတွေ့မယ် အဲဒီကို ကျော်ရင် လာအိုနယ်စပ်ကို ရောက်ပြီကွ... အခုသွားလို့ ကွမ်းတစ်ယာညက် ကျော်ကျော် လောက်ကြာလို့ ရွာမတွေ့သေးရင် မင်းတို့ လမ်းမှားပြီ ဒီရေတံခွန်ကြီးကို ငါ မှတ်ထားတာ ဟောဒီနားမှာ ရေတံခွန် နှစ်ခုရှိတယ် မျောက်ထိုင်ရေတံခွန်နဲ့ ကျွဲချိုရေတံခွန် ငါပဲ နာမည်

Saving screenshot

ပေးထားတာ ဒါပေမဲ့ တစ်ခုတွေ့ရင် တစ်ခုမရှိဘူး... ဒါ မျောက်ထိုင်ရေတံခွန် နယ်စပ်ဘက်လမ်းက ရေတံခွန်ကွ"

ဒါဂလူးက ဝမ်းသာအားရပြောရင်း သူ့ခါးစည်းကြားထဲမှ ငှက်ပျောသီး သုံးလုံးကို ထုတ်ပေးသည်။

"ဆာရင် ဒါစားကြ .. လမ်းမှာ ဘာအသီးမှ ခူးမစားနဲ့ အဆိပ်ရှိတတ်တယ် ကဲသွားကြတော့ ကံကောင်းပါစေကွာ"

ဒါဂလူးသည် သူကိုယ်တိုင်လည်း သေချာမသိ လိုက်ပို့၍ လည်း မဖြစ်နိုင်သော်လည်း သူမှန်းဆ မှတ်ထားသမျှကို ပြောပြလမ်းညွှန်ခဲ့သည်။

မိန့်ခွန်း ဒါဂလူးလက်အစုံကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

ကံကြမ္မာကြောင့် မျက်နှာကြီး မလှမပ ဖြစ်

Saving screenshot

နေသော်လည်း ဒါဂလူး၏ စိတ်နှလုံးက ဖြူစင်လှပါ၏။

ထိုကျေးဇူးကို သူ ဘယ်တော့မှ မေ့တော့မည် မဟုတ်ပါ။

"သိပ်ကို ကျေးဇူးတင်တယ် ဦးလေးရယ် ကျွန်တော်တို့ ကို ခွင့်ပြုပါ"

သူ အင်္ဂလိပ်လို ပြန်ပြော၍ နှုတ်ဆက်လိုက်သည် ။

ဒါဂလူး ခေါင်းညိတ်၍ မျက်ရည်ဝေနေတာကို မိန်နွဲ့ခွန်း ကျောခိုင်းလိုက်၏။

သူက သူ့ရင်းနှီးပြီးသည့် ရပ်ဝန်းထဲ ပြန်သွားမည့်သူ

ကိုယ်က ကံဆိုးကံကောင်းကို ရှာဖွေရဦးမည်။

သူ ရိပ် လက်ကလေးကို ဆွဲ၍ ခရီးကို မှန်း

Saving screenshot

ဆကာ ရဲတင်းစွာပဲ ပြေးထွက်ခဲ့မိသည်။

ကိုယ့်ခြေဦးတည့်ရာ သည် သာ လမ်းမှန်ဖြစ်စေ...

*

Saving screenshot

# အခန်း (၂၅)

လေယာဉ်ပျက်မှုနှင့်ပတ်သက်၍ ကြေငြာသော နိုင်ငံတကာ အသက်ကယ်လေယာဉ်များနှင့် မတွေ့ခဲ့ဘဲ အသက်ရှင်လျက် ပြန်လည်ရောက်ရှိလာသူ
မြန်မာအမျိုးသားတစ်ဦးအကြောင်း သတင်းပါလာသည်။

နိုင်ငံခြားလေယာဉ်နှင့် နိုင်ငံရပ်ခြားမှာ ဖြစ်ခဲ့သော်လည်း လွတ်မြောက်လာသူမှာ မြန်မာအမျိုးသား ဖြစ်သည် မို့ သတင်းဂျာနယ်များမှ ပလူပျံအောင် ပါလာသည်။

“ဒီမှာ ကြည့်ပါဦး ရိပ်ရယ်.. နင့်စကားကို

Saving screenshot

တော့ သူ နားထောင်တာပဲ၊ မေးတာကို ဖြေသမျှ နှင့်နာမည်တွေကို သူ ထည့်မပြောသွားဘူးဟ”

ဓာတ်ပုံနှင့်တကွ မေးမြန်းနေကြသည့် သတင်းဂျာနယ်မှာ သူ့မျက်နှာကို အကြီးကြီး ရိုက်ထည့်ထားသည်။

ခပ်ချောချောမျက်နှာသည် မျက်ခုံးတွေ ခပ်တွန့်တွန့်နှင့် စိတ်ရှုပ်ထွေးနေပုံပေါက်သည် ။ မေးသမျှ ဖြေထားတာတွေကလည်း တိုတိုတုတ်တုတ်ပဲ ဖြစ်၏။

“လေယာဉ်ပေါ်မှာ လိုက်ပါသွားကြတဲ့ ခရီးသည် ကိုးဆယ့်နှစ်ဦးမှာ ကိုမိန့်ခွန်းနဲ့ အတူ လွတ်မြောက်ခဲ့တယ်ဆိုတဲ့ အမျိုးသမီးက ဘယ်သူပါလဲ ခင်ဗျာ”

“မသိပါဘူး”

“အတူတူ ပြန်ခဲ့ကြတယ်လို့ သတင်းရရှိ

Saving screenshot

ထားပါတယ် မြန်မာအမျိုးသမီးပဲဆိုတော့ မြန်မာပြည်ထဲကို အတူတူပြန်ခဲ့ကြမှာ ပေါ့နော်”

“မတူပါဘူး မြန်မာနိုင်ငံကို ဝင်လာတော့ သူက သတ်သတ်သွားပါတယ်”

“အခုဆို လေယာဉ်ပျက်ကျတဲ့ တစ်ပိုက်မှာ နောက်ထပ် လွတ်မြောက်ကျန်ရှိသူတွေ ရှိနိုင်သေးတယ်ဆိုပြီး ကယ်ဆယ်ရေးတွေက အင်တိုက်အားတိုက် ရှာဖွေနေကြပါတယ်၊ အသက်ရှင်လျက် နောက်ထပ် ကျန်နိုင်ပါသေးသလားကိုမိန့်ခွန်းရဲ့ ထင်မြင်ချက်လေးကို ပြောပါဦး”

“သူတို့ တွေ ရှာနေကြတာပဲ ရှိနေသေးရင် တွေ့မှာ ပါ”

ဖြေပုံတွေက မေးခွန်းများ အပေါ်မှာ စိတ်မရှည်မှုတွေ ပါနေသည်။

ခွကျကျ ဖြေထား၏။

Saving screenshot

ထိုကိစ္စသည် ဖုံးဖိလိုစိတ်နှင့် ခေါင်းမြီးခြုံ ပုန်းကွယ်နေလိုသည့် ကိစ္စမဟုတ် ထို့ကြောင့် မြန်မာနိုင်ငံကို ရောက်တော့မည် ဆိုကတည်းက မိန့်ခွန်းကို သူမ ပြောခဲ့သည် ။

"ကျွန်မ ဘာပြဿနာ အရှုပ်အထွေးထဲမှာမှ ဝင် မပါ ပါရစေနဲ့ ၊ ဘယ်သူပဲမေးမေး မိတ်ဆွေချင်းပဲ ပြောပြော လုံးဝ မပါဖို့ ရှင်ကတိပေးပါ"

သူတို့ သည် လေယာဉ်ကယ်ဆယ်ရေးများနှင့် တွေ့ခဲ့သည် မဟုတ်ဘဲ နယ်စပ်ကင်းထောက် ရဲကားများ နှင့် တွေ့ခဲ့ခြင်းဖြစ်သည် ။

ထိုမှ တစ်ဆင့် လာအိုကနေ ပြန်ခဲ့ရခြင်းကြောင့် နောက်ပိုင်းမှာ လေယာဉ်ပျက်ကျခဲ့သည့်အထဲမှ ခရီးသည် များ ဖြစ်ကြောင်း ဖုံးဖိမရခဲ့တာ ဖြစ်၏။

ထိုအချိန်တွင် သူနားမှာ ရိပ် ရှိမနေအောင်

Saving screenshot

မိန့်ခွန်း ကိုယ်တိုင်ဘဲ စီစဉ်ပေးခဲ့သည် ။

သူမဘဝသည် ဘယ်လိုတွေ ကမောက်ကမ ဖြစ်ခဲ့ပြီး ဘယ်လို အဆုံးသတ်ရဦးမည်မသိ၊ မျက်ဝန်းတွေ မှိတ်ထားသည့်ကြားမှ မျက်တောင်ကော့များကို ဖြတ်၍ တလိမ့်လိမ့် စီးကျလာသည့် မျက်ရည်တွေကို မြင်လျှင် နဒီက နို့ဖန်ခွက်ကို အသာချကာ အနားမှာ ထိုင်၏။

"ဘာဖြစ်လို့ ငိုချည်းပဲနေတာလဲ ရိပ်ရယ်၊ ဟိုတုန်းကဆို အသဲမာတတ်လွန်းလို့ ကျောက်တုံးမလို့ တောင် ခေါ်ခဲ့ကြတာ၊ တိတ်ပါဟာ ဖြစ်ခဲ့သမျှက ကိုယ်ကျူးလွန်ချင်လို့ မှ မဟုတ်ဘဲ "

နဒီက ရိပ်လက်ထဲမှာ ကိုင်ထားသည့် ဂျာနယ်ကို ဆွဲယူသည် ။

မျက်ရည်ကြောင်းလေးတွေကိုပါ တယုတယ သုတ်ပေး၍ နို့ခွက်ကို ပြန်ယူ၏။

Saving screenshot

"ထ နို့သောက်လိုက်ဦး၊ မစားသောက်ချင်ပေမယ့် မျိုတော့ မျိုချပါဟာ၊ ကျန်းမာရေးက ရှိသေးတယ်"

နဒီ တောင်းပန် ချော့မော့လွန်းလို့ နို့ကို အနည်းငယ် မျိုချရသော်လည်း ဆင်းရဲဒုက္ခ ကြီးလှသည် ဟု ထင်မိသည်။

"တော်ပြီ နဒီရယ် ငါ ညီမလေးကို သတိရလိုက်တာ"

"အေးဟုတ်တယ်၊ သူ့ခမျာ လေယာဉ်ပျက်ကျတဲ့ အကြောင်း နိုင်ငံတကာသတင်းမှာ ပါတဲ့ နေ့က နင်သွားမယ့်ခရီးစဉ်ကို သိပေမယ့် ရက်အတိအကျ မသိဘဲ မမများ ပါသွားသလားဆိုပြီး အရူးမလေးလိုပဲဟယ်…၊ သူ့ယောက်ျားကို စင်ကာပူကို အတင်းလွှတ်တာ၊ နောက်တော့ နင် ပါသွားတယ်ဆိုတာ စုံစမ်းလို့ ရသွားရော အဲဒီကတည်းက ခုချိန်ထိ တငိုငို တရယ်

ရယ်နဲ့ ခွေသွားလိုက်တာ၊ သူ့ယောက်ျားဆို အခု အလုပ်တောင် မဆင်းနိုင်ဘူး၊ မိန်းမကို ဂရုစိုက်နေရတာလေ၊ နင် ပန်းရင့်ကိုတော့ သွားတွေ့သင့်တယ် သိလား…"

ရိပ် မျက်ရည်တွေကျလျက် ငြင်းဆန်နေခဲ့သည်။

"အခု မိန့်ခွန်း လွတ် လာပြီဆိုတော့လည်း ပါလာတဲ့ အမျိုးသမီးက နင်ပဲဆိုတာ သူများ မသိပေမယ့် သူသိသွားတယ်၊ ဝမ်းသာတာကတစ်ပိုင်း၊ နင် သူ့ဆီ ပြန်မလာတော့ ဟိုတွေး ဒီတွေးနဲ့ ပိုတောင် ဆိုးသွားရှာတယ်၊ ငါ့ဆီကိုဆို ဖုန်းဆက်တာ ခဏခဏ ဘာဖြစ်လို့ လဲ ရိပ်ရယ်၊ နင့်ကို နားအလည်နိုင်ဆုံးလူဟာ ပန်းရင့်ပါ၊ ငါကိုတောင် နင် အားလုံး ဖွင့်ပြောခဲ့သေးတာ၊ သူသိရင်လည်း နားလည်မှာ ပါ၊ ပန်းရင့်က သိပ်ကို အေးချမ်းတဲ့ ကောင်မလေးပါ

Saving screenshot

ဟာ...”

“ဟင့်အင်း....”

ရိပ် အင့်ခနဲ ရှိုက်ငိုပစ်ရင်း....

နဒီကို ဖြစ်ကြောင်းကုန်စင် ပြောပြရဲပေမယ့် ပန်းရင့်ကို သူမ မပြောရဲပါ။

မိန့်ခွန်းဆိုသည့်လူကို မကောင်းတရားများ ပြ၍ ညီမလေးကို တားဆီးထိန်းချုပ်ခဲ့သည် ။

ဒေါက်တာ သဲမောင်နှင့် လက်ထပ် ဖြစ်သွားသည် အထိ ဆွဲဆောင်ခဲ့သည် ။

ဒါတွေအားလုံးဟာ သူမ ဖြစ်ခဲ့သမျှကို ပြောလိုက်သည် နှင့် စီးနေသည့်ရေအလျဉ်ပေါ်ကို သဲမှုန်လေးတွေ လွင့်စဉ်သွားသလိုမျိုး ဖြစ်သွားလိမ့်မည်။

“မမရဲ့ စေတနာတွေ ဘယ်မှာ လဲ”

ဟု မေးလာလျှင် သူမ ဘယ်လိုဖြေရမလဲ၊

www.mmyanmarbooks.com

Saving screenshot

ဘာကို ဆုပ်ဖမ်းပြရမလဲ၊ ညီမလေးကိုတော့ ပြ
တ်သားစွာ မုန်းခိုင်းခဲ့ပြီး သူမကတော့ ထိုသူ
ကို တစ်ဘဝလုံး ပုံပေးခဲ့ပြီးပြီ။

ဒါတွေကို ဘယ်သူ့အလိုအတိုင်း ဖြစ်ခဲ့တာ
ပါလို့ ပြောမလဲ၊

ကိုယ်ကိုယ်တိုင် ပုံပေးခဲ့သည့် အဖြစ်ကို ဘ
ယ်လို ရှောင်လွှဲလို့ ရမှာ လဲ။

ရိပ် ခံစားနေရတာကို နဒီက တွက်မိပါသ
ည် ။

စိတ်မကောင်းစွာ ပင့်သက်ဖြာမိရင်း ရိပ်၏
ဆံစကလေးတွေကို တယုတယ သပ်တင်ပေး
မိသည် ။

"နင် တလွဲမတွေးနဲ့ တော့ ရိပ်ရဲ့ ၊ နင့်ကို ငါ
တောင်မှ နားလည်ယုံကြည်သေးတာ၊ ပန်းရင့်
က နားမလည်ပဲနေမလား၊ မိန့်ခွန်းနဲ့ နင် အစ
ကတည်းက ဘာမှ ရင်းနှီးပတ်သက်ခဲ့တာလ

Saving screenshot

ည်း မဟုတ်ဘူး ၊ ခုလည်း သူ့ကို ချစ်လို့ ငြိစွန်းခဲ့တာ မဟုတ်ဘူး ၊ တောကြီးမျက်မည်းထဲမှာ ဒီလိုဖြစ်ဖို့ အကြောင်းတွေ အများကြီးရှိတယ်၊ နောက်ဆုံးဟာ နင်ပြောသလိုပေါ့ ယောက်ျားလေးက မစောင့်စည်းဘူးဆိုရင် နင် ဘယ်လိုမှ ရှောင်လို့ မရဘူး၊ အခု သူလည်း စောင့်စည်းခဲ့တယ်၊ နင်ကလည်း မေတ္တာရှိလို့ မဟုတ်ဘူး ၊ ဒါ မလွန်ဆန်နိုင်တဲ့ မှားယွင်းမှုဆိုတာ သူ နားလည်ပါတယ်၊ နင် နဲ့ ပန်းရင့်ကြားကို ငါ ဝင်ပေးချင်တယ်၊ နင် ခွင့်ပြုစမ်းပါဟာ”

“အို မဝင်နဲ့ ၊ ငါ ဒီမှာ ရှိတာကိုလည်း ပန်းရင့်ကိုရော အို ဘယ်သူမှ မသိပါစေနဲ့ ၊ ငါ့ကို ဒီမှာ ဆက်မြင်နေချင်သေးရင် ဒါကိုတော့ စောင့်ထိန်းပေးပါ၊ ငါ... ငါ ငါ့ညီမလေးကို ရင်ဆိုင်ရဲဖို့ ကြိုးစားခွင့်ပေးပါ နဒီရယ်”

ရိပ်က နဒီ့ကို ဖက်၍ ငိုရှိုက်နေသည် ။

Saving screenshot

စိတ်မကောင်းဖြစ်ရလွန်း၍ နဒီလည်း မျက်ရည်ဝဲခဲ့မိ၏။

ရိပ်ဟာ ရိုးသားကြိုးစား၍ စိတ်ဓာတ်မာကျောကာ မာနလည်း ကြီးသည့် မိန်းကလေး ရိပ်ကို ဘယ်လိုလူမျိုးက အထင်မြင်သေးရက်မှာ လဲ။

မငိုခဲ့ဘူးသူက ငိုရှိုက်နေတော့ သူမ ဘယ်လိုမှ စိတ်မကောင်းနိုင်... သိန်းရာထောင်ချီသော ရတနာတွေ ဆုံးရှုံးခဲ့စဉ်ကတောင် ရိပ် ဤမျှ မငိုခဲ့ပါ။

ရိပ် ကိုယ်လုံးလေးကို ပြန်၍ ဖက်ထားရင်း စာနာနေမိပြန်သည် ။

"ရိပ်ရယ် နင် ငါ့ကို စိတ်တော့မဆိုးနဲ့ ငါက တော့ နင် တစ်ယူသန် စွဲလမ်းနေတာလို့ ပဲ ပြောချင်တယ်၊ ပန်းရင့်လည်း ကိုသဲမောင်ကို ကြည်ဖြူနှစ်သက်စွာ ပေါင်းသင်းနေပြီ၊ ကိုယ့်

Saving screenshot

ဆန္ဒ ဟုတ်ဟုတ် မဟုတ်ဟုတ် နင့်ဘဝက တော့ သူ့လက်ထဲရောက်ခဲ့ပြီ မဟုတ်လား၊ သူ လက်ထပ်မယ်ဆိုတာကို နင် လက်ခံသင့်တယ် ၊ ပန်းရင့်နဲ့ ရင်ဆိုင်ပြီး နင် နားလည်မှု ယူသင့် တယ်၊ အခု မရေရာတာတွေ အများကြီးထဲမှာ နင် သိပ်ကို နစ်နာနေပြီ”

“အို .. နစ်နာပါစေ ဒါ ငါ့အပြစ်နဲ့ ငါ၊ ညီမ လေး သူ့ကို ဘယ်လောက် စွဲလမ်းခဲ့တယ်ဆို တာ ငါအသိဆုံး။ ဒါကို ညီမလေးက ငါ့စေတ နာကို ယုံကြည်ပြီး ငါ တားဆီးတာကို နာခံခဲ့ တာ၊ ကိုသဲကို မချစ်ဘဲ လက်ထပ်ခဲ့တာ၊ သူ့ကျ တော့ တားပြီး ငါက အဲဒီလူကို လက်ထပ်လို က်ရမှာ လား၊ ဝေးသေးတယ်၊ ဒီလို အလုပ်မျိုး ငါ ဘယ်တော့မှ မလုပ်ဘူး၊ ပြီးတော့ သူ့ကို ငါ သိပ်မုန်းတယ်၊ စကားပြောတိုင်း စကားလုံး တွေမှာ သူ့ရဲ့ အတ္တတွေ ပါတယ်၊ တစ်ဖက် သားကို အနိုင်လိုချင်တာတွေ အပြည့်နဲ့ ”

“ဒါက သူ့ဘဝ အကျိုးပေးလေ၊ သူ ဒီလို ဖြစ်ခွင့်ရအောင် သူက အောင်မြင်ခဲ့တာပဲ၊ နင်က မသိလို့ မိန့်ခွန်း ဘယ်လောက် ချမ်းသာလဲ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး၊ နိုင်ငံ အ တော်မ ျားမ ျားမ ှာ သူ့စီးပွားရေးတွေ လက်ညှိုးထိုးမလွဲဘူးတဲ့ ၊ သူ့အဖေက နိုင်ငံခြား ဖက်စပ်ကုမ္ပဏီမှာ ဦးစီးထားတယ်၊ သားအဖနှစ်ယောက်ထဲ အောင်မြင်နေတာ၊ ငါတို့ မသိကြပေမယ့် သူတို့ စီးပွားရေးသမားချင်းတော့ သိကြတယ်...

စင်ကာပူကုမ္ပဏီမှာ သူမ အောင်မြင်ခဲ့သော အင်တာဗျူးမှာ ရင်ဆိုင်ဖြေဆိုခဲ့ရသည့်နေ့ကို ရိပ် သတိရလိုက်မိသည်။

သူ့ကိုသူ မိတ်ဆက်သွားသည် က သူဟာ A PM ကုမ္ပဏီက ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦး၊ နောက်ထပ် လာအိုကို ကူးမှာ လား၊ ဂျပန်ကို

Saving screenshot

သွားမှာ လား။

သူမနှင့် လေယာဉ်ပေါ်မှာ ဆုံဆည်းခဲ့သေးသည် ။

တောက်… လေယာဉ်ပျက်ကျလိုက်တုန်းက ငါ ဘာဖြစ်လို့ သေမသွားခဲ့တာလဲ။

ဝေ့လည်ပတ်ခါနေသော အတွေးများ ဆုံးတိုင်း ထွက်လာသည့် အဖြေက ရိုပ် သေဆုံးသွားချင်သည် သာ။

"မိန့်ခွန်းလို လူကို ငြင်းပစ်လိုက်တာ နင်မှားတယ်လို့ ငါ ပြောချင်တယ်၊ သူ့ကို အထင်မကြီးနိုင်ရင်တောင် ကိုယ်က ငြိစွန်းခဲ့မိပြီ"

"အို… တော်ပါတော့ နဒီရယ်…၊ ဒါနဲ့ ပတ်သက်ပြီးငါ သူ့ကို လက်ထပ်လိုက်ဖို့ ဘယ်တော့မှ စိတ်မကူးဘူး၊ ဘဝပျက်တာ သိက္ခာကျတာလောက် မဆိုးဘူး၊ ညီမလေး ယုံကြည်

Saving screenshot

အားကိုးမှု ၊ အထင်ကြီးလေးစားမှုကို ငါ သေတဲ့ အထိ ဆုပ်ကိုင်သွားမယ်၊ အဲဒါကို ဘာနဲ့ ဖြစ်ဖြစ် မလဲနိုင်ဘူး၊ ဒါ ငါ့ဆုံးဖြတ်ချက်ပဲ”

*

# အခန်း (၂၆)

"မမ နဒီ"

"ပန်းရင့်..."

ရောက်လာသည် ကို မြင်လိုက်လျှင် နဒီ က ယောင်ကတမ်း ထရပ်လိုက်မိ၏။

အလှ ပန်းအိုးလေးများ ထိုးစိုက်နေဆဲ အနီရောင်နှင်းဆီခိုင်ကို ကိုင်ထားဆဲနှင့် ထရပ်လိုက်စဉ် လက်ညှိုးထိပ်မှာ ဆူးစူးမိ၍ စစ်ခနဲ နာကျင်သွားသည် ။

သို့သော် မျက်ရည်တွေ ဝေ့ဝဲနေသည့် ပန်းရင့် မျက်နှာလေးကိုသာ နဒီ ငေးကြည့်မိသည် ။

Saving screenshot

"လာ… လာလေ ညီမလေး"

ပန်းရင့် က အိမ်ထဲကို ဝေ့ကြည့်လိုက်ပြီးမှ တစ်လှမ်းချင်း ဝင်လာသည်။

ဆိုဖာမှာ လည်း မထိုင်သေးဘဲ နားစွင့်ရင်း နောက်ထပ် ဝေ့ကြည့်ပြန်သည်။

ထို့နောက် နဒီ ရပ်နေသည့် ရှေ့ကို လျှောက်လာ၍ …

"မမနဒီ ဒီမှာ မမရှိနေလားဟင်၊ မှန်မှန်ပြောပါ မမနဒီရယ်၊ ဒါမှ မဟုတ် မမရှိတဲ့ နေရာကို မမနဒီ သိနေသလား၊ ဒီနှစ်ခုထဲက တစ်ခုခုဟာ မမနဒီ ရင်ထဲမှာ ရှိကိုရှိနေမှာပါ၊ အဲဒါ ပန်းရင့် သိတယ်၊ မမ မြန်မာနိုင်ငံကို ပြန်ရောက်နေပြီး ပန်းရင့်နဲ့ အဝေးကြီးမှာ မမ ဘယ်လိုမှ နေမှာ မဟုတ်ဘူး ၊ ပန်းရင့်နားမှာ မမရှိနေမှာ ပါ"

Saving screenshot

ပန်းရင့်သည် ပြော၍ ငိုသည် ၊ ငိုရင်း အိမ်ထဲသို့လည်း နားစွင့် မျှော်လင့်စွာ ဝေ့ဝဲကြည့်ရှာ၏။

"ပြီးတော့ ပန်းရင့် ပြီးရင် မမနဒီဟာ မမရဲ့ အချစ်ဆုံးသူငယ်ချင်း ပန်းရင့်ကို သနားပါ မမ နဒီရယ်၊ ပန်းရင့်လေ မမနဲ့ နောက်ထပ် အကြာကြီး ဝေးနေရရင် သေရမယ် ထင်တယ် "

"ညီမလေးရယ် မမ... မမနဒီ တကယ်မသိ လို့ ပါ"

မလုံခြုံဘူးဆိုတာ သိနေသည့် မျက်ဝန်းတွေကို မျက်ရည်မြစ်တို့ အကြောင်းပြု၍ ဖိပိတ်ပစ်လိုက်ရသည် ။

ဤသည် ကို ပန်းရင့်ကလည်း နားလည်သ ည် ။

ပြန်လည် ပင့်ကြည့်လာမည့် နဒီ့ မျက်ဝန်း

Saving screenshot

တွေကိုပဲ ငေးစိုက်ကြည့်ရင်း...

"ပန်းရင့်လေ.. မမ ဘာဖြစ်လို့ ပန်းရင့်ဆီ ရောက်မလာတာလဲဆိုတာကို အခု သိပြီ၊ ဘာဖြစ်လို့ လဲ သိလား မမနဒီ"

နဒီ ပန်းရင့်မျက်နှာလေးကို စိတ်ဝင်စားစွာ ပြန်ကြည့်မိသည် ။

ပန်းရင့်က အိမ်ထဲသို့ ဝေ့ခနဲ ကြည့်၍ ..

"ပန်းရင့်ဆီကို ကိုကိုရောက်လာတယ်"

"ဟင်..."

ကိုကိုဆိုတာ ဘယ်သူ့ကိုခေါ်မှန်း နဒီလည်း သိတာမို့ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

"လာပါ ဒီမှာ ထိုင်ပါဦး ညီမလေးရယ် မမ နဒီလည်း သိချင်ပါတယ်၊ သူ ဘာတွေပြောသွားလဲ ပြောပြပါဦး"

နဒီ ထိုင်ခိုင်းသည့် နေရာလေးမှာ ပဲ ပန်းရ

Saving screenshot

ငဲ့က အရုပ်ကလေးတစ်ရုပ်သဖွယ် ထိုင်ချလို
က်သည်။

ပြီးတော့ မျက်ရည်ကို သုတ်ပစ်လိုက်ပြီး...

"ကိုကိုကလေ မမကို သူ သူသိပ်ချစ်တဲ့
အကြောင်း လာပြောတာ"

"ဟုတ်လား"

နဒီ တကယ့်ကို တအံ့တသြပါ။

မိန့်ခွန်းဘက်က ရိပ်အပေါ် ဤမျှထိ လေးန
က်မှုရှိနေမှန်း မထင်ခဲ့သည် က ရိပ်ကို အထင်
သေး၍ မဟုတ်သော်လည်း ပေးအပ်ခဲ့ပြီးသော
မိန်းမသားဘဝ၏ အရှုံးကို စာနာခဲ့၍ ဖြစ်သည်
။ ယောကျ်ားလေးကတော့ လိုချင်တာရပြီး မေ့
သွားမှာ ပေါ့ဟု တွက်ခဲ့သည်။

ပန်းရင့်က ဆက်ပြောလာသဖြင့် နဒီ အ
တွေးလေး ပြတ်တောက်သွား၏။

"သူ ပန်းရင့်ကို သူ့မိသားစုဓာတ်ပုံလေး လာပြတယ်၊ ပန်းရင့်ကို သူ့ညီမလေးနဲ့ တူလို့ ချစ်ခဲ့တာတဲ့ "

ပန်းရင့် အသံလေး လိုက်ခါသွားရှာသည် ဒါပေမဲ့ မျက်ဝန်းလေးတွေက ကြည်လင့်နေ၏။

"အဲ... အဲဒါ သူ အပိုမပြောဘူးဆိုတာ ပန်းရင့် ချက်ချင်း ယုံလိုက်မိတယ်၊ ပြီးတော့ မမကို ကိုကို သိပ်ချစ်တယ်လို့ ပြောတာကိုလည်း ပန်းရင့်ယုံတယ်၊ ဘာဖြစ်လို့ လဲသိလား၊ မမနဒီ ကိုကိုနဲ့ ပန်းရင့် ချစ်ခဲ့ကြတာဟာ ပန်းရင့်က စခဲ့လို့ ပါ၊ ပြီးတော့လေ သမီးရည်းစားဆိုတဲ့ ဘဝမှာ ချစ်သူတွေ ပေးဆပ်ကြတဲ့ ယုယကြင်နာမှုမျိုး ကိုကိုနဲ့ ချစ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ပန်းရင့် ဘာမှ မရခဲ့ဘူး၊ သနားလို့ တုံ့ပြန်သလို အားနာသလိုလိုနဲ့ ပြုံးရယ်ပြနေတဲ့ ကိုကို့မျက်ဝန်းတွေထဲမှာ

Saving screenshot

တပ်မက်မှု ဘာမှ မရှိခဲ့ပါဘူး။ ပန်းရင့်ကပဲ ကိုကို့ကို ချိန်းရတယ် ချိန်းတိုင်း သူ မလာဘူး၊ တွေ့ဖြစ်တဲ့ အခါတိုင်းမှာ လည်း ပန်းရင့်ကို မုန့်လိုက်ကျွေးတယ် လက်ဆောင်တွေ ဝယ်ပေးတယ်၊ ကိုကို့ အပြုအမူ ဆက်ဆံပုံတွေ အားလုံးဟာ ကြင်နာယုယမှု ကင်းနေခဲ့လို့ ကိုကိုနဲ့ ချစ်ခဲ့တဲ့ သက်တမ်းမှာ ပန်းရင့် ဝမ်းနည်းကြေကွဲခဲ့ရတာပါ”

ပန်းရင့် အသံလေးက တည်ငြိမ်လာကာ စကားလုံးလေးတွေလည်း သွက်လက်လာ၏။

နဒီက ပန်းရင့်ကို အကဲခတ် ငေးမောနေခဲ့သည် ။

“ပန်းရင့် မျက်နှာမကောင်းတိုင်း ကိုကို့ကိုပဲ မမ မကျေနပ်ဖြစ်ခဲ့တယ်၊ မမက ပန်းရင့်ရဲ့ သောကကို မြင်နေလို့ ကိုကို့ကို မကျေနပ်တာ၊ ကိုကိုက ပန်းရင့်ကို ညီမလေးလိုပဲ သဘော

Saving screenshot

ထားခဲ့လို့ မကြင်နာနိုင်တာ၊ အဲဒါ ဘယ်သူ့မှာ အပြစ်ရှိလို့ လဲ မမနဒီ တွေးကြည့်ပါဦး၊ ကိုကို က ပြောတယ် သူ့ညီမလေးကို သူသိပ်ချစ်ခဲ့လို့ ပန်းရင့်ကိုတွေ့တော့ သံယောဇဉ်ဖြစ်ပြီး လက်ထပ်ယူဖို့ ဆုံးဖြတ်ခဲ့မိတာတဲ့ ၊ အဲဒါကို ပန်းရင့် ယုံတယ်၊ ကာယကံရှင်ဖြစ်တဲ့ ပန်းရင့်ကတောင် ယုံစရာ အကြောင်းတွေရှိလို့ ယုံသေးတာ၊ မမက ဘာဖြစ်လို့ မယုံတာလဲ၊ ကိုကိုနဲ့ မမကို ပန်းရင့် သဘောတူတယ်”

“ဟင်... ဘယ်လို”

“ကိုကို့ကို အခု ကိုကိုလို့ ပန်းရင့် ခေါ်နေသေးတာ မရိုးသားစိတ်နဲ့ မဟုတ်ဘူး ၊ ကိုယ့်အစ်ကိုလို သဘောထားနိုင်လို့ ပါ”

ပန်းရင့် အားလုံးကို နားလည်ခဲ့သည် ။

မိန့်ခွန်း သူမရှေ့ကို ရောက်လာကတည်းက မုသားတွေကို သယ်ဆောင်လာသူ မဟုတ်

Saving screenshot

မှန်း ပန်းရင့် နားလည်ခဲ့သည် ။

ကိုကို လက်ပြန့်ရုတ်ဆက်သွားကတည်းက ကိုကို့ကို ရက်စက်သူလို့ ပန်းရင့် မနာကြည်းနိုင်ခဲ့သည် က အထင်ကြီးနေခဲ့သည့်စိတ်တို့ ပျောက်ပျက်မသွားခဲ့၍ ဖြစ်သည် ။

ကိုကိုဟာ ပြတ်သားစွာ ပြောဆိုတတ်ခဲ့သည် ။

မုသား ပလီပလာနှင့် ဆွဲဆောင်မည့်သူ မဟုတ်မှန်း အစကတည်းက ဟိုတုန်းကတည်းက ပန်းရင့် သိနေခဲ့သည် ။ ကိုကိုက မမကို ချစ်နေပြီဆိုတော့ အံ့လည်း အံ့ဩမိသည် ။

ဝမ်းသာမိခြင်းလည်း ဖြစ်ခဲ့သည် ဆိုလျှင် မုသား မပါဘူးဆိုတာ မမ ယုံစေချင်သည် ။ အဘယ်ကြောင့် ဆိုသော် ပန်းရင့် အထင်ကြီး မြတ်နိုးစွာစွန့်လွှတ်ခဲ့ရသည့် ကိုကို့ကို ပိုင်ဆိုင်ခြင်းတစ်မျိုးဖြင့် သူမ ပိုင်ဆိုင်ခွင့်ရှိသေးသည် ။

တစ်ချိန်လုံးမှာ ကိုကိုက ငါ့ကို ချစ်သူလိုများ သဘောထားရဲ့ လားဟု တွေး၍ ဝမ်းနည်းခဲ့ရသမျှ ညီမလေးလိုပဲ သဘောထား ခဲ့တာပါပဲဟု တိကျစွာ သိရသည့်အချိန်မှာ သူမ ဘက်မှာ လည်း တွယ်တာစရာ ယုယမြတ်နိုး တတ်လွန်းသည့် ခင်ပွန်းကောင်းတစ်ယောက် ရှိနေခဲ့သည် ။

ကိုကို့ကို ပန်းရင့် မမ၏ ခင်ပွန်းကောင်း သူ မအတွက် အစ်ကိုကြီးတစ်ယောက်လို သဘော မထားနိုင်စရာ အကြောင်းမရှိတော့ပါ။

“မင်းရဲ့ အစ်မ ဘယ်ရောက်နေမှန်း ကိုယ် လည်း မသိဘူး ဒါပေမဲ့ သူ တစ်နေ့တော့ မင်း ဆီ ရောက်လာမှာ ပါ၊ အဲဒီအခါမှာ မင်းနဲ့ ပတ် သက်ပြီး ကိုယ့်ဘက်က စောင့်ထိန်းခဲ့တာကို ပြောပြပေးပါ၊ မိန်းမတစ်ယောက်ကို မချစ်ဘဲ လက်ထပ်ဖို့ ကြိုးစားခဲ့တဲ့ လူလို့ သူ ထင်နေခဲ့

Saving screenshot

တာကို မင်းကိုယ်တိုင် ကိုယ့်ကို နားလည်ဖို့ ကြိုးစားပြီး သူ့ကို ပြောပြပေးပါ”

ထိုမနက်က မိန့်ခွန်းသည် ပန်းရင့် မမြင်ဖူးခဲ့သော မီးခိုးရောင်အနောက်တိုင်းဝတ်စုံနှင့် ဆံပင်တွေကို နောက်လှန်သိမ်းဖြီးကာ မီးခိုးရောင်ဆန်သော ပြာရိပ်သန်းသည့် မျက်မှန်တစ်လက်ကို တပ်ထားသည်။

ချောမွေ့သန့်စင်နေသော မိန့်ခွန်း၏ သွင်ပြင်ကို ငေးမောရင်း ထိုယောကျ်ားသည် မမကို သိပ်ချစ်ပါသည် ဆိုသောအခါ တုန်ယင်လှိုက်လှဲသော ကျေနပ်ခြင်းကို ခံစားခဲ့မိတာ ထူးဆန်းစွာပဲ ဖြစ်လေသည်။

သူမအပေါ်ကျတော့ ကလေးလေးလိုလို ချစ်စရာ အိမ်မွေးကြောင်ပေါက် ခွေးပေါက်လေးလိုလို ရယ်မြူးရိပ်နှင့် ကလူကျီစယ်ရုံသာ ကြည့်တတ်ခဲ့သော ထိုမျက်ဝန်းများမှာ မမကို ချစ်

တဲ့ အကြောင်းတွေ ပြောနေခဲ့သည့်အချိန်တွင် မြတ်နိုးခြင်း ပိုင်ဆိုင်လိုခြင်း ဆုံးရှုံးမခံနိုင်ခြင်း စသော စုစည်းမှုများ နှင့် လေးနက်ခိုင်မာနေခဲ့ သည်။

မိန့်ခွန်းသည် ဓာတ်ပုံကို ကိုင်ထားလျက်နှ င့် သူမကို ကြည့်သည့် အကြည့်များမှာ မလုံလဲ ခယခြင်းတို့ မရှိ။

"မင်းကိုယ်တိုင်လည်း ကိုယ့်ကို နားလည်နို င်မယ်လို့ ကိုယ် ယုံကြည်တယ်၊ ခုလိုလာပြော တာဟာ ကိုယ် ဖြစ်စေချင်သလို မင်းကို ထွက် ဆိုပေးဖို့ လာ စည်းရုံးတာ မဟုတ်ဘူး ၊ ပန်းရ င့် မင်းနဲ့ ကိုယ် ပတ်သက်ခဲ့ဖူးတာတွေရှိလို့ ၊ ပြီးတော့ ရိပ်က အစ်မ ဖြစ်နေတဲ့ အပြင် ပြီးခဲ့ တာတွေ အပေါ် ရိပ် တစ်ယူသန်စွဲထားတာကို သံသယ ရှင်းစေချင်တာ၊ ကိုယ်ကတော့ ဘယ် သူ ဘယ်လိုထင်ထင် ဂရုမစိုက်ဘူး၊ ရိပ်ကို မရ

Saving screenshot

ရအောင် ယူဖို့ ဆုံးဖြတ်ပြီးသား... တစ်ခုတော့ ရှိတယ်၊ ရိပ်ကို ကိုယ် ရပြီးရင် မင်းနဲ့ ပတ်သက်ခဲ့ဖူးတာဟာ ထိရှလာဦးမှာ လေ အဲဒါကို မင်းကိုယ်တိုင် နားလည်ထားသင့်တယ်ထင်လို့ လာပြောတာ မင်းနားမလည်နိုင်ဘူး ဆိုလည်း ရတယ်၊ ရိပ်ကို ဒီ့ထက် မုန်းတီးအောင် ထွက်ဆိုသွားဖို့ စိတ်ကူးသွားလည်း ကိုယ် ဂရုမစိုက်ဘူး၊ ရိပ်ကို ကိုယ် မရရအောင် ယူမှာ ”

ပန်းရင့်က မိန့်ခွန်း ပြောသွားသမျှကို သေချာပြန်ပြောသည် ။

သူမပါးပြင်မှာ မျက်ရည်ကြောင်းလေးတွေ ခြောက်သွေ့နေပြီ ဖြစ်၏။

“ကိုကိုက မမကို သိပ်ချစ်တာ မမ ဘာဖြစ်လို့ မယုံကြည်ခဲ့တာလဲ အဲဒါ ပန်းရင့် ယုံတယ် ပန်းရင့်ကြောင့် မမ ရှောင်နေတယ်ဆိုရင် မမကို ပြန်ခေါ်ပေးပါ မမနဒီရယ်.... နော်.... ပန်း

Saving screenshot

ရင့်လေ သားရွှေအိုး ထမ်းလာတာကို မြင်ခွင့်ရချင်ပါတယ်.. မမကို သေတွင်းထဲက ပြန်တက်လာနိုင်တာ သိရပြီးမှ မတွေ့ရဘဲ ခုလို ဆုံးရှုံးနေရတာကို ပန်းရင့် ဘယ်လိုမှ မဖြေနိုင်ဘူး...
”

နဒီ ဘာပြောရမှန်းမသိ။

ဟော့ဒီ အိမ်ကြီးထဲမှာ ရိပ် ရှိနေတာကို ဖွင့်ပြောလိုက်ရမလား ဆက်ပြီး ခေါင်းခါရမည်လား..

ပန်းရင့် ပြောနေတာတွေကို ရိပ်ကြားနေမှာ ပါ ဘာဆုံးဖြတ်ရမလဲဆိုတာ သူမ သိနေမည်သာ...

ဒီကိစ္စမှာ ရိပ် မဆုံးဖြတ်ဘဲ သူမ ခေါင်းညိတ် ခေါင်းခါ လုပ်နေသင့်သလား...

“မမနဒီ မမရှိတဲ့ နေရာကို သိတယ်မဟုတ်လားဟင်.. ပန်းရင့် တွေ့ပါရစေ.. ဒါမှ မဟုတ်

Saving screenshot

မမကို ပြောပေးပါ.. ပန်းရင့်ကိုချစ်ရင် မမပြန်လာပါလို့ ပန်းရင့် ရင်ကွဲနာကျအောင် မလုပ်ပါနဲ့ လို့ … နော်… မမနဒီ… မမနဒီ ကြားလားဟင်”

“ဟင်… အေး… အေးပါ ညီမလေးရယ်.. မမ သူ့ကိုရှာပြီး ပြောပေးပါ့မယ်”

ထိုစဉ်မှာ ဒေါက်တာ သဲမောင် မောင်းနှင်လာသော ကားလေးက ပေါ်တီကိုအောက်မှာ ထိုးရပ်လာသည် ။ သဲမောင်က အိမ်ပေါ်ကို တောက်လျှောက်တက်လာကာ…

“တော်သေးတာပေါ့ မနဒီရယ် ပန်းရင့် ဒီမှာ ရှိနေလို့ …”

မောလျကြည်နူးသော အသံနှင့်ဆိုကာ ပန်းရင့် ဘေးမှာ ပဲ ထိုင်လိုက်ပြီး လက်ဖဝါးလေးကို ထွေးဆုပ်၏။

ပြီးမှ နဒီ့ကို ပြန်မော့ကြည့်၍ …

Saving screenshot

“သူ သိပ်နေမကောင်းဘူး မနဒီရဲ့ ၊ သူ့အစ်
မ လေယာဉ်ပျက်ကျတဲ့ အထဲ ပါသွားပြီဆိုက
တည်းက သူ့အိမ်ကိုပဲ ပြန်ပြီး ရိပ်ရဲ့ အိပ်ရာထဲ
မှာ ပဲ နေတာ၊ မိုးလင်းတာနဲ့ အဲဒီမှာ တစ်နေ
ကုန် သွားငို၊ ဘာကျွေးကျွေး ဘယ်ခေါ်ခေါ် မ
လိုက်၊ လူကို သေချင်စော်နံရော”

ဆံပင်တစ်ချက် သပ်၍ ခပ်ညည်းညည်း ဆို
သော်လည်း ရယ်နေသည့် မျက်နှာမှာ ကျေနပ်
ခွင့်လွှတ်ခြင်းတွေ အပြည့်။

“ပန်းရင့်အိမ် ပန်းရင့် သွားနေတာ ကိုသဲ
ဘာဖြစ်လို့ လိုက်လိုက် ခေါ်နေလဲ၊ ခုမှ စိတ်ည
စ်သလို စိတ်ကုန်သလိုနဲ့ ”

ပန်းရင့် မျက်စောင်းထိုးတော့ သဲမောင်က
ပွေ့ဖက်လိုက်ချင်သော်လည်း နဒီရှေ့မှာ မို့ ဆ
င်ခြင်လိုက်ရသည့်  မျက်နှာမှာ ရယ်ကျဲကျဲနှင့်
...

Saving screenshot

“စိတ်မညစ်ပါဘူးဗျာ… စိတ်ကုန်ပါ့မလား ..ဒီရုပ်ကလေးကို ခင်ဗျားက အပုံလိုက် ဖြေချထားတဲ့ ကြိုးခွေလေးလို ဖြူဖွေးဖွေး ခွေခေါက်ခေါက်လေး ဖြစ်နေတော့ ကွယ်ရာမှာ တစ်ခုခု ဖြစ်သွားမှာ စိုးလို့ ကိုယ့်အိမ်ကို ပြန်တယ်ဆိုပေမယ့် ဘယ်လိုလုပ် စိတ်ချနိုင်ပါ့မလဲ၊ ခဏခဏ ဖုန်းဆက်တာလည်း မကြိုက်၊ ပြန်ပါဆိုလည်း မရ၊ ဒီမှာ အလုပ်ကိုပဲ ခွင့်ယူထားလိုက်တော့တယ်”

ပြောနေရင်း သဲမောင်က နဒီ့ကို ပြန်ကြည့်လိုက်ပြီး…

“မနဒီဆီ ခဏခဏ သူ ဖုန်းဆက်တာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ လူရောက်သွားမယ် မထင်လို့ ဟိုအိမ်မှာ မရှိတော့ လန့်ဖျပ်သွားတာပဲ၊ တကယ်.. မာမီ့ကို ဘုရားလိုက်ပို့တာ ခဏလေး ပြန်လာတာ မရှိတော့ဘူး၊ သူ့အစ်မ ပြန်

Saving screenshot

မလာကတည်းက ရုပ်ပျက် ဆင်းပျက် ခံစား နေတာကို မြင်ထားတော့ တစ်ခုခုများ လုပ်သွားသလားဆိုပြီး လူကို ထူပူသွားတာပဲ”

နဒီက ကြင်နာတတ်လွန်းသည့် သဲမောင်ကို ကြည့်၍ ပြုံးပြလိုက်သည်။

“စိတ်ချပါ တစ်နေ့နေ့တော့ ရိပ် ပြန်ရောက်လာမှာ ပါ၊ သူတို့ ညီအစ်မ ဘယ်တော့မှ ရှင်ကွဲကွဲမှာ မဟုတ်ဘူး။ ဘာဖြစ်လို့ လဲဆိုတော့ သိပ်ချစ်ကြတဲ့ လူတွေကိုး ရိပ်ကို နဒီလည်း ရှာပေးပါ့မယ်၊ မကြာခင် ပြန်ရောက်လာမှာ ပါ ညီမလေးလည်း ကိုယ့်ကျန်းမာရေးကို ဂရုစိုက်တော်ကြာ ရိပ် ပြန်ရောက်လာတဲ့ အခါ လူမမာလေးဖြစ်နေရင် ပျော်စရာတွေ ဘယ်ဖြစ်တော့မလဲ”

“မမနဒီ တကယ်ပြောတာလားဟင် မမကို မမနဒီ ရှာပေးနိုင်သလား၊ ပန်းရင့် သိတယ် မ

Saving screenshot...

မရှိတဲ့ နေရာကို မမနဒီ သိမှာ ပါ၊ ဒါပေမဲ့ ပန်းရင့် မမေးတော့ပါဘူး၊ မမကိုသာ ပန်းရင့် အခု ပြောပြခဲ့တာတွေအားလုံး ပြန်ပြောပေးပါ၊ တစ်လုံးမကျန် ပြန်ပြောပြပါနော်၊ ပန်းရင့် ဘဝမှာ မမ မရှိရင် ရှင်လျက်နဲ့ သေရမှာ ပါ ညီအစ်မနှစ်ယောက်တည်း တစ်ယောက်လက် တစ်ယောက် ဆုပ်ပြီး မိဘမဲ့ ရပ်တည်ခဲ့ကြရတာ မမဟာ ပန်းရင့် ဘဝအတွက် သူရဲကောင်းပါ၊ ခင်ပွန်းကို အားကိုးတဲ့ စိတ်က သတ်သတ် မမကို လေးစားချစ်ခင်နေတဲ့ သံယောဇဉ်က တခြားစီပါ၊ ဒီနေ့ကစပြီး ပန်းရင့် မမပြန်လာမယ့်နေ့ကို မျှော်လင့်နေမယ်၊ နောက်ထပ် အကြာကြီး မမ ထပ်ပုန်းနေရင် ပန်းရင့် တစ်ခုခု လုပ်သွားမယ်ဆိုတာလည်း ပြောပေးပါ”

ပန်းရင့် မျက်ရည်တွေ ထပ်ဝေ့လာတော့ သဲမောင် မငြိမ်မသက် ဖြစ်လာ၏။ နောက်

Saving screenshot

တော့ ဘေးထိုင်မနေတော့ဘဲ

"တော်ပါတော့ ပန်းရင့်ရယ်.. မင်းကို ကိုသဲ ဒီလောက် ချစ်နေတာ နည်းနည်းလေးတော့ ပြန်ငဲ့ပေးစမ်းပါ၊ အဲဒီ တစ်ခုခုဖြစ်တာကြီးကို စကားအဖြစ်နဲ့ လည်း မပြောနဲ့ စိတ်လည်း မကူးနဲ့ ၊ ဥပါဒ်ဒဏ်ကြောင့် ဥပါဒ် ဖြစ်တတ်တယ်၊ ရိပ် ရှိနေမှန်းသိပြီပဲ သူပြန်မလာဘဲ မနေပါဘူး၊ ကိုသဲလည်း ကူရှာမယ်ကွာ၊ မငိုနဲ့ နော်"

သဲမောင် ပခုံးလေးကို ဖက်လိုက်တော့ ပန်းရင့် သဲမောင် ရင်ခွင်ထဲ မှီချကာ ရှိုက်ငိုတော့သည်။

သဲမောင်သည် မျက်ရည်မိုးနှင့်အပြိုင် တိုက်ခိုက်ရင်း ပန်းရင့်ကို ချော့သည် ။ ပြန်ခေါ်သွားသည် အထိ ပွေ့ပိုက် ချော့မြူနေဆဲ။

နဒီ ငေးကြည့်နေရင်း ထိုင်နေရာမှ ထဖို့ ပ

င် မေ့နေခဲ့သည်။

နောက်ဘက်က ညင်သာသော ခြေသံလေးကြားမှ လှည့်ကြည့်လိုက်မိသည်။

ပန်းရောင် တီရှပ်ပွပွလေးနှင့် ရိုးရိုးထမီအပြာရောင်လေးကို ဝတ်ထားသည့် ရိပ်သည် ဘာမှ မလိမ်းခြယ်ထားသော်လည်း နုဖတ်ဝင်းစက်နေအောင် လှသည်။

စိတ်ညစ်လွန်း၍ မစားသောက်ဘဲ နေခဲ့သော မျက်နှာလေးက ချောင်ကျသွားပေမယ့် အလှပျက်မသွားဘဲ မျက်တောင်ကော့ ထူနက်နက်လေးတွေက ပို၍ ပင် ထင်းလာသည်။

သွေးကြောလေးတွေ ယှက်သမ်းနေသော ပါးမို့လေး နှစ်ဖက်က နီမြန်းနေဆဲ၊ နဒီသည် မော့ကြည့်ငေးနေမိရင်း ရိပ် လက်ကလေးကို ဆွဲ၍ အနားမှာ ထိုင်ခိုင်း၏။

“ရိပ်… ကြားလားဟင်”

Saving screenshot

ရိပ်သည် မျက်နှာအငွံ့မှာ အိခနဲ ဝဲကျလာသည့် ဆံပင်တွေကို လက်တစ်ဖက်နှင့် နောက်ပြန်သိမ်းသည်။

ပျော့နွဲ့သော ဆံစတို့ က ဖရိုဖရဲ ပြန်လည်ခုန်ဆင်းလာ၏။

နောက်တွင် ဆံပင်တွေကို ဖိသိမ်းထားသည့်လက်အားမရုပ်သိမ်းဘဲ ဆိုဖာလက်တန်းမှ တံတောင်နှင့် ထောက်၍ လက်ဖဝါးနှင့် နဖူးထိပ်လေးမှာ ဖိကပ်ထားလိုက်၏။

"မော့ကြည့်ပါဦး ရိပ်ရယ်၊ နင် ပန်းရင့်လေးကို မသနားဘူးလားဟင်၊ ခုချိန်မှာ သူ့ရဲ့ အဓိကဟာ မိန့်ခွန်း မဟုတ်တော့ဘူး၊ နင့်ကိုပဲ တမ်းတနေတာ၊ သူပြောသမျှ အားလုံးထဲမှာ ဟန်ဆောင်တာ ဘာမှ မပါဘူးလို့ ငါ ထင်တယ်၊ မိန့်ခွန်းနဲ့ ပတ်သက်ပြီး ရှင်းပြနေတဲ့ သူ့မျက်လုံးလေးတွေကို ငါ နင့်ကို မြင်စေချင်လိုက်

တာ၊ သဝန်တိုလျက် ဟန်ဆောင်နေတာ ဘာမှ မရှိဘူး၊ မိန့်ခွန်းလည်း နင့်ကို ရှာနေတယ် ၊ လွယ်နေတာကို ခက်အောင်မလုပ်ပါနဲ့ တော့ဟာ"

ရိပ် ၏ ရင်ထဲမှာ နားလည်လက်ခံခြင်းတွေ ရှိနေသည် ဟု ထင်ခဲ့မိသော နဒီမှာ ရိပ် ခေါင်းခါယမ်း၍ မျက်နှာလေး မော့လိုက်သောအခါ တအံ့တဩနှင့် ကြည့်နေမိတော့သည် ။

"အဲဒီလို ခွင့်လွှတ်နေတာဟာ သိပ်ကို သနားစရာကောင်းနေတာပဲ နဒီ၊ ညီမလေးဟာ သိပ်ကို သဘောထားနူးညံ့ပြီး သူ့ကို ထုရိုက်ကုတ်ဖဲ့သွားတဲ့ လူကိုတောင် အပြစ်မဖွဲ့တတ်တာ ၊ ငယ်ငယ်ကတည်းက အကျင့် မိန့်ခွန်း သူ့ကို ရက်စက်ခဲ့တုန်းကလည်း သူ မိန့်ခွန်းကို မုန်းမှ မမုန်းခဲ့တာ၊ မိန့်ခွန်း သူ့ကို ရက်စက်သည် ဖြစ်စေ ညှာတာသည် ဖြစ်စေ သူက နားလည်ဖို့ ကြိုးစားမှာ ပဲ၊ သူ့အစ်မဖြစ်တဲ့ ငါ့ကို သူနားလ

Saving screenshot

ည်နေတာ မဆန်းပါဘူး"

ရိပ်က ဆိုဖာပေါ်မှာ လျော့တိ လျော့ရဲလေး မှီကာ ခြေဖျားလေးပါ တင်၍ ကျုံ့ကျုံ့လေး လက်ပိုက်ထိုင်၏။

"နင်တို့ အိမ်သားတွေလည်း ဘုရားဖူးက ပြန်ရောက်လာကြတော့မှာ လူတွေများ လာရင် ငါ ခုလို နေလို့ ရတော့မှာ မဟုတ်ဘူး ... ငါ ဒီကနေ ထွက်သွားတော့မယ်"

"အို... ဘာ... ဘယ်လို ရိပ်"

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည် ။

ရိပ် ဒီက ထွက်သွားပြီးသည် နှင့် ဘယ်မှာမှ အစရှာမရအောင် တစ်နေရာရာမှာ ပုန်းအောင်းနေတော့မှာ သေချာနေ၏။

သူမ ဖြစ်စေချင်သည် က မိန့်ခွန်းနှင့်လည်း ပေါင်းဖက်စေချင်သည် ။ ပန်းရင့်နှင့်လည်း ချ

Saving screenshot

မ်းမြေ့စွာ ဆုံဆည်းစေလိုသည် ။

ပြီးတော့ ပန်းရင့်ကို သူမ ကတိပေးလိုက်ပြီးပြီ။

“ရိပ်ရယ်... နင် သိပ်ကို အစွဲအလမ်းကြီးပါလားဟင်... ထားလိုက်ပါတော့၊ နင် စိတ်ချမ်းသာသလိုပဲ ဆုံးဖြတ်ပါ... ငါက နင့်ကို စိတ်ဆင်းရဲစေမယ့် အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး... ဒါပေမဲ့ ငါ့ဆီကနေ နင် မသွားရဘူး၊ မာမီတို့ လည်း ပြန်ရောက်ဖို့ လိုသေးတယ်၊ ပြန်လာကြရင်လည်း နင့်ကို လွတ်လွတ်လပ်လပ်နေလို့ ရအောင် ငါ စီစဉ်ပေးနိုင်တယ်၊ ငါနဲ့ မသက်ဆိုင်တဲ့ နေရာကိုတော့ လုံးဝ သွားခွင့်မပြုဘူး၊ အဲဒါ ငါ့ကို နင် ခင်ရင် နားထောင်ပါ”

ရိပ် ငြိမ်သက်နေခဲ့တာကို နဒီ ကျေနပ်သွားသည် ။

Saving screenshot

ဒီကနေ ဘယ်မှ ထွက်မသွားစေရဘူးဆိုသည့် ဆုံးဖြတ်ချက်ကိုလည်း ချမိသည် ။

ရိပ်ကို နဒီ ခင်မင်လွန်း၍ ပါ။

တစ်နေ့တော့ ထိုက်တန်သူလက်ထဲ ရိပ်ရောက်သွားလိမ့်မည်။ ထိုသူသည် မိန့်ခွန်းပဲ ဖြစ်မည်ကို ကြိတ်၍ ယုံကြည်နေခဲ့သော သူမစိတ်ထဲမှာ ဘယ်လိုအားကိုးနှင့် သေချာနေခဲ့မှန်းမသိ။

ရိပ်သာ သိခဲ့လျှင် ချက်ချင်းများ ထွက်ပြေးသွားမလား။

*

Saving screenshot

# အခန်း (၂၇)

ကုမ္ပဏီမှာ ဒီနေ့ နှစ်ပတ်လည် အစည်းအဝေးရှိသည် ။

တင်ပြစရာတွေ ရှိနေသည် မို့ သူမ မတက်လို့ မဖြစ်ပါ။

ဒါပေမဲ့ ရိပ် သွားလို့ မဖြစ်ဘူးဆိုတာ သိသည် ။ မိန့်ခွန်းကို လူက ဒါကို မတွက်မိဘဲနေမှာ မဟုတ်။

ထို့ကြောင့် လေးလေးဆီကို ဖုန်းဆက်ခဲ့သည် ။

အိမ်မှာ ကိုင်မည့်သူမရှိလို့ ချထားခဲ့ရ၏။ နောက်ထပ် ဆက်တော့ ညီမလေး ကိုင်သည်

Saving screenshot

ညဘက်ကြီးထိ အိမ်မှာ ညီမလေး ဘာလုပ်နေတာလဲ။

"ဟဲလို ဟဲလို ဘယ်သူလဲမသိဘူး၊ ဘာမှ လဲ မပြောဘဲနဲ့ "

ညီမလေး၏ မကျေမနပ် ပြောသံလေးနှင့် ငွပ်ခနဲ ဖုန်းချပစ်လိုက်သည် အထိ ဖုန်းကိုင်လျက် ရိပ် မတ်တတ်လေးရပ်နေမိဆဲ။

"တစ်နေကုန်ဗျာ တစ်နေကုန်ပဲ၊ အဲဒီမှာ နေတာ မနည်းပြန်ခေါ်ရတယ်.. သူ့အစ်မ အခန်းထဲမှာ ပဲ နေတာ"

ကိုသဲ ပြောသွားတာကို သတိရလိုက်မိသည်။

"မမကို ပြောပေးပါ.... နောက်ထပ် မမ အကြာကြီး ပုန်းနေရင် ပန်းရင့် တစ်ခုခု လုပ်ပစ်မှာ မို့လို့ ...."

Saving screenshot

ညီမလေး အခု အိမ်မှာ ဘာလုပ်နေတာလဲ။

ကိုသဲ အနားမှာ ရှိနေရဲ့ လား။

ရိပ် စိုးရိမ်စိတ်တွေ ဖြစ်ကာ နောက်တစ်ခါ ထပ်ခေါ်တော့ ကိုသဲ လာကိုင်၏။

"ဟဲလို"

ရိပ်ကပဲ ဦးအောင် ဖုန်းချပစ်လိုက်သည် ။

ကိုသဲ အသံကြားလိုက်ရမှ သူမ ဖြေသာသွား၏။ ညီမလေး ရင်ထဲကသံယောဇဉ်ကို မြင်နေရလေ လွမ်းသည့်စိတ်နှင့် ရင်နာရလေ။

ဒါပေမဲ့ ညီမလေးရယ်....

ရိပ် ဖုန်းဆက်ဖို့ မကြိုးစားတော့ဘဲ .... လေးလေးကို လမ်းကနေ ဖြတ်စောင့်နေလိုက်သည် ။ လေးလေး ဝမ်းသာသွားတာကို ကြာရှည်စောင့်ဆိုင်းမနေဘဲ အစည်းအဝေးအတွက်

Saving screenshot

စာရွက်စာတမ်းဘက်မှာ လိုအပ်တာကအစပြောပြပြီး ညီမလေးကို သူမ လာတွေ့သည့်ကိစ္စကို လုံးဝမပြောဖို့ သေချာမှာ ပြီး ကားပေါ်ပြန်တက် ထွက်လာခဲ့သည် ။

လေးလေး ခေါင်းတညိတ်ညိတ်နှင့် ဘာမှ ထပ်မမေးရှာပဲ ကျန်ခဲ့ပေမယ့် ထက်ချပ်မကွာ လိုက်ပါလာသည့် အနက်ရောင် ပရာဒိုကားကြီးကို ဘယ်လိုမှ မျက်ခြည်ဖြတ်လို့ မရတော့ပါ။

သူမ မှန်အလုံတင်၍ သွားပြန်နေတာတောင်မှ မိန့်ခွန်း ဘယ်ကနေ ဘယ်လို မြင်သွားသလဲ ဒါ နဒီ သီးသန့် စီစဉ်ပေးလိုက်သည့်ကား...

ရိုပ် စီးနေကျ ကားလည်း မဟုတ်ပဲ သူ ဘာဖြစ်လို့ သိသွားလဲ၊ မီးပွိုင့်မှာ ဖြတ်ထားခဲ့ဖို့ ကြိုးစားသည် ... ကွေ့လမ်းထဲ ကားတွေ ကျပ်ဆဲ။

Saving screenshot

ရိပ် ဘယ်လိုပဲ ကွေ့ရှောင်ပြီး ထွက်ပြေးဖို့ ကြိုးစားသော်လည်း ရိပ်၏ ကားက ပရာဒိုကို မျက်ခြည်ပြတ်လို့ မရဘဲ ဖြစ်နေ၏။

ထိုပုံစံနှင့်သာဆို ရိပ် ခရီးတွေသာ ဝေးကွာစွာ သွားနေရမည် လွတ်မှာ မဟုတ်။ အိမ်ကို ပြန်သွားလည်း သူ ကိုယ့်နေရာကို သိသွားရင် မလွယ်...

ရိပ် လူရှင်းသည့် ကားရှင်းသော နေရာအရောက်မှာ ရပ်ပစ်လိုက်သည် ။

ကျော်တက် ပိတ်ပစ်လိုက်လို့ ရနေလျှက်နှင့် တမင်ကပ်လိုက်ပြီး ခြောက်လှန့်နေသလို လုပ်တာကိုလည်း ဒေါသဖြစ်နေမိပြီ။

သူမ ရပ်ပစ်လိုက်တော့မှ ပရာဒိုက ရှေ့အနည်းငယ် ကျော်က သူမကားရှေ့မှာ ခပ်စောင်းစောင်း ပိတ်ရပ်ပစ်လိုက်၏။

"ရိပ် ...နေကောင်းတယ်နော်"

Saving screenshot

"ရှင် ကျွန်မကို မရိုနဲ့ ၊ ဒီမှာ ရှင့်ကို ရိပ် ပြောပြီးသားနော်၊ ရှင် ထင်သလို ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ဆိုတာ"

မိန့်ခွန်းက နှုတ်ခမ်းမဖွင့်ဘဲ ရယ်လျက် ပ ခုံးတစ်ဖက်တွန့်သည် ။

ပြီးတော့ ချိုင်းပြတ် လည်ဟိုက် ပိုးပျော့ဂါဝ န်ရှည်ကြီးကို ဂျင်းဂျက်ကတ်လေး ထပ်ဝတ်၍ မျက်မှန်နက်တပ်ထားသော ရိပ် တစ်ကိုယ်လုံး ကို စူးစူးရဲရဲ ကြည့်၏။

ခဏလေး ဝေ့ကြည့်တာမဟုတ်ဘဲ ပိုင်စိုးပို င်နင်းဆန်စွာ ခပ်ရိုင်းရိုင်း ကြည့်နေတာမို့ ရိပ် ဆွေ့ဆွေ့ခုန်သွား၏။

အိမ်မှာ နေရင်း ဂါဝန်လေးက ပျော့ပျော့ပါး ပါး ကိုယ်မှာ ကပ်ကာ လည်ပင်းဟိုက်လွန်း သောကြောင့် ဂျင်းဂျက်ကတ်လေး ထပ်ဝတ်ပြီး ထွက်လာခဲ့တာ...

Saving screenshot

"ရှင်… ရှင် တော်တော် ရမ်းကားတဲ့ လူ"

"ဟင် ကိုယ်…"

မိန့်ခွန်းက သူ့ရင်ဘတ်သူ လက်မထောက်၍ ညွှန်ပြကာ မေးသည်။

"ဟုတ်တယ် ရှင့် မျက်လုံးကြီးတွေကို ပြန်သိမ်းပြီး မြန်မြန်ကြွ ဒီမှာ ထပ်ပြောလိုက်မယ်၊ ရှင် ဒီကနေ ရိပ်နောက်က ပါလာရင် နောက်ထပ် ပတ်သက်ဖို့ ကြိုးစားမယ်ဆိုရင် ကျွန်မ ရန်ကုန်မြို့ကနေ ဒီထက် ဝေးရာကို ရောက်သွားပြီမှတ်"

"ပြဿနာပါလား"

"ရှင် ကျွန်မကို ဒီထက်ပိုပြီး ဒုက္ခပေးဖို့ မကြိုးစားပါနဲ့ ရှင့်ကြောင့် ကျွန်မတို့ ညီအစ်မလည်း ခု ရှင်ကွဲ ကွဲနေရပြီ ရှင် အရက် မရှိပေမယ့် ကျွန်မ သိက္ခာမမဲ့နိုင်ဘူး၊ ရှင်နဲ့ ကျွန်မ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဘူးဆိုတဲ့ စိတ်နဲ့ ကျွ

Saving screenshot

န်မကို မေ့ပစ်လိုက်စမ်းပါ…”

မိန့်ခွန်းက ခေါင်းဆတ်ညိတ်၍ မဲ့ပြုံးပြုံးသည်။

“ကိုယ်က တစ်ညတည်း ချစ်ခဲ့ရပေမယ့် တစ်ဘဝလုံးအတွက် ထုပ်ပိုးသိမ်းဆည်းခဲ့တာ…”

ရိပ် မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

သူက စိုက်ကြည့်၍ ပြုံးနေပြန်သည်။

“မင်း မျက်မှန်တပ်ပြီး ရုပ်ဖျက်ဖို့ ကြိုးစားတာလား၊ ပိုတောင် လှနေသေးတယ်”

“ရှင်…”

“မင်းကိုလည်း ကိုယ် ပြောခဲ့ဖူးပါတယ်၊ လိုချင်တာကို မရရအောင် ယူတတ်တဲ့ ပညာတွေ ကိုယ့်မှာ ရှိတယ်… မင်း ဘယ်လိုပြေးပြေး ကိုယ် လိုက်ပါတယ်၊ ဒါပေမဲ့ အခု ကိုယ် အလုပ်တွေ တအားရှုပ်နေလို့၊ ကိုယ့်အတွက် သတ်သ

တ် အချိန်ထုတ်နိုင်တဲ့ နေ့မှာ မင်းကို ကိုယ်ယူပြမယ်”

သူက ခနဲ့ ပြုံး ပြုံး၍ ကားပေါ်ပြန်တက်သည်။

ထို့နောက် ကားကို ခပ်ဖြည်းဖြည်း ဆုတ်မောင်း လာပြီး

“ကားကို ခုနကလို ဟိုဖြတ်ဝင် ဒီဖြတ်ပြေးနဲ့ မမောင်းနဲ့ နော်... ကိုယ် လိုက်မကြည့်ဘူး ဂရုစိုက်မောင်း...”

ရိုပ် ဆံပင်တွေ ခါထွက်သွားသည် အထိ မျက်နှာတစ်ဖက်လှည့်ပစ်သည်။

မိန့်ခွန်း၏ ပြေးဆွဲပုံများ ဟာ တစ်စုံတစ်ရာကို သိနေသလိုမျိုး....

ဒါမှ မဟုတ် သူကိုယ်သူပဲ အထင်ကြီးလွန်ဘဝင်မြင့်နေသည် လား..။

ဘာပဲဖြစ်ဖြစ် ဒါဟာ အန္တရာယ်ဖြစ်သည် ။

မိန့်ခွန်းကို ရိပ် လျှော့မတွက်ပါ။ ဘယ်လို လွတ်အောင်ရှောင်မလဲဆိုတာပဲ အချိန်ပြည့် တွေးခဲ့သည် ။

ခုလည်း မျက်ခုံးလေးတွေ တွန့်ကွေးနေသည် အထိ အတွေးနက်ရင်း ကားမောင်းဖို့ ပင် သတိမရဘဲ ဖြစ်နေသည် ။

မိန့်ခွန်း ဘာကို အပိုင်တွက်ထားသလဲ။

မရ ရအောင် ယူမည်ဟု ကြိမ်းဝါးနေတာ တကယ်ဆုံးဖြတ်ထားသည် မဟုတ်ဘဲ သူမကို ပဲ တမင် ပြက်ရယ်ပြုနေခဲ့တာပါ။

ဒါဆို အပန်းတကြီး ရှောင်ပုန်းဖို့ ကြိုးစားနေခဲ့သည့် သူမသာ ရှက်ဖွယ် ဖြစ်နေပြီပေါ့။

မဟုတ်သေးဘူး သူ တစ်ခုခုကြံနေတယ်ဆိုရင် ငါ ဘယ်လိုလုပ်မလဲ။ ရိပ် အတွေးများ နှင့်

လုံးထွေးရစ်ပတ်ရင်း နဒီ သီးသန့် စီစဉ်ပေး ထားခဲ့သည့် သုံးလွှာမြေညီထပ် တိုက်ခန်း လေးသို့ ပြန်ရောက်လာခဲ့သည် ။

သူမမျက်နှာလေးသည် လှောင်ချိုင့်စံ မင်း သမီးတစ်ပါးနှယ် တင်းမာမှုတွေ ပြေပျောက် လျက် မျက်ရည် ကြည်လေးတွေ ဝေ့ကြည်တ က်ရင်း ဆွေးမြည့်နေခဲ့သည် ။

*

Saving screenshot

## အခန်း (၂၈)

"ဟင်… ဒါ … ဒါအို…."

သတင်းစာကို ကိုင်ထားရင်း ပင့်သက်ရှိုက်ထားမိတာကို ရှူထုတ်ဖို့ မေ့သွား၏။ နဒီက လက်ကိုင်အိတ်ကို ပိုက်ထားလျက် ရိပ် ဖြစ်သွားပုံကို ထိုင်ကြည့်နေသည် ။

"ငါလည်း အံ့သြလွန်းလို့ ပြေးချလာတာ သတင်းစာထဲမှာ နေ့တိုင်းပါနေတာဟ ငါးရက်တောင်ရှိပြီ၊ ငါ သတင်းစာကို မကိုင်ဖြစ်တာလည်း ကြာပြီ နင့်ကိစ္စနဲ့ မာမီတို့ အလုပ်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေတာလေ"

ရိပ် နဒီပြောနေတာတွေကို ကြားတစ်ချက်

Saving screenshot

မကြားတစ်ချက်။

မျက်ဝန်းတို့ သည် သတင်းစာထဲက ကြော်ငြာတစ်ခုဆီမှာ စူးနစ်လျက် ထပ်ခါထပ်ခါ ဖတ်နေခဲ့တာ မရှင်းလင်း၍ မဟုတ်ဘဲ အဓိပ္ပာယ်မဲ့စွာ ဖြစ်သည် ။

ကျွန်တော်၏ ချစ်လှစွာသော ဇနီး မဟူရာရိပ် သည်

ကျွန်တော့်အပေါ် အထင်အမြင် လွဲမှားကာ

အိမ်မှ ဆင်းသွားပါသည် ။ ကျွန်တော့်မှာ

ရှင်းပြ တောင်းပန်စရာများ စွာ ရှိနေပါသည် ။

သူမအား ပြန်လာစေလိုကြောင်းနှင့် တစ်ဘက်ပါ

ဓာတ်ပုံရှင်အား လက်ခံထားသူများကို တ

Saving screenshot

ရားစွဲဆိုမည်

ဖြစ်ကြောင်း အသိပေးအကြောင်းကြားလိုက်ပါသည် ။

မိန့်ခွန်း

APM Co.,Ltd

ဘေ းမ ၂၁ ကြည့်လိုက်တော့ ကိုယ့်ဓာတ်ပုံကြီးနှင့်

"ဒါ... ဒါ သက်သက်ညစ်ပတ်တာ ရှက်စရာကောင်းလိုက်တာ နဒီရယ်"

ရိပ် ဖြစ်သွားပုံလေးကို ကြည့်၍ နဒီက ပြုံးလိုက်သည် ။

"ငါကတော့ ရှက်စရာလို့ မထင်ပါဘူး၊ သူကတောင် ဒီလိုလုပ်တာ နင်လည်း ပြန်လုပ်ပေါ့... မိန့်ခွန်းက ခပ်ပေါပေါ လူပါ သူနဲ့ ကျွန်မ ဘာမှ မဆိုင်ဘူး...အသရေဖျက်မှု၊

Saving screenshot

ထိုသူကို တရားစွဲဆိုမည် တွေ့ရှိက ကျွန်မကို အမြန်ဆုံး သတင်းပေးပို့ပေးပါလို့ သူ့လိုပဲ ဓာတ်ပုံထည့်ပေးလိုက်ပေါ့...”

“ဟာ.. မဟုတ်တာ နဒီရယ်၊ နင်ကလည်း ပေါ့ပျက်ပျက် နိုင်လိုက်တာ ဒါ ကစားစရာမှ မဟုတ်ဘဲ အဲဒီလို လုပ်တာ ငါ အရှက်ကွဲတာပဲ ဖြစ်မှာ သူ ငါ့ကို သက်သက်နိုင်ကွက်နင်းတာ ... ငါ့အားနည်းချက်ကို ချိုးဖဲ့တာ၊ ဒီကိစ္စ ငါ သွားရှင်းမယ်”

အံ့ဩမှုတွေ ပြီးသွားတော့ ဒေါသတွေက အတိုင်းအတာမရှိ တိုးဝင်လာသည်။

သတင်းစာကို အပိုင်းပိုင်း ဆုတ်ဖြဲပစ်ရင်း ဝုန်းခနဲ ထရပ်မိ၏။

နဒီ အထိတ်တလန့်လေး လိုက် ထရပ်ကာ ...

“နင်က ဘယ်ကိုသွားတွေ့မှာ လဲ၊ မြန်မာတ

စ်နိုင်ငံလုံး ပြည့်အောင် ခြေဆန့်နေတဲ့ သူကို ဘယ်မှာ သွားဖမ်းမှာ လဲ"

"တွေ့အောင်ရှာမယ်"

"ရိပ်ရယ် မလိုရင်တွေ့ လိုရင်မေ့တဲ့၊ တကယ် ကိုယ်က ရှာမှ မတွေ့ရင် ဘယ်လိုလုပ်မလဲ၊ သူ့ကိုရှာတာ ဖြေရှင်းတာနဲ့ ပဲ သတင်းစာထဲမှ နေ့တိုင်းပါနေတာကြီးက တစ်နိုင်ငံလုံး ပြန့်နေပြီ၊ သူက ဘာရည်ရွယ်ချက်နဲ့ ထည့်နေမှန်းမသိ၊ ဘယ်လောက်ကြာအောင် ထည့်နေမှာ မှန်းမသိ"

ရိပ် မျက်ရည်တွေ တားဆီးမရ ကျလာသည်။

တလွန့်လွန့် လှုပ်ခတ်နေသည့် နှုတ်ခမ်းလေးက စကားမပြောနိုင်တော့သည် အထိ ဖွင့်ဟဖို့ ကြိုးစားမရဘဲ ဖြစ်နေသည်။

ရက်စက်လိုက်တာ ဒါကို ကြောက်ရွံ့စွာ

Saving screenshot

ပုန်းကွယ်နေတဲ့ သူကို ရက်ရက်စက်စက် တူးဖော်ချိုးဖဲ့ရက်သည် ။

“ခင်ဗျားရဲ့ ဇနီး ဟုတ်လား ဘယ်တုံးကလဲ” ဟု မယုံနိုင်သည့် လူတွေကမေးရင် သူ ဘယ်လို တုံ့ပြန်မှာ လဲ။

“သူနဲ့ ကျွန်တော် တောထဲမှာ ...”

အို.. သူ... သူ ဒီလိုပဲ ပြောမှာ ပါ။

ရိပ် မျက်ရည်တွေကို သုတ်ပစ်၍ ပင့်သက်ရှိုက်တင်သည် ။

“ငါ သူ့ကိုရှာမယ် သူရှိတဲ့ နေရာကို သွားမယ်....သူ့ကို တွေ့ကို တွေ့မှ ဖြစ်မှာ ပါ”

ရိပ် ... အသံလေးက အံကြိတ်ထားခြင်းကြောင့် တစ်စစ တိုးတိတ်ပျောက်ကွယ်သွားခဲ့လေသည် ။

*

Saving screenshot

# အခန်း (၂၉)

နီညိုရောင်ပုပ်ပုပ် ဆေးသုတ်ထားသည့် သံတံခါးချပ်ကြီးတွေကို အတန်ကြာရပ်ကြည့်နေပြီးမှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည် ။

ခဏလေးအတွင်းမှာ ခြံစောင့်နှင့်တူသည့် လူကြီးတစ်ယောက် လာရပ်၏။

"ခွန်းရဲ့ ညှို့သည် လား မိန်းကလေး ဘယ်သူ လို့ ပြောပေးရမလဲ..."

လူကြီးက ရည်မွန်စွာပြောပေမယ့် ဒေါသတွေ တရစ်ရစ်တက်နေခဲ့သည့်စိတ်က အားနာရမှန်း မသိခဲ့။

Saving screenshot

"မဟူရာရိပ်"

"ဟင်… မဟူရာရိပ်…"

လူကြီးတစ်ချက် ရေရွတ်ကာ ခေါင်းညိတ်၏။ ထို့နောက် တံခါးတစ်ဖက်ကို ဘေးတိုက်လှိမ့်တွန်းပစ်လိုက်၏။

စတီးဘီးတွေ တလက်လက် လိမ့်သွားကာ တံခါးချပ်ကြီးက ရှောခနဲ ဖြစ်သွားသည် ။

"ဝင်ပါ….မိန်းကလေးကိုဆို ကျုပ်သွားပြောပေးနေဖို့ မလိုပါဘူး… အထဲမှာ သူရှိတယ်"

ရိပ် အထဲကို ဝင်လိုက်လျှင် တစ်ခြံလုံး ဖွေးဖွေးလှုပ်ခတ်အောင် ထွန်းထားသည့် မီးရောင်လမ်းကျယ်ကြီးကို အဆုံးထိ မြင်နေရသည် ။

လှပသော တိုက်မြင့်ကြီးဆီ လှမ်းမော့ကြည့်ကာ ဒီအချိန် ငါ လာမိတာမှားပြီလား ဟု

Saving screenshot

သော အတွေးတစ်ချက်ဝင်၍ ခြေလှမ်းတုံ့သွားမိသေးသည် ။

မလာရင် ငါသူ့ကို ဘယ်မှာ သွားရှာမလဲ... ဟိုလိုက်မေး ဒီလိုက်ရှာနဲ့ လူတွေ ပိုသိပြီးငါပဲ အရှက်ကွဲမှာ ။

ကိုယ့်ကိုယ်ကိုယ် စိတ်ပြန်တင်း၍ ဆက်လျှောက်ခဲ့သည် ။

ညဘက်ကျမှ အိမ်မှာ မိန့်ခွန်း ရှိတတ်တာကို သူမ ကြားထားသည် ။ ထို့ကြောင့် ဒီအချိန်ကျမှ လာခဲ့ရတာဖြစ်သည် ။

တစ်တိုက်လုံး တစ်ခြံလုံးမှာ ထိန်ညီးနေသော မီးရောင်တွေက မလိုအပ်ဘဲ လင်းနေသလိုကြီး ဖြစ်နေသည် ။

ခြံထဲက ပန်းပင်တွေ လမ်းခွဲတွေအားလုံးကို မြင်နေရရာ တိုက်ထဲမှာ လည်း အမှောင်လုံးဝမရှိ...

Saving screenshot

ရိပ် တိုက်ကြီးနားသို့ အရောက်မှာ ဝရန်တာဆီသို့ မော့ကြည့်လိုက်မိ၏။

မိန့်ခွန်း။

ရိပ် တောင့်ခနဲ ဖြစ်သွားကာ နေရာမှာ တင်ရပ်ပစ်မိသည် ။

တိုက်ထဲက မီးရောင်နှင့် ဝရန်တာမှာ ရပ်နေသည့်သူ့ကို အတိုင်းသား မြင်နေရ၏။

မိန့်ခွန်းက ဝရန်တာတန်းပေါ်မှာ လက်တစ်ဖက်ထောက်ရပ်လျက် တစ်ဖက်က စီးကရက်သောက်နေသည် ။

သူမ လာသည် ကိုလည်း ငုံ့ကြည့်နေ၏။

"ဆက်ဝင်လာခဲ့ပါ မင်းမှာ ကိုယ့်ကို ပစ်ပေါက်ဖို့ စကားတွေ အများကြီး ထုပ်ပိုးလာခဲ့တယ် မဟုတ်လား၊ ရောက်အောင် လာခဲ့ပြီးမှ သတ္တိကြောင်သွားပြီလား"

Saving screenshot

သူ့စကားသံက လှောင်ရိပ်များ နှင့် ခပ်သဲ့
သဲ့။

ရိပ် ဆုံးဖြတ်ချက်ချ၍ ဆက်လှမ်းလာခဲ့သ
ည် ။

ခေတ်မီသားနားသည့်
ဧည့်ခန်းကျယ်ကြီးမှာ တစ်ခါရပ်မိပြန်သည် ။
သူ့ရှေ့ရောက်ရင် ငါ ဘာပြောမလဲ ၊ သတင်း
စာကြော်ငြာကို ရုပ်သိမ်းပေးဖို့
တောင်းပန်ရမှာ လား၊ ဒီလို ကြော်ငြာရသ
လားလို့ ရန်တွေ့ပြီး ပါးရိုက်ပစ်ရမှာ လား...

ဒါမှ မဟုတ် ညီမလေးအတွက် ကျွန်မကို ချ
မ်းသာပေးပါ၊ ကျွန်မ အရှက်ကို မခွဲပါနဲ့ ဖြစ်ခဲ့
တာတွေကို မေ့ပစ်ပေးပါ

စသော စကားတွေဆိုကာ ဒူးထောက်မျက်
ရည်ခံထိုးရမည့် အဖြစ်လား၊ ဘာတွေ ရည်ရွ
ယ်ထားခဲ့မှန်း မသိသော သူ့လေသံအမူအရာ

Saving screenshot

တို့ ကို ကြားမြင်လိုက်ရသည် နှင့် ခြေလှမ်းတို့က တွေဝေမှုများ စွာနှင့် လေးလံသွားခဲ့လေသည် ။

လှေကားကြီးပေါ်ကို စတင်ခြေလှမ်းခဲ့ရင်း တုန်လှုပ်လာပြန်၏။ သူဟာ ကိုယ့်မာနတွေကို ရိုက်ချိုးဖို့ သက်သက်ကြံစည်ခဲ့သည် ဆိုလျှင် ဘာပြောပြော အရာထင်မည် မဟုတ်သလို တကယ်လို့ များ သူ ယုတ်မာ ကြံစည်ခဲ့ရင်ကော စိတ်တွေ ယောက်ယက်ခတ်နေခဲ့သည် ။

တစ်တိုက်လုံးမှာ သူတစ်ယောက်တည်းမှန်း သိရက်နဲ့ လာမိတာမှားပြီ... ငါ ဘာဖြစ်လို့ ရဲရဲတင်းတင်း လာခဲ့မိတာလဲ။

ထိုအတွေးသည် လှေကားထိပ်မှာ ရပ်မိတော့မှ ဆင်းလာခဲ့သည် ။

ရိပ် စိတ်ကို တင်းလိုက်သည် ။

လုပ်ခဲ့ပြီးရင် မတွေဝေနဲ့ မှားသွားရင် နော

Saving screenshot

င်တမရနဲ့ .. ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် မဟုတ်ဘူး လား။

လှေကားထိပ်မှ လှမ်းမြင်နေရသည့် ဝရန်တာ တံခါးဆီ လျှောက်သွားခဲ့သည် ။

သူမ တံခါးဝမှာ ရပ်လိုက်တော့မှ မိန့်ခွန်းက နောက်ပြန်လှည့်လာသည် ။

သူသည် စီးကရက်ကို ခြေထောက်နားမှာ ပစ်ချကာ ဖိချေနင်းပစ်၏။

ရိပ် စူးစိုက်ကြည့်ရင်း မျက်နှာလေးတစ်ချက် ပျက်သွားသည် ။

"မင်းရောက်လာမယ်ဆိုတာ ကိုယ်သိတယ် အဲဒါကြောင့် သတင်းစာထဲမှာ ထည့်ပြီးကတည်းက ညနေ ငါးနာရီထိုးတာနဲ့ အိမ်ကို အရောက်ပြန်တယ်... ဘာကိစ္စရှိရှိ အပြင်လုံးဝမထွက်ဘူး၊ ဒီနေ့ ကိုယ်စောင့်နေခဲ့တာ ခုနစ်ရက်ရှိပြီ..."

Saving screenshot

“ရှင် …ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ”

“မင်းရောက်လာအောင်လို့ လေ…”

ပြော၍ သူက ပခုံးတွန့်ရယ်သည် ။

ရိပ် မျက်နှာရှေ့ထိ လျှောက် လာပြီး မီးရောင်ကို ကျောပေးရပ်နေသည့် မှောင်ရိပ်ကို မကျေနပ်သလို နံရံဆီကို လှမ်းကြည့်ကာ မီးခလုတ်ကို ဖွင့်လိုက်သည် ။

ဝရန်တာ ရှေ့ကြမ်းခင်းမှ မီးရောင်က ဖွေးခနဲ လင်းသွား၏။

“မင်းက ကိုယ်မတွေ့အောင် ပုန်းနေတာလေ မိန်းမ တစ်ယောက်ကို အလိုမတူဘဲ အများ ရှေ့မှာ အတင်းဆွဲချုပ်ခေါ်လို့ ရတာမှ မဟုတ်ဘဲ ဒါကြောင့် ကိုယ့်ရှေ့ထိ မင်းရောက်လာအောင် လုပ်လိုက်တာ…”

Saving screenshot

"အဲဒါကကော ရှင်ဘာတွေ ကြံစည်ပြီး လုပ်တာလဲ"

"မင်းကို ရအောင် ယူလိုက်တာ ရှင်းရဲ့လား"

"ဘာ"

ရိပ် နားလည်သွားသည် ကယောင်ကတမ်း နောက်ဆုတ်ရပ်မိ၏။

သူက နဖူးထက်က ဆံပင်တွေကို တစ်ချက်သပ်၍ ပြုံးလိုက်ပြီး

"ကိုယ် ပြောခဲ့သားပဲ မင်းကို ရအောင်ယူမယ်လို့ ကြေညာတဲ့ အချိန်ကစပြီး ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင်ယူမယ်ဆိုတာ..."

"ရှင်... ရှင်စကားကို တရားလက်လွတ် မပြောနဲ့ နော်၊ ရှင် လိုချင်တိုင်းယူရအောင် ကျွန်မက အရုပ်တစ်ရုပ်မှ မဟုတ်တာ... ဒါ ဥပ

Saving screenshot

ဒေမရှိတဲ့ နိုင်ငံ မဟုတ်ဘူး ”

“အချစ်ဥပဒေ မပြဋ္ဌာန်းနိုင်သရွေ့ အချစ်ကို ရတဲ့ နည်းနဲ့ ယူခွင့်ရှိတယ်... ပြီးတော့ မင်း ငြ င်းလို့ မရအောင် ကိုယ့်ဘက်က ပိုင်ဆိုင်ထားပြီးကြောင်း ပြဖို့ သက်သေရှိပါတ ယ် ပြောပြရမလား...”

“ရှင်... အဲဒါ သက်သက်ယုတ်မာတာ... အ ချစ် အချစ်နဲ့ ကြွေးကြော်ပြီး မချစ်တတ်ဘဲ ဖျ က်ဆီးတာ”

“ဘာ မင်းဘာပြောတယ်”

မိန့်ခွန်းမျက်နှာက ရုတ်တရက် မိုးမှောင်ကျ သွားသလို ချက်ချင်းမည်းသွား၏။

ရိပ်နှင့် ရင်ဘတ်ချင်းထိ မတက် တိုးကပ် လာကာ...

“မင်း ကိုယ့်ကို ဒီလိုပဲ တစ်ချိန်လုံး ထင်နေ

Saving screenshot

ခဲ့တယ်ပေါ့ ဟုတ်လား..."

“ဟုတ်တယ် ရှင့်လိုလူမှာ အချစ်ရှိတာ မဖြစ်နိုင်ဘူး ယုံလည်း မယုံဘူး သတင်းစာထဲမှာ ဓာတ်ပုံထည့်ပြီး ပက်ပက်စက်စက် စော်ကားထားတဲ့ ကြော်ငြာကို ရှင် ဘယ်လို ရည်ရွယ်ချက်နဲ့ ထည့်တာလဲ အဲဒါ ယုတ်မာတာ ရှင် ချစ်တာလား..”

ရိုပ် တအားအော်တော့ သူ ရိုပ် ပခုံးလေး နှစ်ဖက်ကို ဆောင့်ခနဲ ဆွဲခါပစ်၏။

“ဟုတ်တယ် ချစ်တာ ကိုယ် မက်မောနှစ်သက်မြတ်နိုးတဲ့ မိန်းမ ကိုယ်ကိုယ်တိုင်က သူ့ရဲ့ ချုပ်ကိုင်လွှမ်းမိုးလာမှာ ကို လိုလားတောင့်တမိတဲ့ မိန်းမ အဲဒီမိန်းမကို ကိုယ့်ဇနီးလို့ တရားဝင် ကြေညာခဲ့တာ တော်ရုံချစ်ခြင်းမျိုး မဟုတ်ဘူး ဆိုတာ မင်း နည်းနည်းလေးမှ မတွေးမိဘူးလား”

Saving screenshot

"မတွေးဘူး… သိလည်း မသိချင်ဘူး… ရှင့်အချစ်ကို ကျွန်မက မျှော်လင့်တောင့်တနေတဲ့ မိန်းမ မဟုတ်ဘူး ဆိုတာလည်း ရှင် နားလည်ပေးစမ်းပါ… ရတယ် ရှင် ကြိုက်သလို ကြေညာ ဒီနေ့ကစပြီး မဟူရာရိပ်ဆိုတဲ့ မိန်းမကို ရှင် ဘယ်တော့မှ မတွေ့မြင်ရတော့ဘူးဆိုတာ မှတ်ထား…"

"ဒီလို ဘယ်ရမလဲ"

ရိပ် ချာခနဲ နောက်ပြန်လှည့်လျှင် သူက ရိပ်လက်ဖဝါးလေးကို ဖမ်းဆွဲထား၏။

"မင်း ဒီခြံထဲကို စဝင်လာကတည်းက ပြန်ထွက်လို့ မရတော့ဘူးဆိုတာ အစက မထင်ခဲ့ရင်လည်း ခုကစပြီး မှတ်လိုက်တော့ မင်းကို ကိုယ်ပြန်မလွှတ်နိုင်ဘူး…"

"ရှင်… ရှင်…လွှတ်နော်.."

"တံခါးတွေ အားလုံး ပိတ်ခိုင်းထားပြီးပြီ မ

Saving screenshot

င်းအတောင်ပါလာတာတောင် ပျံထွက်သွားလို့ မရတော့ဘူး”

ထိုစဉ် ဖုန်းသံလေး ထမြည်လာကာ ဘယ်ကဆက်မှန်းမသိ။

မိန့်ခွန်းက ရိပ်ကို လွှတ်ကာ အိမ်ထဲဝင်သွား၏။

အပေါ်ထပ် ဧည့်ခန်းစားပွဲပေါ်မှာ ရှိနေသည့်ဖုန်းကို ကောက်ယူလိုက်သည် ။

“ဟဲလို ဟင်”

ဖုန်းကို နားမှ ခွာ၍ ရိပ်ကို လှမ်းကြည့်လျှင် ရိပ်လေ့ကားထိပ်ရောက်နေပြီ

“ရိပ် မင်းညီမဆီက ဖုန်း”

..........

..........

www.mmyanmarbooks.com

..........

Saving screenshot

"ပန်းရင့်မှာ ဘာအကျိုးမှ ဖြစ်လာမှာ မဟုတ်ဘူး ... မမဘယ်လို ဆုံးဖြတ်မှာ လဲ"

"ပန်းရင့်ရယ် မမ ... မမ "

ဖုန်းပြောရင်း ရိပ် အငိုခနဲ ရှိုက်မိလျှင် မိန့်ခွန်းက ရိပ်လက်ထဲက ဖုန်းကိုဆွဲယူလိုက်ပြီး""

"ပန်းရင့် ရိပ်ကို မင်း ဘာပြောလိုက်တာလဲ "

"ကိုကို မမကို ကိုကိုနဲ့ ပန်းရင့် သဘောတူတယ် ၊ ကိုကို့ကိုလည်း အစ်ကိုလိုချစ်နိုင်ပါတယ်။ ကိုကို မမကို ရအောင် စည်းရုံးပါနော် ပန်းရင့် အခု ခြံရှေ့မှာ လှည့်ပြန်သွားရမှာ လား ရပ်စောင့်နေရမှာ လား ဟင် ..."

"စိတ်ချလက်ချပြန်ပါ သူ့ကို ကိုယ် ဘယ်တော့မှ ပြန်လွှတ်မှာ မဟုတ်ဘူး "

မိန့်ခွန်း ဖုန်းချပစ်လိုက်ကာ ရိပ်ကို

Saving screenshot

လှမ်းကြည့်၏

မျက်နှာပြင်မှာ ရယ်မြူးရိပ်တို့ လုံးဝမရှိဘဲ မြတ်နိုးတန်ဖိုးထားခြင်းများ နှင့် လေးနက်နေခဲ့၏။

“ရိပ် ကိုယ်မင်းကို သိပ်ချစ်တယ်၊ မင်းကိုမြင်ဖူးကတည်းက မှတ်မှတ်ရရဖြစ်ခဲ့တာ မင်းမယုံလည်း ကိုယ်ကတော့ မင်းယုံတဲ့ အထိ ပြောနေမှာ ပဲ မချစ်ဘူးဆိုလည်း ကိုယ်အဆုံးရှုံးမခံနိုင်ဘူး ...”

မိန့်ခွန်း ရိပ် ပခုံးလေးကို ဆွဲယူကာ တင်းကျပ်စွာ ဖက်ထားလိုက်၏။

“ကိုယ်လေ မင်းနဲ့ ကိုယ့်ရဲ့ ညလေးတစ်ညကို ဘယ်လို မှ မေ့မရဘူး ... အဲဒီညလေးမှာ ရင်ခုန်ခဲ့ရသလိုမျိုး ကိုယ်ဘယ်မိန်းမဆီကမှ မလိုချင်ဘူး ... ကိုယ်တမ်းတမ်းစွဲခဲ့တာ မင်းကို မင်းတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ”



www.
mmyanmarbooks.

Saving screenshot

ရိပ် တွေဝေနေဆဲမှာ မွတ်သိပ်သောအနမ်းတွေ ကျရောက်လာခဲ့သည် ။ လက်ခံနိုင်သလား မခံနိုင်ဘူးလား ငါဘယ်လိုဖြေမလဲ။

ရိပ် ဘာကိုမှ ပြောခွင့် ငြင်းခွင့်မရ။

မိန့်ခွန်းသည် ရိပ် ကြောက်လန့်ခဲ့ဖူးသည့် ညကလေးထဲကအတိုင်း စကားတွေ တတွတ်တွတ် ဆိုရင်း တမ်းတသော အနမ်းများက လွမ်းလို့ မဆုံး။

"ကိုယ့်ကို အဲဒီညကလေး ပြန်ပေးမယ်မဟုတ်လားဟင်"

"မိန့်ခွန်း ရှင် ... ရှင် ... အဲဒီလို ဖွတ်တရွတ်မဆန်ပါနဲ့ ... အို"

ဇွတ်ခနဲပွေ့ယူလိုက်သည့် သူ့လက်ထဲမှာ ရိပ် လန့်ဖျပ်ကာ လည်တိုင်ကို ဖက်ထားလိုက်မိသည် ။

www.mmyanmarbooks.com

အချစ်ဟာ ချိုသလား ခါးသလား။

မြည်းစမ်းဖို့ ရိပ် ကြိုးစားရပါဦးမည်...။

ပရိတ်သတ်အတွက်

အမြဲတမ်း

ချူး

*

www.mmyanmarbooks.com

www.mmyanmarbooks.
com